# ကြေးမုံ
The Mirror Daily
Established in 1957


## လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်း ဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်၊ တနင်္ဂနွေနေ့။ Sunday, 16 February 2020 ၉၉၂၇


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကျီရီးယန်းတောင် အမျိုးသားဥယျာဉ် တည်ထောင်မည့်နေရာနှင့် ထန်တလန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ထန်တလန် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံ ခရီးသွားဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ဦးအုန်းမောင်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွှယ်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ဦးကျော်မျိုးနှင့် ဦးမြင့်ကြိုင်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ထန်တလန်မြို့ သိကီးရ်ကျေးရွာ View Point သို့ရောက်ရှိပြီး သိကီးရ်ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယသမ္မတသည် သိကီးရ်-ကျီရီးယန်းတောင် အရှည် ၁၃ မိုင် ၄ ဖာလုံ မြေသားလမ်းဖောက်လုပ်နေမှုကို မော်တော်ယာဉ်ဖြင့် သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျီရီးယန်းတောင် အမျိုးသားဥယျာဉ်တည်ထောင်မည့်နေရာသို့ရောက်ရှိရာ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား ကျီရီးယန်းတောင် အမျိုးသားဥယျာဉ်ဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းက ရှင်းလင်းတင်ပြစဉ်။



အမျိုးသားဥယျာဉ်တည်ထောင်မည့် ကျီရီးယန်းတောင်ကို တွေ့ရစဉ်။


**ကြေးမုံ ယနေ့ဖတ်စရာ**

မြန်မာ (၄.၀) - စတုတ္ထစက်မှုတော်လှန်ရေးနှင့် အနာဂတ်မြန်မာနိုင်ငံတော် — စာမျက်နှာ »»» ၆

Coronavirus Disease (COVID-19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကာကွယ်ကုသရေးအတွက် မန္တလေးမြို့ပေါ် ဆေးရုံများအားလုံးတွင် ကြိုတင်ပြင်ဆင်ထားရှိမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေး — စာမျက်နှာ »»» ၇

ရန်ကုန်မြစ်အတွင်း အပျော်စီးရေယာဉ် ပထမဦးဆုံးခရီးစဉ် စတင်ဖွင့်လှစ်ပြေးဆွဲ — စာမျက်နှာ »»» ၂၂





ကြေးမုံ

# မပြီးဆုံးသေးသောတာဝန်များကို ထမ်းဆောင်

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအဝိုင်း၌ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တုကြီးကို ဖေဖော်ဝါရီလ ၁၃ ရက်၊ ဗိုလ်ချုပ်အောင်ဆန်း ၁၀၅ နှစ်ပြည့်မွေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဖွင့်လှစ်ပေးခဲ့သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်တွင် ပြည်ထောင်စု၏ ကျေးဇူးရှင်ဖြစ်သည့် ဗိုလ်ချုပ်ကြေးရုပ်တုကြီးကို တင့်တယ်ခမ်းနားထည်ဝါစွာ စိုက်ထူနိုင်ခဲ့သည့်အတွက် နိုင်ငံ၏မြို့တော်ဂုဏ်အင်္ဂါနှင့် ပြည့်စုံစေပြီး ပြည်ထောင်စုနယ်မြေ၏ဂုဏ်ဒြပ်ကိုလည်း ထင်ဟပ်ပေါ်လွင်စေသည်။

တင့်တယ်ခမ်းနားမော်ကြွားနေသော ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုကြီး ငွားငွားစွင့်စွင့် ပေါ်ထွန်းလာသဖြင့် တိုင်းရင်းသားပြည်သူများလည်း ဝမ်းမြောက်ဝမ်းသာဂုဏ်ယူကြပေလိမ့်မည်။ ပြည်ထောင်စု၏ကျေးဇူးရှင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား သတိတရ ဂုဏ်ပြုအမှတ်တရထားရှိမှုမှာ တစ်နိုင်ငံလုံးအမျှပင်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးတိုင်းလိုလိုတွင် ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အဆောက်အဦ၊ ရုပ်တုတို့ကို အမြတ်တနိုးတန်ဖိုးထား အသိအမှတ်ပြုထားကြသည်။

ယခုကဲ့သို့ အမြတ်တနိုးတန်ဖိုးထား အသိအမှတ်ပြုကြသောကြောင့်လည်း ခေတ်အဆက်ဆက်မက နောင်မျိုးဆက်များပါမကျန် ဗိုလ်ချုပ်အား မမေ့နိုင်ဘဲ အတုယူအားကျ တမ်းတနေကြမည်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားဖြောင့်မတ်တည်ကြည်မှု၊ တိုင်းပြည်အပေါ်တွင် ဖြူစင်သောစေတနာ၊ သန့်ရှင်းသည့်မေတ္တာ၊ မွန်မြတ်သည့်လမ်းစဉ်များ ထားရှိမှုတို့ကို ပြည်သူများက အတုယူအားကျပြီး တိုင်းပြည်နှင့်လူမျိုးအကျိုးကို သယ်ပိုးထမ်းဆောင်လိုစိတ်များ တိုးပွားလာမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ပြတ်သားသည့် လက်ရုံးရည်၊ နှလုံးရည်၊ သီလ၊ သမာဓိ၊ ဂုဏ်သိက္ခာနှင့် ပြောင်မြောက်သောအသိပညာ၊ အတွေးအခေါ် အယူအဆများကိုအားကျလျက် နိုင်ငံချစ်စိတ်များ ထက်သန်နိုးကြားလာမည်ဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုးအတွက် ကိုယ်ကျိုးမဖက် ရာထူးမမက်လွတ်လပ်ရေးအတွက်အသက်ပေးပြီး ကိုယ်ကျိုးစွန့်အနစ်နာခံမှုများကို နမူနာယူနိုင်ကြပြီး ဇာတိသွေး၊ ဇာတိမာန် ရှင်သန်နိုးကြားလာမည်ဖြစ်သည်။

ထိုကဲ့သို့ သူမတူအောင် စွမ်းဆောင်နိုင်သည့် ထူးကဲပြောင်မြောက်သော ဂုဏ်ရည်များနှင့်ပြည့်စုံသည့် မြန်မာ့နိုင်ငံရေးသမိုင်းတွင် ကမ္ပည်းမော်ကွန်း ရေးထိုးထားရမည့် ဗိုလ်ချုပ်အောင်ဆန်း၏ စွမ်းဆောင်မှုများကို စံနမူနာပြုစေရန် ရည်ရွယ်ချက်ဖြင့် ထုဆစ်တည်ဆောက်ထားသော ဗိုလ်ချုပ်ရုပ်တုကို မြင်တွေ့တိုင်းမြင်တွေ့တိုင်း ဗိုလ်ချုပ်အောင်ဆန်းချမှတ်ခဲ့သော၊ မျှော်မှန်းခဲ့သော လမ်းစဉ်များ၊ တာဝန်များကို ဆက်လက်အကောင်အထည်ဖော်ရန် ကျန်နေသေးသည်ကို မမေ့မလျော့ရှိကြဖို့ လိုမည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းကိုသတိရတိုင်း ဗိုလ်ချုပ်၏လမ်းညွှန်မှာကြားခဲ့သည့် လုပ်ငန်းစဉ်များ ကျန်ရှိနေသေးသည်ကို မလစ်ဟင်းကြစေရန်ဖြစ်သည်။ ဗိုလ်ချုပ်ကြေးရုပ်တုဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်သမ္မတက –

"ကျွန်တော်တို့အစိုးရအနေနဲ့ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့တဲ့အိပ်မက်ကို အကောင်အထည်ဖော်နိုင်ရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းလျက်ရှိပါတယ်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရန် သန္နိဋ္ဌာန်ချပြီးဖြစ်ပါတယ်။ ဒီမိုကရေစီထွန်းကား၍ တည်တံ့ခိုင်မြဲသောပြည်ထောင်စုကြီးအဖြစ် တည်ထွန်းစေရန် ရည်သန်ပြီးဖြစ်ပါတယ်။ အခြေခံလူ့အခွင့်အရေးများကိုအာမခံမည့် စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်ထားရှိပြီးလည်းဖြစ်ပါတယ်။ အာဏာရှင်ဆန်၍ ပြည်သူလူထုကိုဖိစီးနှိပ်စက်မည့် နိုင်ငံရေးစနစ်မျိုး ပြန်လည်ထွန်းကားလာခြင်းမရှိစေရန်လည်း ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

သို့ဖြစ်ရာ ဤမွန်မြတ်သောအိပ်မက်များကို အကောင်အထည်ဖော်မည့် နိုင်ငံတော်၏မျှော်မှန်းချက်များသည် ဗိုလ်ချုပ်အောင်ဆန်း၏ ရည်မှန်းချက်များနှင့်ထပ်တူထပ်မျှဖြစ်၍ နိုင်ငံတော်၏ပန်းတိုင်သို့ရောက်ရှိအောင် ဗိုလ်ချုပ်အောင်ဆန်းကို အလေးအမြတ်ပြုကာ စည်းလုံးညီညွတ်မှုဖြင့် လက်တွဲကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။



# နေပြည်တော်ရှိ ပန်းပွဲတော်သို့ လာရောက်လည်ပတ်ကြသူများဖြင့် စည်ကား

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နေပြည်တော် ရေပန်းဥယျာဉ်အတွင်း ပထမဆုံး အကြိမ်ကျင်းပသည့် ပန်းပွဲတော်၌ အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည့် ယနေ့တွင် အနယ်နယ် အရပ်ရပ်မှ လာရောက်လည်ပတ်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ပန်းပွဲတော်ကို ဖေဖော်ဝါရီ ၁၄ ရက်မှ မတ် ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပန်းအမျိုးအစားပေါင်း သုံးဆယ်ကျော်နှင့် ပန်းပြကွက်မျိုးစုံကို ပန်းပင်ပေါင်း နှစ်သိန်းခွဲခန့်ဖြင့် နိုင်ငံတကာမှ ပန်းပညာရှင်များ၊ ဒီဇိုင်းပညာရှင်များက အလှဆင်ပြသထားသည်။

ပန်းပွဲတော်အတွင်း ဖျော်ဖြေရေးအစီအစဉ်အဖြစ် နိုင်ငံကျော်တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကိုလည်း မတ် ၃၁ ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့ရက်များတွင် ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး လာရောက်လည်ပတ်သူများအတွက် စားသောက်ဆိုင်တန်းများနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းဆိုင်များကိုလည်း ထည့်သွင်းထားကြောင်း သိရသည်။

ပန်းပွဲတော် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ဆန်းမြတ်ထွန်းကုမ္ပဏီ ဥက္ကဋ္ဌ ဒေါက်တာနေလင်းထွန်းက "ပထမဆုံးအနေနဲ့ နေပြည်တော် ရေပန်းဥယျာဉ်မှာ ပြန်ပြီးတော့ ဆန်းသစ်နေပြီဆိုတာ အသိပေးချင်ပါတယ်။ ပွဲတော်အတွင်း ဖျော်ဖြေရေးအစီအစဉ်အနေနဲ့ အပတ်စဉ်တိုင်းမှာ ပြဇာတ်၊ အငြိမ့်၊ ယဉ်ကျေးမှုပြပွဲနဲ့ ပြည်သူတွေ ကိုယ်တိုင်ပါဝင်ဆင်နွှဲနိုင်မယ့် အစီအစဉ်တွေလည်း ထည့်သွင်းထားပါတယ်။ ပန်းပွဲတော်ကို ပြည်သူတွေ စိတ်ဝင်စားမှုများလာတဲ့အတွက် မတ် ၃၁ ရက်အထိ ကျင်းပဖို့ဖြစ်သွားတာပါ"ဟု ပြောသည်။

ပထမအကြိမ်အဖြစ် ကျင်းပသည့် ပန်းပွဲတော်နှင့် ဖျော်ဖြေပွဲများကို နေပြည်တော်ရှိ ဝန်ထမ်းများနှင့် ပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများအပြင် ပြည်ပခရီးသွားဧည့်သည်များပါ အပန်းဖြေအနားယူနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

သတင်းနှင့်ဓာတ်ပုံ–ဟိန်းမင်းစိုး

# မင်းဘူးမြို့မှ မုန့်ထုတ်လုပ်သူလုပ်ငန်းရှင်များအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေး

**မင်းဘူး ဖေဖော်ဝါရီ ၁၅**

စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် လုံခြုံစိတ်ချစွာ ဝယ်ယူသုံးစွဲနိုင်စေရန် ရည်ရွယ်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် မင်းဘူးမြို့ အမှတ် (၄) ရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မုန့်ထုတ်လုပ်သူ လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခဲ့သည်။



အဆိုပါ ဆွေးနွေးပွဲတွင် မင်းဘူးခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွန်းက ၂၀၁၉ စားသုံးသူ ကာကွယ်ရေးဥပဒေတွင် ဖော်ပြပါရှိသော အခန်း(၁၈) ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာ ဖော်ပြပါရှိလာရေးအတွက် ခေါ်ယူတွေ့ဆုံဆွေးနွေးခြင်း ဖြစ်ကြောင်း ပြောကြားသည်။

"ကျွန်တော်တို့ စားသုံးသူကာကွယ်ရေးဥပဒေကို ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်မှာ ပြဋ္ဌာန်းထားပြီး အသိပညာပေးကာလအနေနဲ့ တစ်နှစ်သတ်မှတ်ထားပါတယ်။ အသိပညာပေးကာလအတွင်းမှာ ကျွန်တော်တို့ရဲ့ ထုတ်လုပ်သူ လုပ်ငန်းရှင်တွေ၊ ကုန်စုံဆိုင်တွေ၊ စတိုးဆိုင်တွေ၊ အလှကုန်ပစ္စည်းအရောင်းဆိုင်တွေကို ကွင်းဆင်းပြီး အသိပညာပေးမှုတွေ အရှိန်အဟုန်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ မတ် ၁၅ ရက်ကစပြီး လိုက်နာခြင်းမရှိတဲ့ လုပ်ငန်းရှင်တွေကို ဥပဒေအရ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု မင်းဘူးမြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးမြင့်ကြည်က ပြောသည်။

ထို့နောက် ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွန်း၊ မြို့နယ်တာဝန်ခံ ဦးမြင့်ကြည်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည် အမှတ် (၄) နယ်မြေ ရှမ်းစုရပ်ကွက်ရှိ မုန့်ထုတ်လုပ်သူလုပ်ငန်းရှင်တစ်ဦး၏ နေအိမ်သို့ လေ့လာကြည့်ရှုခဲ့ပြီး သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။

ကျော်စိုးဝင်း(မင်းဘူး)

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သင့်စီးပွားရေး အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

စာတည်းမှူးချုပ် – ဦးဝင်းရွှေ
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Daily Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ထန်တလန်မြို့ ရှုခင်းအား ကြည့်ရှုစဉ်။

☆ ရှေ့ဖုံးမှ

သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းက သဘာဝပေါက်ပင်အမျိုးအစားများ၊ ကျီရီးယန်းတောင်၌ ကျက်စားလျက်ရှိသည့် နို့တိုက်သတ္တဝါနှင့် ငှက်အမျိုးအစားများ၊ ကျီရီးယန်းအမျိုးသားဥယျာဉ် သတ်မှတ်ဖွဲ့စည်းမည့် အကျယ်အဝန်း၊ တောအမျိုးအစားနှင့် ဥယျာဉ်ဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**မှာကြား**

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ကျီရီးယန်းတောင်ခြေမှ တောင်ပေါ်သို့ ခြေကျင်ခရီးသွားအစီအစဉ်အား ဆောင်ရွက်သွားရန်၊ ဥယျာဉ်နှင့် ပတ်သက်သည့် အချက်အလက်များကို စနစ်တကျအသေးစိတ်လေ့လာဆန်းစစ်မှုများ ပြုလုပ်သွားရန်နှင့် ကျီရီးယန်းတောင်ပတ်ဝန်းကျင်သည် နွားနောက် စားကျက်ပေါများသည့်အတွက် စီးပွားဖြစ်မွေးမြူရေးဆောင်ရွက်သွားရန်မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ကျီရီးယန်းတောင်အားနောက်ခံထား၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ကျီရီးယန်း အမျိုးသားဥယျာဉ်သည် ချင်းပြည်နယ် ထန်တလန်မြို့ သိကီးရ်ကျေးရွာ အနီးတွင်တည်ရှိပြီး အကျယ်အဝန်း ၇၄၅၈ ဒသမ ၅ ဧက၊ တောအမျိုးအစားမှာ တောင်ပေါ်အမြဲစိမ်းတော၊ ထင်းရှူးတော၊ မြက်ခက်တောဖြစ်ပြီး ဥယျာဉ်အတွင်း သစ်မျိုးစိတ် ၉၂ မျိုး၊ တောရိုင်းတိရစ္ဆာန် နို့တိုက်သတ္တဝါ ၃၇ မျိုးနှင့် ငှက်မျိုးစိတ် ၆၄ မျိုးကျက်စားနေထိုင်လျက်ရှိကြောင်းကို ပထမအကြိမ် ကွင်းဆင်းလေ့လာဆန်းစစ်ချက်အရ သိရသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ဒုတိယသသမ္မတသည် သိကီးရ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုနှင့် ကွန်ပျူတာခန်း၌ လက်တွေ့သင်ကြားလေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ဆရာ ဆရာမများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရဟတ်ယာဉ်များဖြင့် သိကီးရ်ကျေးရွာမှ ထွက်ခွာကြရာ ထန်တလန်မြို့သို့ ရောက်ရှိကြပြီး (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ပြခန်းများ ခင်းကျင်းပြင်ဆင်ထားရှိမှုများကို လိုက်လံကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယသမ္မတသည် အစိုးရ နည်းပညာအထက်တန်းကျောင်း (ထန်တလန်) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိရာ အစိုးရ စက်မှုလက်မှု သိပ္ပံ(ဟားခါး) ကျောင်းအုပ်ကြီးက စာသင်ဆောင်နှင့်အလုပ်ရုံ၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာတည်ဆောက်နေမှု၊ ဘဏ္ဍာငွေရရှိမှု၊ ကျောင်းမြေနေရာတိုးချဲ့ရရှိရေးနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ဟားခါး)မှ ကျောင်းဆင်းဒေသခံများ အလုပ်အကိုင်ရရှိရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ (၇၂)နှစ်မြောက် ချင်းအမျိုးသားနေ့ ကျင်းပရန် ပြခန်းများ ခင်းကျင်းပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**ညှိနှိုင်းဆောင်ရွက်ပေး**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်ချက်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယသမ္မတသည် ထန်တလန်မြို့ အမှတ်(၃)ရပ်ကွက်ရှိ ရေစုကန် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး ထန်တလန်မြို့ သောက်သုံးရေ ဖူလုံစွာပေးဝေနိုင်ရေးအတွက် ရေစုကန်တည်ဆောက်နေမှုနှင့် ရေထွက်ရှိမှုကို ကြည့်ရှုသည်။

ထန်တလန်မြို့နေ လူဦးရေ တစ်သောင်းကျော်အတွက် လူတစ်ဦးလျှင် တစ်ရက် ၂၅ ဂါလန်နှုန်းဖြင့် တွက်ချက်ပါက နေ့စဉ်ရေဂါလန် ၂၆၀၀၀၀ ကျော် လိုအပ်လျက်ရှိရာ လက်ရှိတွင် ရေထွက် ၁၁ ခုမှ နေ့စဉ်ရေဂါလန်တစ်သိန်းကျော်ကို ရေစုကန်များတွင် သိုလှောင်၍ မြို့နေပြည်သူများအား ဖြန့်ဖြူးပေးလျက်ရှိသည်။ ယခုအခါ ခွေဗားရေထွက်မှ နေ့စဉ်ထွက်ရှိနေသည့် ရေဂါလန် ၂၁၆၀၀၀ ကို ပိုက်လိုင်းဖြင့် သွယ်ယူပြီး ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ရာ နေ့စဉ်ရေဂါလန် ၃၂၀၀၀၀ ကျော်ကို လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ထန်တလန်မြို့ ရှုခင်းကြည့်ရှု**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ထန်တလန်မြို့ရှုခင်းသာ View Point သို့ရောက်ရှိကာ ထန်တလန်မြို့ ရှုခင်းအားကြည့်ရှု၍ မှတ်တမ်းဓာတ်ပုံရိုက်သည်။

ယင်းနောက် ဒုတိယသမ္မတသည် ထန်တလန်ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံဝင်းအတွင်း အသစ်တည်ဆောက်နေသည့် ခွဲစိတ်ခန်းပါ တိုးချဲ့နှစ်ထပ်ဆောင် တည်ဆောက်နေမှုကိုကြည့်ရှုစစ်ဆေးကာ ဆေးဝါးကုသမှုခံယူနေသည့် လူနာများအား လိုက်လံကြည့်ရှုအားပေးသည်။

သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သိကီးရ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ ကွန်ပျူတာခန်း၌ လက်တွေ့သင်ကြားလေ့ကျင့်နေမှုကို ကြည့်ရှုစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးချုပ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ၇၄ နှစ်တာ ခရီးမှတ်တမ်း အစီအစဉ်ကို ပြသသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ၇၄ နှစ်တာ သက်တမ်းကို အောင်မြင်စွာ ဖြတ်သန်းကျော်ဖြတ်နိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ၁၉၄၆ ခုနှစ်တွင် ဗမာ့အသံအဖြစ် စတင်ခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် မြန်မာ့အသံ၊ ၁၉၈၀ ပြည့်နှစ်တွင် အရုပ်နှင့် အသံပါတွဲဖက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပါကြောင်း၊ ရုပ်မြင်သံကြားစတင်ကြည့်ရှုခွင့်ရရှိခဲ့သည်မှာ နှစ်ပေါင်း ၄၀ ခန့်ရှိလာပြီး ရေဒီယိုနားသောတဆင်ခွင့်ရရှိခဲ့သည်မှာလည်း ၇၄ နှစ်ရှိခဲ့ပြီ ဖြစ်ပါကြောင်း၊ ဖြတ်သန်းလာခဲ့သည့် သမိုင်းကြောင်းသည် အလွန်ပင်ရှည်လျားခဲ့ပြီ ဖြစ်ပါကြောင်း။

### ပြောင်းလဲမှုများစွာ ကြုံတွေ့ခဲ့

ကိန်းဂဏန်း ကာလမြင့်လာလေလေ အမည်နာမ၏ တန်ဖိုးသည်လည်း ရင့်လာလေဖြစ်ပါကြောင်း၊ အတွေ့အကြုံကောင်းများ ပိုမိုရရှိလာခြင်းကြောင့် တန်ဖိုးလည်း မြင့်မားလာရပါကြောင်း၊ ၇၄ နှစ်သက်တမ်းကို ဖြတ်သန်းခဲ့ပြီး ခေတ်ကာလအဆက်ဆက်ဖြစ်ရပ်များကို ပြည်သူများထံ တင်ဆက်နိုင်ခဲ့ပါကြောင်း၊ လွတ်လပ်ရေးမရခင်ကတည်းက ပေါ်ထွက်ခဲ့သည့် ဌာနကြီးဖြစ်ပြီး နိုင်ငံရေးခေတ်စနစ်အမျိုးမျိုး ပြောင်းလဲလာမှုနှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည်လည်း ပြောင်းလဲမှုများစွာကို ကြုံတွေ့ခဲ့ရပါကြောင်း။

ပြန်ကြားရေး ဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ဆောင်ပုဒ်လည်း ဖြစ်သည့် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်တို့သည် ခေတ်စနစ်များမည်သို့ပင် ပြောင်းလဲသော်လည်း ပြည်သူများအတွက် လိုအပ်လျက်ရှိနေဦးမည် ဖြစ်ပါကြောင်း၊ အစိုးရတိုင်းသည် အများပြည်သူနှင့် ဆက်သွယ်သည့် ဆက်သွယ်ရေးယန္တရားလိုအပ်မည် ဖြစ်ပါကြောင်း၊ အမည်နာမများသာ ပြောင်းလဲသွားနိုင်လျှင် ပြောင်းလဲသွားနိုင်သော်လည်း လုပ်ငန်း၏ အနှစ်သာရမှာ ဆက်လက်တည်ရှိနေမည်ဖြစ်ပါကြောင်း၊ ယခင်နေရာများတွင် နည်းပညာသစ်များက အစားထိုး ဝင်ရောက်လာနိုင်ပါကြောင်း၊ ယနေ့ အွန်လိုင်းခေတ်တွင်လည်း လူအများအတွက် သတင်းအချက်အလက်ပေးခြင်း၊ အသိပညာပေးခြင်းနှင့် ဖျော်ဖြေခြင်းတို့မှာ လိုအပ်နေမည်ပင်ဖြစ်ပါကြောင်း၊ ခေတ်စနစ်နှင့်အညီ နည်းပညာများကို အသုံးပြု၍ တင်ပြပုံ ပြောင်းလဲဆန်းသစ်ခြင်းများကို ဖော်ထုတ်ကြရမည်ဖြစ်ပါကြောင်း၊ မည်သို့ပင်ဖြစ်စေ အသွင်သဏ္ဌာန်များ ကွာခြားသွားနိုင်သော်လည်း အတွင်းအနှစ်သာရသည် ပြောင်းလဲမှုမရှိဘဲ အတတ်ပညာများ ပိုမိုဖြည့်ဆည်းကာ ပိုမိုတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်သွားကြစေလိုပါကြောင်း။

### တိုးတက်မှုကိုရှာဖွေ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများကိုလည်း အချိန်များစွာ ရင်းနှီးကာ လုပ်ငန်းခွင်အတွင်း တာဝန်ထမ်းဆောင်နေကြချိန်တွင် မိမိဖန်တီးသည့် လက်ရာ၊ မိမိ၏ ဆောင်ရွက်ချက်များကို ကိုယ်တိုင်အကဲဖြတ်ကာ မိမိတန်ဖိုးကို သတ်မှတ်ပြဋ္ဌာန်းစေလိုပါကြောင်း၊ နိုင်ငံအတွက်၊ ပြည်သူအတွက် တတ်စွမ်းသည့်လုပ်ငန်းတာဝန်များကို ပိုမိုဖြည့်ဆည်းကာ လေ့လာသင်ယူကြခြင်းဖြင့် တန်ဖိုးကို မြှင့်တင်စေလိုပါကြောင်း၊ လုပ်ငန်းခွင်အတွင်း အာရုံစူးစိုက် လုပ်ကိုင်ခြင်းနှင့် ကဏ္ဍအလိုက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် တိုးတက်မှုကို ရှာဖွေစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လာမည့်နှစ်သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုကာလကို ရောက်ရှိတော့မည်ဖြစ်ပါကြောင်း၊ လာမည့်နှစ်စိန်ရတုပွဲကိုလည်း ရုပ်ရှင်ရာပြည့်ပွဲတော်၊ တက္ကသိုလ်ရာပြည့်ပွဲတော်များနည်းတူ ခမ်းနားစွာ ပြသတင်ဆက်စေလိုပါကြောင်း၊ ၇၅ နှစ်တာကာလအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ဆောင်ရွက်ခဲ့သည့် ဖြတ်သန်းမှုပုံရိပ်များ၊ ပစ္စည်းများနှင့် အမှတ်တရများကို ပြသစေလိုပါကြောင်း၊ ကြိုတင်၍လည်း ရုပ်သံအစီအစဉ်များတွင် စိန်ရတုပွဲအတွက် အစီအစဉ်များ ထည့်သွင်းတင်ဆက်စေလိုပါကြောင်း၊ ဂုဏ်ယူဝံ့ကြွားစွာဖြင့် တင်ဆက်ပြသနိုင်ရန် အားလုံးဝိုင်းဝန်းကြိုးစားစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၉ ခုနှစ်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရုပ်သံထုတ်လုပ်၊ ထုတ်လွှင့်မှုဆိုင်ရာ ထူးချွန်ဆုရရှိသူများဖြစ်သည့် အိပ်မက်လမ်းသို့ခရီးရှည် အစီအစဉ်ဖြစ်သည့် ဝေးလံခေါင်ဖျားသည့်ကချင်ပြည်နယ် ခေါင်လန်ဖူးဒေသသို့ သွားရောက်ကာ ပညာသင်ကြားပေးနေသည့် ပညာရေးဝန်ထမ်းများ၏ အကြောင်းကို ကြိုးစားတင်ဆက်နိုင်ခဲ့သဖြင့် တိုင်းရင်းသားရုပ်သံလိုင်းမှ ဝန်ထမ်းများအားလည်းကောင်း၊ အသံလွှင့်ဌာနခွဲမှ ဦးခွန်နေဝင်းအားလည်းကောင်း ဆုများချီးမြှင့်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ရေဒီယိုတင်ဆက်မှုထူးချွန်ဆုရရှိသူ အသံလွှင့်ဌာနခွဲမှ ဒေါ်သဲစုမိုးနှင့် ရုပ်မြင်သံကြားတင်ဆက်မှု ထူးချွန်ဆုရရှိသူ ရုပ်မြင်ဌာနခွဲမှ ဒေါ်အိမွန်ကျော်တို့အား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်သည်။

### ဂုဏ်ပြုဆုများ ချီးမြှင့်

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က စက်ပိုင်းဆိုင်ရာ ထူးချွန်ဆုရရှိသူ စက်မှုဌာနခွဲမှ ဦးရဲမာန်ဦး၊ ရိုက်ကူးရေးပိုင်းဆိုင်ရာ ထူးချွန်ဆုရရှိသူ ဦးထွန်းနိုင်မောင်နှင့် ဌာနခွဲအလိုက် စံပြဆုရရှိသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်များ၊ ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဌာနခွဲအလိုက် စံပြဆုရရှိကြသူ ရှစ်ဦးနှင့် ၂၀၁၉ ခုနှစ်တွင် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူများကို ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများအားလုံးအတွက် ဝတ်စုံစရိတ်များကို ဒုတိယညွှန်ကြားရေးမှူးချုပ်(EIC) ဦးမျိုးမြင့်အောင်နှင့် ခေတ္တဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ) ဦးဇေယျာတို့ကို ပေးအပ်ပြီး နှစ်ပတ်လည်အခမ်းအနားအတွက် ကူညီပံ့ပိုးပေးသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်သည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဗလာမပါ ကံစမ်းမဲဖောက်ပေးသည့် အစီအစဉ်ကိုကျင်းပရာ ကံစမ်းမဲဆုကြီးများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ခေတ္တဦးဆောင်ညွှန်ကြားရေးမှူးတို့က လည်းကောင်း၊ ကျန်ဆုမဲများကို တာဝန်ရှိသူများက လည်းကောင်း မဲဖောက်ပေးခဲ့ကြသည်။

**သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ထူးချွန်ဆုရရှိကြသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိမြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အောက်မြန်မာပြည်ရုံးခွဲ (စိမ်းလဲ့မေ)နှင့် သာကေတမြို့နယ်ရှိ ကမ်းလွန်ရေနံ အခြေစိုက်စခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**


ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကင်းမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အောက်မြန်မာပြည်ရုံးခွဲ(စိမ်းလဲ့မေ)သို့ရောက်ရှိရာ အစည်းအဝေးခန်းမ၌ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများက အောက်မြန်မာပြည်ရုံးခွဲ၏ လုပ်ငန်းဆောင်ရွက်နေမှု၊ ရုံးအဆောက်အအုံများ ဖွဲ့စည်းနေရာချထားမှု၊ Oil & Gas Data Center အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေသည့် အစီအစဉ်များ၊ Data Center အတွင်း ရေနံလုပ်ကွက်အသီးသီး၏ တိုင်းတာထားသော အချက်အလက်များကို Tape များ၊ Digital စနစ်များနှင့် မှတ်တမ်းစာအုပ်စာတမ်းများ ထိန်းသိမ်းထားရှိမှုများကို ရှင်းလင်းတင်ပြကြရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက Data Center ဖြစ်သည်နှင့်အညီ ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးဆိုင်ရာ အချက်အလက်များ၊ စာအုပ်စာတမ်းများ ထိန်းသိမ်းထားရာတွင် ပျက်စီးမှုမရှိစေရေး စနစ်တကျ ဂရုပြုအလေးထားဆောင်ရွက်သွားရေး၊ မီးဘေးအန္တရာယ်ကြိုတင်အချက်ပေးစနစ်တပ်ဆင်ရေး၊ Data အချက်အလက်များသည် မိမိတို့ဝန်ကြီးဌာန၏ အရေးကြီးပြီး အထူးတန်ဖိုးရှိသည့် အချက်အလက်များဖြစ်သည့်အတွက် ပျောက်ဆုံးမှုမရှိစေရေးနှင့် လုံခြုံမှု အထူးဂရုပြုဆောင်ရွက်သွားရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Data Center အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးဆိုင်ရာ အချက်အလက်များ သိမ်းဆည်းထားသည့် Data တိပ်ခွေများ၊ Data မှတ်တမ်းစာအုပ်များ သိမ်းဆည်းထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များ မေးမြန်းခဲ့ကာ Data Center အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သာကေတမြို့နယ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ကမ်းလွန်ရေနံအခြေစိုက်စခန်း(သာကေတ)သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ စခန်းတာဝန်ခံ အထွေထွေမန်နေဂျာက ကမ်းလွန်အခြေစိုက်စခန်း၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကိုမှာကြားခဲ့ပြီး ကမ်းလွန်အခြေစိုက်စခန်းအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်



ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကမ်းလွန်ရေနံအခြေစိုက်စခန်း(သာကေတ)သည် ကုန်းတွင်းနှင့် ကမ်းလွန်ရေနံ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းများ အောင်မြင်စွာပြုလုပ်နိုင်ရန် အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ကုန်းတွင်းနှင့် ကမ်းလွန်ရေနံရှာဖွေတူးဖော်ထုတ်လုပ်သည့် ပြည်တွင်း၊ ပြည်ပမှ ဝယ်ယူထားသော လုပ်ငန်းသုံးပစ္စည်းများအား လက်ခံသိုလှောင်၍ လိုအပ်သည့်နေရာဒေသများသို့ ထောက်ပံ့ပို့ဆောင်ဖြန့်ဖြူးပေးခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဘာဝဓာတ်ငွေ့ထိန်း/ဖြန့်စခန်းများ၊ အသုံးချသုတေသန၊ ပိုက်လိုင်းအခြေစိုက်စခန်းများ၊ အောက်မြန်မာပြည် ရေနံမြေအစမ်းတွင်းဒေသများတွင် တည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ၊ စက်ယန္တရားများ ထောက်ပံ့ပို့ဆောင်ပေးခြင်းလုပ်ငန်းများ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင်သင်္ဘောများ လွန်းတင်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ပူတာအို - နမ်ထွမ်ခူးလမ်း (၁၄)မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီး

**ပူတာအို ဖေဖော်ဝါရီ ၁၅**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနက ပူတာအို-နမ်ထွမ်ခူးလမ်း (၁၄)မိုင်မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၃ ရက်တွင် ကျောက်ချောလမ်းဖောက်လုပ်ခင်းခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

နမ်ထွမ်ခူးကျေးရွာအုပ်စုသည် ပူတာအိုမြို့၏ အနောက်ဘက်အစွန်ဆုံးတွင်ရှိသော ကျေးရွာအုပ်စုဖြစ်ခြင်းကြောင့် ယခင်က ပူတာအို-နမ်ထွမ်ခူးဆက်သွယ်ထားသည့်လမ်းပိုင်းသည် မြေသားလမ်းသာဖြစ်၍ လူသွားလမ်းသာဖောက်လုပ်ထားပြီး ဆိုင်ကယ်နှင့်ကားများ သွားလာရန်ခက်ခဲလျက်ရှိရာ ယခုအခါ ရာသီမရွေး သွားလာနိုင်တော့မည်ဖြစ်သည်။

ပူတာအို-နမ်ထွမ်ခူးလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ် ပြည်ထောင်စုရန်ပုံငွေကျပ် သန်းပေါင်း ၇၀၀ ဒသမ ၀၀၈ သန်းဖြင့် ငါးမိုင် လေးဖာလုံ ကျောက်ချောခင်းခြင်းလုပ်ငန်းနှင့် Box Culvert ၂၃ စင်း ဆောက်လုပ်ခြင်းလုပ်ငန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒုတိယခြောက်လပတ် ပြည်ထောင်စုရန်ပုံငွေကျပ် သန်းပေါင်း ၂၅၆ ဒသမ ၂၄၀ ဖြင့် နှစ်မိုင်ကျောက်ချောခင်းခြင်းလုပ်ငန်း၊ Pipe Culvert ၁၂ စင်းနှင့် Box Culvert ခြောက်စင်း ဆောက်လုပ်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။ ယခုအခါ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် သန်းပေါင်း ၁၈၇ ဒသမ ၀၀၁ သန်းဖြင့် ကျန်ရှိသည့်လမ်းပိုင်းများနှင့် Box Culvert လေးစင်းဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပူတာအို-နမ်ထွမ်ခူးလမ်းပိုင်း(၁၄)မိုင် ကျောက်ချောခင်းခြင်းလုပ်ငန်း ပြီးစီးသွားပါက နမ်ထွမ်ခူးကျေးရွာအုပ်စုအတွင်းရှိ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးအတွက် အကျိုးပြုလာမည့်အပြင် ဒေသတွင်းခရီးသွားလုပ်ငန်းပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

## မြောင်းမြမြို့နယ်၌ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မြောင်းမြ ဖေဖော်ဝါရီ ၁၅**

မြောင်းမြမြို့နယ် ဌာနဆိုင်ရာများနှင့် မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)မှ တာဝန်ရှိသူများသည် ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက မြောင်းမြမြို့နယ် ကမကိုင်ကျေးရွာအုပ်စု ဝါးဘိုးတောင်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ ကွင်းဆင်းဆောင်ရွက်မှုတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဒေသခံကျေးရွာပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာအရောက် ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက မိမိတို့ကျေးရွာဒေသအတွင်း ကျေးလက်မီးလင်းရေး၊ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရေး၊ ကျေးရွာကျောင်းအဆင့်တိုးမြှင့်ရေး၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်း ရရှိရေးတို့ကို ဆွေးနွေးမေးမြန်းရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဒေသခံကျေးရွာပြည်သူများအား လက်ထောက်ဆေးရုံအုပ် ဒေါက်တာ ကျော်လင်းသန့်၊ မြောင်းမြခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ မေပြုံးလဲ့ယဉ်နှင့် ကျန်းမာရေးဝန်ထမ်းများနှင့် ဖြူစင်စေတနာကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့က အခမဲ့ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးရာ သာမန်ဆေးကုသခြင်း ၇၈ ဦး၊ မျက်စိဝေဒနာရှင် နှစ်ဦး၊ မြောင်းမြဆေးရုံကြီးသို့ ညွှန်းပို့လူနာ သုံးဦး စုစုပေါင်း ၈၃ ဦးတို့အား ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသား စိစစ်ရေးကတ်နှင့် အိမ်ထောင်စုစာရင်း ကိစ္စများ ဆောင်ရွက်ပေးခြင်း စသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

## မြစ်သားမြို့နယ် ကျောက်ဆောက်ကျေးရွာ သုံးဆူကုန်ထုတ်လမ်း ဖောက်လုပ်



**မြစ်သား ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကျောက်ဆောက်ကျေးရွာ သုံးဆူကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၁၁ နာရီတွင် ကျေးရွာကုန်ထုတ်လမ်းကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကုန်ထုတ်လမ်း (သုည/၆ ဒသမ ၆၀)မိုင် မြေသားလမ်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ယခုဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၃၇၈ သန်းဖြင့် တင်ဒါအောင်မြင်သောခနထွန်းကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သည်။ ယခုအခါ လုပ်ငန်း ၂၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း မြစ်သားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုအောင်ထံမှ သိရသည်။

**ဆုမွန်(ပြန်/ဆက်)**

# မြန်မာ (၄.၀) – စတုတ္ထစက်မှုတော်လှန်ရေးနှင့် အနာဂတ်မြန်မာနိုင်ငံတော်

**ဒေါက်တာထွန်းသူရသက်**
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်

မြန်မာ (၄.၀) ဆိုသည်မှာ စတုတ္ထစက်မှုတော်လှန်ရေးကို ရည်မှန်းသော အနာဂတ်မြန်မာနိုင်ငံတော်ကို ဆိုလိုခြင်း ဖြစ်ပါသည်။ အာဆီယံ (၄.၀) သို့ ဦးတည်သော မြန်မာနိုင်ငံဟုလည်း ဆိုနိုင်ပါသည်။ ၁၇၆၀ ပြည့်နှစ် နောက်ပိုင်းတွင် စက်ယန္တရားများကို (Mechanization) အခြေခံသည့် ပထမစက်မှုတော်လှန်ရေး စတင်ပေါ်ပေါက် လာခဲ့ပါသည်။ ၁၈ ရာစုတစ်လျှောက်တွင် ရေနွေးငွေ့သုံး မီးသင်္ဘောများ၊ မီးရထားများနှင့် အလားတူ စက်ယန္တရားများ၏ အကျိုးကျေးဇူးကြောင့် အနောက် တိုင်းနိုင်ငံကြီးများ တစ်ဟုန်ထိုး တိုးတက်လာခဲ့ကြပါ သည်။ ဒုတိယစက်မှုတော်လှန်ရေးအဖြစ် ၁၉ ရာစု နောက်ပိုင်းတွင် လျှပ်စစ်မီး (Electricity) ကို တီထွင် အသုံးပြု၍ စက်ပစ္စည်းများ စနစ်တကျတပ်ဆင်မှု နည်းလမ်း(Assembly Line)များ ပေါ်ပေါက်ကာ အမြောက် အမြား ထုတ်လုပ်နိုင်စွမ်း(Mass Production) ကို စက်ရုံ လုပ်ငန်းများတွင် ဆောင်ရွက်လာနိုင်ခဲ့ကြပါသည်။ ၁၉၆၀ ပြည့်နှစ်ခန့်မှစတင်၍ တတိယစက်မှုတော်လှန်ရေး အဖြစ် အီလက်ထရွန်နစ် (Electronics) နှင့် သတင်း အချက်အလက်နည်းပညာ (Information Technology) တို့ပေါ်ပေါက်လာခဲ့ပြီး နိုင်ငံအသီးသီးတွင် လုပ်ငန်းကြီး များ အဘက်ဘက်မှ တိုးတက်ပြောင်းလဲခဲ့ကြပါသည်။ Industry 4.0 ဟူသော စကားလုံးကို ၂၀၁၁ ခုနှစ်တွင် ဂျာမနီနိုင်ငံက စတင်အသုံးပြုခဲ့ပြီး ၂၀၁၆ ခုနှစ် ကမ္ဘာ့ စီးပွားရေးဖိုရမ် (World Economic Forum, WEF) တွင် စတင်၍ ဆိုက်ဘာအရာဝတ္ထုစနစ်များ (Cyber Physical Systems) ကိုအခြေခံသည့် စက်မှုတော်လှန်ရေးကို စတုတ္ထစက်မှုတော်လှန်ရေးအဖြစ် တစ်ကမ္ဘာလုံး သုံးစွဲ လာကြပါသည်။


စတုတ္ထစက်မှုတော်လှန်ရေး ဆိုသည်မှာ အသိ ဉာဏ်တု (Artificial Intelligence, AI)၊ အိုင်အိုတီ (Internet of Things, IoT)၊ အဆင့်မြင့်စက်ရုပ်နည်းပညာ (Advanced Robotics)၊ ဘလော့ချိန်း (Blockchain)၊ မျိုးဆက်သစ် မိုဘိုင်းနည်းပညာ (5G)၊ အေအာ (Augmented Reality, AR)၊ ကွမ်တမ်ကွန်ပျူတာ (Quantum Computer) အစရှိသော အဆင့်မြင့် နည်းပညာများကို အသုံးပြု၍ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများ (Digital Economy) နှင့် အစိုးရကဏ္ဍ (Digital Government) တို့ကို တီထွင် ဆန်းသစ်ပြောင်းလဲခြင်းပင် ဖြစ်ပါသည်။ အဆင့်မြင့် နည်းပညာတို့ကိုအခြေခံ၍ e-Government နှင့် e-Commerce တို့သာမက ပညာရေး၊ စိုက်ပျိုးရေး၊ ဘဏ္ဍာရေးတို့တွင် အက်ဒ်ျူတက် (Edu Tech)၊ အာ့ဂရီတက် (Agri Tech)၊ ဖင်းတက် (Fin Tech) ကဲ့သို့ သော လုပ်ငန်းပုံစံအသစ်များ၊ တီထွင်ဆန်းသစ်ခြင်းများ ကဏ္ဍအသီးသီးတွင် ပေါ်ပေါက်လာခဲ့ကြပြီဖြစ်သည်။

စတုတ္ထစက်မှုတော်လှန်ရေးတွင် ပါဝင်သော အဆင့်မြင့်နည်းပညာများသည် တစ်ခုနှင့်တစ်ခု အပြန် အလှန် ဆက်စပ်အကျိုးပြုလာကြပြီး ဒစ်ဂျစ်တယ်ဆိုင်ရာ (Digital)၊ ရုပ်ဝတ္ထုဆိုင်ရာ (Physical) နှင့် ဇီဝဗေဒဆိုင်ရာ (Biological) ကဏ္ဍသုံးမျိုးစလုံး ပေါင်းစပ်ပါဝင်လာပါသည်။ စတုတ္ထစက်မှုတော်လှန်ရေးတွင် အဓိကကျသည့် အရေး ကြီးသော နည်းပညာတစ်ခုမှာ အသိဉာဏ်တုနည်းပညာပင် ဖြစ်ပါသည်။ အသိဉာဏ်တုနည်းပညာကို ၁၉၅၀ ပြည့်နှစ် မတိုင်ခင်ကတည်းကစ၍ လေ့လာအသုံးပြုခဲ့ကြသော်လည်း စက်သုံးလေ့လာခြင်း (Machine Learning) နှင့် နက်ရှိုင်း လေ့လာခြင်း (Deep Learning) တို့၏ ကျေးဇူးကြောင့် ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းတွင် အေအိုင်အခန်းကဏ္ဍသည် တစ်ဟုန်ထိုး တိုးတက်ပြောင်းလဲ အောင်မြင်ခဲ့ပါသည်။


လူသားများသာ ဆောင်ရွက်နိုင်သော လုပ်ငန်းတချို့အား အေအိုင်နည်းပညာကို အသုံးပြု၍ ကွန်ပျူတာများက အစား ထိုး ဆောင်ရွက်နိုင်ရုံသာမက တချို့သော ကဏ္ဍများတွင် လူသားများထက် ပိုမိုစွမ်းဆောင်လာနိုင်စွမ်းရှိလာပါသည်။ ထပ်ကာထပ်ကာ လုပ်ဆောင်ရသော လုပ်ငန်းအမျိုးအစား များ (Repetitive Tasks) တွင် ပိုမိုသိသာ ထင်ရှားစေပါသည်။ တစ်ဖက်တွင်လည်း အချက်အလက်သိပ္ပံပညာရှင် (Data Scientist) ကဲ့သို့သော အလုပ်အကိုင်အခွင့်အလမ်း အမျိုး အစားအသစ်များလည်း ပေါ်ပေါက်လာကြပါသည်။ ယေဘုယျအားဖြင့် လုပ်ငန်းတိုင်းတွင် တစ်နည်းမဟုတ် တစ်နည်း အကျိုးသက်ရောက် ပြောင်းလဲနေသည်ကို တွေ့ရှိရပါသည်။ နက်ဖလစ် (Netflix)၊ အူဘာ(Uber)၊ အဲဘီအန်ဘီ (Airbnb) နှင့် အမေဇုန် (Amazon) တို့ကဲ့သို့ သော ဒစ်ဂျစ်တယ်စီးပွားရေးပုံစံသစ်များသည် စနစ်ဟောင်း များနှင့် စီးပွားရေးလုပ်ငန်းပုံစံဟောင်းများ၏ နေရာတွင် အစားထိုးဝင်ရောက် (Disruptive) လာသည်ကို တွေ့မြင် နေရပါသည်။ ထိုသို့သော ပြောင်းလဲမှုများသည် ဒစ်ဂျစ်တယ် စနစ်များတွင်သာမက ရုပ်ဝတ္ထုဆိုင်ရာနှင့် ဇီဝဆိုင်ရာ နည်းပညာများဘက်မှာပါ တိုးတက်ပြောင်းလဲမှုများစွာ ဖြစ်စေခဲ့ပါသည်။ ဦးနှောက်ကွန်ပျူတာချိတ်ဆက်မှု (Brain Computer Interface) ကို အသုံးပြု၍ စိတ်နှင့် စဉ်းစားရုံဖြင့် လိုသလို လှုပ်ရှားပေးနိုင်သော ခြေတုလက်တုများ (Prosthetic arms)၊ လိုသလို သွားလာရွေ့လျားနိုင်သော ဘီးတပ်ကုလားထိုင် (Wheelchair) ကို တီထွင်အသုံးပြုလာ နိုင်နေပြီ ဖြစ်ပါသည်။ ရောဂါကုထုံးများနှင့်စပ်လျဉ်း၍ ရောဂါကာကွယ်ရန် မျိုးရိုးဗီဇကိုပြင်နိုင်သော (Genetic Sequencing) နည်းပညာတို့ ပေါ်ပေါက်လာနေပြီဖြစ်ပါ သည်။ ထို့အပြင် အသားငါးတိရစ္ဆာန်တို့၏ ဆဲလ်များကို ဓာတ်ခွဲခန်းအတွင်း ဆင့်ပွား၍ သက်သတ်လွတ်အသား (Clean Meat) ပြုလုပ်ခြင်း နည်းပညာဖြင့် အနာဂတ် စားနပ်ရိက္ခာလိုအပ်ချက်များကို ဖြေရှင်းနိုင်ရန် တီထွင် စမ်းသပ်နေကြပြီဖြစ်ပါသည်။

စတုတ္ထစက်မှုတော်လှန်ရေး၏ အဓိကအောင်မြင်မှု သော့ချက်မှာ ပညာရေးနှင့် တီထွင်ဆန်းသစ်ခြင်းပင်ဖြစ်ပါ သည်။ ပညာရေးဟုဆိုရာတွင် ပုံမှန်အတန်းပညာ (Formal Education) နှင့် ကျောင်းပြင်ပ ပညာရေး (Nonformal or Alternative Education) နှင့် အလွတ်သဘော (Informal Education) ပညာရေးတို့ လည်း ပါဝင်ပါသည်။ ကျောင်းပြင်ပ ပညာရေးဆိုသည်မှာ သိလိုတတ်လိုသည်များကို သင်တန်းများတက်ခြင်း၊ အင်တာနက်ပေါ်က လေ့လာခြင်းတို့ဖြစ်ပြီး အလွတ် သဘောပညာရေးဆိုသည်မှာ မြင်ဆရာနှင့် ကြားဆရာ တို့ထံက လေ့လာသင်ယူခြင်းတို့ပင်ဖြစ်ပါသည်။ အတန်း ပညာရေးတွင်လည်း ကျောင်းသားများကို ငယ်စဉ်က တည်းက စတင်၍ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာနှင့် သင်္ချာ (Science, Technology, Engineering and Mathematics, STEM) ဘာသာရပ်များကို သင်ကြားပေး လာကြပါသည်။ အလွတ်ကျက်မှတ်သည့် ပညာရေးမျိုး မဟုတ်ဘဲ ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်သော အရည်အချင်း (Critical Thinking) ရှိလာစေရန် ပြုစုပျိုးထောင် ပေးကြသည်ကိုလည်း တွေ့ရှိရပါသည်။ စတုတ္ထစက်မှု တော်လှန်ရေးတွင် တိုးတက်ပြောင်းလဲမှုများ အလွန် မြန်ဆန်သဖြင့် တက္ကသိုလ်ဘွဲ့များနှင့် အတန်းပညာကို အခြေခံသောပညာရေးစနစ်များသည် လုံလောက်မှု မရှိနိုင်ကြတော့ဘဲ အစဉ်ပြောင်းလဲနေသော နည်းပညာ သစ်များနှင့် စီးပွားရေးလုပ်ငန်းပုံစံသစ်များကို အင်တာနက်ပေါ်ကတစ်ဆင့် စဉ်ဆက်မပြတ်လေ့လာနိုင် ရန် ကဏ္ဍတိုင်းတွင် လိုအပ်လာကြပါသည်။ နိုင်ငံတော် အစိုးရနှင့် စီးပွားရေးလုပ်ငန်းကဏ္ဍများတွင်သာမက လူ့အဖွဲ့အစည်းများ ပြည်သူများအားလုံး ပါဝင်နိုင်ရန် လိုအပ်သဖြင့် ဒစ်ဂျစ်တယ် 'အ' သုံးလုံးဟု ဆိုအပ်သော ဒစ်ဂျစ်တယ်နှင့်စပ်လျဉ်းသည့် အသိ၊ အတတ်၊ အမြင် (Digital Literacy) သည် အသက်အရွယ်မရွေး လူတိုင်း အတွက် အလွန်အရေးကြီးလာပါသည်။


ယခုတွေ့ကြုံနေရသော စတုတ္ထစက်မှုတော်လှန်ရေး သည် မလိုက်ချင်လျှင်၊ မသွားချင်လျှင် နေခဲ့၍ရသော အပြောင်းအလဲတစ်ခုမျိုး မဟုတ်ပါ။ မြန်မာနိုင်ငံအနေဖြင့် စတုတ္ထစက်မှုတော်လှန်ရေးတွင် နောက်ကျမကျန်ခဲ့စေရန် အလွန်ပင်အရေးကြီးလှပါသည်။ ရှေ့တန်းက မဖြစ်မနေ ပါဝင်မှသာ ရင်ပေါင်တန်းနိုင်မည်ဖြစ်ပါသည်။ နိုင်ငံ အများစုမှာလည်း လေ့လာစမ်းသပ်ဆဲဖြစ်သဖြင့် မြန်မာ နိုင်ငံအနေဖြင့် အမီလိုက်ရန် သို့မဟုတ် ပြန်လည် ကျော်တက်ရန် အခွင့်အလမ်းကောင်းတစ်ခုလည်း ဖြစ်ပါ သည်။ စတုတ္ထစက်မှုတော်လှန်ရေးတွင် အမီမလိုက်နိုင် ပါက မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအကြားတွင် ရင်ပေါင်တန်းလာနိုင်တော့မည်မဟုတ်ဘဲ တိုးတက်သော နိုင်ငံများနှင့် ကွာဟမှုသည် ယခုထက် ပိုမို၍ အလှမ်း ဝေးလာမည် ဖြစ်ပါသည်။ စတုတ္ထစက်မှုတော်လှန်ရေး သည် လုပ်ငန်းကဏ္ဍအသီးသီး (across Sectors and Industries) နှင့် ပညာရပ်များ (Disciplines) အားလုံးတွင် အကျိုးသက်ရောက်လာမည်ဖြစ်သဖြင့် လူငယ်များနှင့် တီထွင်ဆန်းသစ်မှုတို့ကို အခြေခံသည့် မူဝါဒများ၊ ရင်းနှီး မြှုပ်နှံမှုများနှင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုများကို တညီတညွတ်တည်း ပြုလုပ်မှသာ မြန်မာ(၄.၀) ရည်မှန်းချက်အတိုင်း အများပါဝင်နိုင်သော စဉ်ဆက်မပြတ်သည့် လူမှုစီးပွားဖွံ့ဖြိုးမှုကို ရရှိလာနိုင်မည် ဖြစ်ပါသည်။



The Fourth Industrial Revolution



The Building Blocks of Myanmar 4.0



Artificial Intelligence, AI



The Fourth Industrial Revolution Across Industries, Sectors, and Disciplines

ကြေးမုံ



# Coronavirus Disease (COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကာကွယ်ကုသရေးအတွက် မန္တလေးမြို့ပေါ် ဆေးရုံများအားလုံးတွင် ကြိုတင်ပြင်ဆင်ထားရှိမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေး

**မန္တလေး ဖေဖော်ဝါရီ ၁၅**

Coronavirus Disease (COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကာကွယ်ကုသရေးအတွက် မန္တလေးမြို့ပေါ်ဆေးရုံများအားလုံးတွင် ကြိုတင်ပြင်ဆင်ထားရှိမှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်ရေးညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။



### မျက်ခြည်မပြတ်သုံးသပ်

ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအချို့တွင် Coronavirus Disease 2019 (COVID-19) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ကူးစက်ဖြစ်ပွားမှုသည် အချိန်နှင့်အမျှ ပြောင်းလဲနိုင်သည့် အခြေအနေဖြစ်နေသောကြောင့် မိမိတို့အနေဖြင့် မန္တလေးမြို့ရှိ ဆေးရုံအုပ်ကြီးများနှင့် မန္တလေးဆေးရုံကြီးမှ ပါမောက္ခ/ဌာနမှူးများနှင့် အထူးကုဆရာဝန်ကြီးများနှင့် ဝန်ထမ်းများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၌ မည်သည့်ပုံစံဖြင့် ပါဝင်ပံ့ပိုးဆောင်ရွက်ရမည်ကို အသိပေးရှင်းပြရခြင်းဖြစ်ပါကြောင်း၊ မန္တလေးမြို့နှင့် အနီးအနားမြို့များ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသားများ များစွာနေထိုင် သွားလာလျက်ရှိသဖြင့် မိမိတို့အနေဖြင့် ဤရောဂါဖြစ်ပွားနိုင်မှုအခြေအနေများကို မျက်ခြည်မပြတ် သုံးသပ်ရမည်ဖြစ်ပါကြောင်း။

ယခုအခါ၌ ဤရောဂါဖြစ်ပွားသူများ၏ သေဆုံးနှုန်းသည် ၂ ဒသမ ၈ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်ကို တွေ့ရှိရသည့်အပြင် ဤရောဂါ၏ ရောဂါဖြစ်ပွားသူတစ်ဦးထံမှ အခြားကူးစက်ခံရနိုင်ခြေရှိသူများထံ ကူးစက်မှုအခြေခံနှုန်းသည်လည်း မြင့်မားသည့်အတွက် မန္တလေးမြို့နှင့် အနီးအနားမြို့များ၌ လည်းကောင်း၊ စက်ရုံ၊ အလုပ်ရုံများ၌လည်းကောင်း အထူးဂရုစိုက်၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို လုံးဝအရှိန်လျှော့၍မရဘဲ ဆက်လက်အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယခုအခါ မန္တလေးတိုင်းဒေသကြီးရှိ ပြည်သူ့ဆေးရုံကြီးများနှင့် ပုဂ္ဂလိကဆေးရုံများတွင် သံသယနှင့်စောင့်ကြည့်လူနာများကို စောင့်ကြပ်ကြည့်ရှုကုသမှုပေးနေပြီး အကယ်၍ ခွတ်ခွဲအတည်ပြုလူနာများ၊ ရောဂါပြင်းထန်သည့်လူနာများရောက်ရှိပေါ်ပေါက်လာပါက အရည်အသွေးပြည့်ဝစွာကုသမှုပေးနိုင်ရေးအတွက် ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဆေးပညာပါမောက္ခများ ဝိုင်းဝန်းရေးသားပြုစုထားသည့် ကုသရေးလမ်းညွှန်များအတိုင်း ကုသပေးရန် အဆင်သင့်စီစဉ် ဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးသို့ တရားဝင်နှင့် တရားမဝင်၊ ထွက်ပေါက်များမှ ဝင်ရောက်လာသောသူများသည် ရောဂါပျိုးချိန် (Incubation Period) ကာလအတွင်း ရောဂါလက္ခဏာများမပြသေးဘဲ ပကတိကျန်းမာစွာနေထိုင်နေသော်လည်း အချိန်မရွေးရောဂါလက္ခဏာများ ပေါ်ပေါက်လာနိုင်သည့်အချက်ကို သတိပြုကြရမည်ဖြစ်ပါကြောင်း။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိမိမိတို့ဝန်ကြီးဌာနမှ တာဝန်ရှိသူများအနေဖြင့် ဤရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးဆိုင်ရာရှုထောင့်၊ ကုသရေးဆိုင်ရာရှုထောင့်၊ လူမှုရေးရှုထောင့်၊ စီးပွားရေးရှုထောင့်၊ ကုန်သွယ်ရေးရှုထောင့် စသည်ဖြင့် ရှုထောင့်ပေါင်းစုံကို ထည့်သွင်းစဉ်းစားပြီး ဆုံးဖြတ်ချက်ချဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လေကြောင်းခရီးဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်လာသူများ၏ ရာခိုင်နှုန်းအများစုသည် ၎င်းတို့ ယခင်ကတည်းက ငှားရမ်းထားပြီးဖြစ်သော နေအိမ်များသို့ သွားရောက်နေထိုင်သည်ကို တွေ့ရှိရသည့်အချက်သည် ပြည်သူ့ကျန်းမာရေးရှုထောင့်မှ အထူးအရေးကြီး၍ အဓိကကျသော အချက်တစ်ခုဖြစ်သည်ကို သိရှိစေလိုပါကြောင်း၊ ၎င်းတို့ အများစုတည်းခိုနေထိုင်လျက်ရှိသည့် နေရာများကို မြေပုံစာရင်းပြုစု၍ ၎င်းတို့နေထိုင်ရာ ရပ်ကွက်များ၌ ရောဂါဖြစ်ပွားမှုအား စောစီးစွာ သိရှိကုသမှု ဆောင်ရွက်နိုင်ရန် ကျန်းမာရေးပညာပေးခြင်းနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အထူးအရှိန်အဟုန်မြှင့်ကာ ဆောင်ရွက်ရာတွင် တရုတ်ဘာသာစကားဖြင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

### ပိုမိုထိရောက်စေမည်

အလားတူ နယ်စပ်ဝင်၊ ထွက်ပေါက်များတွင်လည်း တရုတ်ဘာသာဖြင့် ကျန်းမာရေး အသိပညာပေးအချက်အလက်များ ဖြန့်ဝေခြင်းကို အားဖြည့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ စောစီးစွာ လူနာရှာဖွေဖော်ထုတ်ခြင်း ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီးရှိ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အလွန်အရေးကြီးသဖြင့် ပြည်သူများအား COVID-19 ရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာပေးခြင်းကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ကျန်းမာရေးအသိပညာပေးရာတွင် လူအများနားလည်လွယ်မည့် သတင်းအချက်အလက်များဖြစ်ရန်လိုအပ်သည့်အပြင် အရေးကြီးသည့် ကျန်းမာရေးအသိပညာပေး သတင်းအချက်အလက်များကိုသာ ကျစ်ကျစ်လျစ်လျစ် သိပ်သိပ်သည်းသည်း အသိပေးခြင်းဖြင့် မိမိတို့၏ ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများ ပိုမိုထိရောက်စေမည် ဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း၌ စောင့်ကြည့်လူနာနှင့် သံသယလူနာများအား သီးခြားထားရှိကုသမှုပေးရာတွင် လူနာများအား ဆေးကုသမှုပေးခြင်း၊ ရောဂါပိုးထိန်းချုပ်ခြင်းတို့ကို ဆောင်ရွက်ရုံသာမက လူနာများနှင့် အနီးကပ်ထိတွေ့သူများအား ရှာဖွေခြင်းနှင့် ၎င်းတို့အား နေအိမ် (သို့မဟုတ်) ဆေးရုံတွင် ရောဂါဖြစ်ပွားမှုရှိ၊ မရှိအခြေအနေကို စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများသည် ရောဂါထိန်းချုပ်ရေးအတွက် ဆောင်ရွက်ရမည့် အရေးပါသည့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများဖြစ်ကြောင်း။

ထိုသို့ ရောဂါဖြစ်ပွားမှုရှိ၊ မရှိ စောင့်ကြပ်ကြည့်ရှုခြင်းခံရသူတွင် အကယ်၍ 2019-nCoV လတ်တလော အသက်ရှူလမ်းကြောင်းရောဂါ လက္ခဏာများ ပေါ်ပေါက်လာပါက ချက်ချင်းကုသမှုပေးနိုင်သည့်အတွက် ရောဂါပြင်းထန်သေဆုံးနိုင်ခြေနည်းပါးသည့်အပြင် ၎င်းမှတစ်ဆင့် အတူနေထိုင်သော မိသားစုများနှင့် မိတ်ဆွေများထံသို့ ကူးစက်မှုမဖြစ်ပွားနိုင်တော့သဖြင့် အသွားအလာ ကန့်သတ်ပိတ်ပင်၍ ရောဂါဖြစ်ပွားမှု အခြေအနေကို စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများသည် အားလုံးအတွက် အကျိုးရှိသည့်ကိစ္စရပ်ဖြစ်သည်ကို ပြည်သူများ သိရှိနားလည်စေရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မျိုးဆက်သစ်ဆရာဝန်နှင့် ပညာရှင်များအတွက် အတွေ့အကြုံနှင့် သင်ခန်းစာများစွာ ရရှိနိုင်ပြီး နောင်ဖြစ်ပေါ်လာမည့် အခြားကပ်ရောဂါဖြစ်ပွားမှုနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာပြဿနာများအား ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများ၌ များစွာအထောက်အကူပြုနိုင်ပါကြောင်း၊ မန္တလေးပြည်သူ့ဆေးရုံကြီး၌ ယခုဖြစ်ပွားသော COVID-19 ရောဂါနှင့် အခြားကပ်အသွင်ဖြစ်ပွားနိုင်သော ရောဂါများအတွက် စားပွဲဝိုင်းလေ့ကျင့်ခန်းများကို မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကပ်ရောဂါဗေဒပညာရှင်များ၏ အကူအညီဖြင့် အမြန်ဆုံးဆောင်ရွက်စေလိုပါကြောင်း။

### ကြိုတင်ပြင်ဆင်ရမည်

မန္တလေးတိုင်းဒေသကြီးအတွင်း၌ ဆောင်ရွက်လျက်ရှိသည့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ပြည့်ပြည့်စုံစုံ မှတ်တမ်းတင်ထားရှိပြီး ထိုမှတ်တမ်းများအား ဆန်းစစ်သုံးသပ်၍ နောက်ဖြစ်ပေါ်လာမည့် ကပ်အသွင်ဖြစ်ပွားမှုများအတွက် ကြိုတင်ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် စောင့်ကြည့်လူနာနှင့် သံသယလူနာများအား သီးခြားခွဲခြား စောင့်ကြပ်ကြည့်ရှုကုသမှုပေးခြင်းနှင့် ရောဂါထိန်းချုပ်ခြင်း လုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား အလွယ်တကူ သိရှိစစ်ဆေးနိုင်ရန် ပုံစံတစ်ခုပြုစု၍ စိစစ်သုံးသပ်ခြင်း (Quick review of preparedness on hospitals) ကို ဆောင်ရွက်စေလိုပါကြောင်း၊ ကူးစက်ရောဂါကပ်အသွင်ဖြစ်ပွားချိန်များတွင် ကန်တော်နဒီဆေးရုံအား လူနာများ သီးခြားထားရှိကုသခြင်းနှင့် အနီးကပ်ထိတွေ့သူများကို စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကူးစက်ရောဂါကုသသည့် သတ်မှတ်ဆေးရုံအဖြစ် သတ်မှတ်ပြီး ကြိုတင်ပြင်ဆင်ထားရှိသွားရန် လိုအပ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း၌လည်း မဟုတ်မမှန်သတင်းများ၊ ကောလာဟလများအား ပြည်သူ့ထံသို့ ချက်ချင်းရှင်းလင်းနိုင်ရန် အစီအမံများ စီစဉ်ဆောင်ရွက်ထားရှိစေလိုပါကြောင်း။

ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအား ပါဝင်ဆောင်ရွက်နေသူအားလုံး သိရှိစေရန် သတင်းအချက်အလက်များ မျှဝေရန်လုပ်ငန်းများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြန်လည်စိစစ်သုံးသပ်ခြင်း ဆောင်ရွက်ပြီး လိုအပ်သည်များ အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မန္တလေးပြည်သူ့ဆေးရုံကြီး၌ တစ်ကိုယ်ရေရောဂါကာကွယ်ရေးဝတ်စုံများ အလျင်အမြန် ထပ်မံရရှိရေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ဆောင်ရွက်ပြီးဖြစ်သဖြင့် ရရှိပါက ချက်ချင်းထပ်မံ၍ ပေးပို့မည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ဆွေးနွေး

အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် COVID-19 ရောဂါစတင်ကူးစက်ဖြစ်ပွားမှုနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃၀ ရက်တွင် ပြည်သူ့ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာခဲ့မှုနှင့် ပတ်သက်သည့် အချက်အလက်များ၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဆိုပါကြေညာချက်မတိုင်မီ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၅ ရက်မှစတင်၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအား စတင်ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ပြောင်းလဲလာသည့် ရောဂါကူးစက်ဖြစ်ပွားမှုပေါ်မူတည်၍ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ မှန်ကန်သောသတင်းများ ပြန်ကြားပေးမည့် အစီအစဉ်များ၊ မဟုတ်မမှန်သတင်းများသည် ပြည်သူလူထုအား ကြောက်ရွံ့ထိတ်လန့်ခြင်း (Fear) စတင်ခံစားရပြီး ၎င်းမှသည် အမျက်ဒေါသထွက်ခြင်းနှင့် အမုန်းတရားကို ဖြစ်ပေါ်စေသဖြင့် မဟုတ်မမှန်သတင်းများသည် အမုန်းစကား ဖြစ်စေနိုင်သည့်အတွက် မဟုတ်မမှန်သတင်းများ၊ ကောလာဟလများနှင့်ပတ်သက်၍ ပြည်သူများထံသို့ ချက်ချင်းရှင်းလင်းတင်ပြနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအား ပါဝင်ဆောင်ရွက်နေသူအားလုံးသိရှိစေရန် သတင်းအချက်အလက်များ မျှဝေရန်လုပ်ငန်းများ၊ စောင့်ကြည့်လူနာ၊ သံသယလူနာများတွေ့ရှိမှု များပြားလာပါက ဆေးရုံများတွင် ရောဂါကာကွယ်ရေးဝတ်စုံများ (Personal Protective Equipment– PPE) များ ပိုမိုလိုအပ်လာနိုင်သည့်အတွက် ကြိုတင်ပြင်ဆင်ရန်လိုအပ်မည့် အခြေအနေ၊ ရောဂါစောင့်ကြပ်ကြည့်ရှု၍ သတင်းပေးပို့ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုများ၊ လက်ရှိဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုလျက်ရှိသော လူနာများ၏ ကျန်းမာရေး သက်သာကောင်းမွန်လျက်ရှိသည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် (ပြည်ထောင်စုဝန်ကြီးရုံး)၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန) မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဝယ်ယူဖြန့်ဖြူးရေး)၊ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ဆေးရုံအုပ်ကြီးများ၊ ညွှန်ကြားရေးမှူး (ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေး)၊ ညွှန်ကြားရေးမှူး (ကျန်းမာရေးအသိပညာမြှင့်တင်ရေး) နှင့် ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ ခွတ်ခွဲ၊ eHealth စသည့် ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများတက်ရောက်၍ ဆန်းစစ်သုံးသပ်ခြင်း၊ ဆွေးနွေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့သည်။ **သတင်းစဉ်**

---

# ပေါက်မြို့နယ်၌ မူခင်းကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြော

**ပေါက် ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်အတွင်း မူခင်းဖြစ်ပွားမှုလျော့နည်းကျဆင်းစေရေးနှင့် ကျေးရွာနေပြည်သူများ မူခင်းအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ရွှေပေါက်ပင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က မူခင်းကျဆင်းရေးနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ကိုနှင့် ပေါက်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဇေယျာသန်းတို့က မူခင်းဖြစ်ပွားမှုလျော့နည်းကျဆင်းရေး ကြိုတင်ကာကွယ်ရန် နည်းလမ်းများ၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် သတိပြုလိုက်နာရမည့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာများ၊ ယာဉ်တိုက်မှုဖြစ်ပွားပါက အရေးယူခံရမည့် ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရန်အချက်များနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ဆိုးကျိုးများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး သိကောင်းစရာများကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးပပစိုးရီက ကလေးငယ်များ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး အုပ်ထိန်းသူမိဘများ သိရှိလိုက်နာရမည့်အချက်များနှင့် တရုတ်ပြည်တွင် ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ရောဂါနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များကို ဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၇၁ အုပ်စုတို့မှ အုပ်စုအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၁၁၀ ကျော် တက်ရောက်ကြောင်း သိရသည်။ **ဉာဏ်တိုး(ပေါက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရွှေဘိုမြို့ မေတ္တာရိပ် အမျိုးသမီးစောင့်ရှောက်ရေးဂေဟာနှင့် အသက်မွေးသင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှု



**ရွှေဘို ဖေဖော်ဝါရီ ၁၅**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်အတွင်းရှိ မေတ္တာရိပ် အမျိုးသမီးစောင့်ရှောက်ရေးဂေဟာနှင့် အသက်မွေးသင်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဆိုပါသင်တန်းကျောင်းရှိ ကွန်ပျူတာသင်တန်းခန်းမ၊ ပန်းချီအရောင်းပြခန်း၊ အလှပြင်သင်တန်းခန်းမနှင့် အမျိုးသမီးငယ်များအား ပြုစုစောင့်ရှောက်ပေးမည့် အဆောက်အဦတို့ကို လိုက်လံကြည့်ရှုပြီး သင်တန်းကျောင်းအုပ်နှင့် တာဝန်ရှိသူများက အမျိုးသမီးစောင့်ရှောက်ရေးဂေဟာနှင့် အသက်မွေးသင်တန်းကျောင်း၌ ဆောင်ရွက်ပေးရန် စီစဉ်ထားသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂေဟာရန်ပုံငွေအဖြစ် ငွေကျပ် ၁၀ သိန်းကို ဂေဟာမှပန်းချီကားချပ် ၁၀ ချပ်ဝယ်ယူခြင်းဖြင့် လှူဒါန်းသည်။

**ကြိုးပမ်းဆောင်ရွက်**

ရွှေဘိုမြို့နယ်ရှိ မေတ္တာရိပ် အမျိုးသမီးစောင့်ရှောက်ရေးဂေဟာနှင့် အသက်မွေးသင်တန်းကျောင်းတွင် ရင်ခွင်မဲ့ကလေးငယ်များနှင့် မိဘမဲ့အမျိုးသမီးငယ်များအား စောင့်ရှောက်ပေးနိုင်ရေး၊ ကျောင်းနေအရွယ်ကလေးငယ်များအား ပညာဆက်လက်သင်ကြားနိုင်ရေး၊ အမျိုးသမီးငယ်ရွယ်သူများအား အသက်မွေးသင်တန်းများကို လုပ်ငန်းကျွမ်းကျင်သည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍သင်ကြားပေးနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်မှုဆန့်ကျင်သည့် သန်းတစ်ထောင်လှုပ်ရှားမှုအခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**
အမျိုးသမီးများအား အကြမ်းဖက်မှုများကို ဆန့်ကျင်ကြောင်းပြသရန် ရည်ရွယ်ချက်ဖြင့် Gender Studies Center (Myanmar Institute of Theology)က ကြီးမှူးကျင်းပသည့် တတိယအကြိမ်မြောက် သန်းတစ်ထောင်လှုပ်ရှားမှုအခမ်းအနားကို ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံ၌ ကျင်းပသည်။

**လူထုလှုပ်ရှားမှုတစ်ခု**

"ဒီပွဲရဲ့ ရည်ရွယ်ချက်က လူထုလှုပ်ရှားမှုတစ်ခုအနေနဲ့ လူတွေအနည်းဆုံး အကြမ်းဖက်မှုဆိုတာဘာလဲ သိသွားပြီးတော့ အကြမ်းဖက်မှုကို ဘယ်လိုကာကွယ်မလဲ၊ မိမိပတ်ဝန်းကျင်မှာ အမျိုးသမီးတွေဟာ ဘယ်လိုပုံစံမျိုးနဲ့ အကြမ်းဖက်ခံနေရသလဲဆိုတာကို ပြည်သူတွေကို ချပြချင်တဲ့သဘောပါ။ ပြည်သူတွေက သိတာတော့ သိကြပါတယ်။ ကိုယ်ကိုယ်တိုင်မကြုံတွေ့ကြတော့ သတိလက်လွတ် ဖြစ်တာတွေ ရှိတတ်တယ်။ သတိပေးတဲ့အနေနဲ့ ပြုလုပ်တဲ့သဘောပါ"ဟု Myanmar Institute of Theology မှ ကထိက ကိုသိန်းထွဋ်ပန်က ပြောသည်။




အဆိုပါလှုပ်ရှားမှုတွင် Liberal Arts Program (MIT)မှ ဒုတိယနှစ် ကျောင်းသား ကျောင်းသူ ၂၀၀ ကျော်၏ ကပြဖျော်ဖြေမှုများနှင့်အတူ ဘီလီလမင်းအေး၊ကောင်းကောင်း၊စောဖိုးခွားစသည့် အဆိုတော်များက အကြမ်းဖက်မှုလျှော့ချရေး အကျိုးပြုသီချင်းများနှင့် ဖျော်ဖြေတင်ဆက်ကြောင်း သိရသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၁၈ ခုနှစ်အတွင်း သက်ငယ်မုဒိမ်းမှု ၁၁၂၀၊ သက်ကြီးမုဒိမ်းမှု ၈၀၂ မှု၊ လူကုန်ကူးမှု ၁၇၉ မှု ဖြစ်ပွားခဲ့ပြီး လူကုန်ကူးခံရမှုတွင်လည်း ၇၀ ရာခိုင်နှုန်းမှာ အမျိုးသမီးနှင့် မိန်းကလေးငယ်များဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏ စစ်တမ်းများအရ အမျိုးသမီးသုံးဦးတွင် တစ်ဦးမှာ အကြမ်းဖက်မှုများကို ရင်ဆိုင်နေရခြင်းကြောင့် ကမ္ဘာပေါ်တွင် အမျိုးသမီးဦးရေသန်းသုံးထောင်ကျော်ရှိသည့်အနက် သန်းတစ်ထောင်မှာ အကြမ်းဖက်မှုများကို ရင်ဆိုင်နေရသည့်အတွက် ယင်းအကြမ်းဖက်မှုများကို ဆန့်ကျင်ပြသရန် ရည်ရွယ်ပြီး နိုင်ငံအများအပြားက ဖေဖော်ဝါရီ ၁၄ ရက်တွင် သန်းတစ်ထောင်လှုပ်ရှားမှု အစီအစဉ်ကို ပြုလုပ်ကြခြင်းဖြစ်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ - ဇာနည်မောင်၊ အေးမင်းသူ

# ဖျာပုံမြို့နယ်၌ တောင်သူအကျိုးပြု ဥကပ်ပါးနကျယ်များ လယ်မြေအတွင်းသို့လွှတ်ခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**ဖျာပုံ ဖေဖော်ဝါရီ ၁၅**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် စပါးနှင့် စားသုံးသီးနှံများတွင် ကျရောက်သော လိပ်ပြာမျိုးရင်းဝင် ဖျက်ပိုးများကို ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းရန် တောင်သူအကျိုးပြု ထရိုင်ကိုဂရားမား ဥကပ်ပါးနကျယ်များ လယ်မြေအတွင်းသို့လွှတ်ခြင်း ကွင်းသရုပ်ပြသပွဲကို ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၃ နာရီက မြို့နယ်ဘက်စုံအဆင့်မြင့်နည်းပညာသုံး ကိုးအိမ်တန်း စံပြကျေးရွာရှိ စံပြတောင်သူ ဦးကျင်သိန်း၏ လယ်မြေ၌ ကျင်းပသည်။



**လေ့လာကြည့်ရှု**

ဖျာပုံခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ဥမ္မာအေးနှင့် ဝန်ထမ်းများက ထရိုင်ကိုဂရားမား ဥကပ်ပါးနကျယ် လယ်မြေအတွင်းသို့လွှတ်ခြင်း ကွင်းသရုပ်ပြသကြရာ တောင်သူများက စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြသည်။

အဆိုပါ ဥကပ်ပါးနကျယ်များ လယ်မြေအတွင်းသို့ ထည့်သွင်းခြင်းအားဖြင့် လယ်မြေများတွင် လိပ်ပြာမျိုးရင်းဝင် ဖျက်ပိုးများ ဥအဆင့်ကတည်းက နှိမ်နင်းနိုင်သဖြင့် ပိုးသတ်ဆေးသုံးစွဲမှု လျှော့ချနိုင်ခြင်း၊ တောင်သူများ ကျန်းမာရေး ထိခိုက်မှုမရှိခြင်း၊ သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများ ကင်းဝေးခြင်း၊ စိုက်ခင်းထဲရှိ အခြားသက်ရှိများ မြေထု၊ ရေထု၊ လေထုများတွင် အန္တရာယ်မဖြစ်ခြင်း၊ ကုန်ကျစရိတ်သက်သာ၍ လုံခြုံစိတ်ချရသော စားသုံးသီးနှံများ ထုတ်ပေးနိုင်ခြင်း စသော အကျိုးကျေးဇူးများကို တောင်သူများရရှိနိုင်မည် ဖြစ်သည်။

မော်ကျွန်း-မြင့်အောင်

# ညောင်လေးပင်မြို့နယ်အတွင်း မြေသားကုန်ထုတ်လမ်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး


**ညောင်လေးပင် ဖေဖော်ဝါရီ ၁၅**
ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်း ကုန်ထုတ်လမ်းဆောင်ရွက်နေမှုကို အချိန်မီပြီးစီးစေရန်အတွက် ဖေဖော်ဝါရီ ၁၄ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့် ဝန်ထမ်းများသည် ညောင်လေးပင်မြို့နယ် ကျေးလက်ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ် မူလရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လက်ပံဘု(နောက်)ကျေးရွာတွင်း ကုန်ထုတ်မြေသားလမ်းအား တင်ဒါရ မိုးထိထွန်းကုမ္ပဏီက လုပ်ငန်းဆောင်ရွက်နေမှုကို အချိန်မီပြီးစီးစေရေးအတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကုန်ထုတ်လမ်းသည် ငွေကျပ် ၃၀ ဒသမ ၃၈၆ သန်း ကုန်ကျမည်ဖြစ်ပြီး လမ်းပြီးစီးသွားပါက ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

# DIMENSION ကဗျာစာအုပ်သစ် မိတ်ဆက်ပွဲကျင်းပ




**ရန်ကုန် ဖေဖော်ဝါရီ ၁၅**
မျိုးဆက်သစ် ကဗျာချစ်သူများ ဖြစ်ကြသည့် လင်းအသချေ၊ ဇင်မင်းအောင်၊ ညကျောင်းသား၊ နိုင်းနော်ဝေတို့၏ "DIMENSION" ကဗျာစာအုပ်သစ်မိတ်ဆက်ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။

ကဗျာစာအုပ်သစ် မိတ်ဆက်ပွဲတွင် စာရေးဆရာများဖြစ်ကြသည့် ဆရာမင်းချမ်းမွန်၊ ဆရာ အောင်ဇင်မင်း၊ ဆရာ အောင်ကျော်လင်းတို့က အမှတ်တရ စကားများ ပြောကြားသည်။

အဆိုပါကဗျာစာအုပ်ကို မန္တလေးမြို့ အာသီသစာပေမှ ထုတ်ဝေဖြန့်ချိပြီး တန်ဖိုးမှာ ငွေကျပ် ၂၂၀၀ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**
လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

**✻ ကျောဖုံးမှ**

ပြည်သူတွေနဲ့ စစ်ကိုင်း၊ မန္တလေးမှာရှိတဲ့ ပြည်သူတွေအချင်းချင်း နှစ်နိုင်ငံ သွားလာဆက်ဆံမှုကနေ ချစ်ခင်ရင်းနှီးမှုတွေ ပိုမိုရရှိဖို့ရည်ရွယ်ပါတယ်။ ကလေးဝနဲ့ တမူးကြားမှာ ဒုတိယကမ္ဘာစစ်က တည်ဆောက်ခဲ့တဲ့ ဘေလီတံတား ၆၉ စင်း ရှိပါတယ်။ ဒီတံတားတွေကို အိန္ဒိယနိုင်ငံဘက်က တာဝန်ယူပြီး ပြင်ဆင်နေပါတယ်။ နှစ်နိုင်ငံဘတ်စ်ကားလိုင်းပူးတွဲကာ တိုက်ရိုက်ပြေးဆွဲနိုင်ဖို့ ၂၀၁၈ ခုနှစ်ကတည်းက ကြိုးစားဆောင်ရွက်ခဲ့တာပါ။ အခုတော့ ကျွန်တော်တို့ရဲ့အိပ်မက်တွေ အမှန်တကယ်အကောင်ထည်ပေါ်လာပြီ" ဟု ၎င်းက ပြောသည်။

**ပူးတွဲပြေးဆွဲပေးသွားမည်**

အဆိုပါ နှစ်နိုင်ငံပူးတွဲဘတ်စ်ကားလိုင်း ပြေးဆွဲမှုတွင် မြန်မာနိုင်ငံမှ ရွှေမန္တလာ express ကုမ္ပဏီဖြင့် မန္တလေး - မုံရွာ - ဂန့်ဂေါ - ကလေး- တမူးအထိလည်းကောင်း၊ အိန္ဒိယနိုင်ငံ 7 sisters ကုမ္ပဏီမှ တမူးနယ်စပ်မှ အိန္ဒိယနိုင်ငံ အင်ဖာအထိလည်းကောင်း ပူးတွဲပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ကုမ္ပဏီက 7 sisters ကုမ္ပဏီနဲ့ ပူးပေါင်းပြီး နှစ်နိုင်ငံခရီးသွားမြှင့်တင်မှုတွေ ဆောင်ရွက်မှာပါ။ လောလောဆယ်တော့ ကျွန်တော်တို့ဘက်က တမူးနယ်စပ်ဂိတ်အထိကိုပဲ ပြေးဆွဲပေးနိုင်ပြီး နောက်ပိုင်းမှာ အင်ဖာမြို့အထိ တိုက်ရိုက်ပြေးဆွဲနိုင်ဖို့ ဆောင်ရွက်သွားမယ်။ အိန္ဒိယကုမ္ပဏီဘက်ကလည်း 7 sisters ဆိုတဲ့အတိုင်း ပြည်နယ်ခုနစ်ခုနဲ့ ချိတ်ဆက်ထားတာဖြစ်လို့ လည်ပတ်စရာနေရာတွေ သွားနိုင်ဖို့စီစဉ်ဆောင်ရွက်ထားပါတယ်" ဟု ရွှေမန္တလာ express ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးနေလင်းဦးက ပြောသည်။

ထို့အပြင် အိန္ဒိယနိုင်ငံ 7 sisters ကုမ္ပဏီမှ managing partner H.Radhakrishna Sharma ကလည်း "မြန်မာနိုင်ငံက လက်ရှိမှာ ပွင့်လင်းလာတဲ့နိုင်ငံဖြစ်တဲ့အတွက် လည်ပတ်စရာတွေ အများကြီးရှိတယ်။ အခုလို ပူးတွဲတိုက်ရိုက်ပြေးဆွဲမှုမှာ မြန်မာနိုင်ငံဘက်ကို ခရီးသွားတွေပိုမိုဝင်ရောက်ဖို့ အဓိကထားပြီး အိန္ဒိယနိုင်ငံဘက်ကို ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်နဲ့ ဆေးဝါးကုသမှုတွေအတွက် အဓိကမျှော်မှန်းထားပါတယ်"ဟု ပြောသည်။

**စတင်စမ်းသပ်ပြေးဆွဲမည်**

မန္တလေး-အင်ဖာ ပူးတွဲဘတ်စ်ကားလိုင်းဖြင့် မန္တလေးမှ တမူးအထိ ၁၁ နာရီကြာမြင့်မည်ဖြစ်ပြီး တမူးမှ အင်ဖာမြို့သို့ သုံးနာရီကြာမြင့်မည်ဖြစ်ကာ အဆိုပါဘတ်စ်ကားလိုင်းပြေးဆွဲမှုကို မန္တလေးမြို့မှ ဧပြီ ၇ ရက်တွင်လည်းကောင်း၊ အင်ဖာမြို့မှ ဧပြီ ၈ ရက်တွင်လည်းကောင်း စတင်စမ်းသပ်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**✻ ဖူဆယ်လိဂ်မှ**

ပထမအကျော့တွင် နှစ်ဂိုးစီသရေကျခဲ့ပြီး VUC အသင်းက အိမ်ကွင်းအဖြစ်ကစားရသည့် ယခု ဒုတိယအကျော့ပွဲတွင် လေးဂိုးစီသရေကျသောကြောင့် နှစ်ကျော့စလုံးသရေကျသော်လည်း MIU အသင်းက အဝေးကွင်းတွင် ဂိုးပိုသွင်းနိုင်၍ အဝေးဂိုးစည်းမျဉ်းဖြင့် ချန်ပီယံဆု ဆက်လက်ကာကွယ်ကာ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် လေးကြိမ်မြောက် ဗိုလ်စွဲနိုင်ခဲ့သည်။ MIU အသင်းသည် ချန်ပီယံဆုကို ၂၀၁၄-၂၀၁၅ ရာသီ၊ ၂၀၁၆ ရာသီ၊ ၂၀၁၈-၂၀၁၉ ရာသီနှင့် ၂၀၁၉-၂၀၂၀ ရာသီတို့တွင် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

**လေးဂိုးစီသရေကျ**

MIU အသင်းသည် နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သော်လည်း VUC အသင်းက ချေပဂိုးများပြန်သွင်းကာ နှစ်ဂိုးစီသရေကျပြီးနောက်ပိုင်းတွင် နှစ်ဂိုးထပ်မံသွင်းယူပြီး လေးဂိုး-နှစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ VUC အသင်းသည် နှစ်ဂိုးအသာဖြင့် ပြန်လည်ဦးဆောင်ခွင့်ရခဲ့သော်လည်း လက်ကျန်မိနစ်များတွင် ပွဲကိုထိန်းချုပ်နိုင်ခြင်းမရှိဘဲ MIU အသင်းက ချေပဂိုးများပြန်သွင်းကာ လေးဂိုးစီသရေကျခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲအပြီးတွင် MIU အသင်းနှင့် VUC အသင်းတို့ ၆၂ မှတ်စီရသော်လည်း အဝေးဂိုးစည်းမျဉ်းဖြင့် MIU အသင်းက ချန်ပီယံဖြစ်ကာ VUC အသင်းက ဒုတိယဆုရခဲ့သည်။ GV အသင်းက ၅၄ မှတ်ဖြင့် တတိယ၊ On Doctor အသင်းက ၃၉ မှတ်ဖြင့် အဆင့် ၄၊ MFF ယူ-၁၉ အသင်းက ၃၁ မှတ်ဖြင့် အဆင့် ၅၊ မြို့မ JY အသင်းက အဆင့် ၆၊ Winner အသင်းက အဆင့် ၇၊ Do Do Ko Ko အသင်းက အဆင့် ၈၊ Dream Team အသင်းက အဆင့် ၉၊ AMM Brothers အသင်းက အဆင့် ၁၀၊ ဖူဆယ်ချစ်သူအသင်းက အဆင့် ၁၁၊ လက်ဝဲသုန္ဒရအသင်းက အဆင့် ၁၂ ရရှိခဲ့သည်။

**ဆုများ ပေးအပ်ချီးမြှင့်**

VUC နှင့် MIU အသင်းတို့ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အဆင့် ၅ ရရှိသည့် MFF ယူ-၁၉ အသင်းအား ဆုကြေးငွေကျပ် ၂၅ သိန်း၊ အဆင့် ၄ ရရှိသည့် On Doctor အသင်းအား ငွေကျပ်သိန်း ၄၀၊ အကောင်းဆုံးကစားသမားဆုရရှိသည့် တိုတာ (VUC) အား ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သုံးသိန်း၊ အကောင်းဆုံးဂိုးသမားဆုရရှိသည့် ညီညီသန့် (GV) အား ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သုံးသိန်း၊ အသန့်ရှင်းဆုံးအသင်းဆုရရှိသည့် MFF ယူ-၁၉ အသင်းအား ဆုဖလားနှင့် ဆုကြေးငွေကျပ်ငါးသိန်း၊ တတိယဆုရရှိသည့် GV အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၆၀၊ ဒုတိယဆုရရှိသည့် VUC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၇၅ သိန်း၊ ပထမဆုရရှိသည့် MIU အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးငွေကျပ် သိန်း ၁၀၀ နှင့် ချန်ပီယံဆုဖလားတို့ကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အကြံပေး ဦးဘန်နီတင်အောင်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းနှင့် အမှုဆောင်များ၊ အသင်းပိုင်ရှင်များက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ဘုန်းသော်**

**○ ထိပ်ဆုံးမှ ဟံသာဝတီမှ**

ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် ရတနာပုံအသင်းမှာ ပွဲစကတည်းက အပြန်အလှန်ကစားနိုင်ခဲ့ပြီး ၁၅ မိနစ်တွင် ဦးဆောင်ဂိုးရခဲ့ကာ လှိုင်းဘိုဘိုက သွင်းယူခဲ့သော်လည်း ပထမပိုင်းပြီးခါနီးမှာပင် ဂိုးပြန်ပေးလိုက်ရသည်။ ဟံသာဝတီအသင်းအတွက် ချေပဂိုးကို ၄၅ မိနစ်တွင် တိုက်စစ်မှူး ဒိုနယ်က သွင်းယူခဲ့သည်။

ဟံသာဝတီအသင်းသည် ဒုတိယပိုင်း ၅၇ မိနစ်တွင် ဒိုနယ်က ဒုတိယဂိုးသွင်းယူခဲ့ပြီး မိနစ် ၈၀ နောက်ပိုင်းတွင် ဂိုးများထပ်မံသွင်းယူကာ ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးများကို ၈၃ မိနစ်တွင် အီမီကာနှင့် ၉၀+၃ မိနစ်တွင် ဟိန်းထက်အောင်တို့က သွင်းယူခဲ့သည်။

ဝေသာလီကွင်း၌ ကျင်းပသည့်ပွဲတွင် ရခိုင်အသင်းနှင့် မကွေးအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီအသင်းက ချင်းယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဧရာဝတီအသင်းသည် ယခုရာသီ ပထမဆုံးအဝေးကွင်းပွဲတွင် နိုင်ပွဲရယူနိုင်ခဲ့ပြီး တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲအစလေးမိနစ်တွင် သန်းထက်အောင်က သွင်းယူခဲ့သည်။ ချင်းယူနိုက်တက်အသင်းမှာမူ ယခုပွဲအရှုံးကြောင့် တန်းဆင်းဇုန်နားတွင် ဆက်လက်ရပ်တည်နေသည်။

ပွဲစဉ် (၆) ဒုတိယနေ့ကို ဖေဖော်ဝါရီ ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ရန်ကုန်အသင်း၊ သုဝဏ္ဏကွင်း၌ ဖွဲကပင်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ မန္တလာသီရိကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် စစ်ကိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။


**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-ကိုဇေ**




# နိုင်ငံတော်သြဝါဒါစရိယ ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်တော်သာရပ်ကွက် ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း** - ဆရာတော်လောင်းလျာသည် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ဆင်အင်းကြီးကျေးရွာတွင် ခမည်းတော် ဦးကံကြီးအောင်၊ မယ်တော် ဒေါ်ညိုပုချေတို့မှ ၁၂၉၃ ခုနှစ် နတ်တော်လဆန်း ၆ ရက် အင်္ဂါနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။



**ရှင်ရဟန်းပြုတော်မူခြင်း** - ဆရာတော်လောင်းလျာသည် ၁၃၀၉ ခုနှစ် ကဆုန်လပြည့်ကျော် ၉ ရက်နေ့တွင် ဆင်အင်းကြီးကျေးရွာ ဆင်အင်းကြီး ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုမန ကို ဥပဇ္ဈာယ် ပြုလျက် မိဘ နှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၁၃ ခုနှစ် တန်ခူးလပြည့်ကျော် ၅ ရက်နေ့တွင် ပုဏ္ဏားကျွန်းမြို့နယ် ဆင်အင်းကြီးကျောင်း ခဏ္ဍသိမ်၌ မြောင်းကြီးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝဏ္ဏကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း** - ဆရာတော်သည် ပုဏ္ဏားကျွန်းမြို့နယ် ဆင်အင်းကြီးကျောင်းဆရာတော် ဘဒ္ဒန္တသုမန၊ ကျွဲထိုးကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မပါလ၊ မန္တလေးမြို့ ညောင်ရမ်းပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏာဘိဝံသ၊ ရန်ကုန်မြို့ ရန်ကင်းအောင်ကျောင်းဆရာတော် ဘဒ္ဒန္တကစ္စာယနာလင်္ကာရ၊ အလယ်တောရပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယ၊ ဘဒ္ဒန္တသီလ စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးတော်မူခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း** - ဆရာတော်သည် စစ်တွေမြို့ ပြည်တော်သာရပ်ကွက် ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက်ကို တည်ထောင်၍ စာသင်သားရဟန်းသာမဏေများကို ပထမပြန်၊ ဓမ္မာစရိယဆိုင်ရာစာပေများ ပို့ချတော်မူခြင်းနှင့် ရခိုင်ပြည်နယ်သြဝါဒါစရိယအဖြစ်လည်းကောင်း၊ အစိုးရဓမ္မာစရိယနှင့် ပထမပြန်၊ နိကာယ်စာမေးပွဲများ၏ သြဝါဒါစရိယအဖြစ်လည်းကောင်း၊ နိုင်ငံတော်သြဝါဒါစရိယအဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း** - ဤသို့လျှင် ဗုဒ္ဓသာသနာတော် အကျိုးကို ထက်သန်သော ဝီရိယဖြင့်ဆောင်ရွက်တော်မူခြင်း၊ သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဋ္ဌနဂုဏ်၊ ရတ္တညုမဟာနာယကဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ ဂဏာစရိယဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ ပိဋ္ဋကတ္တယဆေကဂုဏ်၊ သံဃဂဏာဝိရောစနဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ၁၉၉၃ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း** - ဆရာတော်ကြီးသည် သာသနာအကျိုးကို သယ်ပိုး ဆောင်ရွက်တော်မူရင်း သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါအရ ၁၃၈၁ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက် (၁၅-၂-၂၀၂၀) စနေနေ့ ညနေ ၃ နာရီ မိနစ် ၅၀ တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

# နိုင်ငံတော်သြဝါဒါစရိယဆရာတော်ဘဒ္ဒန္တစန္ဒ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

**စစ်တွေ ဖေဖော်ဝါရီ ၁၅**

ရခိုင်ပြည်နယ် စစ်တွေမြို့ ပြည်တော်သာရပ်ကွက် ဒက္ခိဏာရာမပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တစန္ဒ(အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) မဟာထေရ်မြတ်ကြီးသည် သက်တော်(၈၉)နှစ် သိက္ခာတော်(၆၉)ဝါအရ ၁၃၈၁ ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်၊ (၁၅-၂-၂၀၂၀) စနေနေ့ ညနေ ၃ နာရီ မိနစ် ၅၀ တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# စီးပွားရေးဝန်းကျင်ကောင်းကို ဖန်တီးခြင်းစကားဝိုင်းကျင်းပ

တာရာ

**စီးပွားရေးဝန်းကျင်ကောင်းကိုဖန်တီးခြင်းစကားဝိုင်းကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဦးသူရိန်လွင်က အစီအစဉ်မှူးအဖြစ်ဆောင်ရွက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး (စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် လွယ်ကူမှုတိုးတက်ရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ငြိမ်းအောင်(ပိုင်ဆိုင်မှုမှတ်ပုံတင်ခြင်းအညွှန်းကိန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့ အတွင်းရေးမှူး)၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာန ညွှန်ကြားရေးမှူးဒေါ်ထားထား(ပဋိညာဉ်များအတည်ပြုဆောင်ရွက်ခြင်း အညွှန်းကိန်းဆိုင်ရာအထောက်အကူပြုအဖွဲ့ အတွင်းရေးမှူး)နှင့် Zeya & Associate Co.,Ltd Chairman/CEO ဦးဇေယျာသူရမွန်(ပုဂ္ဂလိကကဏ္ဍကိုယ်စားလှယ်) တို့က ပါဝင်ဆွေးနွေးခဲ့သည်။**

**(ယမန်နေ့မှအဆက်)**



ဦးအောင်စိုး(အမြဲတမ်းအတွင်းဝန်)
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး
ဝန်ကြီးဌာန



ဦးကျော်ငြိမ်းအောင်(ညွှန်ကြားရေးမှူး)
လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း
ဦးစီးဌာန



ဒေါ်ထားထား(ညွှန်ကြားရေးမှူး)
ပြည်ထောင်စုတရားစီရင်ရေး
ကြီးကြပ်မှုရုံး



ဦးဇေယျာသူရမွန်(Chairman CEO)
Zaya & Associate Co.,Ltd



ဦးသူရိန်လွင်
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

**အစီအစဉ်မှူး။** ။Doing Business Reform ဆောင်ရွက်ရာမှာ ဘယ်အချက်တွေကို ရှာဖွေတွေ့ရှိခဲ့သလဲ၊ နောက်ပြီး၂၀၂၁အစီရင်ခံစာမှာရော Enforcing Contracts Indicator ဆိုင်ရာ အထောက်အကူပြုအဖွဲ့အနေနဲ့ မြန်မာနိုင်ငံရဲ့ Doing Business အဆင့်နဲ့ ရမှတ်တွေ တိုးတက်အောင် ဘယ်လိုပြုပြင်ပြောင်းလဲမှုတွေ ဆက်လက်လုပ်ဆောင်သွားဖို့ရှိပါသလဲ။

**ဒေါ်ထားထား။** ။ ယခင်နှစ်က ပြုပြင်ပြောင်းလဲမှုလေးခုကိုချမှတ်ခဲ့ပါတယ်။ အဲဒီပြုပြင်ပြောင်းလဲမှုလေးခုထဲက သုံးခုကိုအညွှန်းကိန်းတိုင်းတာသတ်မှတ်ထားတဲ့အချိန်အတွင်းမှာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါပေမယ့်ကျွန်မအစောတုန်းက ရှင်းပြတဲ့အညွှန်းကိန်းတစ်ခုပဲ အမှတ်ရရှိခဲ့ပါတယ်။ ကျန်တဲ့ဆောင်ရွက်ချက်နှစ်ခုကတော့ အမှတ်ရရှိခဲ့ခြင်းမရှိပါဘူး။ အမှုစစ်ဆေးစီရင်ရန်စံအချိန်ကာလသတ်မှတ်ခြင်းနဲ့ အမှုရွှေ့ဆိုင်းမှုမူဝါဒချမှတ်ခြင်းအဲဒီတစ်ချက်၊ နောက်ပြီး ကူးသန်းရောင်းဝယ်ရေးဆိုင်ရာမှုခင်းများကို ထုတ်ပြန်ခြင်းတို့ ဖြစ်ပါတယ်။ အဲဒီနှစ်ချက်ကတော့ အမှတ်မရရှိခဲ့ပါဘူး။

အမှုစစ်ဆေးစီရင်ရန် စံအချိန်ကာလသတ်မှတ်ခြင်းနဲ့ အမှုရွှေ့ဆိုင်းနှုန်းတွေနဲ့ပတ်သက်လို့ကတော့ ကျွန်မတို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မှုခင်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေနဲ့ပတ်သက်လို့ အမိန့်ကြော်ငြာစာ(၆၄၉/ ၂၀၁၈)ကို ၁-၈-၂၀၁၈ရက်က ထုတ်ပြန်ခဲ့ပါတယ်။

အဲဒါကြောင့် မှုခင်းစီမံခန့်ခွဲမှုပြုတဲ့တရားရုံးတွေက အချိန်စံနှုန်းနဲ့အညီ မှုခင်းတွေကို ဘယ်လောက်ဆုံးဖြတ်နိုင်တယ်ဆိုတဲ့အကြောင်း၊ အမှုရွှေ့ဆိုင်းတဲ့အချိန်တွေကို လွယ်လွယ်နဲ့မပေးဘူးဆိုတာတွေကို ကြိုးစားပြီး ဆက်လက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဓိကတင်ပြချင်တာက ကမ္ဘာ့ဘဏ်ကတိုင်းတာတဲ့အခါ လက်ရှိအခြေအနေတွေကိုကြည့်ပြီး တိုင်းတာအမှတ်ပေးတဲ့အတွက် အမှုသည်တွေ၊ ရှေ့နေတွေအနေနဲ့လည်း လက်ရှိအခြေအနေတွေကို ဖြေကြားတဲ့အခါ အလွန်အရေးကြီးပါတယ်။ အဲဒါကြောင့် ဒီနှစ်မှာတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ လုပ်ဆောင်ချက်တွေကို အသေးစိတ်ထုတ်ပြန်သွားမှာဖြစ်ပါတယ်။ ဖြေကြားတဲ့သူတွေကလည်း ထုတ်ပြန်ချက်တွေကို သေသေချာချာ မှန်၊ မမှန်စိစစ်လေ့လာပြီးမှ ဖြေကြားပေးစေလိုပါတယ်။

နောက်တစ်ချက်က ကူးသန်းရောင်းဝယ်ရေးဆိုင်ရာမှုခင်းတွေကို ထုတ်ပြန်ခြင်းနဲ့ပတ်သက်လို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ရောက်ရှိလာတဲ့ ခရိုင်တရားရုံး၊ တရားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွေရဲ့ စီရင်ချက်တွေကို ကျွန်မတို့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ဝက်ဘ်ဆိုက်မှာ ထုတ်လွှင့်တာဖြစ်ပါတယ်။

ဒါပေမယ့် ကမ္ဘာ့ဘဏ်ကကျတော့ ကျွန်မတို့ရဲ့ ထုတ်လွှင့်ချက်တွေဟာဆိုရင် နယ်မှုခင်းတွေတင်တာ နည်းပါးတယ်ဆိုတဲ့အချက်ရယ်၊ နောက်ပြီး၂၀၁၉ခုနှစ်က အမှုတွေမပါဘူး၊ မြို့နယ်အဆင့်ကအမှုတွေမပါဘူးဆိုပြီး ဒီပြုပြင်ပြောင်းလဲမှုကို ကျွန်မတို့ကိုအမှတ်မပေးခဲ့ပါဘူး။ နောက်ပြီး အချိန်မီဆောင်ရွက်နိုင်ခြင်းမရှိတဲ့ ပြောင်းလဲမှုတစ်ခုရှိပါတယ်။ အကြိုညှိနှိုင်းအစည်းအဝေးတွေကို မှုခင်းစီမံခန့်ခွဲမှုစနစ်မှာ ထည့်သွင်းအသုံးပြုခြင်းဖြစ်ပါတယ်။

အဲဒါကကျတော့ သတ်မှတ်ထားတဲ့တရားရုံးမှာ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့တရားရုံးကတော့ လသာမြို့နယ်တရားရုံးဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလသာ မြို့နယ်တရားရုံးက ဇူလိုင်လ ၁ ရက်၂၀၁၉ ခုနှစ်က စပြီး ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ အနောက်ပိုင်းခရိုင်တရားရုံးနဲ့အဲဒီခရိုင်အတွင်းမှာရှိတဲ့ မြို့နယ်တရားရုံးတွေအားလုံးကို မှုခင်းစီမံခန့်ခွဲအစီအစဉ်တွေ စတင်ဆောင်ရွက်နေတဲ့အတွက် လသာမြို့နယ်တရားရုံးကလည်း အကျုံးဝင်သွားမှာ ဖြစ်ပါတယ်။ အဲဒီအတွက် နောင်နှစ်မှာ တစ်မှတ်ရမယ်လို့မျှော်လင့်ပါတယ်။

မှုခင်းစီမံခန့်ခွဲမှုစနစ်ကို ၂၀၁၅ ခုနှစ်ကစပြီး ရှေ့ပြေးတရားရုံးအနေနဲ့ သုံးရုံးစမ်းသပ်ဆောင်ရွက်ခဲ့ပါတယ်။ အခု ၂၀၁၉ ခုနှစ်မှာ ၄၈ ရုံးအထိ တိုးချဲ့ဆောင်ရွက်လာနိုင်ပြီဖြစ်ပါတယ်။ နောင်နှစ်တွေမှာလည်း ဆက်ပြီးတိုးချဲ့ဆောင်ရွက်ဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။

ဒီစနစ်က ကမ္ဘာ့ဘဏ်အပါအဝင် နိုင်ငံတကာက အသိအမှတ်ပြု လက်ခံထားတဲ့စနစ်ဖြစ်ပြီး တရားစီရင်ရေးအရည်အသွေးကို မြှင့်တင်နိုင်မှာဖြစ်လို့ သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ပေးကြဖို့လည်း တိုက်တွန်းလိုပါတယ်။

**အစီအစဉ်မှူး။** ။Ease of Doing Business 2020 အစီရင်ခံစာမှာ ပုဂ္ဂလိကကဏ္ဍက ဦးဇေယျာသူရမွန်အနေနဲ့ ဘယ်လိုအခန်းကဏ္ဍက ပါဝင်ပြုပြင်ပြောင်းလဲပြီး အဆင့်နဲ့ရမှတ်တွေတိုးတက်အောင် ဆောင်ရွက်ခဲ့တယ်ဆိုတာကို ပြောပြပေးပါဦး။

**ဦးဇေယျာသူရမွန်။** ။ ၂၀၂၀ မှာ အဆင့်တက်တာကို တွေ့ရတယ်။ ကျွန်တော်တို့ အားရသင့်သလောက် အားရပါတယ်။ ဒါပေမယ့် လိုအပ်တဲ့အချက်တွေလည်း ရှိပါတယ်။ ၂၀၂၀ မှာ အဆင့်ဒီလောက်တက်လာဖို့အတွက် ဘယ်လိုလုပ်ခဲ့ရသလဲဆိုတော့ ကျွန်တော်တို့အနေနဲ့ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကစတင်ပြီး UMFCCI က ကျွန်တော်တို့ကို တာဝန်ပေးလိုက်တယ်။ ဒီအစည်းအဝေးတစ်ခု သွားတက်ပြီဆိုရင် ကျွန်တော်တို့ ဒီလို Random အစည်းအဝေးတက်လို့ရတဲ့ လုပ်ငန်းမျိုးမဟုတ်ဘဲ တကယ်တမ်းထဲထဲဝင်ဝင် နက်နက်နဲနဲ ပညာရပ်ဆိုင်ရာမှာ ကျွမ်းကျင်မှုရှိမှရမယ်ဆိုတဲ့အတွက်ကြောင့် ကျွန်တော်တစ်ယောက်တည်းနဲ့ မဖြစ်တော့ဘူး။

နောက်တစ်ချက်က ဒီအစည်းအဝေးကိုလည်း UMFCCI က ဒီနေ့ဒီတစ်ယောက်လွှတ်၊ နောက်နေ့အခြားတစ်ယောက်လွှတ်ဆိုရင်လည်း အဆင်ပြေမှာမဟုတ်ဘူးဆိုတာတွေ့တဲ့အခါ ကျွန်တော်တို့ UMFCCI မှာ သူ့သက်ဆိုင်ရာ EC တွေ၊ CEC တွေရဲ့တာဝန်တွေ အများကြီးရှိပါတယ်။ အဲဒီအထဲမှာမှ ကျွန်တော်တို့မှာလည်း အခြားတာဝန်တွေရှိပါတယ်။ ဒါပေမယ့်ကျွန်တော်ကတခြားတာဝန်တွေကို အကုန်ဖြတ်ချလိုက်ပြီး ဒီတာဝန်ကိုတော့ ကျွန်တော်နက်နက်နဲနဲယူပေးမယ်ဆိုပြီး တာဝန်ခံလိုက်ပါတယ်။

ပြီးတော့ ကျွန်တော်တစ်ယောက်တည်းနဲ့မပြီးဘူး၊ Team တစ်ခု ဖွဲ့လိုက်ပါတယ်။ ကျွန်တော့်အဖွဲ့မှာ လူလေးယောက်လောက်ရှိပါတယ်။ အားလုံး Master Level တွေ ဖြစ်ပါတယ်။ **စာမျက်နှာ ၁၁ သို့** ❖

**အခုကျန်ခဲ့တဲ့ငါးခုကလည်း သူ့အတိုင်းအတာအလျောက် လုပ်တော့နေကြတယ်။ ဒါပေမယ့် ခုနပြောတဲ့ Output ၊ Result မရသေးတဲ့အတွက် တိုးတက်မှုထဲမှာ မပါဘူး။ ကျန်တဲ့အညွှန်းကိန်းငါးခုမှာ ပြုပြင်ပြောင်းလဲမှုလုပ်လိုက်နိုင်တာနဲ့တင် ကျွန်တော်တို့က ကမ္ဘာမှာပြုပြင်ပြောင်းလဲမှုအကောင်းဆုံး Top 20 Reformer နိုင်ငံထဲမှာပါသွားပြီး ဒီအဆင့်ကိုတက်လာတာ ဖြစ်ပါတယ်။ အဲဒါမျိုးရအောင် ကျွန်တော်တို့ကလည်း ဆက်ပြီးဆောင်ရွက်သွားဖို့ရှိပါတယ်။ ဒါ့အပြင်လည်း အခြားသောသူများနိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ Mechanism တွေကို လေ့လာနေပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ အသုံးချသွားဖို့ရှိပါတယ်။**

PUN HLAING + SILOAM HOSPITALS

လူတိုင်းလက်လှမ်းမီသော ဈေးနှုန်းများဖြင့်ကလေးမွေးဖွားခြင်းအစီအစဉ်များ

(၂၄) နာရီ ပြည်တွင်း၊ ပြည်ပ အတွေ့အကြုံများစွာရှိသော သားဖွားမီးယပ်အထူးကုဆရာဝန် နှင့် ကလေးအထူးကုဆရာဝန်များ အသင့်ရှိနေခြင်း

ကုန်ကျစရိတ်သက်သာစွာဖြင့် ကလေးမွေးဖွားနိုင်ရန် Package အမျိုးမျိုး စီစဉ်ထားရှိခြင်း

အရေးပေါ် မွေးဖွားခြင်းများအတွက် ပြီးပြည့်စုံသော နိုင်ငံတကာအဆင့်မီ အရေးပေါ်ဌာန အသင့်ရှိနေခြင်း

မွေးကင်းစ ရင်သွေးငယ်လေးများအား ဝါရင့်အတွေ့အကြုံရှိ သားဖွားဆရာမများမှ ပြုစုစောင့်ရှောက်ခြင်း




ပန်းလှိုင်စီလုံဆေးရုံ (လှိုင်သာယာ) – ၀၁ ၃၆၈ ၄၃ ၂၃ ၊ ၀၉ ၄၂၀ ၀၄၂ ၆၇၉   ပန်းလှိုင်စီလုံဆေးရုံ (မန္တလေး) ၀၂ ၄၀၆၉၂၀၃ (၄၊၅၊၆)

LIKE US ON facebook Pun Hlaing Siloam Hospitals

Only JCI Accrediated Hospital In Myanmar

❖စာမျက်နှာ ၁၀ မှ

စီးပွားရေးလုပ်ငန်းလုပ်ရာမှာရှိတဲ့ Procedures တွေ အကုန်လုံးကို နားလည်တဲ့ Senior Team Members လေးယောက်ရှိပါတယ်။ အဲဒီလေးယောက်နဲ့ ကျွန်တော် စဉ်ဆက်မပြတ် အစည်းအဝေးတက်တယ်။ ဌာနဆိုင်ရာ တွေနဲ့ အစည်းအဝေးလုပ်တာရှိတယ်။ ကမ္ဘာ့ဘဏ်က လူတွေနဲ့ အစည်းအဝေးလုပ်တာရှိတယ်။ နောက်ပြီး ပုဂ္ဂလိကကဏ္ဍတွေနဲ့ တွေ့ဆုံရတဲ့အစည်းအဝေးတွေ လုပ်တာရှိတယ်။

အဲဒီလိုအစည်းအဝေးတွေကို ကျွန်တော်တို့ မတက်မဖြစ်တက်ကာ စာတွေလည်း အများကြီးဖတ်ပြီး နောက်ဆုံး သူတို့ရဲ့ Case Study ကို နားမလည်ရင်၊ ကျွန်တော်တို့ရဲ့ Response က မှားသွားရင်၊ ဒါမှမဟုတ် လျှော့ပြီးဖြေလိုက်ရင် အမှတ်ကနည်းမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကောင်းနေပေမယ့်လည်း ကျွန်တော်တို့ရဲ့ Record ကို မှန်မှန်ကန်ကန်မပေးနိုင်ရင် ကျွန်တော်တို့က အဆင့်ရမှာ မဟုတ်ပါဘူး။

အဲဒါတွေက ဘယ်မှာတွေ့ခဲ့ရသလဲဆိုတော့ အရင် ပြီးခဲ့တဲ့နှစ်တွေမှာ ကျွန်တော်တို့က တွေ့ခဲ့ရတယ်။ မှတ်မိပါလိမ့်မယ်။ အဆင့် ၁၇၁၊ နောက်တစ်နှစ်လည်း အဆင့် ၁၇၁ ပဲ။ အဆင့်အပြောင်းအလဲမရှိဘူး။ ဒီနှစ်မှာမှ ၁၆၅။ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က ကမ္ဘာ့ဘဏ်ရဲ့ ဒေတာတွေကို မှန်အောင်အရင်လုပ်ရ တယ်။ ကျွန်တော်တို့ စစချင်း စတည်လိုက်တဲ့အခါ အချက်သုံးခုနဲ့တည်ပါတယ်။ ပထမတစ်ခုက True Reflection ကျွန်တော်တို့နိုင်ငံရဲ့ ပကတိ အနေအထားနဲ့ ကမ္ဘာ့ဘဏ်ရဲ့ အစီရင်ခံစာကို ကျွန်တော့်အနေနဲ့ ဖတ်လိုက်တဲ့အခါ စီးပွားရေးတကယ်လုပ်တဲ့ သူတွေနဲ့ သူတို့ ရေးထားတာတွေနဲ့ မမှန်ဘူးဖြစ်နေတယ်။

သူတို့ရေးထားတာတွေက ကျွန်တော်တို့က တော်တော်ပဲခက်နေတယ်။ တော်တော်ကြီး Procedure တွေများနေတယ်။ အချိန်တွေကုန်နေတယ်။ ပိုက်ဆံတွေ ကုန်နေတယ် ဆိုတဲ့ Record ဖြစ်နေတယ်။ ပကတိအမှန် နဲ့ လွဲနေတဲ့အတွက် ပကတိအမှန်နဲ့တူအောင် ပထမဆုံး စလုပ်ရပါတယ်။ ပြီးတော့မှ ကျွန်တော်တို့က ချက်ချင်း လက်ငင်း ဘာတွေပြင်လို့ရမလဲဆိုတာ ဌာနဆိုင်ရာတွေကို ပြောပါတယ်။ ဒါလေးကတော့ မြန်မြန်လေးပြင်လို့ရတယ်။ ဒါလေးကတော့ လွယ်လွယ်လေး။ အဲဒီတော့ ဝက်ဘ်ဆိုက် တင်လိုက်ရင် အမှတ်ရပါတယ်။ အဲဒီလိုဒေတာတွေ၊ သတင်း အချက်အလက်တွေ ကျွန်တော်တို့ကလုပ်ပါတယ်။ အခုတော့ ကျွန်တော်တို့က Continuous Improvement ဘက်ကို ရောက်နေပါပြီ။

ဒါကြောင့်ဒီနှစ်က သိသိသာသာလေး ဖြစ်လာတာပါ။ ဒီဟာတွေလုပ်တဲ့အတွက် ပြုပြင်ပြောင်းလဲမှုအကောင်းဆုံး ကမ္ဘာ့ထိပ်တန်းနိုင်ငံ ၂၀ ထဲမှာ ပါသွားတယ်။ အဓိက ဘာလုပ်ခဲ့သလဲဆိုတော့ မြန်မာနိုင်ငံရဲ့ပကတိအနေအထား၊ True Reflection ကို ကမ္ဘာ့ဘဏ်ရဲ့ Record တွေမှာ ပါအောင်လုပ်ခဲ့တယ်။ ပြီးရင် ကျွန်တော်တို့က ချက်ချင်း လက်ငင်း ပြင်လို့ရတာတွေကို တစ်နှစ်အတွင်းမှာ ဌာန ဆိုင်ရာတွေက ပြင်ဆင်ခဲ့တယ်။

ပြီးတော့မှ ကျွန်တော်တို့က ရေရှည်ရှေ့လျှောက် ဘာတွေလုပ်ကြမလဲဆိုတဲ့ အချက်တွေကို သိရှိလာတယ်။ အခုက တကယ့်လမ်းမှန်ပေါ်ကို ရောက်သွားတယ်။ အရင်တုန်းက ကျွန်တော်တို့က လည်နေတယ်။ ကမ္ဘာ့ဘဏ်က ဘာလိုချင်မှန်းလဲမသိ၊ ကျွန်တော်တို့ ပြောတာလည်း ကမ္ဘာ့ဘဏ်ကနားမလည် အဲဒီလိုတွေ ဖြစ်နေတယ်။ ကျွန်တော် အချက်တစ်ချက် highlight လုပ်ချင်တယ်။ ဥပမာ ကျွန်တော်တို့ကို အမှတ်လျော့ စေတဲ့ အချက်တစ်ချက်က ထင်ထင်ရှားရှားပေါ့လေ Metropolitan Water Authority မှာ စီးပွားရေးလုပ်ငန်း တစ်ခုက ရေသွယ်တန်းချင်ရင် Metropolitan Water Authority ကို သွားရတယ်ဆိုပြီး ကမ္ဘာ့ဘဏ်ရဲ့ Record မှာ ရေးထားတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ အဲဒီဌာန ရှိကိုမရှိတာ။ အဲဒီလိုမျိုးတွေ ကျွန်တော်တို့က ဖြေရှင်းရတာ ဖြစ်ပါတယ်။

စောစောကလို ဒေတာတွေက ရှိလားဆိုတော့ ရှိတယ်။ ဒါပေမယ့်ဝက်ဘ်ဆိုက်မှာ မရှိတဲ့အတွက် အမှတ် မရဘူး။ အဲဒီတော့ဝက်ဘ်ဆိုက်ကို တင်လိုက်တယ်။ ဝက်ဘ်ဆိုက်တင်တာ ချက်ချင်းတင်လို့ရတယ်။ အဲဒီလိုမျိုး တွေ ကျွန်တော်တို့က လုပ်ကြည့်တယ်။ အဲဒီလိုလုပ်ခြင်း ကြောင့် ကျွန်တော်တို့က သိသိသာသာ ပြုပြင်ပြောင်းလဲမှု အကောင်းဆုံး ကမ္ဘာ့ထိပ်တန်းနိုင်ငံ ၂၀ ထဲမှာ ပါဝင်လာ တယ်။ အဲဒါ ကျွန်တော်တို့ရဲ့ ပြုပြင်ပြောင်းလဲမှုတွေကို ပဏာမအနေနဲ့ ပြောကြားလိုပါတယ်။

**အစီအစဉ်မှူး။** ။ကျွန်တော်တို့ အခုနှစ်အမှတ်နဲ့ အဆင့်တွေ တိုးတက်လာတာ အညွှန်းကိန်းငါးခုမှာပဲလို့ သိရပါတယ်။ ကျန်တဲ့ မတိုးတက် သေးတဲ့ အညွှန်းကိန်းငါးခုကို တိုးတက်အောင်ဘယ်လို ပြုပြင်ပြောင်းလဲမှုတွေပြုလုပ်မယ်၊ ဘာကြောင့် တိုးတက် မှုတွေ နှေးကွေးတာလဲဆိုတာ ရှင်းပြပေးပါဦးခင်ဗျာ။

**ဦးအောင်စိုး။** ။ နှေးကွေးရတဲ့ အကြောင်းက သူတို့ ပြုပြင်ပြောင်းလဲမှုလုပ်ရာ မှာ ခက်ခဲတဲ့အပိုင်း၊ အကန့်အသတ်တွေ ရှိနေတာလေး တွေကြောင့်လို့ ပြောလို့ရပါတယ်။ တချို့ကျတော့ လွယ်လွယ်ကူကူ လုပ်လို့မရဘူး။ ဥပမာ- ဥပဒေနဲ့ ဆက်စပ်တာတွေရှိတယ်။ ဥပဒေပြင်ရမှာတွေရှိတယ်။ အဲဒီလို ဥပဒေနဲ့ဆက်စပ်တာတွေကျရင် ချက်ချင်းလုပ်လို့ မရဘူး။ အဲဒါလေးကို အချိန်ယူရတယ်။ နောက်ပြီး တချို့ ကျတော့ Infrastructure တွေ ပြုပြင်ရမှာတွေ ရှိတယ်။ ကွန်ပျူတာစနစ်တွေ တပ်ဆင်ရမှာတွေရှိတယ်။ ဒီအပိုင်း တွေကျတော့ကြာတယ်။ တစ်ဆင့်ပြီးတစ်ဆင့် လုပ်ယူရ တာတွေရှိတယ်။ တချို့ကျတော့ စပြီးစနစ်တစ်ခုကို သုံးလိုက်ပေမယ့် ဒီစနစ်ကိုသုံးတဲ့ လုပ်ငန်းရှင်တွေက ချက်ချင်း နားမလည်သေးတဲ့အတွက် အပြည့်အဝမသုံးသေး ဘူး။ သုံးတဲ့ရာခိုင်နှုန်း နည်းတယ်ဆိုရင် သူတို့က အမှတ် မပေးသေးဘူး။ ဒီလိုအချက်တွေမျိုးစုံရှိတယ်။ အဲဒါကြောင့် ကျွန်တော်တို့က ဥပဒေတစ်ခုဆွဲမယ်ဆိုရင်လည်း ဥပဒေရဲ့ Process ကကြာတယ်။ အဆင့်ဆင့် လုပ်ရတယ်။ လွှတ်တော်တွေကို ဖြတ်သန်းရတယ်။ ဒါတွေက အချိန်ယူ ရတယ်။ တစ်ချိန်ကျရင်ပြီးသွားရင်တော့ အကျိုးသက်ရောက် မှုဖြစ်ပြီး တိုးတက်မှုရရှိမှာပါ။ တချို့ မရသေးတဲ့အချက် တွေက အဲဒါလေးတွေလိုအပ်နေတာ ဖြစ်ပါတယ်။

တချို့ဟာတွေ ရပြီးသားအချက်တွေကလည်း လျော့လို့မရဘူး။ ကျွန်တော်တို့ နည်းနည်းလေးပေါ့သွား ရင်ကြာသွားမယ်၊ ခက်သွားမယ်ဆိုရင်အမှတ်က ပြန်လျော့ နိုင်တယ်။ ဒါကြောင့်အမြဲတမ်းကို ကျွန်တော်တို့က ကြိုးစား နေရမှာ ဖြစ်ပါတယ်။ ဒါကြောင့် နှစ်စဉ်လက်ရှိ အခြေအနေ ကနေ ရေတိုတစ်နှစ်အတွင်းမှာ ဘာတွေပြုပြင် ပြောင်းလဲ ရင် အကျိုးသက်ရောက်မယ်ဆိုတာတွေကိုလည်း ကျွန်တော် တို့က စာရင်းပြုစုတယ်။ ရေရှည်သုံးနှစ်၊ ငါးနှစ်လုပ်ရမှာတွေ ကိုလည်း ပြုစုတယ်။ ပြီးရင် Action Plan ဆွဲတယ်။ ဆွဲပြီးမှ ကျွန်တော်တို့က သက်ဆိုင်ရာ အညွှန်းကိန်းတွေ ကို အကောင်အထည်ဖော်တာ ဖြစ်ပါတယ်။

ဖော်ရာမှာလည်း သူတို့လုပ်ချင်တဲ့ ပြုပြင်ပြောင်းလဲ မှုကို စာရင်းပြုစုပြီး ကမ္ဘာ့ဘဏ်ကပညာရှင်တွေနဲ့ တိုင်ပင်တယ်။ သူတို့ကလည်း လာတယ်။ တစ်ဖွဲ့ချင်း တွေ့တယ်။ တစ်ခါတလေသူတို့က ဝါရှင်တန်နဲ့ မြန်မာ နိုင်ငံ Video Conferencing လုပ်ပြီး တိုင်ပင်ဆွေးနွေး တာလည်းရှိတယ်။ သူတို့က အကြံပေးတယ်။

မြန်မာက လုပ်ချင်တဲ့ ပြုပြင်ပြောင်းလဲမှုက ဥပမာ အညွှန်းကိန်းတစ်ခုမှာ ၁၀ ခုရှိတယ်ဆိုပါတော့၊ သူတို့ အမြင်အရ ဒါကို ပြုပြင်ပြောင်းလဲမှုလုပ်တယ်လို့ သူတို့ ရဲ့ အဓိပ္ပာယ်သတ်မှတ်ချက်နဲ့ မကိုက်ညီဘူး။ ဒါကတော့ မရဘူး။ ဒါကတော့ရမယ်။ အဲဒီရမယ်ဆိုတဲ့ဟာတွေကို ကျွန်တော်တို့က Action Plan ထဲမှာ ထည့်လိုက်တယ်။ ဖြစ်နိုင်တာကို ဒီနှစ်အတွင်းမှာ ဖြစ်အောင်လုပ်တယ် စသဖြင့် အဲဒီလိုနည်းနဲ့ တိုးတက်အောင်လုပ်တယ်။

အခုကျန်ခဲ့တဲ့ငါးခုကလည်း သူ့အတိုင်းအတာ အလျောက် လုပ်တော့နေကြတယ်။ ဒါပေမယ့် ခုနပြောတဲ့ Output၊ Result မရသေးတဲ့အတွက် တိုးတက်မှုထဲမှာ မပါဘူး။ ကျန်တဲ့အညွှန်းကိန်းငါးခုမှာ ပြုပြင်ပြောင်းလဲ မှုလုပ်လိုက်နိုင်တာနဲ့တင် ကျွန်တော်တို့က ကမ္ဘာမှာ ပြုပြင်ပြောင်းလဲမှုအကောင်းဆုံး Top 20 Reformer နိုင်ငံထဲမှာပါသွားပြီး ဒီအဆင့်ကိုတက်လာတာဖြစ်ပါ တယ်။ အဲဒါမျိုးရအောင် ကျွန်တော်တို့ကလည်း ဆက်ပြီးဆောင်ရွက်သွားဖို့ရှိပါတယ်။ ဒ့ါအပြင်လည်း အခြားသောသူများနိုင်ငံတွေမှာ ကျင့်သုံးနေတဲ့ Mechanism တွေကို လေ့လာနေပါတယ်။ ဒါတွေကို လည်း ကျွန်တော်တို့ အသုံးချသွားဖို့ရှိပါတယ်။

**အစီအစဉ်မှူး။** ။ကျွန်တော်တို့ဒီနေ့ပြုလုပ်သွား တဲ့ စီးပွားရေးစကားဝိုင်း အစီအစဉ်မှာ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ Ease of Doing Business အကြောင်းအရာနဲ့ပတ်သက်လို့ ဆွေးနွေး သွားတဲ့ ပထမပိုင်းအစီအစဉ်ပဲဖြစ်ပါတယ်။ ဆက်လက် ပြီးတော့လည်း ဒုတိယပိုင်းမှာ စီးပွားရေးနဲ့ ပတ်သက်လို့ ဘယ်လိုအကြောင်းအရာတွေကို ဆွေးနွေးသွားမယ် ဆိုတာ ဆက်လက်ပြီး စောင့်မျှော်ကြည့်ရှုကြပါဦး ခင်ဗျာ။

# မွေးမြူရေး ဆေးဝါးမိတ်ဆက်ပွဲနှင့် နည်းပညာဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

မွေးမြူရေးတိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် အူလမ်းကြောင်းနှင့် ခုခံအားစနစ် ကျန်းမာရေးကို အကျိုးပြုနိုင်မည့် မွေးမြူရေး ဆေးဝါးမိတ်ဆက်ပွဲနှင့် နည်းပညာဆွေးနွေးပွဲ ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အင်းစိန် မြို့နယ်ရှိ City Golf Resort ဟိုတယ်၌ ကျင်းပ သည်။

"မွေးမြူရေးလောကမှာ ကြုံတွေ့နေရတဲ့ မွေးမြူရေးခြံတွေမှာ ဆေးဝါးကုသခြင်းထက် ကြိုတင်ပြီးတော့ တိရစ္ဆာန်တွေရဲ့ အူလမ်း ကြောင်း ကျန်းမာရေးကို ဘယ်လိုအကျိုးပြု သလဲ၊ မွေးမြူရေးသတ္တဝါတွေရဲ့ ခုခံစွမ်းအား ကို ဘယ်လိုမြှင့်တင်ပေးသလဲ အစာခြေဖျက် နှုန်း၊ စုပ်ယူနှုန်း ကောင်းမွန်ပြီးတော့ မွေးမြူရေး ရလဒ်ကောင်းတွေရရှိဖို့ နည်းပညာတွေ ဆွေးနွေးမှာ ဖြစ်ပါတယ်" ဟု တိရစ္ဆာန်ဆေးကုဆရာဝန် ဒေါက်တာ ကျော်ဆန်းလင်းက ပြောသည်။

မြန်မာနိုင်ငံတွင် မွေးမြူရေးလုပ်ငန်းများ အဖြစ် အသားတိုးကြက် မွေးမြူရေး၊ ဥစား ကြက် မွေးမြူရေး၊ ဝက်မွေးမြူရေး၊ နွားမွေးမြူ ရေး၊ ငုံးမွေးမြူရေး၊ ငါးမွေးမြူရေး စသည့်တို့ကို အများဆုံး လုပ်ကိုင်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါပွဲတွင် ဆေးဝါးမိတ်ဆက်မှုအနေ ဖြင့် Cosbac အမည်ရှိ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများကို ကာကွယ်အကျိုးပြုနိုင်မည့် ဆေးဝါးနှင့် Immuno tech အမည်ရှိ တိရစ္ဆာန် များ၏ ခုခံအားစနစ်အား မြှင့်တင်ပေးနိုင်မည့် ဆေးဝါးတို့ကို မိတ်ဆက်ခဲ့သည်။

"သက်ရှိသတ္တဝါတွေရဲ့ အူလမ်းကြောင်း မှာ အကျိုးပြုဘက်တီးရီးယားရယ်၊ ရောဂါ ဖြစ်စေတဲ့ ဘက်တီးရီးယားရယ်ဆိုပြီး အညီအမျှရှိနေတယ်။ ဒါကြောင့် အကျိုးပြု ဘက်တီးရီးယားတွေ အားကောင်းအောင်နဲ့ ပြင်ပ ဘက်တီးရီးယားရောဂါ ကူးစက်ခံရ မှုတွေ၊ အပူအအေးဒဏ် ခံစားရမှုတွေကို ကာကွယ်ပေးနိုင်မယ့် ခုခံအားစနစ် မြှင့်တင်ပေးတဲ့ ဆေးနှစ်မျိုးကို မွေးမြူရေး လုပ်ကိုင်တဲ့သူတွေကို မိတ်ဆက်ပေးတာ ပါ"ဟု ဒေါက်တာကျော်ဆန်းလင်းက ပြော သည်။

မွေးမြူရေးဆေးဝါး မိတ်ဆက်ပွဲနှင့် နည်းပညာဆွေးနွေးပွဲသို့ မွေးမြူရေး လုပ်ငန်းရှင်များ၊ တိရစ္ဆာန်ဆေးကု ဆရာဝန် များ တက်ရောက်ကြပြီး အဆိုပါပွဲကို Myanmar Frontline ကုမ္ပဏီက ကြီးမှူးကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ**



Since 1996

ပုလဲ

(KG မှ ၁၀ တန်း)

၂၀၁၈-၂၀၁၉ တက္ကသိုလ်ဝင်တန်းအောင်ချက် ၈၄.၉၁% ဖြင့် ရန်ကုန်တိုင်း TOP-6

၂၀၁၅/၁၆/၁၇ (၃)နှစ်ဆက်တိုက် ရန်ကုန်မြောက်ပိုင်းခရိုင် Top-3 နှစ်စဉ်ဝင်

ဆရာဝန်များဦးစီးသော စံပြဘော်ဒါနှင့်ကိုယ်ပိုင်အထက်တန်းကျောင်း

- ၁၀ -တန်း ထူးချွန်စွာ အောင်မြင်စေရန် အထပ်ထပ် အထူးလေ့ကျင့်ပေးပါသည်။
- ၈/၉ -တန်း စနစ်သစ်ပညာရေးအတွက် အခြေခံကို သေချာစွာ လေ့ကျင့်ပျိုးထောင်ပေးပါသည်။
- ၈ -တန်း အစိုးရစစ်အတွက် လေ့ကျင့်ပေးသည်။
- ဘက်စုံထူးချွန်စေရန် ကွန်ပျူတာ၊ အင်္ဂလိပ် 4-Skill၊ အားကစား(ဘက်စုံအားကစားရုံ)၊ ပန်းချီ၊ ဂီတ၊ Rabotic and STEM (စက်မှုတီထွင်)၊ ပြည်သူ့နီတိ၊ ဘင်ခရာ/ပန်းပွား၊ ကိုယ်ခံပညာသိုင်း၊ Zumba (Fitness dance) ကင်းထောက်၊ ကျောင်းအားကစားပြိုင်ပွဲ၊ပဒေသာကပွဲ၊ ပြည်တွင်း,ပြည်ပလေ့လာရေးခရီးများလည်း ရှိပါသည်။




အမှတ်(၇၇) ငုဝါလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၄၅၆၁၉၉၉၉၁၊ ၀၉-၄၅၆၁၉၉၉၉၂

"ပုလဲစံပြဘော်ဒါနှင့်ကိုယ်ပိုင်အထက်တန်းကျောင်း" facebook page တွင်လည်း ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

# ပဝါတစ်ကမ်း လက်တစ်လှမ်း ငြိမ်းချမ်းရေး ပန်းနှင့်ကြို

**ကိုရင်ဩ**

အလုံးစုံ ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ် အခိုင်အမာရရှိခြင်းမရှိမီ ပထမအဆင့် သဘောတူညီမှုတစ်ရပ်ကို အမေရိကန်အစိုးရအဖွဲ့နှင့် အာဖဂန်တာလီဘန်အဖွဲ့တို့ ရရှိလိုက်ကြသည်ဆိုသော သတင်းတစ်ပုဒ် ပေါ်ထွက်လာသောအခါ နားဝင်ပီယံရှိလှသည့် ယင်းသတင်းနှင့်ပတ်သက်၍ မျှော်လင့်စရာ တစ်ပုံတစ်ခေါင်း အသို့ရှိသည်ကို သိရှိနိုင်ရန် ကျွန်ုပ် စေ့ငုလေ့လာမိလေ၏။

**ငြိမ်းချမ်းရေးပန်းတိုင်**

၁၈ နှစ်ကျော် တငွေ့ငွေ့လောင်မြိုက်လာခဲ့သော စစ်မီးလျှံကြီးတစ်ခု ပြီးဆုံးခြင်းသို့ ရောက်ရှိစေရန် ရည်ရွယ်လျက် လပေါင်းအတန်ကြာ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီးနောက် အမေရိကန်နှင့် တာလီဘန်အဖွဲ့တို့အကြား ငြိမ်းချမ်းရေးပန်းတိုင်ကို အတူတကွ လှမ်းကိုင်နိုင်ကြတော့မည့်အသွင် တွေ့မြင်ကြရပေရာ ဂုဏ်ကျက်သရေအပေါင်း ခညောင်းသော အခါသမယ တစ်ရပ် မကြာမီ ကျရောက်လာဖွယ်ရှိသည်ဟု ကျွန်ုပ် တွေးတောမိ၏။

အာဖဂန်နစ္စတန်ပြည်သူတစ်ရပ်လုံး ချမ်းသောင့်ချမ်းသာ ဝမ်းမြောက်ဝမ်းသာဖြစ်ရမည့်အပြင် အမေရိကန်ပြည်သူတစ်ရပ်လုံး "သုမင်္ဂလာ" အပေါင်းနှင့် အတူ မုဒိတာပွားရမည့် ငြိမ်းချမ်းရေးပန်းတိုင်မှာ ပဝါတစ်ကမ်း လက်တစ်လှမ်းအနေအထားသို့ ရောက်ရှိနေသည်ဟု သတင်းများတွင် ကျွန်ုပ်ဖတ်ရှုရ၏။

ကာလသမနိရှည်ကြာ ဖြစ်ပွားလာခဲ့သော အာဖဂန်စစ်ပွဲကြီး တရားဝင်ပြီးဆုံးခြင်းသို့ ရောက်ရှိရေးအတွက် အမေရိကန်နှင့် တာလီဘန် တာဝန်ရှိသူများ ဆွေးနွေးခဲ့ကြပြီးနောက် ပထမအဆင့် သဘောတူညီချက်အရ ပဏာမအနေဖြင့် ရက်သတ္တတစ်ပတ်(ခုနစ်ရက်)တာကာလ အပစ်အခတ်ရပ်စဲကြခြင်းဖြင့် အကြမ်းဖက်တိုက်ခိုက်မှု လျှော့ချရေးကို လက်တွေ့ပြသရန် သဘောတူညီချက်ရရှိခဲ့ပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး မာ့ခ်အက်စ်ပါက ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်လ်မြို့ရှိ မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး)ဌာနချုပ်တွင် သတင်းထောက်များအား ဖေဖော်ဝါရီ ၁၃ ရက်က ဖွင့်ဟကြေညာခဲ့သည်။

**အဆိုပြုခဲ့**

အမေရိကန်၏ ကာလအရှည်ကြာဆုံး စစ်ပွဲအဆုံးသတ်ရေးတွင် တာလီဘန်အဖွဲ့က အလေးအနက်ပြု၍ စေ့စပ်ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်လိုခြင်း ရှိ၊ မရှိ မှတ်ကျောက်တင်နိုင်စေမည့် ဆောင်ရွက်ချက်တစ်ရပ်အဖြစ် ရက်သတ္တ တစ်ပတ်ကြာ အပစ်အခတ်ရပ်စဲမှုကို မိမိတို့အဆိုပြုခဲ့ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှု လျှော့ချရေး ပဏာမသဘောတူညီချက်ကို တာလီဘန်ဘက်မှ အပြည့်အဝ အကောင်အထည်ဖော်မှုကို ပြသနိုင်ခြင်းဖြင့် အပြီးသတ်ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိရေးအတွက် ဆက်လက်၍ စေ့စပ်ဆွေးနွေးနိုင်ကြမည်ဖြစ်ကြောင်း ဝန်ကြီး အက်စ်ပါက ပြောကြားသည်။

နိုင်ငံရေးသဘောတူညီချက်တစ်ရပ်၏ အခြေခံအဖြစ် အကြမ်းဖက်တိုက်ခိုက်မှုလျှော့ချရေး အဆိုပြုချက်မှာ အရေးပါပြီး ပထမအဆင့် သဘောတူညီချက်နှင့်ပတ်သက်၍ အမေရိကန်မဟာမိတ်များနှင့် ဆွေးနွေးညှိနှိုင်းနေကြောင်း၊ အမေရိကန် ကွန်ဂရက်ကိုလည်း အသိပေး အကြောင်းကြားသွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ရှေ့တိုးဆောင်ရွက်လိုကြပါလျှင် ကတိကဝတ်ပြုမှုများနှင့်အတူ သဘောတူညီချက်ကို လေးစားလိုက်နာရမည်ဖြစ်ကြောင်း သူက အလေးအနက်ပြု၍ ပြောကြားခဲ့သည်။


PHOTO CREDIT: CREDIT U.S. ARMY / FLICKR/ Hawaiipublicradio.org

ပင်လယ်ကွေ့ဒေသရှိ ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးခဲ့သော ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ယခုအခါ ၁၈ လကြာမြင့်ခဲ့ပြီဖြစ်ပြီး အမေရိကန်နှင့် တာလီဘန်ကိုယ်စားလှယ်များက သဘောတူညီချက်မူကြမ်းတစ်ရပ်နှင့်ပတ်သက်၍ ဆွေးနွေးနိုင်သည့်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပေပြီ။

ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခြင်းမရှိမီ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ပါမည်ဟူ၍ တာလီဘန်အဖွဲ့က ကတိကဝတ်ပြုလာစေရန် အမေရိကန်က တွန်းအားပေးခဲ့သည်။ ယင်းမှာ အာဖဂန်နစ္စတန်တွင် အကြမ်းဖက်တိုက်ခိုက်မှုများရှိနေသရွေ့ ငြိမ်းချမ်းရေးဆွေးနွေးမှုများ "သဲထဲရေသွန်" ဖြစ်ရမည့်ကိန်းအဖြစ် အမေရိကန်က မှတ်ယူထားပုံရသည်။

အာဖဂန်နစ္စတန်တွင် ရန်စောင်နေကြသော စစ်အင်အားစု နှစ်စုစလုံးက ရန်သတ္တရုပြုမှုများကို အပြန်အလှန်အဆုံးသတ်ရန် ဖော်ပြနေသည့် ပဏာမသဘောတူညီချက်သည် ငြိမ်းချမ်းရေးလမ်းကို ဆက်လက်လျှောက်လှမ်းရန် စစ်မှန်သောဆန္ဒ ရှိ၊ မရှိ စမ်းသပ်မည့် အကဲစမ်းချက်တစ်ရပ်ဖြစ်ပေလိမ့်မည်။

**ငြိမ်းချမ်းရေးဗိမာန်ကြီး**

အကယ်၍ ပဏာမ အပစ်အခတ်ရပ်စဲမှုသဘောတူညီချက် မကျိုးမပေါက်ဘဲ အောင်မြင်ပါက နှစ်ဖက်စလုံးက ကာလကြာရှည် မျှော်မှန်းတောင့်တနေခဲ့ရသည့် ငြိမ်းချမ်းရေးဗိမာန်ကြီး ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့် ပေါ်ပေါက်လာနိုင်သည်ဟု ထင်စားရှုမြင်ကြရ၏။

ထိုစဉ်အတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုကလည်း ဝမ်းမြောက်ဖွယ်ရာစကား ဆိုခဲ့သေးသည်။ အမေရိကန်-တာလီဘန် ဆွေးနွေးပွဲသည် မကြာသေးမီရက်များအတွင်း "အမှန်တကယ်တိုးတက်မှု" ရရှိနေကြောင်း ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ကျင်းပသော လုံခြုံရေးညီလာခံသို့ သွားရောက်စဉ် လေယာဉ်ပေါ်တွင် သတင်းထောက်များအား အားပါးတရပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်တွင် ငြိမ်းချမ်းရေးရရှိလာစေရေးအတွက် လတ်တလောပြုလုပ်နေသည့် ဆွေးနွေးမှုများ၏ တိုးတက်မှုအခြေအနေကို မိမိတို့၏မဟာမိတ်နိုင်ငံများကို အသိပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီး ပွန်ပီယိုက ပြောကြားသည်။

အာဖဂန်နစ္စတန်တွင် နေတိုးအဖွဲ့က ဦးဆောင်၍ အထောက်အကူပေးရေး မစ်ရှင်လုပ်ငန်းတစ်ရပ် ဆောင်ရွက်နေပုံကို ရည်ညွှန်းလျက် ပွန်ပီယိုက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

နေတိုးအဖွဲ့ဦးဆောင်သော နိုင်ငံတကာညွှန့်ပေါင်းတပ်ဖွဲ့ဝင် ၁၇၀၀၀ ကျော်မှာ အာဖဂန်နစ္စတန်တွင် အာဖဂန်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးခြင်း၊ စစ်ရေးအကြံဉာဏ်ပေးခြင်းနှင့် အထောက်အကူပေးခြင်းတို့ ပြုလုပ်လျက်ရှိသည်။ ယင်းနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၃၀၀၀ ခန့် ဖြန့်ကြက်ထားပြီး အာဖဂန်လုံခြုံရေးတပ်ဖွဲ့များအား လေ့ကျင့်ပေးခြင်းတာဝန်နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ရေးတာဝန်တို့ကို ရယူထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကလည်း "အမေရိက၏ ကာလအရှည်ကြာဆုံးစစ်ပွဲကြီး" ပြီးဆုံးခြင်းသို့ ရောက်ရှိစေလိုသည်ဟု ဖေဖော်ဝါရီ ၁၁ ရက်က အားတက်သရော ပြောကြားခဲ့သည်။ စစ်ပွဲကြီးအဆုံးသတ်ရေးမှာ မိမိတို့၏ရည်မှန်းချက်ဖြစ်ပြီး အာဖဂန်နစ္စတန်ရောက် မိမိတို့၏ တပ်ဖွဲ့များကို ပြန်လည်ခေါ်ယူနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပါမည်ဟု ထပ်လောင်းကတိပြုခဲ့သည်။

**နိုင်ငံခြားရေးမူဝါဒ**

အမေရိကန်အစိုးရ၏ နိုင်ငံခြားရေးမူဝါဒကို ထင်ဟပ်သည့် မိန့်ဆိုချက်တစ်ရပ်အဖြစ် အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ ရုပ်သိမ်းရေးကိစ္စကို သမ္မတ ထရမ့်က "နိုင်ငံတော်အခြေပြမိန့်ခွန်း" မြွက်ကြားရာတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် အပြစ်မဲ့ပြည်သူဦးရေ သောင်း၊ သိန်းချီ၍ "ဥပစ္ဆေဒကကံ" အကျိုးပေးနေမှုကို မိမိတွေ့မြင်လိုခြင်းမရှိပါဟူ၍ ကွန်ဂရက်ရှိ ပူးတွဲလွှတ်တော်နှစ်ရပ်ရှေ့မှောက်၌ မိန့်ခွန်းပြောကြားရာတွင် သမ္မတ ထရမ့်က ပျောင်းနွဲ့နွဲ့ အသံနေအသံထားဖြင့် ပြောကြားခဲ့သည်။

တာလီဘန်လက်နက်ကိုင်အုပ်စုနှင့် ငြိမ်းချမ်းရေး ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားရန် သမ္မတ ထရမ့်ကိုယ်တိုင် အထူးတလည် လိုလိုလားလားရှိနေသည်။ တာလီဘန်အဖွဲ့သည် ၂၀၀၁ ခုနှစ်မှစ၍ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များနှင့် အာဖဂန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်လာနေခဲ့သည်။

တာလီဘန်အဖွဲ့သည် ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ အာဖဂန်နစ္စတန်နိုင်ငံ၏ နယ်မြေ လေးပုံသုံးပုံခန့်အထိ လွှမ်းမိုးအုပ်ချုပ်နိုင်ခဲ့သည်။ ယင်းအဖွဲ့သည် "ရှာရီယာ ဥပဒေ" (ဝါ) ဘာသာရေးဥပဒေကို တင်းတင်းကျပ်ကျပ်ကိုင်စွဲလျက် အစ္စလာမ္မစ် ထုံးတမ်းစဉ်လာများကို ပြည်သူများအား လေးစားလိုက်နာစေလျက် အုပ်ချုပ်ခဲ့သည်။

မူလာမိုဟာမက်အိုမာသည် တာလီဘန်အဖွဲ့၏ ခေါင်းဆောင်အဖြစ် ၁၉၉၀ ပြည့်လွန် ဆယ်စုနှစ်လယ်ကာလမှသည် သူကွယ်လွန်ချိန် ၂၀၁၃ ခုနှစ်အထိ တာဝန်ယူခဲ့သည်။ တာလီဘန်ဟူသော ဝေါဟာရကို ဆန်းစစ်ကြည့်ပါက ပထန်ဘာသာစကားအရ "ကျောင်းသား"ဟု အဓိပ္ပာယ်ရရှိသည်။ အာဖဂန်နစ္စတန်နိုင်ငံ၏ အကြီးဆုံးသော တိုင်းရင်းသားမျိုးနွယ်အုပ်စုတွင် ပထန်လူမျိုးစုပါဝင်ပြီး ယင်းအဖွဲ့တွင် ပါဝင်သူများမှာလည်း ပထန်မျိုးနွယ်စုဝင်များဖြစ်ကြသည်။ တာလီဘန်လက်နက်ကိုင်တပ်ဖွဲ့၏ အင်အားအတိအကျကိုမူ မသိရှိရပေ။

**ရှာရီယာဥပဒေ**

တာလီဘန်အဖွဲ့၏ ဦးတည်ချက်မှာ အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းတွင် "ရှာရီယာဥပဒေ" အာဏာသက်ဝင်စေရေးဖြစ်သည်။ တာလီဘန်အဖွဲ့သည် သူတို့၏နိုင်ငံတွင် ပြည်ပနိုင်ငံလွှမ်းမိုးမှုကို လိုလားသူများ မဟုတ်ကြပေ။

အမေရိကန်ပြည်ထောင်စုတွင် စက်တင်ဘာ ၁၁ ရက် (၂၀၀၁ ခုနှစ်) အကြမ်းဖက်တိုက်ခိုက်မှုနောက်ကွယ်တွင် "အယ်လ်ခိုင်ဒါအဖွဲ့" ဆက်နွှယ်မှုရှိသည်ဟု အမေရိကန်က ယူဆခဲ့ပြီးနောက် မကြာမတင်မှာပင် အမေရိကန်နှင့် မဟာမိတ်တပ်ဖွဲ့များက "လွတ်မြောက်မှုစစ်ဆင်ရေး"ဟု အမည်ပေးထားသော စစ်ဆင်ရေးတစ်ရပ်အရ အာဖဂန်နစ္စတန်နယ်မြေကို ကျူးကျော်ဝင်ရောက်ခဲ့သည်။

ထိုစဉ်က အမေရိကန်၏ ရည်မှန်းချက်မှာ အယ်လ်ခိုင်ဒါအဖွဲ့ဝင်များ အာဖဂန်နစ္စတန်နိုင်ငံကို ခြေကုပ်ပြု၍ လှုပ်ရှားနိုင်စေရန် တာလီဘန်အဖွဲ့ဝင်များက အကူအညီပေးနေမှု အဆုံးသတ်စေရန် လည်းကောင်း၊ အယ်လ်ခိုင်ဒါအဖွဲ့က အာဖဂန်နစ္စတန်နိုင်ငံကို အသုံးချ၍ အကြမ်းဖက်လှုပ်ရှားမှုများပြုလုပ်နေမှု ရပ်တန့်စေရန် လည်းကောင်း "လွတ်မြောက်မှုစစ်ဆင်ရေး" ဆင်နွှဲရန် ဖြစ်သည်။

၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် အာဖဂန်နစ္စတန်နိုင်ငံရှိ တာလီဘန်တို့၏ နောက်ဆုံး ခြေကုပ်စခန်းကြီးဖြစ်သော ကန်ဒါဟာမြို့ကျသွားခဲ့ပြီးနောက် တာလီဘန်အဖွဲ့မှာ အစည်းပြေသွားသော ထင်းချောင်းများပမာ အင်အားစုစည်းနိုင်မှု ပြန့်ကျဲသွားခဲ့ရသည်။

အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးရည်မှန်းချက်ရှိခဲ့သည့်တိုင်အောင် အကြောင်းတရားအမျိုးမျိုးအရ အထမမြောက်ခဲ့သော တာလီဘန်အဖွဲ့သည် အာဖဂန်ပြည်တွင်းစစ်တွင် အရေးပါသော အုပ်စုတစ်စုအဖြစ် ၁၉၉၄ ခုနှစ်တွင် ပေါ်ထွက်ခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းနှင့် တောင်ပိုင်းတို့ရှိ ပထန်မျိုးနွယ်စုဝင်များ နေထိုင်ရာဒေသများ၌ တည်ရှိသော အစ္စလာမ္မစ်ကျောင်းများ၏ ကျောင်းသားများဖြစ်ခဲ့ကြသော တာလီဘန်တပ်ဖွဲ့ဝင်များသည် ပြည်ပတပ်ဖွဲ့ဝင်များကို ကျူးကျော်လာသူများအဖြစ် သတ်မှတ်ကာ ချေမှုန်းတိုက်ထုတ်လာကြသည့်တိုင်အောင် သူတို့၏ အန္တိမရည်မှန်းချက် ပေါက်မြောက်နိုင်ခြင်းမရှိသည့်အဆုံး ငြိမ်းချမ်းခြင်းတရားကို ရင်ဝယ်ပိုက်ကာ နိုင်ငံပြန်လည်ထူထောင်ရေးတွင် ပါဝင်လာကြတော့မည်လောဟု ကျွန်ုပ်တို့ တွေးဆစရာ ဖြစ်ကြရသည်။

အာဖဂန်နစ္စတန်နိုင်ငံ ငြိမ်းချမ်းရေးတွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသင့်သော အမေရိကန်နိုင်ငံကလည်း နိုင်ငံ့သမိုင်းတွင် အရှည်ကြာဆုံး စစ်ပွဲကြီးတစ်ရပ်ကို အဆုံးသတ်စေလိုသော ဆန္ဒမွန်ရှိနေပုံကို ထောက်ချင့်သိရှိရသည်။ အမေရိကန်နှင့် တာလီဘန်တို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကြီး အထမြောက် အောင်မြင်စေရေးအတွက် အာဖဂန်နစ္စတန်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော ပါကစ္စတန်၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အပြင် ရုရှားနိုင်ငံတို့က အားပေးကူညီလျက်ရှိကြပုံကို ကျွန်ုပ် တွေးတောမိရင်း "ပဝါတစ်ကမ်း လက်တစ်လှမ်း ငြိမ်းချမ်းရေး ပန်းနှင့်ကြို"ဟု ကျူးရင့်မိပါသတည်း။ ။

Ref: U.S. and Taliban Reach First Step of Peace Deal
(THE WALL STREET JOURNAL)

> **နေတိုးအဖွဲ့ ဦးဆောင်သော နိုင်ငံတကာညွှန့်ပေါင်းတပ်ဖွဲ့ဝင် ၁၇၀၀၀ ကျော်မှာ အာဖဂန်နစ္စတန်တွင် အာဖဂန်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ပေးခြင်း၊ စစ်ရေးအကြံဉာဏ်ပေးခြင်းနှင့် အထောက်အကူပေးခြင်းတို့ ပြုလုပ်လျက်ရှိသည်။ ယင်းနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၃၀၀၀ ခန့် ဖြန့်ကြက်ထားပြီး အာဖဂန်လုံခြုံရေးတပ်ဖွဲ့များအား လေ့ကျင့်ပေးခြင်းတာဝန်နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ရေးတာဝန်တို့ကို ရယူထားသည် .....**

# တရုတ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၁၅၂၃ ဦးအထိ မြင့်တက်

**ပေကျင်း ဖေဖော်ဝါရီ ၁၅**

တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ အရေအတွက် ၆၆၀၀၀ ခန့်အထိမြင့်တက်လာခဲ့ပြီး သေဆုံးသူအရေအတွက် ၁၅၂၃ ဦးခန့်ရှိပြီဖြစ်ကြောင်း တရုတ်အာဏာပိုင်များက ဆိုသည်။

သေဆုံးသူအရေအတွက်မှာ ဖေဖော်ဝါရီ ၁၄ ရက် တစ်ရက်တည်းပင် ၁၄၃ ဦးရှိခဲ့သည်။

နိုင်ငံအတွင်း ရောဂါပျံ့နှံ့မှုအရေအတွက် မြင့်တက်လာသည့်အတွက် ရောဂါကူးစက်ခံရသူများအား ယခင်ထက်ပိုပြီး သီးသန့်စောင့်ရှောက်ကြပ်မတ်ကုသလျက်ရှိသည်။

ဟူပေပြည်နယ်တွင် သေဆုံးမှုအရေအတွက် အများဆုံးဖြစ်သည်။ ဗိုင်းရပ်စ်ကူးစက်ခံရသူ ကျန်းမာရေးလုပ်သား ၁၇၀၀ ကျော်ရှိသည့်အနက် ခြောက်ဦးမှာ သေဆုံးခဲ့သည်။ ရောဂါကူးစက်ခံရသူ ကျန်းမာရေးလုပ်သား ၈၀ ရာခိုင်နှုန်းကျော်သည် ဟူပေပြည်နယ်အတွင်းမှဖြစ်သည်။

ဝူဟန်မြို့တွင် ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် စီစဉ်ဆောင်ရွက်မှုများ နေ့၊ ည မပြတ်လုပ်ဆောင်လျက်ရှိကြောင်းနှင့် ဝူဟန်မြို့ အသစ်တစ်ဖန်မွေးဖွားလာရန် ကြိုးစားလျက်ရှိကြောင်း ဟူပေပြည်နယ်ကျန်းမာရေးဌာန အကြီးအကဲ ဝမ်ဟီရှန်က မီဒီယာသို့ပြောကြားခဲ့သည်။

ဟူပေပြည်နယ်အတွင်း ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံတစ်ဝန်းမှ ကျန်းမာရေးလုပ်သား ၂၀၀၀၀ ကျော်နှင့် ကာကွယ်ရေးတပ်ဖွဲ့မှ ကျန်းမာရေးဝန်ထမ်း ၄၀၀၀ ခန့်ကို စေလွှတ်ခဲ့သည်။

**သတိပေးချက်များ ထုတ်ပြန်**

နိုင်ငံအတွင်း ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် ပေကျင်းမြို့တွင် နှစ်သစ်ကူးအားလပ်ရက်ပြီးနောက် နေရပ်သို့ပြန်ကြမည့် ပြည်သူများအား မိမိနေအိမ်အတွင်း၌သာ နေထိုင်ကြရန် သတိပေးချက်များ ထုတ်ပြန်ကြေညာခဲ့သည့်အပြင် ၁၄ ရက်ခန့် ခရီးသွားလာမှု ပိတ်ပင်ထားကြောင်း သိရသည်။

**ရောဂါလက္ခဏာများ လေ့လာ**

ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တရုတ်နိုင်ငံအတွင်း ရောဂါကူးစက်မှုအခြေအနေများကို လေ့လာသုံးသပ်ရေးအတွက် ကျန်းမာရေးကျွမ်းကျင်ပညာရှင် ၁၂ ဦးကို စေလွှတ်ရန် စီစဉ်လျက်ရှိသည်။ အဆိုပါကျန်းမာရေးကျွမ်းကျင်ပညာရှင်များသည် တရုတ်နိုင်ငံမှတာဝန်ရှိသူများနှင့်ပူးပေါင်းကာ ရောဂါလက္ခဏာများကို လေ့လာမည်ဖြစ်ပြီး ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။



ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-အောင်ကျော်ကျော်

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပထမဆုံးသေဆုံးမှုကို ပြင်သစ် အတည်ပြု

**ပါရီ ဖေဖော်ဝါရီ ၁၅**

အသက် ၈၀ အရွယ်ရှိ တရုတ်ကမ္ဘာလှည့်ခရီးသည်တစ်ဦးသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြင်သစ်နိုင်ငံတွင် သေဆုံးခဲ့သဖြင့် အာရှတိုက်ပြင်ပ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပထမဆုံးသေဆုံးမှုဖြစ်ကြောင်း ပြင်သစ်နိုင်ငံ ကျန်းမာရေးဝန်ကြီး အက်ဂ်နက်ဘူဇန်က စနေနေ့တွင် အတည်ပြုပြောကြားသည်။

ပါရီမြို့ရှိ ဆေးရုံတွင် ဇန်နဝါရီလနှောင်းပိုင်းကတည်းက တက်ရောက်နေသည့် လူနာသည် သောကြာနေ့ညနေစောင်းတွင် သေဆုံးသွားသည်ဟု သတင်းပေးပို့ချက်ရရှိခဲ့ကြောင်း၊ ရက်အတော်အတန်ကြာ ဖျားနာပြီးနောက် ၎င်းလူနာ၏အခြေအနေသည် လျင်မြန်စွာဆိုးရွားခဲ့ကြောင်း ဘူဇန်က ပြောကြားသည်။

တရုတ်ပြည်မကြီး၏ပြင်ပ၌ ယင်းဗိုင်းရပ်စ်ပိုးကြောင့် သေဆုံးသူအရေအတွက် ယခုအချိန်အထိ သုံးဦးရှိသည်။ ယင်းသေဆုံးသူ သုံးဦးမှာ ဖိလစ်ပိုင်၊ ဟောင်ကောင်နှင့် ဂျပန်တို့မှ ဖြစ်သည်။

ယင်းဗိုင်းရပ်စ်ပိုးကူးစက်ပျံ့နှံ့မှု အဓိကဖြစ်ပွားရာ ဟူပေပြည်နယ်မှ တရုတ်တာဝန်ရှိသူများက ကူးစက်ရောဂါလူနာရေတွက်မှုစံသတ်မှတ်ချက်ကို ပြောင်းလဲခဲ့ပြီးနောက် ယခုသီတင်းပတ်တွင် ကူးစက်ရောဂါပျံ့နှံ့မှုပမာဏသည် ကြီးထွားသွားသည်။ တရုတ်တာဝန်ရှိသူများက ထောင်ချီသည့်လူနာအသစ်များကို ပေါင်းထည့်ရေတွက်ခဲ့ကြသည်။ ယင်းဗိုင်းရပ်စ်ပိုးကူးစက်မှုကို ထိန်းချုပ်ရန်ကြိုးစားမှုတစ်ရပ်အနေဖြင့် ဟူပေပြည်နယ်နှင့် ယင်းပြည်နယ်မြို့တော် ဝူဟန်မြို့မှ လူ ၅၆ သန်းခန့်ကို တရုတ်နိုင်ငံ၏ အခြားဒေသများသို့ အသွားအလာပိတ်ထားသဖြင့် သီးခြားနေထိုင်နေရသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန် -အောင်ဇော်လင်း**



# ရာသီဥတုပြောင်းလဲရေးဖြေရှင်းဆောင်ရွက်နိုင်ရန် ဩစတြေးလျကြိုးပမ်း

**ဆစ်ဒနီ ဖေဖော်ဝါရီ ၁၅**

ဩစတြေးလျနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နိုင်ခဲ့သော်လည်း ရာသီဥတုပြောင်းလဲမှုအတွက် ဖြစ်ပေါ်လာသောအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အငြင်းပွားနေဆဲပင်ဖြစ်သည်။

တောမီးလောင်ကျွမ်းမှုအကြီးအကျယ်ဖြစ်ပွားခဲ့သော နယူးဆောက်ဝေးပြည်နယ်တွင် လောင်ကျွမ်းမှုများကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့ဝင်များက ယခုသီတင်းပတ်တွင် ကြေညာခဲ့သည်။ "ဒီလိုဖြစ်ရပ်တွေ ကျွန်တော်တို့ပြည်သူတွေရဲ့လုံခြုံရေးနဲ့ လူမှုရေးစည်းမျဉ်းတွေကို ကျိုးပျက်စေပါတယ်"ဟု သဘာဝဘေးတုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာပညာရှင် အယ်ရင်စမစ်က ပြောကြားသည်။ မိသားစုဒါဇင်ပေါင်းများစွာမှာ ၎င်းတို့၏မိသားစုဝင်များကို ဆုံးရှုံးခဲ့ရပြီး အရှေ့ဘက်ကမ်းရိုးတန်းဒေသတစ်ခုလုံး၏နယ်မြေများမှာ ကျောက်မီးသွေးအရောင်ကဲ့သို့ မည်းနက်သွားခဲ့သည်။ "ဩစတြေးလျနိုင်ငံရဲ့ ခေါင်းဆောင်တွေကို ဒီကိစ္စပြီးသွားရင်ဘယ်လိုဆောင်ရွက်ပေးမယ်ဆိုတာနဲ့ပတ်သက်ပြီး မေးမြန်းခံခဲ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်ပေါင်း များစွာအချိန်ယူပြီး စဉ်းစားရမှာကတော့ ဒီနေရာကနေ ဘယ်ကိုသွားမလဲဆိုတာပဲဖြစ်ပါတယ်"ဟု စမစ်က ပြောကြားသည်။

သိပ္ပံပညာရှင်များက ရာသီဥတုပြောင်းလဲမှုသည် လောင်ကျွမ်းခဲ့သည့်တောမီးအပေါ် အကျိုးပြုခဲ့သည်ဆိုသောအချက်ကို သဘောတူညီခဲ့ကြသည်။ ပြီးခဲ့သည့်သီတင်းပတ်များအတွင်းက ဝန်ကြီးချုပ် စကော့မော်ရီဆင်၏ ကွန်ဆာဗေးတစ်ပါတီကို ကျေးလက်မဲဆန္ဒနယ်များမှ ကိုယ်စားလှယ်များက ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို တည်ဆောက်ရေး ရန်ပုံငွေပိုမိုချပေးရန် တောင်းဆိုခဲ့သည်။ ဩစတြေးလျနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ၇၅ ရာခိုင်နှုန်းကို ကျောက်မီးသွေးလောင်စာမှ ရရှိသည်။ တစ်သီးပုဂ္ဂလကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဇာလီစတီဂယ်သည် ဩစတြေးလျနိုင်ငံ၏ ကာဗွန်ဓာတ်ငွေ့ထုတ်လုပ်မှုကို ၂၀၅၀ ပြည့်နှစ်တွင် သုညအထိလျှော့ချမည့် ဥပဒေကြမ်းတစ်ရပ်ကို တင်သွင်းခဲ့သည်။ ၎င်းက ပြည်သူများအနေဖြင့် ရုပ်ကြွင်းလောင်စာများကို တည်ဆောက်နေသော မျိုးဆက်သစ်များအတွက် စဉ်းစားရန် ပြောကြားခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**

# သူပုန်များထိန်းချုပ်သည့် ဒေသ၌ ဆီးရီးယားစစ်ရဟတ်ယာဉ် ပစ်ချခံရ

**ဒမတ်စကတ် ဖေဖော်ဝါရီ ၁၅**

ဆီးရီးယားသူပုန်များ၏နောက်ဆုံးအခိုင်အမာခြေကုပ်စခန်းတည်ရှိသည့် နိုင်ငံအနောက်မြောက်ပိုင်းတွင် ဆီးရီးယားစစ်ဘက်မှ ရဟတ်ယာဉ်တစ်စင်း ဖေဖော်ဝါရီ ၁၄ ရက်တွင် ပစ်ချခံရကြောင်း၊ ယင်းရဟတ်ယာဉ်ပစ်ချခံရမှုမှာ ဆီးရီးယားနှင့် တူရကီတပ်ဖွဲ့များအကြား တင်းမာမှုများ မြင့်တက်နေသည့် ရက်သတ္တပတ်အတွင်း ဒုတိယမြောက်ဖြစ်ပွားသည့် ရဟတ်ယာဉ်ပစ်ချခံရမှုဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ဆီးရီယားအစိုးရနှင့် ရုရှားတပ်ဖွဲ့များက ဆီးရီးယားအနောက်မြောက်ဘက်ပိုင်းရှိ သူပုန်များ အခိုင်အမာခြေကုပ်စခန်းနယ်မြေအား ဇရီယာကျုံ့သွားစေရေးအတွက် ယမန်နှစ် ဒီဇင်ဘာလအတွင်းကပင် လူအသေအပျောက်အများအပြားရှိသော ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။ ဖေဖော်ဝါရီ ၁၄ ရက်တွင်ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုအတွင်း အရပ်သားကိုးဦး သေဆုံးခဲ့သည်။

အလက်ပိုမြို့၏ကျေးလက်ပိုင်းဒေသတွင် ဖေဖော်ဝါရီ ၁၄ ရက် ဒေသစံတော်ချိန် ၁၃ နာရီ မိနစ် ၄၀ ခန့်တွင် ဆီးရီးယားစစ်ဘက်မှ ရဟတ်ယာဉ်တစ်စင်း ဒုံးကျည်ထိမှန်ခဲ့ကြောင်း ဆီးရီးယားအစိုးရ ဆာနားသတင်းဌာနက သတင်းဖော်ပြသည်။

ဒုံးကျည်ထိမှန်သွားသော ရဟတ်ယာဉ်မှာ ပျက်ကျသွားခဲ့ပြီး ရဟတ်ယာဉ်ပေါ်ပါ အဖွဲ့သားများ သေဆုံးသွားခဲ့ကြောင်း ဆာနားသတင်း၌ ဖော်ပြသည်။

ယင်းရဟတ်ယာဉ်မှာ တူရကီက ထောက်ခံအားပေးထားသည့် သူပုန်များလှုပ်ရှားသည့် အူရမ်အယ်လ် ကူဘာမြို့အနီး၌ ဒုံးကျည်ဖြင့် ပစ်ခံရခြင်းဖြစ်ကြောင်း ဆာနားသတင်းတွင်ဖော်ပြသော်လည်း ရဟတ်ယာဉ်အား မည်သည့်အဖွဲ့အစည်းက ပစ်ခတ်ခဲ့ကြောင်းကိုမူ သတင်းတွင် ဖော်ပြခြင်း မရှိပေ။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ဇော်ဝင်း**

NAING Group မှ

နှစ်ပေါင်း(၃၀)ကျော် ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံတို့ဖြင့် လူကြီးမင်းတို့၏အဆောက်အဦးများအား PAE စနစ်ဖြင့် အရည်အသွေးအကောင်းဆုံး စိတ်တိုင်းကျဆောက်လုပ်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန်ဖုန်း
09 977122021
09 421002834
09 961611504
09 965418911

# ဖားကန့်၊ သိန္နီ၊ တာချီလိတ်၊ မိုးမိတ်နှင့် အင်းတော်မြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက် ညနေပိုင်းတွင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု အထက်မော်ရှန်ကျေးရွာ အိမ်အမှတ်(---)နေ လျူဟွ၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် သုည ဒသမ ၀၆ ကီလိုတို့ကို လည်းကောင်း။

**သိန္နီ၊ တာချီလိတ်**

အလားတူ ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန္နီမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွား ကားလမ်းတွင် ခရီးသည်တင်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ခရီးသည် မစန်းစန်းကြူ(ခ)မကြူထံမှ ဘိန်းဖြူ ၁ ဒသမ ၁ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ မွန်းလွဲ ၁၂ နာရီခွဲက တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်(ခ) ဆန်ဆိုင်း(၅)လမ်းတွင် ရန်ချန်ဟန် (ခ)အားချန်မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း။

**မိုးမိတ်**

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် ကျောက်တောင်ကျေးရွာအဝင် (၇)မိုင်လမ်းခွဲအနီး၊ မိုးမိတ်-မဘိမ်းသွားကားလမ်းတွင် သောင်းညွန့်ဦး မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၂ ကီလို၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ကွင်းဆက်အရ အိမ်အမှတ်(----)ရှိ မခေါန်ရာ၏ နေအိမ်ကိုရှာဖွေရာ မခေါန်ရာနှင့်အတူ ငွေကျပ် ၁၅၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ဆက်လက်၍ မဆွမ်လွတ်ထုဆိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိရဘဲ ဘိန်းဖြူ သုည ဒသမ ၃၆၃ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြားအင်းတော်**

အလားတူ ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၅ နာရီခန့်တွင် မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ ဒုရဲမှူးမျိုးမင်း အနီးကပ်ကြီးကြပ်၍ ရဲအုပ်ဖြိုးဝေကျော်ဦးစီးသော မူးယစ်တပ်ဖွဲ့ဝင်များသည် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွားကားလမ်းပေါ်ရှိ နားမကြိုင်းကျေးရွာအနီးတွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် ယာဉ်တစ်စီးအား ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် မူးယစ်တပ်ဖွဲ့မှ လိုက်လံဖမ်းဆီးစဉ် ယာဉ်အားရပ်ကာ ယာဉ်မောင်းမှာ ထွက်ပြေးသွားသဖြင့် ယာဉ်အား ဆက်လက်ရှာဖွေရာ ယာဉ်အတွင်းမှဘိန်းဖြူ ဂရမ် ၆၆၀၀ နှင့် စိတ်ကြွဆေးပြား ၈၉၃၀၀ ကို ရှာဖွေသိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးပစ္စည်းပိုင်ရှင်နှင့် ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်တို့အား စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



မစန်းစန်းကြူ(ခ) မကြူအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

**လူအောင်(ကသာ)**

# မြို့နယ်အချို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်များ ရှာဖွေဖမ်းဆီးလျက်ရှိရာ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၂ ရက်အထိ သပိတ်ကျင်းမြို့နယ် သောင်းဗွက်တောင်ကြိုးဝိုင်း အကွက်အမှတ်(၈၂) အတွင်း တရားမဝင် အင်၊ သစ်ယာ၊ ပျဉ်းကတိုး၊ သစ်၊ ခွဲသား ၁၂ ဒသမ ၈၃၂၀ တန်၊ CHANGCHAI(25) အင်ဂျင်တစ်လုံးပါ သစ်စက်ဆက်စပ်ပစ္စည်းများ၊ မြိတ်မြို့နယ် ကုန်းဖောက်ရပ် ကုန်းဖောက်ချောင်းကမ်းနံဘေးနေရာ၌ တရားမဝင် ဟင်းချိုရိုင်း၊ တောင်ဒူးရင်း၊ တောင်လန်းဖဲ၊ လေသရက် ခွဲသား ၁၂ ဒသမ ၈၀၄၄ တန်၊ မင်းကင်းမြို့နယ် ချင်းတွင်းမြစ်ကမ်းဘေး သင်တောကျေးရွာအနီးနှင့် ခတ်လုံကျေးရွာအနီးနေရာများ၌ တရားမဝင် သစ်ယာ၊ သပြေ၊ စံကားဝါ၊ အင်ခွဲသား ၁၁ ဒသမ ၇၃၆၈ တန်၊ တမူး-ကလေးကားလမ်း ခမ်းပါတ်မြို့ ကမ္ဘကြီးကျေးရွာ၏ မြောက်ဘက် ခြောက်ဘီးယာဉ်များပေါ်မှ တရားမဝင် ကညင်သစ် ၇ ဒသမ၈ ၅၂ တန်၊ ဂန့်ဂေါမြို့နယ် ကျောသစ်တော ကင်းစခန်းအရှေ့ ဂန့်ဂေါ-ပုလဲကားလမ်း မိုင်တိုင်အမှတ်(၇၂/၅)နေရာ၌ ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် ပိတောက်၊ ပျဉ်းကတိုး ခွဲသား ၂ ဒသမ ၄၁၉၆ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ နှစ်ဦး၊ ပန်းတောင်းမြို့နယ် ပန်းတောင်း-တောင်ကုတ်ကားလမ်း မိုင်တိုင်အမှတ်(၁၆/၆) (၁၆/၇)ကြားနေရာ၌ မော်တော်ယာဉ်ပေါ်မှ တရားမဝင် ပိတောက်ခွဲသား ၁၀ ဒသမ ၁၄၆၈ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူနှစ်ဦးတို့အား သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **ညီညီသန်း(နေပြည်တော်)**



# ဖားကန့်မြို့နယ်၌ ကားနှင့်ဆိုင်ကယ်တိုက်မိ ဆိုင်ကယ်မောင်းသူ သေဆုံး

**ဖားကန့် ဖေဖော်ဝါရီ ၁၅**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဝေခါကျေးရွာတွင် ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၆ နာရီခွဲက မော်တော်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိရာမှ ဆိုင်ကယ်မောင်းနှင်သူ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဝေခါကျေးရွာအနီး စွန့်ပစ်မြေစာပစ်သည့်လမ်းကြောင်းတွင် ဇော်မျိုးမောင်းနှင်လာသည့် ၁၂ ဘီးယာဉ်နှင့် မြေစာပုံတွင် ဈေးရောင်းချရန် ဝေခါကျေးရွာ မော်သစ်ကုန်းနေ မခင်သက်ဝေ မောင်းနှင်လာသည့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိခဲ့၍ မခင်သက်ဝေမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဇော်မျိုးအား ဖားကန့်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# မော်လမြိုင်မြို့၌ ဆီသယ်ယာဉ်တစ်စီး တိမ်းမှောက်၍ မီးလောင်မှုဖြစ်ပွား

**မော်လမြိုင် ဖေဖော်ဝါရီ ၁၅**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက စက်သုံးဆီသယ်ယာဉ်တစ်စီး တိမ်းမှောက်၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် အထက်လမ်းမကြီးအတိုင်း ဒေါ်ခင်ကြည်မီးပွိုင့်မှ မြို့တော်ဦးအဝိုင်းသို့ ဇော်ဝင်းထွန်း ဝွေးချိုကျေးရွာချောက်မြို့နယ်နေသူ မောင်းနှင်လာသည့် ဆီသယ်ယာဉ်သည် ဓာတ်ဆီဂါလန် ၄၆၀၀ ကို သယ်ဆောင်မောင်းနှင်လာစဉ် အကျဉ်းထောင်ရှေ့အရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းသို့ တိမ်းမှောက်ကာ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဇော်ဝင်းထွန်းအား မော်လမြိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၅၂၇ စီး၊ သွင်းကုန်အစီး ၁၂၅၀၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၃၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၄ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၇၅ သန်းခန့်)ရှိ လျှပ်စစ်ပစ္စည်း၊ အဝတ်အထည်နှင့် လိုင်စင်မဲ့ယာဉ်တစ်စီးကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိရာမှ တစ်ဦးသေဆုံး

**ထီးချိုင့် ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ဖုန်ကုန်းကြီးကျေးရွာ အဝင်ပေါက်အရှေ့ဘက် နှစ်ဖာလုံခန့်အကွာတွင် ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ မောင်းကုန်းရဲကင်းမှူး ဒုရဲအုပ်စိုးမိုးလှိုင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ မန္တလေး-ဗန်းမော် ကားလမ်းမပေါ် မိုင်တိုင်အမှတ်(၁၀၃/၁၀၄)ကြား ဗန်းမော်မှ မန္တလေးသို့ မျိုးလှိုင်ဝင်းမောင်းနှင်လာသော ခရီးသည်တင်ယာဉ်နှင့် ကိုဘူး(ခ)သန်းမျိုးထွန်း မောင်းနှင်ပြီး သံချောင်းလိုက်ပါလာသည့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာမှ ကိုဘူး(ခ)သန်းမျိုးထွန်း ကျောက်အိုက်ကျေးရွာ တကောင်းမြို့နယ်ခွဲနေသူမှာ သေဆုံးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မျိုးလှိုင်ဝင်းနှင့် ကိုဘူးတို့အား မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အေးမြသက်ထား**



# လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှ အဆက်**

( ၃ ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ ကြီးကြပ်ရေးကောင်စီကို ဆိုသည်။

( ဃ ) **တရားရုံး** ဆိုသည်မှာ ဤဥပဒေအရ ကုမ္ပဏီကို စာရင်းရှင်းလင်း ဖျက်သိမ်းရန်ဖြစ်စေ၊ လူမွဲခံယူသည့် အမိန့်ချမှတ်ရန်ဖြစ်စေ၊ စီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးကို ဆိုသည်။

(ဏ) **ဒီဘင်ချာ** ဆိုသည်မှာ ချေးယူသောငွေအတွက် ကုမ္ပဏီက ထုတ်ပေးသော သက်သေခံလက်မှတ်ကိုဆိုသည်။ ယင်းစကားရပ်တွင် ဒီဘင်ချာစတော့ရှယ်ယာလည်း ပါဝင်သည်။

(တ) **ကုမ္ပဏီ** သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခု၏ ဒါရိုက်တာ ဆိုသည်မှာ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် ဒါရိုက်တာကို ဆိုသည်။

(ထ) **လူမွဲပိုင်ပစ္စည်း** ဆိုသည့်စကားရပ်တွင် ပုဒ်မ ၂၈၉ အရ အမိန့်ချမှတ်နိုင်သော လူမွဲ၏ ဝင်ငွေလည်းပါဝင်စေရမည်။

( ဒ ) **တစ်သီးပုဂ္ဂလလူမွဲခံယူခြင်းအတွက် ဖယ်ထုတ်ရမည့်ပစ္စည်းများ** ဆိုရာတွင် အောက်ပါတို့ ပါဝင်သည် –

(၁) လူမွဲ၏ အလုပ်အကိုင်အတွက်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းအတွက်ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက်ဖြစ်စေ မရှိမဖြစ် အသုံးပြုရန်လိုအပ်သော ကိရိယာများ၊ စာအုပ်များ၊ ယာဉ်များနှင့် အခြားကိရိယာများ၊

(၂) အခြားသူတစ်ဦးဦးက လူမွဲထံ ယုံမှတ်အပ်နှံထားသော ပစ္စည်းများ၊

(၃) နည်းဥပဒေများဖြင့် သတ်မှတ်ထားသော တန်ဖိုးပမာဏရှိ လူမွဲနှင့် ၎င်းမိသားစု အခြေခံစားဝတ်နေရေးအတွက်လိုအပ်သည့် အဝတ်အစား၊ အိပ်ယာ၊ ပရိဘောဂ၊ အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အိမ်တွင်းစားနပ်ရိက္ခာ၊

(၄) နည်းဥပဒေများဖြင့် သတ်မှတ်ထားသော တန်ဖိုးထက် မကျော်လွန်သည့် ယာယီနေထိုင်ရေး အသုံးစရိတ်၊

(၅) နည်းဥပဒေများဖြင့် သတ်မှတ်ထားသော တန်ဖိုးထက် မကျော်လွန်သည့် ဘာသာရေးဆိုင်ရာ ဓလေ့ထုံးစံအရ သုံးစွဲသည့် လူမွဲ၏ လက်ဝတ်ရတနာများ။

( ဓ ) **အပြောင်းအလဲရှိသောကြွေးမြီတာဝန်** ဆိုသည်မှာ စတင်ချေးငှားစဉ်ကပင် အပြောင်းအလဲရှိသော ကြွေးမြီတာဝန်တစ်ရပ်အဖြစ် ရည်ရွယ်သတ်မှတ်ခဲ့သော ကြွေးမြီတာဝန်ကို ဆိုသည်။

( န ) **ကုမ္ပဏီတစ်ခုနှင့်ဆက်နွှယ်နေသည့် အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ** ဆိုသည်မှာ ဆက်နွှယ်နေသည့် လက်အောက်ခံကုမ္ပဏီ တစ်ခုအဖြစ် ရောက်ရှိနေသော ကုမ္ပဏီ၏ အစုများကို ပိုင်ဆိုင်သည့် ကုမ္ပဏီကို ဆိုသည်။

( ပ ) **မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်း** ဆိုသည်မှာ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကိုဆိုသည်–

(၁) ကုမ္ပဏီအဖြစ် မှတ်ပုံတင်ထားသော မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်း ဖြစ်ပါက အပိုင်း(၆)အရ လျှောက်ထားစဉ်အချိန်က မြီရှင်များထံသို့ ပေးဆပ်ရန်တင်ရှိသည့် စုစုပေါင်းကြွေးမြီသည် နည်းဥပဒေများဖြင့် သတ်မှတ်ထားသော ပမာဏထက်မပိုသည့် စီးပွားရေးဆိုင်ရာ ကြွေးမြီများ တင်ရှိနေသည့်လုပ်ငန်း၊

(၂) ကုမ္ပဏီအဖြစ် မှတ်ပုံတင်မထားသော မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းဖြစ်ပါက အပိုင်း(၆)အရ လျှောက်ထားစဉ်အချိန်က မြီရှင်များထံသို့ ပေးဆပ်ရန် တင်ရှိသည့် စုစုပေါင်းကြွေးမြီသည် နည်းဥပဒေများဖြင့် သတ်မှတ်ထားသော ပမာဏထက်ကျော်လွန်သည့် စီးပွားရေးလုပ်ငန်းဆိုင်ရာကြွေးမြီများ တင်ရှိနေသည့်လုပ်ငန်း။

( ဖ ) **ကုမ္ပဏီမှတ်ပုံတင်ထားခြင်းမရှိသော မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်း** ဆိုသည်မှာ အောက်ပါလုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည် –

(၁) လူပုဂ္ဂိုလ်တစ်ဦးတည်းက ပိုင်ဆိုင်လုပ်ဆောင်နေသော စီးပွားရေးလုပ်ငန်း၊

(၂) နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသောသူများက ၁၉၃၂ ခုနှစ်၊ အစုစပ်လုပ်ငန်း အက်ဥပဒေ ပုဒ်မ ၄ နှင့်အညီ လုပ်ဆောင်နေသော အစုစပ်လုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း။

( ဗ ) **လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူ** ဆိုသည်မှာ အပိုင်း(၃)အရ လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူအဖြစ် မှတ်ပုံတင်ထားသူကို ဆိုသည်။

(ဘ) **ကြွေးမြီမပေးဆပ်နိုင်ခြင်း** ဆိုသည်မှာ ကြွေးမြီများကိုပေးဆပ်ရန် စေ့ရောက်သည့်အချိန်တွင် ပေးဆပ်နိုင်မှုမရှိခြင်းကို ဆိုသည်။

( မ ) **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** ဆိုသည်မှာ ကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းရန် အပိုင်း (၇) အရ ခန့်အပ်ခြင်းခံရသူကို ဆိုသည်။

(ယ) **ဈေးကွက်တန်ဖိုး** ဆိုသည်မှာ ပစ္စည်းတစ်ခုအား ရောင်းချရန် ဆန္ဒရှိသူက ဈေးကွက်တွင် လွတ်လပ်စွာရောင်းချခြင်းဖြင့် ရရှိနိုင်မည့် ငွေပမာဏကို ဆိုသည်။

( ရ ) **စံဥပဒေ** ဆိုသည်မှာ နယ်စပ်ဖြတ်ကျော်လူမွဲခံယူခြင်းများနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဥပဒေဆိုင်ရာ ကုလသမဂ္ဂကော်မရှင်အဖွဲ့က ရေးဆွဲခဲ့ပြီး ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် A/RES/52/ 158 (1997) ဖြင့် အတည်ပြုခဲ့သော ဥပဒေကိုဆိုသည်။

(လ) **မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ပြန်လည်ထူထောင်ရေးအစီအစဉ်** ဆိုသည်မှာ ပုဒ်မ ၁၂၁ တွင် ရည်ညွှန်းဖော်ပြထားသော အချက်အလက်များပါရှိသည့် အဆိုပြုချက် သို့မဟုတ် ထိုသို့သောအသွင်သဏ္ဌာန်ရှိသည့် အစီအစဉ်ကို ဆိုသည်။

( ဝ ) **ရာထူးလက်ရှိဖြစ်သူ** ဆိုသည်မှာ အောက်ပါရာထူးတစ်ခုခုတွင် ခန့်အပ်ထားသော လူပုဂ္ဂိုလ်ကို ဆိုသည်–

(၁) ကုမ္ပဏီ၏ ပစ္စည်းထိန်း၊

(၂) ကုမ္ပဏီ၏ ပြန်လည်ထူထောင်ရေးမန်နေဂျာ၊

(၃) အပိုင်း(၅)အရဆောင်ရွက်သောကုမ္ပဏီ၏ပြန်လည်ထူထောင်ရေး အစီအစဉ်ကြီးကြပ်သူ၊

(၄) အပိုင်း(၆)အရ ဆောင်ရွက်သောမိုက်ခရို၊အသေးစားနှင့် အလတ်စားလုပ်ငန်းတစ်ခု၏ ပြန်လည်ထူထောင်ရေး အစီအစဉ်ကြီးကြပ်သူ၊

(၅) မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းတစ်ခု၏ ပြန်လည်ထူထောင်ရေး အကြံပေး၊

(၆) ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအပါအဝင် ကုမ္ပဏီတစ်ခု၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ၊

(၇) ယုံမှတ်အပ်နှံခြင်းခံရသူ။

(သ) **အဖွဲ့အစည်းတစ်ခုနှင့်ပတ်သက်သည့်အရာရှိ** ဆိုသည်မှာ ထိုအဖွဲ့အစည်း၏ ဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူးကို ဆိုသည်။

(ဟ) **ပြည်ပကော်ပိုရေးရှင်း** ဆိုသည်မှာ နိုင်ငံတော်ပြင်ပတွင် ဖွဲ့စည်းတည်ထောင်ထားသည့် အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီကို ဆိုသည်။

( ဠ ) **အပိုင်း(၆)လုပ်ငန်း** ဆိုသည်မှာ မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းကိုဆိုသည်။

(အ) **အပိုင်း(၆)လုပ်ငန်းစဉ်** ဆိုသည်မှာ မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်း၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်ကိုဆိုသည်။

(ကက) **အစီအစဉ်ကြီးကြပ်သူ** ဆိုသည်မှာ အပိုင်း(၅)၊ အခန်း(၄) သို့မဟုတ် အပိုင်း(၆)၊ အခန်း(၄)အရ ပြန်လည်ထူထောင်ရေး အစီအစဉ်တစ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအား ကြီးကြပ်ရန် ခန့်အပ်ထားသော လူပုဂ္ဂိုလ်ကို ဆိုသည်။

(ကခ) **ယခင်ဥပဒေ** ဆိုသည်မှာ –

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၊

(၂) The Yangon Insolvency Act, 1909

(၃) The Myanmar Insolvency Act, 1920

(၄) အထက်ပါ ဥပဒေများအရ ထုတ်ပြန်ထားသော နည်းဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများကို ဆိုသည်။

(ကဂ) **ပစ္စည်း** ဆိုသည်မှာ ငွေကြေး၊ ကုန်စည်၊ ဝတ္ထုပစ္စည်း၊ ဥပဒေအရ တရားစွဲဆို တောင်းခံနိုင်သော တောင်းဆိုချက်များ၊ မြေနှင့် အမျိုးမျိုးသောပစ္စည်းများ၊ ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ရွှေ့ပြောင်းနိုင်သည်ဖြစ်စေ၊ မရွှေ့ပြောင်းနိုင်သည်ဖြစ်စေ၊ နိုင်ငံတော် အတွင်း၌ဖြစ်စေ၊ ပြင်ပ၌ဖြစ်စေ ရှိသောပိုင်ဆိုင်မှုနှင့် ထိုပိုင်ဆိုင်မှုမှတစ်ဆင့် ပေါ်ပေါက်လာသော အကျိုးခံစားခွင့် အရပ်ရပ်ကိုဆိုသည်။

(ကဃ) **ယာယီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** ဆိုသည်မှာ ပုဒ်မ ၁၆၆ အရ ခန့်အပ်ခြင်းခံရသော လူပုဂ္ဂိုလ်ကိုဆိုသည်။

(ကင) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ သို့မဟုတ် အခြားသက်ဆိုင်သောဥပဒေအရ ကုမ္ပဏီများမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ တာဝန်များနှင့် မှတ်ပုံတင်အရာရှိသို့ အပ်နှံထားသော အခြားအခွင့်အာဏာများကို ကျင့်သုံးရန်၊ အခြားလုပ်ငန်းနှင့် တာဝန်များကို ထမ်းဆောင်ရန်နှင့် ဤဥပဒေအရ ကုမ္ပဏီနှင့် မိုက်ခရို၊ အသေးစားနှင့် အလတ်စားများအပါအဝင် တစ်သီးပုဂ္ဂလိကများမှ လူမွဲအဖြစ်ခံယူမှုများနှင့်စပ်လျဉ်း၍ မှတ်ပုံတင်လုပ်ငန်းများ လုပ်ဆောင်ရန်ခန့်အပ်ထားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် ယင်းကလွှဲအပ်သည့်ဌာန သို့မဟုတ် လူပုဂ္ဂိုလ်ကိုဆိုသည်။

(ကစ) **နည်းဥပဒေ** ဆိုသည်မှာ ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများကို ဆိုသည်။

(ကဆ) **ပြန်လည်ထူထောင်ရေးအကြံပေး** ဆိုသည်မှာ မိုက်ခရို၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ပိုင်ရှင် သို့မဟုတ် ပိုင်ရှင်များ သို့မဟုတ် ဒါရိုက်တာများအား အကြံပေးရန် အပိုင်း(၆)ပါ ပြဋ္ဌာန်းချက်များအရ ခန့်ထားသော လူပုဂ္ဂိုလ်ကိုဆိုသည်။

(ကဇ) **ပြန်လည်ထူထောင်ရေးမန်နေဂျာ** ဆိုသည်မှာ အပိုင်း(၅)၊ အခန်း(၂)ပါ ပြဋ္ဌာန်းချက်များအရ ခန့်ထားသောလူပုဂ္ဂိုလ်ကိုဆိုသည်။

(ကဈ) **ပြန်လည်ထူထောင်ရေးအစီအစဉ်** ဆိုသည်မှာ ပုဒ်မ ၇၂ တွင် ရည်ညွှန်းဖော်ပြထားသည့် အချက်အလက်များပါရှိသည့် အဆိုပြုချက် သို့မဟုတ် ထိုသို့သောအသွင်သဏ္ဌာန်ရှိသည့် အစီအစဉ်ကိုဆိုသည်။

(ကည) **အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီတစ်ခု၏ ဆက်စပ်သည့်အဖွဲ့အစည်း** ဆိုသည်မှာ အောက်ပါ အဖွဲ့အစည်းတစ်ခုခုကိုဆိုသည်–

(၁) အဖွဲ့အစည်း၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ၊

(၂) အဖွဲ့အစည်း၏ လက်အောက်ခံကုမ္ပဏီ၊

(၃) အဖွဲ့အစည်း၏ အစုများပိုင်ဆိုင်သည့် ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ။

(ကဋ) **အာမခံအကျိုးခံစားခွင့်ရမြီရှင်** ဆိုသည်မှာ ကြွေးမြီတောင်းဆိုခွင့်နှင့်စပ်လျဉ်း၍ မြီစား၏ ပစ္စည်း သို့မဟုတ် ပစ္စည်းများအပေါ် အာမခံတစ်ရပ်ကိုင်ဆောင်ထားသူဖြစ်ပြီးအာမခံ အကျိုးခံစားခွင့်မရရှိသော မြီရှင်ဆိုသည်မှာ ထိုသို့သော အာမခံတစ်ရပ်ကို ကိုင်ဆောင်ထားခြင်းမရှိသည့် မြီရှင်ကိုဆိုသည်။

(ကဌ) **အာမခံ** ဆိုသည်မှာ ဒီဘင်ချာ၊ စာချုပ်ပေါင်နှံခြင်းနှင့် ကြွေးမြီပေးချေရန် အာမခံချက်၊ ပစ္စည်းကို လက်ဝယ်ထားပိုင်ခွင့် သို့မဟုတ် အခြားသော အာမခံကို ဆိုသည်။

(ကဍ) **အာမခံအကျိုးခံစားခွင့်** ဆိုသည်မှာ ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေ တစ်ရပ်အရသတ်မှတ်ဖော်ပြထားသော သို့မဟုတ် အသိအမှတ်ပြုထားသော ကြွေးမြီပေးချေရန် အာမခံချက်၊ ပစ္စည်းကို လက်ဝယ်ထားပိုင်ခွင့်၊ စာချုပ်ဖြင့် ပေါင်နှံခြင်း သို့မဟုတ် အာမခံအကျိုးခံစားခွင့်ဆိုင်ရာ အခြားပုံစံတစ်ရပ်ကို ဆိုသည်။

(ကဎ) **အထူးဆုံးဖြတ်ချက်** ဆိုသည်မှာ အထူးဆုံးဖြတ်ချက်တစ်ရပ်အဖြစ် နည်းလမ်းတကျဆောင်ရွက်ရန် ရည်ရွယ်ခဲ့ကြောင်း အထွေထွေအစည်းအဝေးအတွက် အကြောင်းကြားစာတွင် ဖော်ပြခဲ့ပြီး ကိုယ်တိုင်တက်ရောက်၍ဖြစ်စေ၊ ခွင့်ပြုခံရသည့် ကိုယ်စားလှယ်တက်ရောက်၍ဖြစ်စေ မဲပေးခွင့်ရှိသောကုမ္ပဏီတွင် ပါဝင်သူများ၏ လေးပုံသုံးပုံအောက် မနည်းသော မဲအများစုဖြင့် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကိုဆိုသည်။

(ကဏ) **လက်အောက်ခံကုမ္ပဏီ** ဆိုသည်မှာ –

(၁) အောက်ပါအခြေအနေတစ်ရပ်ရပ်နှင့် ကိုက်ညီသည့် ကုမ္ပဏီကို ဆိုသည်–

(ကက) ကုမ္ပဏီ၏ဘုတ်အဖွဲ့ ဖွဲ့စည်းမှုကို အခြားကုမ္ပဏီက ထိန်းချုပ်ထားခြင်း၊

( ခခ ) ကုမ္ပဏီ၏ အစည်းအဝေးတွင် အသုံးပြုနိုင်သည့် မဲအရေအတွက် အများဆုံးအနက်မှ ထက်ဝက်ထက် ကျော်လွန်သည့် မဲများကို အခြားကုမ္ပဏီက အသုံးပြုနိုင်ခြင်း သို့မဟုတ် အသုံးပြုမှုအား ထိန်းချုပ်နိုင်ခြင်း၊

( ဂဂ ) အမြတ်ငွေသော်လည်းကောင်း၊ မတည်ငွေရင်းသော်လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့်ပမာဏထက် ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိသည့် အခွင့်အရေးမရှိသော အစုရှယ်ယာများမှတစ်ပါး အဆိုပါ ကုမ္ပဏီက ထုတ်ဝေထားသော အစုရှယ်ယာများ၏ ထက်ဝက်ကျော်လွန်သည့် အစုရှယ်ယာများကို အခြားကုမ္ပဏီက ပိုင်ဆိုင်ထားခြင်း၊

(ဃဃ) အမြတ်ငွေသော်လည်းကောင်း၊ မတည်ငွေရင်းသော်လည်းကောင်း ခွဲဝေသတ်မှတ်ရာတွင် ဖော်ပြထားသည့်ပမာဏထက် ကျော်လွန်၍ ဆောင်ရွက်ခွင့်ရှိသည့် အခွင့်အရေးမရှိသော အစုရှယ်ယာများမှတစ်ပါး အဆိုပါ ကုမ္ပဏီမှ ထုတ်ဝေထားသော အစုရှယ်ယာများအပေါ် ခွဲဝေပေးရမည့် အမြတ်ဝေစုတိုင်း၏ ထက်ဝက်ကျော်ကို ရထိုက်ခွင့်ရှိခြင်း။

(၂) ပုဒ်မခွဲငယ် (၁)ပါ အခြေအနေ တစ်ရပ်ရပ်နှင့် ကိုက်ညီသည့် လက်အောက်ခံကုမ္ပဏီက ထပ်မံဖွဲ့စည်းသည့် ၎င်း၏ လက်အောက်ခံကုမ္ပဏီသည်လည်း အဆိုပါ အခြားကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ ဖြစ်သည်။

(ကတ) **ယုံမှတ်အပ်နှံခြင်းခံရသူ** ဆိုသည်မှာ အပိုင်း (၈)ပါ ပြဋ္ဌာန်းချက်များအရ တစ်သီးပုဂ္ဂလဖြစ်သူ လူမွဲပိုင်ပစ္စည်းအား စီမံခန့်ခွဲရန် ခန့်အပ်ထားသူကိုဆိုသည်။

**အကြောင်းကြားခြင်းနှင့် ကြေညာခြင်း**

၃။ (က) ဤဥပဒေအရ ဆောင်ရွက်ချက်များကို အများပြည်သူသိရှိစေရေး အကြောင်းကြားရန် သို့မဟုတ်ကြေညာရန် သတ်မှတ်ပြဋ္ဌာန်းထားပါက ထိုသို့ အကြောင်းကြားချက် သို့မဟုတ် ကြေညာချက်ကို ပြုလုပ်ရာတွင် မည်သို့သော အချက်များကို ထည့်သွင်း၍ မည်သည့်အချိန်တွင် မည်သို့မည်ပုံ ပြုလုပ်ပေးပို့ရမည်ကို နည်းဥပဒေများဖြင့် သတ်မှတ်နိုင်သည်။

( ခ ) ထိုအကြောင်းကြားခြင်း သို့မဟုတ် ကြေညာခြင်းနှင့်ပတ်သက်၍ ပြုလုပ်သည့်နည်းလမ်း၊ ပါဝင်ရမည့်အကြောင်းအရာနှင့် ပြုလုပ်ရမည့်အချိန်တို့ကို သတ်မှတ်ထားသည့် နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်ပျက်ကွက်လျှင် ဤဥပဒေပါ အကြောင်းကြားရန် သို့မဟုတ် ကြေညာရန် တာဝန်ကို ချိုးဖောက်ရာရောက်သည်။

**အရေးယူဆောင်ရွက်ခြင်း**

၄။ မည်သူမဆို ဤဥပဒေပါ အကြောင်းကြားခြင်း သို့မဟုတ် ကြေညာခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ချိုးဖောက်လျှင်–

(က) ဤဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်းမရှိပါက မှတ်ပုံတင်အရာရှိသည် ထိုသူအားဒဏ်ကြေးငွေ ကျပ်တစ်သိန်းအထိ တပ်ရိုက်ရမည်။


( ခ ) တရားရုံးသည် ဆောင်ရွက်ရန် ပျက်ကွက်မှုအား သတ်မှတ်ထားသည့် အချိန်အတွင်း မပျက်မကွက်ဆောင်ရွက်စေရန် ထိုသူကို အမိန့်ချမှတ်နိုင်သည်။

**(ဆက်လက်ဖော်ပြပါမည်)**













# လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**(ယမန်နေ့မှအဆက်)**

၆။ လယ်ယာမြေဥပဒေ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်–
"၁၀။ ဤဥပဒေ ပုဒ်မ ၄၊ ၅၊ ၆၊ ၇၊ ၈ နှင့် ၉ တို့ပါ ပြဋ္ဌာန်းချက်များသည် မြေနုကျွန်းမြေ လုပ်ကိုင်ခွင့်ချထားခြင်း၊ ရွှေ့ပြောင်းတောင်ယာမြေ စိုက်ပျိုးခြင်းတို့နှင့် မသက်ဆိုင်စေရ။"

၇။ လယ်ယာမြေဥပဒေ ပုဒ်မ ၁၁ ကို အောက်ပါအတိုင်းအစားထိုးရမည်–
"၁၁။ မြေနုကျွန်းမြေလုပ်ကိုင်ခွင့် ချထားခြင်းနှင့် ရွှေ့ပြောင်းတောင်ယာမြေစိုက်ပျိုးခြင်းကိစ္စရပ်များအတွက် ဤဥပဒေအရပြုသည့် နည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းရမည်။ ထိုသို့ ပြဋ္ဌာန်းရာတွင် မြေနုကျွန်းမြေ လုပ်ကိုင်ခွင့်ချထားခြင်းနှင့်စပ်လျဉ်း၍ အုပ်ချုပ်မှုနယ်မြေအပေါ် အခြေခံရမည်။"

၈။ လယ်ယာမြေဥပဒေ ပုဒ်မ ၁၂ တွင်–

(က) ပုဒ်မခွဲ ( ခ ) ပါ "ဝန်ကြီးဌာနက စည်းကြပ်သော" ဆိုသည့် စကားရပ်ကို "တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ စည်းကြပ်သော" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ ) ပုဒ်မခွဲ ( ဂ ) ပါ "ဦးစီးဌာနက သတ်မှတ်သည့် တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်ခ"ဆိုသည့်စကားရပ်ကို "မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် လယ်ယာမြေ တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရသတ်မှတ်သော တံဆိပ်ခေါင်း ခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ဂ ) ပုဒ်မခွဲ ( စ ) ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ (ဆ)၊ ( ဇ )၊ ( ဈ ) နှင့် (ည)တို့ကိုပုဒ်မခွဲ ( စ )၊ (ဆ)၊ ( ဇ ) နှင့် (ဈ) တို့အဖြစ်ပြောင်းလဲ အမှတ်စဉ်၍ ပြောင်းလဲအမှတ်စဉ် ထားသည့် ပုဒ်မခွဲ (ဆ) နှင့် (ဇ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ဆ) လယ်ယာမြေကို ရာသီသီးနှံ အမျိုးအစားမှ အခြားသီးနှံ အမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်း မပြုရ။

( ဇ ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်း မပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။"

၉။ လယ်ယာမြေဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်–
"၁၃။ လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်သော အမိန့်ကို လိုက်နာရမည်။"

၁၀။ လယ်ယာမြေဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည်–
"၁၄။ မည်သူမဆို လယ်ယာမြေလုပ်ပိုင်ခွင့်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ မည်သည့်နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သည့် အဖွဲ့အစည်းကိုမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်း မပြုရ။"

၁၁။ လယ်ယာမြေဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) တွင် ပါရှိသော "လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန" ဆိုသည့် စကားရပ်ကို "လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၁၂။ လယ်ယာမြေဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၏နောက်တွင် ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"( ဂ ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းရာတွင် တောင်သူလယ်သမားကိုယ်စားလှယ် ငါးဦး ပါဝင်ဖွဲ့စည်းရမည်။

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းရာတွင် ရပ်မိ ရပ်ဖနှစ်ဦးနှင့် ဒေသခံတောင်သူလယ်သမားများမှ ရွေးချယ်ပေးသော တောင်သူလယ်သမားကိုယ်စားလှယ် သုံးဦးတို့ ပါဝင်ဖွဲ့စည်းရမည်။"

၁၃။ လယ်ယာမြေဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)၊ (ဃ)၊ ( စ )၊ ( ဇ )၊ ( ဈ ) နှင့် (ည) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များကို သတ်မှတ်ခြင်း၊

(ဃ) ပုဒ်မ ၁၉၊ ပုဒ်မခွဲ ( ဂ ) နှင့် (ဃ) တို့ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ချမှတ်ခြင်းခံရသူ၏လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရုပ်သိမ်းခြင်း၊ ပုဒ်မ ၃၁ အရ လယ်ယာမြေအား အခြားနည်းအသုံးပြုရန် ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်းနှင့် ပုဒ်မ ၃၇ အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရုပ်သိမ်းခြင်း၊

( စ ) ကျေးလက်နေပြည်သူလူထု၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်သက်ဆိုင်သည့် စာသင်ကျောင်း၊ အားကစားကွင်း၊ ကျေးရွာချင်းဆက်လမ်း၊ ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ကျေးလက်ဈေး၊ သုသာန်နှင့် အခြားလိုအပ်သော အဆောက်အအုံများအတွက် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီး အတည်ပြုခြင်း၊

( ဇ ) လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် လယ်ယာမြေပြုပြင်ခြင်းလုပ်ငန်းများ၊ လယ်ကြားမြောင်းများအတွက် လယ်ယာမြေကို အသုံးပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ တင်ပြချက်ကို စိစစ်ပြီး အတည်ပြုခြင်း၊

( ဈ ) မြေနုကျွန်းမြေလုပ်ကိုင်ခွင့်ချထားရေးနှင့် ယင်းလုပ်ကိုင်ခွင့်ရရှိသူများ၏ အခွင့်အရေးဆိုင်ရာမူဝါဒများ ချမှတ်ခြင်း၊

(ည) ရွှေ့ပြောင်းတောင်ယာမြေစိုက်ပျိုးခြင်းနှင့် စပ်လျဉ်း၍ မူချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊"

၁၄။ လယ်ယာမြေဥပဒေပုဒ်မ ၁၈ တွင် ပါရှိသော "သင့်လျော်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အားလုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်" ဆိုသည့် စကားရပ်ကို "သက်ဆိုင်သည့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အား လုပ်ပိုင်ခွင့်အပ်နှင်းရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ လယ်ယာမြေဥပဒေ ပုဒ်မ ၁၉ ၏ခြေဆင်းကို အောက်ပါအတိုင်းအစားထိုးရမည် –
"၁၉။ ဤဥပဒေပုဒ်မ ၁၂ အရ စည်းကမ်းချက်အားလုံးကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ လိုက်နာရန်ပျက်ကွက်လျှင် သက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် အောက်ဖော်ပြပါ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်–"

၁၆။ လယ်ယာမြေဥပဒေ ပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၂၀။ (က) ပုဒ်မ ၁၉ အရ ချမှတ်သည့်အမိန့်ကို လိုက်နာခြင်းမရှိသော မည်သည့်လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူကိုမဆို ယင်းအမိန့်ပါ သတ်မှတ်ရက်ကျော်လွန်ပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကသော်လည်းကောင်း၊ ယင်းအဖွဲ့က တာဝန်ပေးအပ်သော ပုဂ္ဂိုလ်ကသော်လည်းကောင်း သက်ဆိုင်ရာတရားရုံးတွင် ဦးတိုက်လျှောက်ထား တရားစွဲဆိုနိုင်သည်။

( ခ ) ပုဒ်မ ၁၃ အရ ချမှတ်သည့်အမိန့်ကို လိုက်နာခြင်းမရှိသော မည်သူမဆို ယင်းအမိန့်ပါ သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကသော်လည်းကောင်း၊ ယင်းအဖွဲ့က တာဝန်ပေးအပ်သော ပုဂ္ဂိုလ်ကသော်လည်းကောင်း သက်ဆိုင်ရာတရားရုံးတွင် ဦးတိုက်လျှောက်ထား တရားစွဲဆိုနိုင်သည်။"

၁၇။ လယ်ယာမြေဥပဒေ ပုဒ်မ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည်–
"၂၁။ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်ကောက်ခံသည့်အခွန်အခများကို ပေးဆောင်ရန် ပျက်ကွက်လျှင် ထိုအခွန်အခများကို မြေခွန်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့ ဥပဒေနှင့်အညီ ကောက်ခံခြင်းခံရမည်။"

၁၈။ လယ်ယာမြေဥပဒေ ပုဒ်မ ၂၅ ၏ နောက်၌ ပုဒ်မ ၂၅–က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–
"၂၅–က။ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်သည် ကျိုးကြောင်းဖော်ပြချက်နှင့်တကွ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ခုနစ်ရက်အတွင်း အငြင်းပွားသူများလက်ဝယ်သို့ ပေးအပ်ရမည်။"

၁၉။ လယ်ယာမြေဥပဒေ ပုဒ်မ ၂၆ ကို အောက်ပါအတိုင်း အစားထိုးရမည်–
"၂၆။ နိုင်ငံတော်အကျိုးငှာဖြစ်စေ၊ အများပြည်သူအကျိုးငှာဖြစ်စေ သိမ်းယူသည့် လယ်ယာမြေနှင့်ယင်းလယ်ယာမြေပေါ်၌ အဆောက်အအုံဖြင့် တိုးတက်ကောင်းမွန်စေရန် ပြုပြင်ခြင်းအပါအဝင် မူလလယ်ယာမြေလုပ်ပိုင်ခွင့်ရရှိထားသူ ဆောင်ရွက်ထားသည့်ကိစ္စရပ်များအတွက် နစ်နာမှုမရှိစေရန် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။"

၂၀။ လယ်ယာမြေဥပဒေ ပုဒ်မ ၂၇ တွင် ပါရှိသော "ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) အရ" ဆိုသည့် စကားရပ်ကို " ပုဒ်မ ၁၉၊ ပုဒ်မခွဲ ( ဂ )၊ (ဃ)သို့မဟုတ် ပုဒ်မ ၃၇ အရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၁။ လယ်ယာမြေဥပဒေ ပုဒ်မ ၂၈ တွင်–

(က) ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်–
"၂၈။ ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးခွင့်ပြုရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ –"

( ခ ) ပုဒ်မခွဲ (က) ၌ ပါရှိသော "လယ်မြေတွင်" ဆိုသည့် စကားရပ်၏ နောက်တွင် "ရာသီသီးနှံမှ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

( ဂ ) ပုဒ်မခွဲ ( ခ ) ကို အောက်ပါအတိုင်း အစားထိုးရမည်–
"( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေတွင် ရာသီသီးနှံမှ အခြားသီးနှံ ပြောင်းလဲ စိုက်ပျိုးရန်ဖြစ်ပါက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုနိုင်သည်။"

၂၂။ လယ်ယာမြေဥပဒေ ပုဒ်မ ၃၀ တွင် ပါရှိသော " ယင်းလယ်ယာမြေကို ပြန်လည်သိမ်းယူနိုင်သည်။"ဆိုသည့်စကားရပ်ကို "ယင်းလယ်ယာမြေအား အခြားနည်းအသုံးပြုရန် ခွင့်ပြုချက်ကို ပယ်ဖျက်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၃။ လယ်ယာမြေဥပဒေ ပုဒ်မ ၃၂ ကို အောက်ပါအတိုင်း အစားထိုးရမည်–
"၃၂။ နိုင်ငံတော်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအတွက် အများပြည်သူအကျိုးအလို့ငှာ လယ်ယာမြေကိုသိမ်းယူရာတွင် သက်ဆိုင်ရာ တည်ဆဲဥပဒေနှင့်အညီ အနည်းဆုံးလိုအပ်သော ပမာဏကိုသာ သိမ်းယူရမည်။"

၂၄။ လယ်ယာမြေဥပဒေ ပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည်–
"၃၅။ မည်သူမဆို ပုဒ်မ ၁၉ အရ ချမှတ်သော အမိန့်ကိုဖြစ်စေ၊ ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုတွင် ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၂၅။ လယ်ယာမြေဥပဒေ ပုဒ်မ ၃၇ ကို အောက်ပါအတိုင်း အစားထိုးရမည်–
"၃၇။ မည်သူမဆို ပုဒ်မ ၁၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ၁၀ သိန်းအောက် မနည်းသည့် ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။"

၂၆။ လယ်ယာမြေဥပဒေ ပုဒ်မ ၃၇ ၏ နောက်တွင် ပုဒ်မ ၃၇–က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–
"၃၇–က။ မည်သူမဆို ဤဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်မရရှိဘဲ လယ်ယာမြေကို ကျူးကျော်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ဤဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင် ခွင့်ရရှိထားသည့် လယ်ယာမြေအပေါ် ကျူးကျော်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် သော်လည်းကောင်း ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်ငါးသိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

၂၇။ လယ်ယာမြေဥပဒေ ပုဒ်မ ၃၈ တွင် ပါရှိသော "တောင်သူလယ်သမားအဖွဲ့အစည်းကို ဖွဲ့စည်းနိုင်သည်။" ဆိုသည့် စကားရပ်ကို " တောင်သူလယ်သမားအဖွဲ့အစည်းကို တောင်သူလယ်သမားများဖြင့် ဖွဲ့စည်းနိုင်သည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၈။ လယ်ယာမြေဥပဒေ ပုဒ်မ ၄၀ ကို ပယ်ဖျက်ရမည်။

၂၉။ လယ်ယာမြေဥပဒေပုဒ်မ ၄၁ နှင့် ပုဒ်မ ၄၂ တို့ကို ပုဒ်မ ၄၀ နှင့် ပုဒ်မ ၄၁ တို့အဖြစ်ပြောင်းလဲအမှတ်စဉ်၍ ပြောင်းလဲအမှတ်စဉ်ထားသည့် ပုဒ်မ ၄၀ ကို အောက်ပါအတိုင်း အစားထိုးရမည်–
"၄၀။ ပုဒ်မ ၃၇ နှင့် ပုဒ်မ ၃၇–က တို့အရ တရားစွဲဆိုသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့် ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ကချင်ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဂုဏ်ဆောင် ဆုတံဆိပ်ရ အားကစားသမားများအား အခမ်းအနားဖြင့် ဂုဏ်ပြု

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၅**

ကချင်ပြည်နယ်အတွင်းမှ ၂၀၁၈-၂၀၁၉ ခုနှစ်နှင့် ၂၀၁၉-၂၀၂၀ ပြည့်နှစ်များတွင် ကျင်းပခဲ့သည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဖိလစ်ပိုင်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် သွားရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုတံဆိပ်များရရှိခဲ့ကြသည့် ပြည်နယ်ဂုဏ်ဆောင်အားကစားသမားများကို ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၃ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ဂုဏ်ပြုပွဲအခမ်းအနားကျင်းပရာ ကချင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ပြည်နယ်၏အားကစားအဆင့် တိုးတက်အောင်မြင်လာရေးကို ဆက်လက်ထိန်းသိမ်းရမည်မှာ သားတို့ သမီးတို့ ကိုယ်တိုင်ဖြစ်ပြီး ပံ့ပိုးပေးရမည့်ကိစ္စသည် သက်ဆိုင်ရာအားကစားဌာနနှင့် မိမိတို့ပြည်နယ်အစိုးရအဖွဲ့မှဖြစ်ကြောင်း၊ ယနေ့ အောင်ပွဲရကစားသမားများ အနေဖြင့် ကိုယ်ကျွမ်းကျင်သည့် အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေးမှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဖိလစ်ပိုင်)တွင် ကချင်ပြည်နယ်မှ နိုင်ငံလက်ရွေးစင်အဖြစ် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ငွေတံဆိပ်နှစ်ခုရ မြားပစ်အားကစားမယ် မပြည့်စုံထွန်း၊ နပန်းအားကစားဖြင့် ကြေးတံဆိပ်ဆုရ မောင်ဝဏ္ဏထွန်း၊ ဂျူဒိုအားကစားဖြင့် ကြေးတံဆိပ်ဆုရ မောင်ဇေယျာထွန်းနှင့် ဘောလုံးအားကစားဖြင့် ကြေးတံဆိပ်ဆုရ မချစ်ချစ်တို့အား လည်းကောင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲ အားကစားနည်း ၂၇ မျိုးတွင် ရွှေ ၁၅ ခု၊ ငွေ ၁၅ ခုနှင့် ကြေး ၁၄ ခုရရှိခဲ့ကြသော ပြည်နယ်ဂုဏ်ဆောင်အားကစားသမားကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)



# ပြည်သာယာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကရင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၁၅**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကမ္ဘာ့ဘဏ်အကူအညီဖြင့် ဆောင်ရွက်နေသော ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း) ကြာအင်းကျေးရွာအုပ်စု ဝိုင်းတော်ကျေးရွာ ပြည်သာယာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အဆိုပါကွန်ကရစ်လမ်းပေါ်၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ဝိုင်းတော်ကျောင်း ဆရာတော် ဦးကုဏ္ဍလက ဩဝါဒစကားမိန့်ကြားခဲ့သည်။ ဆက်လက်ပြီး ကွန်ကရစ်လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံ ပေးအပ်ခဲ့သည်။ ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်၊ ဝိုင်းတော်ကျောင်း ဆရာတော် ဦးကုဏ္ဍလတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ၁၃၂၀' x အကျယ် ၁၄'x အမြင့်၆"အရှည် ၅၇၀' x အကျယ် ၁၆ x အမြင့် ၆' ဖြစ်ပြီး ကြာအင်းကျေးရွာ၊ ဝိုင်းတော်ကျေးရွာ၊ ကွမ်းတောကျေးရွာ၊ ကွီးလေးကျေးရွာ၊ ကမားထကျေးရွာများမှ အိမ်ထောင်စု ၁၅၉၀၊ လူဦးရေ ၉၁၁၃ ဦး အကျိုးပြုမည်ဖြစ်ကြောင်း သိရှိရသည်။



ခင်စန်းမြင့်(ပြန်/ဆက်)

# ကန်ပက်လက်မြို့နယ် ခေါက်ပုံကျင်းကျေးရွာ၌ ပေ ၄၀၀ အရှည် ကြိုးတံတားတည်ဆောက်

**ကန်ပက်လက် ဖေဖော်ဝါရီ ၁၅**

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ခေါက်ပုံကျင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ထောက်ပံ့ရန်ပုံငွေ၊ လွှတ်တော်ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေများဖြင့် ခေါက်ပုံကျင်းကျေးရွာ ကြိုးတံတားတည်ဆောက်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးနေပြီဖြစ်ကြောင်း ကန်ပက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကန်ပက်လက်မြို့နယ်သည် တောင်ပေါ်ဒေသဖြစ်သောကြောင့် မြို့နယ်အတွင်းရှိ ကျေးရွာများ လမ်းပန်းဆက်သွယ်ရေး သွားလာရခက်ခဲကြောင်း၊ အဆိုပါ ခေါက်ပုံကျင်းကျေးရွာ ကြိုးတံတားတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ယင်းကျေးရွာအနီးရှိ စပ်စံကျင်းကျေးရွာ၊ အုံကျေးရွာ၊ အောက်ကန်ကျေးရွာ၊ ငအော်ကျင်းကျေးရွာတို့တွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးများအတွက် အကျိုးပြုမည်ဖြစ်ကြောင်း ကန်ပက်လက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထန်းအွမ်က ပြောသည်။

အဆိုပါ ကြိုးတံတားအရှည်ပေ ၄၀၀၊ အကျယ် ၄ ဒသမ ၅ ပေ၊ အမြင့်ပေ ၃၀ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀၊ လွှတ်တော်ရန်ပုံငွေကျပ်သိန်း ၄၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၅၀ တို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးမိုးကျော်

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပဲခူးမြို့နယ် မယင်းကျေးရွာ၌ ပြည်သူများနှင့်တွေ့ဆုံ



**ပဲခူး ဖေဖော်ဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ ဌာနဆိုင်ရာများနှင့်အတူ ပဲခူးမြို့နယ် မယင်းကျေးရွာ မြန်မာဆယ်မာအူးလ်အွန်ဒုံ စီမံကိန်း (SMU)ကိုရီးယားခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲပြုလုပ်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသိန်းက လယ်ယာမြေဥပဒေကိုပြင်ဆင်သည့်ဥပဒေများ၊ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်ဌေးက မှုခင်းဆိုင်ရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများနှင့် မှုခင်းကျဆင်းရေး ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးတိုးတိုးက လမ်းမကြီးဆိုင်ရာဥပဒေများနှင့်ပတ်သက်၍ အသေးသီးရှင်းလင်းပြောကြားကြသည်။

ထို့နောက်တက်ရောက်လာကြသည့် ကျေးရွာအုပ်စုများအတွင်းရှိ ဒေသခံပြည်သူများက ကျေးရွာချင်းဆက်လမ်းနှင့် တံတားများအဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်၊ မယင်းရွာမ အလယ်တန်းကျောင်းတွင် ကျောင်းအုပ်ရရှိရန်၊ ဆရာ ဆရာမ အင်အားဖြည့်ဆည်းပေးရန်နှင့် ကျောင်းသန့်စင်ခန်းများ ဆောက်လုပ်ပေးနိုင်ရန်၊ အဝိုင်းကျေးရွာအုပ်စု၌ အလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ချထားပေးရန်၊ ရှမ်းရွာကြီးကျေးရွာ ကျောင်းမြေနေရာထပ်မံဆောင်ရွက်ပေးရန်၊ မယင်းရွာမတွင် ဆေးပေးခန်းဖွင့်လှစ်ပြီး ကျန်းမာရေးဝန်ထမ်းများထားရှိပေးရန်၊ သိမ်းဆည်းမြေ၊ စားကျက်မြေ၊ ပြန်လည်စွန့်လွှတ်မြေဆိုင်ရာကိစ္စ၊ ရွှေတန်ကျေးရွာ လျှပ်စစ်မီးရရှိရေးဆိုင်ရာကိစ္စရပ်၊ မောင်မခေါ်ချောင်းရိုးတူးဖော်ပေးရန်၊ ကလိ-တပ်ကလေးကျေးရွာတွင် ဘောလုံးကွင်းတစ်ကွင်းဆောင်ရွက်ပေးရန်၊ ရှမ်းရွာကြီးကျေးရွာ ချောင်းရေစီးရေလာကောင်းမွန်ရေး တူးဖော်ဆောင်ရွက်ပေးရန်စသည်တို့ကို တင်ပြကြရာ ဝန်ကြီးချုပ်က သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခဲ့သည်။

တင်စိုး(ပဲခူး)

# မိတ္ထီလာခရိုင်အတွင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့်သူ ၂၁၆၈၃ ဦးရှိ

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၅**

၂၀၂၀ ပြည့်နှစ် မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် လျှောက်ထားသူ မိတ္ထီလာခရိုင်အတွင်းမှ ၂၁၆၈၃ ဦးရှိပြီး စာစစ်ဌာန ၃၈ ခုတွင် ဖြေဆိုသွားရမည်ဖြစ်ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် စာစစ်ဌာန ၁၅ ခုတွင် စာမေးပွဲဖြေဆိုခွင့်ရရှိသူ ကျောင်းသား ကျောင်းသူ ၈၅၅၇ ဦး၊ မလှိုင်မြို့နယ် စာစစ်ဌာန ရှစ်ခုတွင် စာမေးပွဲဖြေဆိုခွင့်ရရှိသူ ကျောင်းသား ကျောင်းသူ ၅၃၁၉ ဦး၊ သာစည်မြို့နယ် စာစစ်ဌာန ခြောက်ခုတွင် စာမေးပွဲဖြေဆိုခွင့်ရသူ ကျောင်းသား ကျောင်းသူ ၃၄၂၄ ဦးနှင့် ဝမ်းတွင်းမြို့နယ် စာစစ်ဌာန ကိုးခုတွင် ဖြေဆိုခွင့်ရရှိသူ ကျောင်းသား ကျောင်းသူ ၄၃၈၃ ဦးဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

# မန်စီးတီးအသင်း ဥရောပပြိုင်ပွဲယှဉ်ပြိုင်ခွင့် နှစ်ရာသီပိတ်ပင်ခံရ




မန်စီးတီးအသင်းဟာ ယူအီးအက်ဖ်အေရဲ့ လိုင်စင်နဲ့ ဘဏ္ဍာရေးဆိုင်ရာ ပုံမှန်လုပ်ဆောင်ရမယ့် စည်းမျဉ်းစည်းကမ်းတွေကို ပြင်းပြင်းထန်ထန်ချိုးဖောက်ခဲ့ကြောင်း တွေ့ရှိခဲ့ရတာကြောင့် ဥရောပပြိုင်ပွဲယှဉ်ပြိုင်ခွင့်ကို ဘောလုံးရာသီ နှစ်ရာသီကြာ ပိတ်ပင်ခံခဲ့ရတယ်လို့ သိရပါတယ်။

အဲဒီလို ယူအီးအက်ဖ်အေရဲ့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ခဲ့တဲ့အတွက် ပရီမီယာလိဂ် လက်ရှိချန်ပီယံ မန်စီးတီးအသင်းဟာ ဒဏ်ကြေးငွေအဖြစ် ယူရိုသန်း ၃၀ (ပေါင် ၂၅ သန်း) ဒဏ်ရိုက်ခံခဲ့ရတာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ အခုနှစ်ဘောလုံးရာသီရဲ့ ဖေဖော်ဝါရီ ၂၆ ရက်မှာ ဥရောပပြိုင်ပွဲဖြစ်တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

အခု ယူအီးအက်ဖ်အေရဲ့ စည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ခဲ့တဲ့အတွက် ယူအီးအက်ဖ်အေက တားမြစ်ပိတ်ပင်မှုဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့တာဖြစ်ပြီး စပိန်လာလီဂါဥက္ကဋ္ဌကတော့ ယူအီးအက်ဖ်အေရဲ့ မန်စီးတီးအသင်းအပေါ် ဆုံးဖြတ်ချက်ကို ချီးကျူးစကားဆိုခဲ့ပါတယ်။ မန်စီးတီးအသင်းကတော့ ယူအီးအက်ဖ်အေရဲ့ ဆုံးဖြတ်ချက်ကို တွန်းလှန်နိုင်ဖို့ ရည်ရွယ်ထားတယ်လို့ လူသိရှင်ကြား ပြောကြားထားပါတယ်။

မန်စီးတီးအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲယှဉ်ပြိုင်ခွင့် နှစ်ရာသီပိတ်ပင်ခံခဲ့ရပေမယ့် မန်စီးတီးအသင်းနည်းပြ ဂွါဒီယိုလာကတော့ သူ့ရဲ့စာချုပ်သက်တမ်း ကုန်ဆုံးမယ့် ၂၀၂၁ ခုနှစ်အထိ အီတီဟက်ဒ်မှာ ဆက်ရှိနေမယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်နေတာဖြစ်ပါတယ်။

ဒါ့အပြင် အခုနှစ်ဘောလုံးရာသီမှာ မန်စီးတီးအသင်း ချန်ပီယံလိဂ်မှာ အောင်မြင်မှုရခြင်း၊ မရခြင်းကလည်း နည်းပြဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းမှာ ဆက်ရှိနေမယ့် အနာဂတ်အရေးကို အဆုံးအဖြတ် ဖြစ်စေလိမ့်မယ်လို့လည်း သတင်းတွေ ထွက်ပေါ်လျက်ရှိပါတယ်။

မန်စီးတီးအသင်းဟာ ၂၀၁၄ ခုနှစ်ကလည်း အလားတူစည်းမျဉ်းတွေကို ချိုးဖောက်ခဲ့တဲ့အတွက် ပေါင် ၄၉ သန်း ဒဏ်ရိုက်ခံခဲ့ရဖူးတဲ့သမိုင်းလည်း ရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ် – ရေးသားသည်**

# အစ္စကိုအား ပေါင် ၆၃ သန်းနဲ့ ခေါ်ယူဖို့ ချယ်လ်ဆီးနဲ့ အာဆင်နယ်ပြင်ဆင်

ရီးယဲလ်မက်ဒရစ်အသင်းဟာ လာမယ့်နွေရာသီဈေးကွက်မှာ ကစားသမားခေါ်ယူမှုအတွက် ရန်ပုံငွေလိုအပ်နေတာကြောင့် ပရီမီယာလိဂ်ပြိုင်ဘက်နှစ်သင်းဖြစ်တဲ့ ချယ်လ်ဆီးအသင်းနဲ့ အာဆင်နယ်အသင်းတို့ဟာ ရီးယဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား အစ္စကိုအား ခေါ်ယူဖို့ မျက်စိကျနေတယ်လို့ ဆိုပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ ပီအက်စ်ဂျီအသင်းမှ ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီကို နွေရာသီဈေးကွက်အတွင်း စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူသွားဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် ရီးယဲလ်မက်ဒရစ်အသင်းက အစ္စကိုအား ရောင်းချသွားဖို့ရှိနေပြီး ချယ်လ်ဆီးအသင်းနဲ့ အာဆင်နယ်အသင်းတို့ကလည်း အစ္စကိုအား ပြောင်းရွှေ့ကြေး ပေါင်၆၃ သန်းသုံးစွဲပြီး ခေါ်ယူဖို့ အပြိုင်ကြိုးပမ်းနေတာလည်း ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်း၊ အာဆင်နယ်အသင်းတို့အပြင် မန်စီးတီးအသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတာကြောင့် ပီအက်စ်ဂျီအသင်းအနေနဲ့ အမ်ဘတ်ပီကို ရီးယဲလ်မက်ဒရစ်ဆီ ရောင်းချမယ်ဆိုပါက အပြန်အလှန်အနေနဲ့ ရီးယဲလ်မက်ဒရစ်ကလည်း အစ္စကိုအား ပီအက်စ်ဂျီအသင်းဆီ ပြန်လည်ရောင်းချဖို့ စီစဉ်နေတယ်လို့လည်း သိရပါတယ်။




# စစ်ကိုင်းတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ကျင်းပ

**စစ်ကိုင်း ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် စစ်ကိုင်းမြို့ နှစ် (၇၀၀)ပြည့် အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းမြို့မိမြို့ဖအဖွဲ့၊ စစ်ကိုင်းမြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ စစ်ကိုင်းမြို့နယ် ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ စစ်ကိုင်းမြို့နယ် ဘောလုံးကစားသမားဟောင်းများအဖွဲ့နှင့် ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များ တက်ရောက်ကြပြီး စစ်ကိုင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဇော်ဝင်းက အဖွင့်အမှာစကားပြောကြား၍ ပြိုင်ပွဲအားဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲကို ဘာသာရပ်အသီးသီးမှ အမျိုးသား ၁၂ သင်း၊ အမျိုးသမီး ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ပြီး အဖွင့်ပွဲစဉ်အဖြစ် ဓာတုဗေဒအမျိုးသားအသင်းနှင့် မြန်မာစာအမျိုးသားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဓာတုဗေဒအသင်းက ၃ ဂိုး – ၂ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## အနုပညာ



# ရိုက်ကူးရေးအဖွဲ့သားတွေကို ချစ်သူများနေ့လက်ဆောင်ပေးအပ်ခဲ့တဲ့ ကင်မ်တေဟီး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ကင်မ်တေဟီးဟာ လတ်တလောကျရောက်ခဲ့တဲ့ ချစ်သူများနေ့အထိမ်းအမှတ်အဖြစ် သူပါဝင်ရိုက်ကူးနေတဲ့ ဇာတ်လမ်းတွဲရဲ့ ရိုက်ကူးရေးအဖွဲ့သားတွေကို လက်ဆောင်တွေ ပေးအပ်ခဲ့တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ငါးနှစ်ခန့်အကြာမှာမှ ရုပ်သံဇာတ်လမ်းတွဲသစ်နဲ့အတူ ပရိသတ်ရှေ့ အရောက်ပြန်လာဖို့ရာ ပြင်ဆင်နေတဲ့ ကင်မ်တေဟီးဟာ ဖေဖော်ဝါရီ ၁၄ ရက်မှာ ရိုက်ကွင်းပေါ်မှာရှိနေတဲ့ လုပ်ဖော်ကိုင်ဖက်တွေကို လက်ဆောင်တွေပေးခဲ့တာပါ။ မင်းသမီးဟာ ချောကလက်ဘူးတွေကို ရိုက်ကူးရေးအဖွဲ့သားတစ်ဦးချင်းစီကို ပေးခဲ့တဲ့အပြင် အဆိုပါဘူးတွေကို သူကိုယ်တိုင်လက်နဲ့အလှဆင်ကာ အချိန်ပေး ပြင်ဆင်ခဲ့ကြောင်းလည်း သိရပါတယ်။

ကင်မ်တေဟီးရဲ့ ဇာတ်လမ်းတွဲသစ်ကို JTBC ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်သွားမှာဖြစ်ပြီး “Hi Bye, Mama!” လို့ အမည်ရကာ လာမယ့်ဖေဖော်ဝါရီ ၂၂ ရက်မှာ စတင်ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# အင်္ဂလန်မှာ ရောက်ရှိနေတဲ့ ဂိုဟေဆန်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ ဂိုဟေဆန်းဟာ မကြာသေးမီက အင်္ဂလန်မှာ သွားရောက်ပညာသင်ကြားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး လတ်တလောမှာတော့ အင်္ဂလန်မှာ ရိုက်ကူးထားတဲ့ သူ့ရဲ့ ဓာတ်ပုံတွေကို လူမှုကွန်ရက်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဖေဖော်ဝါရီ ၁၄ ရက်မှာ ဂိုဟေဆန်းက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ အင်္ဂလန်မှာ ရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံတွေကို ဖော်ပြခဲ့တာပါ။ အဆိုပါဓာတ်ပုံတွေမှာ ဂိုဟေဆန်းဟာ နေရာသစ်မှာ ပျော်ရွှင်နေဟန်လည်း တွေ့မြင်ရပါတယ်။

ဂိုဟေဆန်းဟာ အင်္ဂလန်မှာ ဘာသာစကားနဲ့ပတ်သက်တဲ့ လေ့လာမှုတွေ အချိန်အတော်ကြာ ပြုလုပ်သွားမှာဖြစ်ပြီး နောက်ပိုင်းမှာ တောင်ကိုရီးယားက ဆန်ကျန်ကွမ်တက္ကသိုလ်မှာ ဆက်လက်ပညာသင်ကြားသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့် – စုစည်းသည်**



# ဂရီတာသန်းဘတ် မှတ်တမ်းရုပ်ရှင် ရိုက်ကူးမည်

ဆွီဒင်လူမျိုး ရာသီဥတုအရေး တက်ကြွလှုပ်ရှားသူ အသက် ၁၇ နှစ်အရွယ် အမျိုးသမီး ဂရီတာသန်းဘတ်အကြောင်းကို မှတ်တမ်းရုပ်သံဇာတ်လမ်းတွဲ ရိုက်ကူးသွားမှာဖြစ်ကြောင်း ဘီဘီစီကပြောကြားခဲ့တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဘီဘီစီစတူဒီယိုက ဖေဖော်ဝါရီ ၁၀ ရက်က ရာသီဥတုအရေးတက်ကြွလှုပ်ရှားသူ ဆယ်ကျော်သက် ဂရီတာသန်းဘတ်ရဲ့ မှတ်တမ်းရုပ်သံဇာတ်လမ်းတွဲကို ထုတ်လုပ်သွားမှာဖြစ်ကြောင်းနဲ့ သူ့ရဲ့အကြောင်းနဲ့ တွဲဖက်ကာ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နောက်ကွယ်က သိပ္ပံပညာအကြောင်းတွေကိုလည်း ဆက်စပ်ကာ ရိုက်ကူးတင်ဆက်သွားမှာ ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဒီဇာတ်လမ်းတွဲတွေမှာ ဂရီတာသန်းဘတ်ဟာ သိပ္ပံပညာရှင်တွေ၊ နိုင်ငံရေးလုပ်ဆောင်သူတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့တွေ့ဆုံကာ ရာသီဥတုအရေးပြောင်းလဲမှုတွေလုပ်ဆောင်ဖို့ရာ တိုက်တွန်းခဲ့ပုံတွေလည်း ပါဝင်မှာ ဖြစ်တယ်လို့ သိရပါတယ်။

# ကိုရိုနာဗိုင်းရပ်စ် ကြိုတင်ကာကွယ်မှု အလွတ်သဘောတွေ့ဆုံ



**မူဆယ် ဖေဖော်ဝါရီ ၁၅**

မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်ဦးဆောင်သည့် ဌာနဆိုင်ရာများနှင့် တရုတ်နိုင်ငံ ရွှေလီမြို့ ဒုတိယမြို့တော်ဝန် မစ္စတာ လီချီကွေ့ ဦးဆောင်သည့် တာဝန်ရှိသူတို့က ကိုရိုနာဗိုင်းရပ်စ်(COVID-19) ကူးစက်ခံရမှုအခြေအနေများနှင့် သေဆုံးမှုအခြေအနေများ၊ နယ်စပ်ဒေသတွင် ကြိုတင်ကာကွယ်မှု ဆောင်ရွက်နေသည့်အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်တွင် နှစ်နိုင်ငံဝိုင်းဝန်းပူးပေါင်း၍ ကြိုတင်ကာကွယ်မှုများ ဆက်လက်ဆောင်ရွက်မှုတို့ကို ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲပိုင်းတွင် နှစ်နိုင်ငံ အဝင်၊ အထွက်(နန်းတော်ဂိတ်) ချစ်ကြည်ရေးစင်တာ အစည်းအဝေးခန်းမ၌ အလွတ်သဘောတွေ့ဆုံ ဆွေးနွေးခဲ့သည်။

တရုတ်နိုင်ငံ ရွှေလီမြို့ ဒုတိယမြို့တော်ဝန် မစ္စတာလီချီကွေ့က တယ်ဟုန်ပြည်နယ်အစိုးရ၏ တာဝန်ပေးချက်အရ ကိုရိုနာဗိုင်းရပ်စ်(COVID-19) နှင့် ပတ်သက်ပြီး ရွှေလီမြို့နှင့် ကျယ်ဂေါင်တို့တွင် ကြိုတင်ကာကွယ်မှုဆောင်ရွက်သည့် အခြေအနေများ၊ ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကြောင့် လူစည်ကားရာ နေရာများကို ယာယီပိတ်ပင်ထားကြောင်း၊ တရုတ်နိုင်ငံဘက်တွင် အလုပ်လုပ်ကိုင်ကြသည့် မြန်မာပြောင်းရွှေ့အလုပ်သမားများက မြန်မာနိုင်ငံသို့ ပြန်လိုသူများကို ကူညီဆောင်ရွက်ပေးကြောင်း၊ ကြိုတင်ကာကွယ်ရန်နှင့် ကျန်းမာရေး စစ်ဆေးမှုလိုအပ်ချက်များကြောင့် နှစ်နိုင်ငံ ကုန်သွယ်စီးဆင်းမှုထိခိုက်နစ်နာရသည့်အပေါ် နားလည်ပေးစေကြောင်း၊ ဖေဖော်ဝါရီ ၂၃ ရက်နောက်ပိုင်း ကုန်သွယ်ရေးလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ကောင်းမွန်လာတော့မည်ဖြစ်ကြောင်း၊ လက်ရှိတွင် ကုန်တင်ယာဉ် ၂၀၀ ခန့်ဖြင့် ကုန်သွယ်စီးဆင်းမှုလည်ပတ်နေပြီး ကိုရိုနာဗိုင်းရပ်စ်(COVID-19)ကြောင့် ပြည်သူများက လာရောက်ဝယ်ယူမှု နည်းပါးကြောင်း၊ ရွှေလီမြို့ရှိ စက်ရုံများကိုလည်း ဖေဖော်ဝါရီလကုန်ပိုင်းတွင် ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ မူဆယ်မြို့နယ်စပ်ဒေသတွင် သံသယလူနာတွေ့ရှိပါက တရုတ်နိုင်ငံ မန်စီမြို့သို့ လာရောက်ပြီး ဆေးစစ်နိုင်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်(COVID-19)ကူးစက်မှုရှိ၊ မရှိသွေးဖောက်စစ်ဆေးနိုင်သော စက်ကိရိယာများကို အစုံအလင်တပ်ဆင်ထားပြီဖြစ်ကြောင်းနှင့် နှစ်နိုင်ငံဝိုင်းဝန်းပူးပေါင်းပြီး နယ်စပ်ဒေသတွင် ကြိုတင်ကာကွယ်မှုများကို ဆက်လက်လုပ်ဆောင်ရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူးက မူဆယ်မြို့တွင် ဌာနဆိုင်ရာများနှင့် ပရဟိတအသင်းအဖွဲ့တို့ ဝိုင်းဝန်းပူးပေါင်း၍ ကြိုတင်ကာကွယ်မှုများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း၊ ကြိုတင်ကာကွယ်မှုများကို ကြာရှည်ဆောင်ရွက်မည်ဖြစ်သည့်အတွက် ဌာနဆိုင်ရာများနှင့် ပရဟိတအသင်းအဖွဲ့များပါဝင်သည့် အဖွဲ့အစည်းတစ်ခု သီးသန့်ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ သံသယရှိသည့် လူနာတွေ့ရှိပါက တရုတ်နိုင်ငံ မန်စီမြို့သို့ ဆေးစစ်နိုင်ရန် ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူလူထုများထံ သတင်းဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**

# အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတွင် Steel Structure အလုပ်ရုံဆောက်လုပ်ရန် ပန္နက်တင်

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတွင် Steel Structure အလုပ်ရုံ တစ်ထပ်အဆောက်အဦ ဆောက်လုပ်ရန်အတွက် ပန္နက်တင်မင်္ဂလာကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါ အဆောက်အအုံ ၁၂၅ ပေ-၈၂ ပေကို ရတီပြည့်လျှံ ဆောက်လုပ်ရေး အင်ဂျင်နီယာများအုပ်စု ကုမ္ပဏီလီမိတက်က ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေ ကျပ် ၂၅၇ ဒသမ ၁၁ သန်းဖြင့် တာဝန်ယူ ဆောက်လုပ်သွားမည်ဖြစ်သည်။

**အမွှေးနံ့သာရည်များ ပက်ဖျန်း**

ပန္နက်တင်မင်္ဂလာပြုလုပ်ရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးအေးခိုင်၊ ဦးမျိုးဆွေဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (ကျောက်ပန်းတောင်း)မှ ကျောင်းအုပ်ကြီး ဒေါက်တာသီတာဆွေ၊ ဒုတိယကျောင်းအုပ်ကြီး ဒေါက်တာရီရီမွန်တို့က ပန္နက်တိုင်များ စိုက်ထူပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ကုမ္ပဏီတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သတ်မှတ်အချိန်အတွင်း သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ စေတနာရှေ့ထား၍ ဆောက်လုပ်ပေးရန်နှင့် လိုအပ်သည်များကို ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားခဲ့သည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ဝန်းသိုဌ် ၂၄ နာရီလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲကျင်းပ

**ဝန်းသို ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် မက္ကလက်ကျေးရွာ၌ မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ကျေးရွာမီးလင်းရေးကော်မတီဝင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လင်းဦးနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးနေမျိုးထွန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)ဖြင့် ကျေးရွာတွင်း မီးလိုင်းသွယ်တန်းခြင်းအကြောင်းနှင့် VDP စီမံကိန်းအကြောင်း ရှင်းလင်းဆွေးနွေးကာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ဇေယျက လျှပ်စစ်သုံးစွဲရာတွင် ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးဆွေးနွေးခဲ့သည်။ **မွေးကြူဇင်**

# ချင်းတွင်းတိုက်လိပ်များ စိန်နန်းသောင်၌ ယခုနှစ်သန္ဓေအောင်မြင်



**မုံရွာ ဖေဖော်ဝါရီ ၁၅**

ချင်းတွင်းမြစ်အတွင်းက ချင်းတွင်းတိုက်လိပ်များ စိန်နန်းသောင်တွင် ယခုနှစ် သန္ဓေအောင်ပြီဖြစ်ကြောင်း လိပ်မျိုးဆက် ရှင်သန်ထိန်းသိမ်းရေးအဖွဲ့ ဒါရိုက်တာ ဒေါကလျာထံမှ သိရသည်။

"ချင်းတွင်းတိုက်လိပ် ထိန်းသိမ်းရေးလုပ်ငန်းကို ၂၀၀၆ ခုနှစ်က ချင်းတွင်းမြစ်ထဲမှာ ရှင်သန်နေနိုင်တဲ့ လိပ်အထီးအရေအတွက် အလွန်နည်းလာတဲ့အတွက် နှစ်စဉ်သန္ဓေမအောင်တဲ့ ဥတွေရပါတယ်။ ၂၀၁၈ ခုနှစ်မှာတော့ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)က လိပ်မျိုးဆက် ရှင်သန်ထိန်းသိမ်းရေးအဖွဲ့နဲ့ သစ်တောဦးစီးဌာနတို့ ပူးပေါင်းမွေးမြူခဲ့တဲ့ ဆယ်နှစ်သား လိပ်ထီးအကောင် ၂၀ ကို စိန်နန်းရွာနားက ရေပေါ်ခြံကြီးထဲ မြစ်ရေစီးနှုန်းထဲမှာ ကူးခတ်နိုင်အောင်၊ ကြွက်သားတွေ သန်မာလာအောင် လေ့ကျင့်ပေးပြီး လွှတ်ပေးခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၁၄ နှစ်ဆက်တိုက် သန္ဓေမအောင်တဲ့ဥတွေဥနေပြီး ဒီနှစ် စိန်နန်းသောင်ပြင်မှာ လိပ်ဥတွေ သန္ဓေအောင်ပါပြီ"ဟု ဒေါကလျာက ပြောကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## သတင်းစုံကဏ္ဍ

### ဘွဲ့တံဆိပ်တော်ရအရှင်သူမြတ်များအား ထပ်ဆင့်ဂုဏ်ပြု

**ရန်ကုန်**

သာသနဝ္ဇဓ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ရ အရှင်ဣန္ဒာစာရနှင့် အရှင်နန္ဒိယ အရှင်းနှစ်ပါးတို့အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက လယ်တီကျောင်းတိုက် အောင်ဓမ္မဗိမာန်တော် ဗုဒ္ဓခန်းမကြီး၌ ကျင်းပခဲ့သည်။

နိုင်ငံတော်သြဝါဒါစရိယ စစ်ကိုင်းဆရာတော်က သာသနဝ္ဇဓဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်နှစ်ပါးတို့အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ခဲ့သည်။

အပူဇော်ခံ အရှင်မြတ်နှစ်ပါးအား သာသနာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး (ငြိမ်း) ဦးညွန့်မောင်၊ ဦးသိန်းဇော်၊ Dr.ဦးနီ(အဂ္ဂမဟာသီရိသုဓမ္မဇောတိကဓဇ)တို့က ဂုဏ်ပြုနဝကမ္မအလှူတော် ဝတ္ထုငွေများနှင့် ဂုဏ်ပြုလက်မှတ်များ ဆက်ကပ်ပူဇော်ခဲ့ကြသည်။

**တင်ကြည်(သဃ်န်းကျွန်း)**

### လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များဖြန့်ဝေ

**မှတ်တိုင်**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) မှတ်တိုင်မြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်လျှပ်စစ်မှူး ဦးညီညီနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက်က ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြင့်နိုင်**

### ကျောက်တန်းမြို့နယ်တွင် စွမ်းအားမြှင့်မီးဖိုများ အခမဲ့ဖြန့်ဝေ

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်တွင် သစ်တောပြုန်းတီးမှုကာကွယ်နိုင်ရေး၊ ထင်းသုံးစွဲမှုလျှော့ချနိုင်ရေး၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချနိုင်စေရန် ရည်ရွယ်၍ စွမ်းအားမြှင့်မီးဖိုများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန်းနှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲက လျှပ်စစ်မီးမရရှိသေးသော ကမာလမ်းကျေးရွာရှိ ကျေးလက်နေပြည်သူများအား စွမ်းအားမြှင့်မီးဖို အလုံး ၁၀၀ အား အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**



# နေပြည်တော် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီးမှ အခမဲ့ကွင်းဆင်းဆေးကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီး နေပြည်တော်မှ အခမဲ့ကွင်းဆင်း ဆေးကုသမှုကို ယနေ့ နံနက် ၉ နာရီက ဇေယျာသီရိမြို့နယ် ကျည်တောင်အုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ဆောင်ရွက်ခဲ့သည်။

**အခမဲ့စမ်းသပ်ကုသပေး**

ကွင်းဆင်းဆေးကုသမှုပြုရာတွင် ဇေယျာသီရိမြို့နယ် ကျန်းမာရေးကြီးကြပ်ကော်မတီ ရပ်မိရပ်ဖ ဦးဇော်ဝင်းလှိုင်၏ ပံ့ပိုးကူညီမှုဖြင့် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီးမှ ဒေါ်သန်းဦး၊ အကြီးတန်းတိုင်းရင်းဆေးမှူး ဦးဆောင်သော ကျန်းမာရေးဝန်ထမ်း ၂၂ ဦးက ကျည်တောင်အုပ်စု ကျည်တောင်ရွာ၊ သာယာဝှမ်းရွာ၊ ခေါမရွာ၊ စည်ပင်သာယာရွာ၊ ကံဦးရွာ၊ ငွေစုရွာ၊ မွန်းတည့်ခွင်(တောင်)၊ မွန်းတည့်ခွင်(မြောက်)ရွာများမှ ဒေသခံ ၁၈၀ အား သွေးတိုး၊ လေငန်း၊ ကိုယ်ယောင်၊ အဖော၊ အကြောအဆစ်ရောဂါ၊ အာရုံကြော အားနည်းရောဂါတို့ကို အခမဲ့စမ်းသပ်ကုသပေးပြီး ဆေးရုံတက်ရမည့်လူနာအား ဆေးရုံတက်ရောက်နိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

# ရန်ကုန်မြစ်အတွင်း အပျော်စီးရေယာဉ် ပထမဦးဆုံးခရီးစဉ် စတင်ဖွင့်လှစ်ပြေးဆွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်မြစ်အတွင်း အပျော်စီးသင်္ဘောများဖြင့် အပန်းဖြေစီးနင်းကြသူ များပြားခြင်းကြောင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာန)မှ မြစ်အတွင်း အပျော်စီးရေယာဉ် ပထမဦးဆုံးခရီးစဉ်အဖြစ် Tayza River Cruise (တေဇ) အပျော်စီးရေယာဉ်ကို ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၅ နာရီက ဗိုလ်တထောင် အမှတ်-၅ တံတားတွင် စတင်ဖွင့်လှစ်ပြေးဆွဲခဲ့သည်။

"ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ မိဘပြည်သူများနှင့် ခရီးသွားဧည့်သည်များအား ဝန်ဆောင်မှုပေးနိုင်ရေး၊ အများပြည်သူစိတ်အပန်းပြေစေရေးအတွက်ရည်ရွယ်၍ ရန်ကုန်မြစ်အတွင်း အပျော်စီးသင်္ဘောများကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား လုပ်ကိုင်နိုင်ခွင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်၊ မြစ်အတွင်းမှာ အပျော်စီးသင်္ဘောများဖြင့် အပန်းဖြေစီးနင်းသူ များပြားလာတယ်၊ အပန်းဖြေစီးနင်းကြသူ များပြားခြင်းကြောင့် ထပ်မံတိုးချဲ့ပြေးဆွဲနိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ)မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးသိန်းမြင့်က ပြောကြားသည်။

"ကျွန်တော်တို့ ရန်ကုန်မြစ်တွင်းမှာပဲ အပျော်စီးသင်္ဘောနှစ်စင်းနဲ့ မိဘပြည်သူများကို ဝန်ဆောင်မှုပေးသွားမှာဖြစ်ပါတယ်၊ လတ်တလောအနေနဲ့ တိုးပွားအပျော်စီးရေယာဉ်မှာ ဒေါက်တင်ပြီး အဆင့်မြှင့်တင် မွမ်းမံလျက်ရှိလို့ တေဇရေယာဉ်တစ်စင်းနဲ့ အပျော်စီးခရီးစဉ်အဖြစ် ပြေးဆွဲပေးလျက်ရှိပါတယ်၊ အများပြည်သူ စိတ်အပန်းပြေစေဖို့အတွက် ရည်ရွယ်ပြီးတော့ ရေယာဉ်တွေကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ဒဂုံသင်္ဘောကျင်းမှာ ဒေါက်တင် ပြန်လည်ပြင်ဆင်ပြီး ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို ငှားရမ်း လုပ်ကိုင်ခွင့်ပြုထားတယ်၊ ဌာနအနေနဲ့ အစိုးရပိုင် စီးပွားရေးလုပ်ငန်းဖြစ်တဲ့ Tayza River Cruise (တေဇ)အပျော်စီးရေယာဉ် တစ်စင်းနဲ့ လက်ရှိမှာ ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်၊ နောက်ပိုင်း တိုးချဲ့ပြီး ပြေးဆွဲသွားဖို့ အစီအစဉ်ရှိပါတယ်။ ဒီလို ခရီးစဉ်တွေ ပြေးဆွဲခြင်းကြောင့် ဌာနအနေနဲ့ ဝင်ငွေပိုပြီးရရှိမှာဖြစ်ပြီး ပြည်တွင်းခရီးသွားကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်လာမှာဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ အပျော်စီးသင်္ဘောများနဲ့ အပန်းဖြေနိုင်တဲ့ အခြေအနေကို ကြည့်ရင် ဟိုယခင်ကထက် ခေတ်မီဖွံ့ဖြိုးတိုးတက်လာတာကို မြင်တွေ့နေပြီဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။



**နိုင်လင်းကျော်(ဒလ)**



## ကိုရိုနာဗိုင်းရပ်စ်ကာကွယ်နိုင်ရန် နှာခေါင်းစည်းများ လှူဒါန်း

**မန္တလေး ဖေဖော်ဝါရီ ၁၅**

ကိုရိုနာဗိုင်းရပ်စ်ရောဂါကို ကာကွယ်နိုင်ရန်အတွက် မန္တလေးမြို့ရှိ Young Insurance ကုမ္ပဏီက နှာခေါင်းစည်း(Mask) အခု ၂၀၀၊ တီရှပ် ၁၀ ထည်၊ လက်ဆေးရည်ဘူးနှင့် လက်ဆေးရည်ထည့်သည့်စက်ပါဝင်သော Hand Sanitizer Dispenser တစ်စုံအပါအဝင် အသိပညာပေးလက်ကမ်းစာစောင် ၁၀ ခုတို့ကို မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန်အတွက် အဆိုပါကုမ္ပဏီရုံးခန်း၌ ယနေ့ ညနေ ၃ နာရီက လှူဒါန်းသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါကာကွယ်ထိန်းချုပ်ရေးကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဈေးကွက်အတွင်း နှာခေါင်းစည်းများ ဈေးအဆမတန်မြင့်တက်ခဲ့သည့်အတွက်ကြောင့် လက်ဆေးရည်ဘူးများ၊ လက်ဆေးရည်ထည့်သည့်ခွက်များအပါအဝင် နှာခေါင်းစည်းများကို ဆက်လက်မျှဝေရန်အတွက် မန္တလေးမြို့ရှိ ဆေးရုံများအပါအဝင် ကျွဲဆည်ကန်ကားကွင်းတို့၌ ယခုရက်ပိုင်းအတွင်း ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးသန့်ဇော်က ပြောသည်။

**ပွင့်သစ္စာ**

## ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**ပူတာအို ဖေဖော်ဝါရီ ၁၅**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် နမ်ထွမ်ခူးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါကျောင်းဆောင်သစ်ရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်ဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိမ်းလေး၊ မြို့နယ်ပညာရေးမှူး ဦးအမ်ထင်ဆန်း၊ ပူတာအိုနန်းတော်ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးတင်လှတို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအမ်ထင်ဆန်းက ကျောင်းဆောင်သစ်ကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများဝိုင်းဝန်းထိန်းသိမ်းသွားကြရန် လိုအပ်ကြောင်း၊ ထူးချွန်ထက်မြက်သည့် အနာဂတ်၏ ခေါင်းဆောင်ကောင်းများ ပေါ်ပေါက်လာသည် အထိမွေးထုတ်ပေးရန်လိုအပ်ကြောင်း ပြောကြားပြီး ပူတာအိုနန်းတော်ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာဦးတင်လှက ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကိုလွှဲပြောင်းပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝါဝါမြင့်ဝင်းက လက်ခံရယူပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဂျေဆာက ကျောင်းဆောင်သစ် ဆောက်လုပ်ပေးခြင်းအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါကျောင်းဆောင်သစ်ကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေ ငွေကျပ်သန်းပေါင်း ၁၅၃ ဒသမ ၆၀၀ ဖြင့် ဆောက်လုပ်ခြင်းဖြစ်ပြီး အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ Steel Structure နှစ်ထပ်အဆောက်အဦ အမျိုးအစားဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

## ကျောင်းကုန်းမြို့၌ ဖေဖော်ဝါရီလအတွင်း စွမ်းအားမြှင့်မီးဖိုအလုံးပေါင်း ၉၀၀၀ ဖြန့်ဝေသွားမည်

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၅**

ကိုရီးယားသမ္မတနိုင်ငံ ရာသီဥတုပြောင်းလဲမှုဗဟိုဌာနက ထောက်ပံ့လှူဒါန်းသည့် စွမ်းအားမြှင့်မီးဖိုများအား ကျောင်းကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းက လျှပ်စစ်မီးမရရှိသည့် ကျေးလက်ဒေသများသို့ အရောက် ပေးအပ်ခဲ့သည်။

ကျောင်းကုန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဇော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးထင်ကျော်ဦးနှင့် ဝန်ထမ်းများက ရွာသာကုန်းကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၁၁၂ အတွက် စွမ်းအားမြှင့်မီးဖို ၁၁၂ လုံးကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီလတွင် ကျေးရွာအုပ်စု ၁၆ စု၊ ကျေးရွာခွဲပေါင်း ၁၀၇ ရွာအတွက် စွမ်းအားမြှင့်မီးဖို အလုံးပေါင်း ၉၀၀၀ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



## သနပ်ပင်မြို့နယ်အတွင်း Portable Solar များ ပေးအပ်လှူဒါန်း

**သနပ်ပင် ဖေဖော်ဝါရီ ၁၅**

သနပ်ပင်မြို့နယ်အတွင်းရှိ ကျေးရွာ သုံးရွာမှ အိမ်ထောင်စု ၃၅၇စုအား Portable Solarများ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၉ နာရီက လှဇင်းဘောင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၂) ဦးမျိုးမြင့်အောင်က အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချောစုခံ (နည်းပညာ)က မြို့နှင့်အလှမ်းဝေးပြီး လျှပ်စစ်မီး မရရှိသေးသည့်ကျေးရွာများ Portable Solarဖြင့် မီးအလင်းရရှိစေရန်အတွက် Schneider Electric Myanmarကုမ္ပဏီက ကျေးရွာသုံးရွာမှ အိမ်ထောင်စုများအား Portable Solarများ ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၂) ဦးမျိုးမြင့်အောင်နှင့် တာဝန်ရှိသူများက အပိုင်ကျေးရွာမှအိမ်ထောင်စု ၁၁၅ စု၊ လှဇင်းဘောင်ကျေးရွာမှ အိမ်ထောင်စု ၁၀၀ နှင့် ကမာခနိမ်ကျေးရွာများမှ အိမ်ထောင်စု ၁၄၂ စု စုစုပေါင်း အိမ်ထောင်စု ၃၅၇စုတို့အား Portable Solarများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကော့သောင်းနယ်စပ်ဂိတ်မှ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါစစ်ဆေးပြီး ပြန်လည်လက်ခံ

**ကော့သောင်း ဖေဖော်ဝါရီ ၁၅**

ထိုင်းနိုင်ငံက မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးသည့် မြန်မာရွှေ့ပြောင်း အလုပ်သမား အမျိုးသား ၄၉ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း အလုပ်သမား ၅၉ ဦးကို ယမန်နေ့ညနေပိုင်းက ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာန တာဝန်ရှိသူများက ကော့သောင်းနယ်စပ်ဂိတ်သို့ ရေလမ်းခရီးဖြင့် လာရောက်ပြန်လည်လွှဲပြောင်းပေးအပ်ရာ ကော့သောင်းမြို့နယ် ကျန်းမာရေးဌာနနှင့် တာဝန်ရှိအဖွဲ့အစည်းများက ကိုရိုနာဗိုင်းရပ်စ်အဆုတ်ရောင် ကူးစက်ရောဂါ ပြန့်ပွားမှုမရှိစေရေးအတွက် တိုင်းတာစစ်ဆေးပြီး ပြန်လည်လက်ခံခဲ့ကြောင်း သိရသည်။

### ကူညီဆောင်ရွက်ပေး

အဆိုပါအလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုလက်ခံကြကာ ပြည်သူ့ကျန်းမာရေးဌာနမှ ကိုရိုနာဗိုင်းရပ်စ်အဆုတ်ရောင်ရောဂါ သံသယရှိသူများ ပါဝင်လာခြင်းရှိ၊ မရှိ စမ်းသပ်စစ်ဆေးခြင်း၊ ရောဂါကြိုတင်ကာကွယ်ရေး Mask များ တစ်ဦးချင်းစီသို့ ဖြန့်ဝေပေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာပြန်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ယင်းသို့ လာရောက်လွှဲပြောင်းပေးအပ်သည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများတွင် ကိုရိုနာဗိုင်းရပ်စ်အဆုတ်ရောင်ရောဂါ ကူးစက်ခံရသည့် သံသယဖြစ်သူများ ပါဝင်လာခြင်းမရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ကိုယ်ပိုင်လွတ်လပ်ခွင့်ရသောတက္ကသိုလ်များ အပိုင်း(၄)

ဒေါက်တာမျိုးကြွယ် (NEPC)


ကျွန်တော့်ကို ထိုင်းနိုင်ငံ ကက်ဆက်ဆပ်တက္ကသိုလ် (Kasetsart University)မှ တက္ကသိုလ်တည်ထောင်သည့် (၇၇)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့်အတူ အဆင့်မြင့်ပညာဆိုင်ရာဆွေးနွေးပွဲကို **'အဆင့်မြင့်ပညာရေးနှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးအချက် (၁၇) ချက်ကို လက်တွေ့လုပ်ဆောင်ရေး'**(Higher Education and Sustainable Development: facing Realities and Implementing Change) ခေါင်းစဉ်ဖြင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၄ ရက်နေ့အထိ ဖိတ်ကြား၍ တက်ရောက်ခဲ့ပါသည်။

ဤတက္ကသိုလ်သည် ၁၉၄၃ ခုနှစ်တွင် စိုက်ပျိုးရေးနှင့် သစ်တောကောလိပ်အဖြစ်စတင်၍ ဖွင့်လှစ်ခဲ့ပြီး ယခုအခါတွင် ထိုင်းနိုင်ငံ၏အားကိုးရသော စိုက်ပျိုးမွေးမြူရေး အခြေခံသုတေသနတက္ကသိုလ်အဖြစ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ တက္ကသိုလ်တွင် ဒေသအလိုက်နယ်မြေ (Campus) လေးခုရှိပြီး သုတေသနသိပ္ပံဌာန(Institute)လည်း များစွာရှိပါသည်။ ကျောင်းသား ကျောင်းသူပေါင်း ၅၈၀၀၀ ကျော် ပညာသင်ကြားလျက်ရှိပါသည်။ မူလနယ်မြေဖြစ်သည့် ဘန်ကောက်မြို့ ဘန်ကန်း (Bangkhen Campus) တွင် မဟာဌာန ၁၄ ခုနှင့် ဘွဲ့လွန်သင်တန်းကျောင်း (Graduate School) တစ်ခု၊ ပတ်ဝန်းကျင်ဆိုင်ရာကောလိပ် (College of Environment) တစ်ခုရှိပါသည်။ စိုက်ပျိုးရေးမဟာဌာန (Faculty of Agriculture)အောက်တွင် ဌာနကိုးခု (လယ်ယာသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ မြေဆီလွှာသိပ္ပံ၊ ကိမိလဗေဒ၊ အပင်ရောဂါဗေဒ၊ စိုက်ပျိုးရေးပညာပေးရေး၊ အိမ်တွင်းမှုစီးပွားရေး၊ စက်မှုလယ်ယာ၊ မွေးမြူရေးသိပ္ပံ)နှင့် သုတေသနစင်တာနှစ်ခု (စိုက်ပျိုးစီးပွားရေးနှင့် ကျေးလက်ဒေသလေ့လာရေး)ရှိပါသည်။

စီးပွားရေးဆိုင်ရာ အုပ်ချုပ်မှုပညာမဟာဌာန (Faculty of Business Administration)တွင် ဌာနငါးခု (ဘဏ္ဍာရေးနှင့်ငွေကြေး၊ စီမံခန့်ခွဲရေး၊ လုပ်ငန်းလည်ပတ်မှု၊ ရောင်းဝယ်ဖောက်ကားခြင်း၊ ငွေစာရင်း) ရှိပါသည်။ ငါးလုပ်ငန်းဆိုင်ရာမဟာဌာန (Faculty of Fisheries)တွင် ဌာနငါးခု (ငါးလုပ်ငန်းစီမံခန့်ခွဲမှု၊ ငါးဆိုင်ရာဇီဝဗေဒ၊ ငါးထုတ်ကုန်များ၊ ငါးပုစွန်မွေးမြူရေး၊ အဏ္ဏဝါသိပ္ပံဗေဒ)ရှိပါသည်။ လူမှုရေးဆိုင်ရာမဟာဌာန (Faculty of Humanities)တွင် ဌာနရှစ်ခု (လူမှုဆက်သွယ်ရေးသိပ္ပံ၊ ဒဿနိကဗေဒနှင့် ဘာသာရေး၊ နိုင်ငံခြားဘာသာများ၊ ထိုင်းဘာသာရပ်၊ ဘာသာဗေဒ၊ ရသစာပေ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ဂီတ) ရှိပါသည်။ သစ်တောသိပ္ပံမဟာဌာန (Faculty of forestry)တွင် ဌာနခြောက်ခု (သစ်တောစီမံခန့်ခွဲမှု၊ သစ်တောဇီဝဗေဒ၊ သစ်တောထွက်ပစ္စည်းများ၊ သစ်တောစိုက်ပျိုးခြင်း၊ သစ်တောအင်ဂျင်နီယာ၊ သစ်တောများထိန်းသိမ်းမှု)ရှိပါသည်။

သိပ္ပံမဟာဌာန (Faculty of Science) တွင် ဌာန ၁၃ ခု (သင်္ချာ၊ ဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ဇီဝဓာတုဗေဒ၊ ရုက္ခဗေဒ၊ ဗီဇပညာ၊ ရူပဗေဒ၊ အသုံးချဓာတ်ရောင်ခြည်သိပ္ပံ၊ ကွန်ပျူတာသိပ္ပံ၊ ဘူမိဗေဒ၊ စာရင်းအင်းပညာ၊ သတ္တဗေဒ၊ ရုပ်ဒြပ်သိပ္ပံ) ရှိပါသည်။ အင်ဂျင်နီယာမဟာဌာန (Faculty of Engineering) တွင် ဌာန ၁၁ ခု (လေကြောင်းအင်ဂျင်နီယာ၊ ကွန်ပျူတာအင်ဂျင်နီယာ၊ ဓာတုအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ ရေအရင်းအမြစ်အင်ဂျင်နီယာ၊ လျှပ်စစ်အင်ဂျင်နီယာ၊ မြို့ပြအင်ဂျင်နီယာ၊ ဒြပ်ထုအင်ဂျင်နီယာ၊ ပတ်ဝန်းကျင်ဆိုင်ရာအင်ဂျင်နီယာ၊ လျှပ်စစ်စက်မှုထုတ်လုပ်မှုအင်ဂျင်နီယာ) ရှိပါသည်။

ပညာရေးမဟာဌာန (Faculty of Education) တွင် ဌာနငါးခု (သင်ပြနည်းပညာ၊ ပညာရေးစိတ်ပညာ၊ ပညာရေးနည်းပညာ၊ အားကစားပညာရေး၊ လုပ်ငန်းခွင်ပညာရေး) နှင့် လေ့ကျင့်ရေးကျောင်းသုံးခု (ပညာရေးသုတေသနနှင့် ဖွံ့ဖြိုးရေး၊ အပြည်ပြည်ဆိုင်ရာပညာရေး၊ ဘာသာရပ်ပေါင်းစုံလေ့လာသင်ယူရေး) ရှိပါသည်။ စီးပွားရေးပညာမဟာဌာန (Faculty of Economics)တွင် ဌာနလေးခု (စီးပွားရေးပညာ၊ စိုက်ပျိုးစီးပွားရေးနှင့် သဘာဝအရင်းအမြစ်၊ သမဝါယမသိပ္ပံ)နှင့် သုတေသနစင်တာသုံးခု (အသုံးချစီးပွားရေး၊ စာကြည့်တိုက်၊ သမဝါယမစီးပွားရေး) ရှိပါသည်။ ဗိသုကာပညာမဟာဌာန (Faculty of Architecture)တွင် ဌာနလေးခု (အဆောက်အဦဗိသုကာ၊ မြေယာအလှပြုပြင်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ဆောက်လုပ်ရေးနည်းပညာ ရှိပါသည်။




ကက်ဆက်ဆပ်တက္ကသိုလ်ကောင်စီ



ထိုင်းနိုင်ငံ ကက်ဆက်ဆပ်တက္ကသိုလ်၏ ပင်မအဆောက်အဦ။




ကက်ဆက်ဆပ်တက္ကသိုလ်ပရဝဏ်အား တွေ့ရစဉ်။

လူမှုရေးသိပ္ပံမဟာဌာန (Faculty of Social Science)ဌာနခြောက်ခု (စိတ်ပညာ၊ ဥပဒေ၊ သမိုင်း၊ ပထဝီ၊ နိုင်ငံရေးသိပ္ပံနှင့် ပြည်သူ့အုပ်ချုပ်ရေး၊ လူမှုရေးပညာနှင့် မနုဿဗေဒ)တို့ ပါဝင်ပါသည်။ တိရစ္ဆာန်မွေးမြူရေးဆေးပညာ မဟာဌာန (Faculty of Veterinary Medicine)တွင် ဌာနကိုးခု (ခန္ဓာဗေဒ၊ ကာကွယ်ဆေး ပညာ၊ ကပ်ပါးဗေဒ၊ ရောဂါဗေဒ၊ ဆေးဝါးဗေဒ၊ ဆေးလက်တွေ့ပညာ၊ ဇီဝကမ္မဗေဒ၊ ပြည်သူ့ကျန်းမာရေး၊ မွေးမြူနည်းဆိုင်ရာထုတ်လုပ်မှု)တို့ ပါဝင်ပါသည်။

စိုက်ပျိုးထုတ်လုပ်မှုနည်းပညာဆိုင်ရာ မဟာဌာန (Faculty of Agro-Industry)တွင် ဌာနခြောက်ခု (ထုပ်ပိုးမှုနည်းပညာ၊ ဇီဝနည်းပညာ၊ ထုတ်ကုန်တိုးတက်ရေး၊ အထည်အလိပ်သိပ္ပံ၊ အစားအသောက်သိပ္ပံနှင့် နည်းပညာ၊ စိုက်ပျိုးစက်မှုနည်းပညာ)တို့ပါဝင်ပါသည်။ တိရစ္ဆာန်ဆေးဝါးဆိုင်ရာ နည်းပညာဌာနတစ်ခု ပါဝင်ပါသည်။ ပတ်ဝန်းကျင် ဆိုင်ရာမဟာဌာန (Faculty of Environment)တွင် ဌာနနှစ်ခု (ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ ပတ်ဝန်းကျင်သိပ္ပံ) ရှိပါသည်။ တက္ကသိုလ်၏ ဘွဲ့လွန်ကျောင်းသားကျောင်းသူများ (ဘွဲ့လွန်ဒီပလိုမာ၊ မဟာသိပ္ပံ၊ မဟာဝိဇ္ဇာ၊ ပါရဂူဘွဲ့)များအတွက် ဘွဲ့လွန်သင်တန်းကျောင်း (The Graduate School)က ကြီးကြပ်ကွပ်ကဲပါသည်။

ကင်ပန်ဆန်နယ်မြေ (KamphaergSaen Campus)တွင်တော့ မဟာဌာနငါးခု (စိုက်ပျိုးရေး၊ အင်ဂျင်နီယာ၊ အားကစားသိပ္ပံ၊ လူမှုရေးဝိဇ္ဇာနှင့်သိပ္ပံ၊ ပညာရေးနည်းပညာနှင့် မွေးမြူဆေးပညာ) တို့ ဖြစ်ပါသည်။ ဆခုန်နခွန်နယ်မြေ (SakonNakhon Campus) တွင်တော့ မဟာဌာနလေးခု (သဘာဝအရင်းအမြစ်နှင့် စိုက်ပျိုးထုတ်ကုန် နည်းပညာ၊ သိပ္ပံနှင့်အင်ဂျင်နီယာ၊ အနုဝိဇ္ဇာနှင့် စီမံခန့်ခွဲရေး၊ ပြည်သူ့ကျန်းမာရေး)တို့ဖြစ်ပါသည်။ ဆရိရာချ နယ်မြေ (Sri Racha Campus)တွင် မဟာဌာနလေးခု (စီမံခန့်ခွဲရေး၊ အင်ဂျင်နီယာသိပ္ပံ၊ စီးပွားရေး)နှင့် အပြည်ပြည်ဆိုင်ရာ အဏ္ဏဝါသိပ္ပံကောလိပ်တို့ရှိပါသည်။ ကျောင်းသားကျောင်းသူများ အားကစားသိပ္ပံ (Sport Science)ကို လေ့လာသင်ယူလိုပါက ကင်ပန်ဆန်နယ်မြေ ကာယတက္ကသိုလ်တွင် သွားရောက်သင်ကြားရပြီး ပြည်သူ့ကျန်းမာရေးပညာ (Public Health) ကို လေ့လာသင်ယူလိုပါက ဆခုန်နခွန်ပြည်နယ်ကို သွားရောက်သင်ယူရမည်ဖြစ်ပါသည်။

တက္ကသိုလ်လွတ်လပ်စွာ စီမံခန့်ခွဲမှုအတွက် အဓိကမောင်းနှင်အားမှာ တက္ကသိုလ်၏ပါမောက္ခချုပ်နှင့် ပါမောက္ခဌာနမှူးများကို ကက်ဆက်ဆပ်တက္ကသိုလ်ကောင်စီ (Kasetsart University Council)က ထိန်းသိမ်းကြီးကြပ်လမ်းညွှန်မှုပြုလုပ်ပါသည်။ ကောင်စီတွင် ဥက္ကဋ္ဌအပါအဝင် ပြင်ပပုဂ္ဂိုလ် ၁၅ ဦးကလည်းကောင်း၊ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ပါမောက္ခများ ၁၃ ဦး စုစုပေါင်း ၂၈ ဦးပါ ကောင်စီအဖွဲ့ဝင်များက တစ်လတစ်ကြိမ် အစည်းအဝေးပြုလုပ်ကာ ပါမောက္ခချုပ်၏ လစဉ်စီမံခန့်ခွဲမှုကို ကြီးကြပ်ကွပ်ကဲပါသည်။

ကောင်စီက မူဝါဒပိုင်းကိုချမှတ်ပေးပြီး ပါမောက္ခချုပ်နှင့်အဖွဲ့က အကောင်အထည်ဖော်ပါသည်။ ကက်ဆက်ဆပ်တက္ကသိုလ် ပါမောက္ခချုပ်တွင်လည်း ဒုတိယပါမောက္ခချုပ်များ၊ မဟာဌာနမှူးများ၊ ပညာရေးကော်မတီ၊ အုပ်ချုပ်ရေးကော်မတီ၊ အထောက်အကူပြုကော်မတီ၊ ဝန်ထမ်းပေါင်းစုံ ဆီးနိတ်အဖွဲ့(Staff Senate)တို့ ဝန်းရံပါဝင်ပြီး အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေးကိစ္စများကို လုပ်ဆောင်ပါသည်။

ကျွန်တော်၏သူငယ်ချင်း တာဝန်ယူနေသော နခွန်ပနုံတက္ကသိုလ်(NakhonPhanom University)တွင် ကောင်စီဥက္ကဋ္ဌအပါအဝင် ၁၉ ဦးရှိပါသည်။ အဖွဲ့ဝင် မဂဏန်းထားရခြင်းမှာ လိုအပ်ပါက မဲခွဲဆုံးဖြတ်ရန်ဖြစ်သည် ဟူ၍ ပြောပါသည်။ ဥက္ကဋ္ဌဖြစ်သူမှာ လူအများလေးစားသူ၊ နာမည်ရှိသူ၊ အုပ်ချုပ်ရေးကျွမ်းကျင်သူနှင့် တက္ကသိုလ်သင်ရိုးညွှန်းတမ်းစီမံခန့်ခွဲရေးများ ကျွမ်းကျင်သူဖြစ်ပြီး ထိုသူအား ရွေးချယ်တင်မြှောက်ရပါမည်။ ကောင်စီ၏ သက်တမ်းမှာ တက္ကသိုလ်သက်တမ်းနှင့်မတူပါ။ ဥပမာ တက္ကသိုလ်ပါမောက္ခချုပ်ကို ရွေးချယ်ရမည်ဆိုလျှင် ပါမောက္ခချုပ်သက်တမ်းသည် လေးနှစ်ဖြစ်ပါက ကောင်စီသည် ငါးနှစ်တစ်ကြိမ် ဖြစ်ချင်ဖြစ်ပါလိမ့်မည်။ ကောင်စီအဖွဲ့ဝင်ထဲမှ သင့်တော်သူကို ပါမောက္ခချုပ်အဖြစ် ရွေးချယ်တင်မြှောက်ရပါမည်။ အားလုံးလျာထားပြီးပါက အစိုးရအဖွဲ့နှင့် ထိုင်းဘုရင်က အတည်ပြုထုတ်ပြန်သည် ဟု ပြောပါသည်။

ပြင်ပမှ ကောင်စီအဖွဲ့ဝင်များမှာ အငြိမ်းစားပါမောက္ခချုပ်များ၊ အငြိမ်းစားပါမောက္ခများ၊ အငြိမ်းစားအုပ်ချုပ်ရေးမှူးများ၊ ဒေသအစိုးရမှ အဖွဲ့ဝင်များဖြစ်ကြရပါမည်။ ထိုကဲ့သို့ တက္ကသိုလ်ကောင်စီနှင့် ပါမောက္ခချုပ်အဖွဲ့တို့ အပြန်အလှန်ထိန်းကျောင်းရင်း(Check and Balance) ဖြင့် မြန်မာနိုင်ငံတက္ကသိုလ်များ လွတ်လပ်စွာစီမံခန့်ခွဲရေး (Autonomous University System)ကို စနစ်တကျ ပြုလုပ်ရင်း နိုင်ငံတကာအဆင့်ရောက်တက္ကသိုလ်များအဖြစ် တက်လှမ်းနိုင်ပါစေဟု ဆန္ဒပြုလိုက်ရပါသည်။ ။




PANDA Engineering Group Since 1999

Air-Con Sales & Service Centre

09 515 8803, 09 732 29024, 09 519 8402
09 253 582 510, 09 253 833 810

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၃၁၃)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးသန်းအမည်ပေါက် (၁၀)နှစ်ဂရန်သက်တမ်းကုန် မြေကွက်အား အမည်ပေါက်သူ ဦးသန်း[၉/ပမန(နိုင်)၀၀၃၀၅၁]မှ မြေငှားစာချုပ်သစ်လျှောက်ထားရန်အတွက် (၁၀)နှစ်ဂရန်မြေငှားစာချုပ် ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၂၂၁၃/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ မြေငှားဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်(မူရင်း)များတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ဤကြော်ငြာပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂/တိုးချဲ့)၊ မြေကွက်အမှတ်(၁၆၉/၃)၊ မြေကွက်တည်ရာအမှတ်-၁၆၉/၃၊ မြေကွက်အမှတ်-၁၆၉/၁နှင့်ကပ်လျက်၊ ခိုင်သဇင်လမ်း၊ ၃၂/တိုးချဲ့ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ ဦးသန်းလှ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်သူ ဦးသန်းလှ [၁၂/အလန(နိုင်)၀၂၉၀၂၅]ကိုယ်တိုင်မှ မြေတိုင်း (ရုံးတိုင်း) တိုင်းတာပေးပါရန် လျှောက်ထားလာရာ မြေပြင်တွင် အုတ်ခြံစည်းရိုးခတ်ထားကြောင်း စိစစ်တွေ့ရှိရသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လမ်းမကျယ် (ဂုတ်) မြေကွက်ရောင်းမည်

ရန်ကင်း၊ကျောက်ကုန်းမီးပွိုင့်အနီး၊

ဖအောင်ဇေယျာလမ်းမကျယ် ဂုတ်ကွက်

နေရာကောင်းမြေကွက်ကျယ်ကို

သိန်း(၃၅၀၀) ဖြင့်

**ပိုင်ဆိုင်နိုင်မည့်အခွင့်အရေး**

**မြေအကျယ် - 2600 sqft**

**09 - 96 111 8777 , 09 - 7700 20007**

## ရခဲလှသောအခွင့်အရေး
### ရောင်းမည် (ဦးရာလူရမည်)

သုဝဏ္ဏမြို့၊ ကမာကြည်လမ်းမပေါ်ရှိ ပေ (၆၀x၁၁၀) ဂရန်မြေပေါ်ရှိ နှစ်ထပ်လုံးချင်းတိုက်တစ်လုံးကို ဆိုဈေး -သိန်း (၁၂၀၀၀) ဖြင့် အမြန်ရောင်းမည်။

(က) နေရာနှင့်တိုက်အခြေအနေ၊ အခန်းအဆင့်မြင့် ပြင်ဆင်ဖွဲ့စည်းထားပုံ အလွန်ကောင်းသည်။ (အိပ်ခန်း- ၃ခန်း)

(ခ) ကားဂိုဒေါင်သီးသန့်

(ဂ) ဆက်သွယ်ရန် (၁) ၀၉-၇၉၇၉၇၅၇၉၇၊ (၂) ၀၉-၅၁၅၉၉၉၈၊ (၃) ၀၉-၅၁၅၅၅၈၈

**အကျိုးဆောင်လက်ခံသည်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ(၀.၁၄၆)ဧကရှိ ဦးကျော်[၁၂/ကမရ(နိုင်)၀၀၉၈၃၄] အဖအမည် ဦးသောင်းဖေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၁၇၆၁)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၆၁၄၂/၂၀၁၁ဖြင့် မြေကွက်အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်ရရှိထားသူ ဦးတင်ထွေး [၉/ပမန(နိုင်)၀၁၉၃၈၂]၊ အဖအမည် ဦးမြင့်ဆွေမှ ဒေါ်ဝင်းဝင်းဆွေ[၇/ရတရ(နိုင်)၀၆၇၈၀၂]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ တောင်မြင့်ရပ်ကွက်၊ ဦးပိုင်အမှတ် (၂-က)+(၂-ခ)၊ ကွင်းအမှတ် (၅၉၀)+(၅၉၀/၁)၊ တိုက်အမှတ်(၁၅) RC(၉)ထပ်အဆောက်အအုံ၏ အခန်းအမှတ်(၅၀၃)၊ (၅လွှာ)၊ ဧရိယာ(၆၀၅)စတုရန်းပေရှိ Garden City တိုက်ခန်းနှင့် ၎င်း Garden City တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော Mandalay Garden City Construction Co.,Ltd (ကိုယ်စား) ဦးဌေးမြင့် [၁/မကန(ဧည့်)၀၀၁၃၇၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးနေဇည်ားထော[၉/အမဇ(နိုင်)၀၅၉၄၄၂]၊ ဒေါ်အိအိသက်ပိုင်[၉/မခန(နိုင်)၂၅၁၂၃၇]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးနေဇည်ားထော၊ ဒေါ်အိအိသက်ပိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းမင်းစိုး** | **ဒေါ်သူဇာကျော်** | **ဒေါ်ဝေဖြိုးအောင်** |
| **LL.B,WIPO(Switzerland)** | **LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)** |
| **Ph:09-450023651** | **Ph:09-254508917** | **Ph:09-421157856** |

**Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ်(၁၃၇)၊ (၂)ခန်းတွဲ RC(၆)ထပ်အဆောက်အအုံ၏ (ပထမထပ်)၊ (လက်ဝဲခန်း)၊ ဧရိယာ(၅၀၆) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော စီးယူဟွန်း(ခ)ဒေါ်မိုးမြမြ[၁၂/ကမရ(နိုင်)၀၄၅၀၃၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဦးကျော်မိုး[၁၂/ဒလန(နိုင်)၀၃၅၆၈၂]က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော်မိုး၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းမင်းစိုး** | **ဒေါ်သူဇာကျော်** | **ဒေါ်ဝေဖြိုးအောင်** |
| **LL.B,WIPO(Switzerland)** | **LL.B,D.B.L,D.I.L,D.I.P.L,WIPO(Switzerland)** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၂၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၅၅)** |
| **Ph:09-450023651** | **Ph:09-254508917** | **Ph:09-421157856** |

**Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Towen အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## မိတ္ထီလာခရိုင်တရားရုံး
## ၂၀၂၀ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၈

**ဒေါ်တင်အေး** — **လျှောက်ထားသူ**

ကွယ်လွန်သူ မြန်မာစာပါမောက္ခ ဦးလူမောင်၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့် ပြည်သာယာ(တောင်)ရပ်ကွက်၊ မိတ္ထီလာမြို့၌ နေထိုင်ခဲ့သော မြန်မာစာပါမောက္ခ ဦးလူမောင်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဒေါ်တင်အေးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်(၁၃၈၁ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ကွယ်လွန်သူမြန်မာစာပါမောက္ခ ဦးလူမောင်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်(၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်)နံနက် ၁၀ နာရီ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ လက်မှတ်များကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်တင်အေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်၌ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မင်းအောင်)**
**ခရိုင်တရားသူကြီး**
**မိတ္ထီလာခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်လမ်းမ၊ ဇေယျာမွန်အိမ်ရာ၊ တိုက်(၂)၊ အခန်း-၂၀၂ရှိ Myanmar Fast & Forward Co.,Ltd က တောင်ကြီးမြို့နယ်၊ ဘန့်ကွေးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၄၆/နန်းဟူးရွာမ)၊ ဦးပိုင်အမှတ်(၁/၂)၊ ဧရိယာ(၂.၃၂)ဧကရှိ မြေကွက်နှင့်ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးအား အမည်ပေါက်ပိုင်ဆိုင်သူ တောင်ကြီးမြို့၊ ဘန့်ကွေးကျေးရွာအုပ်စု၊ နန်းဟူးကျေးရွာနေ ဒေါ်ယဉ်ယဉ်အေး[၁၃/တကန(နိုင်)၁၈၄၇၅၂]ထံမှ ဝယ်ယူရန်အတွက် ပထမအကြိမ် ငွေများပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ Myanmar Fast & Forward Co.,Ltd သို့ဖြစ်စေ ဤကြော်ငြာပါရှိပြီးသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အပြီးသတ် အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းဖစ်မွန်း**
**(LL.B.,LL.M)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၆၂၅/၂၀-၁၂-၂၀၁၂)**
**ည/၃၂၆၊ သစ္စာလမ်း၊ ညောင်ဖြူစခန်းရပ်၊ တောင်ကြီးမြို့**

ရဟန်း၊ ကျောင်းအမ

## ဒေါ်တင်ဦး (သုံးခွမြို့)

### အသက် (၉၄) နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၆)၊ ဘိုးရာဇာလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ (ဦးမြမောင်-ဒေါ်ခန့်)တို့၏ သမီး၊ (ဦးတင်မောင်-ဒေါ်ခင်ဝင်း)၊ (ဦးသိန်း)-ဒေါ်သိန်းညွန့်(၂၃၆၊ ဘီရုံ၊ သိမ်ကြီးဈေး)၊ (ဦးမောင်မောင်အေး-ဒေါ်ခင်သန်း)၊ (ဦးဉာဏ်ဟိန်း)-ဒေါ်ယဉ်ပြုံး၊ ဦးအောင်ခင်(TSC-ငြိမ်း)-ဒေါ်မြင့်မြင့်သန်း(စက်မှု-၁၊ ငြိမ်း)တို့၏ ညီမ/အစ်မ၊ ဦးမောင်မောင်ဦး-ဒေါ်ဖြူဖြူ၊ Dr.ဥမ္မာဉာဏ်ဟိန်း-Dr.ကျော်ရွှေ(ကနေဒါ)၊ ဒေါ်ကြည်ကြည်ခိုင်-ဦးတင့်ဆွေ(နိုင်ငံတော်သမ္မတရုံး)၊ ဦးသိန်းထိုက်-ဒေါ်မာလာမြင့်၊ ဒေါ်စံပယ်ဉာဏ်ဟိန်း-ဦးကျော်ဇေယျာဝင်း၊ ဦးမင်းသိန်း-ဒေါ်မူမူသိမ့်(MIU)၊ ဦးကျော်ဇေယျ၊ ဒေါ်ဆွေဆွေဝင်း-ဦးကျော်မိုးနိုင်၊ ဦးတင်မောင်ဝင်း-ဒေါ်တင်နီလာဝင်း၊ ဦးဇော်မင်းအောင်၊ Dr.ဝင်းယုအောင်(ဆေးတက္ကသိုလ်-၁)၊ ဒေါ်ကြူကြူတို့၏အဒေါ် ဒေါ်တင်ဦးသည် ၁၄-၂-၂၀၂၀ (သောကြာနေ့) ည ၉:၅၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၂၀ (စနေနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၂-၂၀၂၀ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း အမ

## ဒေါ်တင်ဦး (သုံးခွမြို့)

### အသက် (၉၄) နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၆)၊ ဘိုးရာဇာလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ (ဦးမြမောင်-ဒေါ်ခန့်)တို့၏သမီး၊ ဒေါ်ခိုင်ဆွေသော်(ရေဝတီဘဏ်ရုံးချုပ်)၊ Dr.ရဲလင်းထိုက်-Dr.အေးယုမွန်၊ မရွှေယမင်းဦး၊ Dr.ဝင်းယုဆွေ(YGH)၊ မောင်ဝေယံမိုးဦး၊ မစုစုစံ(ဆေး-၁)၊ မောင်ဥက္ကာမင်းဦး၊ မကြည်စင်သိမ့်၊ မောင်ပြည့်စုံဟိန်း(ကနေဒါ)၊ မခိုင်စန္ဒာကျော်(ကနေဒါ)၊ မောင်မင်းဟိန်းထွန်း၊ မခင်ငြိမ်းချမ်းသာ၊ မောင်ရဲထွန်းနိုင်၊ မဆုရည်မွန်၊ မဆုသင်ဇာဟန်၊ မသက်သက်စု၊ မခင်ရတနာဇော်၊ မောင်ပိုင်သုတတို့၏အဘွား၊ မောင်ဉာဏ်လင်းထိုက်၏ဘွားဘွားကြီး ဒေါ်တင်ဦးသည် ၁၄-၂-၂၀၂၀ (သောကြာနေ့) ည ၉:၅၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၂၀ (စနေနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၂-၂၀၂၀ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဒေါ်ထားကြူ

ပါမောက္ခ၊ ဌာနမှူး (ငြိမ်း)၊ ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)

### အသက် (၉၀)

ဆရာမကြီး ဒေါက်တာဒေါ်ထားကြူသည် ၁၃-၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ဆရာမကြီး၏မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၄ ဆေးတက္ကသိုလ် (၁) ဝင်**
**တပည့်ကျောင်းသား/ကျောင်းသူများ**

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်မြင့်

### အသက် (၈၂) နှစ်

သူငယ်ချင်း ကျော်မျိုးထွန်း (ဗိုလ်ကြီး-ငြိမ်း)၏မိခင် ဒေါ်တင်မြင့် အသက် (၈၂) နှစ်သည် ၁၅-၂-၂၀၂၀ ရက် နံနက် ၆:၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် ဝမ်းနည်းကြေကွဲရပါသည်။ အနိစ္စ ကောင်းရာသုဂတိလားပါစေ။

**OTS (102) ကျောင်းဆင်းအရာရှိများနှင့် မိသားစုဝင်များ**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်သိန်း

### အသက် (၇၆) နှစ်

သူငယ်ချင်း ဗိုလ်ကြီးမြင့်လွင် (ငြိမ်း) - ဒေါ်မူမူမြင့်တို့၏မိခင် ဒေါ်ခင်သိန်း အသက် (၇၆) နှစ်သည် ၉-၂-၂၀၂၀ ရက်တွင် ပဲခူးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၀)မှ သူငယ်ချင်းမိသားစုများ**

## အာနိစ္စ

## ဦးလှဆောင်

ကြီးကြပ်ရေးမှူး (ငြိမ်း)၊
မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း
ရောင်းဝယ်ရေး

### အသက် (၈၆) နှစ်

မိတ္ထီလာမြို့၊ အရှေ့ပြင်ရပ်နေ (ဦးဖိုးလူ-ဒေါ်ရှင်)တို့၏သား၊ (ဦးကြည်-ဒေါ်အေး)တို့၏သားသမက်၊ ဦးနေလင်းဒွေး (မန်နေဂျာ၊ Yangon Engineering Group Co.,၊ ပြင်ဦးလွင်)-ဒေါ်ကေသီ (မန်နေဂျာ-CB Bank၊ မန္တလေး-၁၉ လမ်းဘဏ်ခွဲ)၊ ဦးဝင်းဇော်(ဒုကြီးကြပ်ရေးမှူး၊ အကျဉ်းဦးစီးဌာန)-ဒေါ်ဝေဝေ၊ ဦးသိန်းသန်းဖြိုး-ဒေါ်အိရွှေစင်(Sun Pharma)၊ ဦးမင်းကို(Novartis)-ဒေါ်ဇင်မီမီအောင်(Madi Myanmar Pharma)၊ ဒေါ်အေမီမန်းတို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုး၊ မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ ဗေဒါလမ်းနေ (ဒေါ်ရီ)၏ခင်ပွန်း ဦးလှဆောင်သည် ၁၄-၂-၂၀၂၀ ရက် ညနေ ၃:၄၈ နာရီတွင် မိတ္ထီလာမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၂-၂၀၂၀ (စနေနေ့) ညနေ ၄ နာရီတွင် မြင်တော်ကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၂-၂၀၂၀ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

## ဦးစောယု (စည်ပင်-ငြိမ်း)

### အသက် (၆၆) နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၂၅)ရပ်ကွက်၊ ဇေယျသုခလမ်း၊ အမှတ် (၂၃၇/၂)နေ (ဦးယုဂန်-ဒေါ်အေးအေးကြည်)တို့၏ သား၊ (ဦးကျော်-ဒေါ်အုန်းသင်)တို့၏ သားသမက်၊ ဒေါ်သန့်သန့်ယဉ်၏ချစ်လှစွာသောခင်ပွန်း၊ ဦးနောင်နောင်-ဒေါ်တင်မိုးခိုင်၊ ဦးငြိမ်းချမ်းကိုကို-ဒေါ်သျှီဃာဇွန်တို့၏ ဖခင်၊ မောင်လမင်းသာ၊ မမြနန်းစံတို့၏အဘိုး၊ (ဦးသန်းယု)-ဒေါ်မြင့်မြင့်၊ ဦးမြင့်ဆွေ-ဒေါ်ခင်နွယ့်ရည်၊ ဦးချစ်ဆွေမိုး-ဒေါ်အေးအေးခင်တို့၏ ညီ/မောင်၊ ဦးမိုးယု-ဒေါ်မြတ်မြတ်ကျော်၊ ဦးစိုးယု-ဒေါ်သဲသဲ၊ ဦးတိုးယု-ဒေါ်လှကေသီတို့၏အစ်ကို ဦးစောယုသည် ၁၄-၂-၂၀၂၀ (သောကြာနေ့) နံနက် ၀၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၂-၂၀၂၀ (ကြာသပတေးနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ဝင်း (ရှားခဲ)

မင်္ဂလာတောင်ညွန့်

### အသက် (၈၇) နှစ်

ရန်ကုန်မြို့၊ ကန်တော်ကလေး၊ လမ်း(၉၀)နေ (ဦးမောင်လှ-ဒေါ်မယ်ခင်)တို့၏ သမီး၊ (ဦးမောင်လှိုင်)၏ဇနီး၊ ဒေါ်သင်းသင်းလှိုင် (M5P-RENTAL Co.,Ltd)၊ ဦးဇော်မင်းလှိုင်-ဒေါ်စုစုမော်(UAB Bank)တို့၏ ချစ်လှစွာသောမိခင်၊ မအိမ့်ကြေးမုံမင်း (M Chipo Co., Ltd)၏ ချစ်လှစွာသောအဘွား၊ ဒေါ်လှငွေးဆွေ(အထက-၅၊ ဗတထ-လယ်၊ ငြိမ်း)၏အဒေါ် ဒေါ်တင်တင်ဝင်းသည် ၁၅-၂-၂၀၂၀ ရက် နံနက် ၉:၅၅ နာရီတွင် SAKURA ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၂၀ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တင်ရွှေ(တိုးကြောင်ကလေး)

မဟာစည်ယောဂီ၊ သဃ်ာန်းကျွန်း

### အသက် (၈၅) နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဆ/က ရပ်ကွက်၊ လေးထောင့်ကန်လမ်းမကြီး၊ အမှတ်(၁၂၅)နေ (ဦးစံညွန့်-ဒေါ်နှင်းလှိုင်)တို့၏ သမီး၊ (ဦးကျော်သိန်း)၊ (ဦးသိန်း-ဒေါ်မြစိန်)တို့၏ ညီမ၊ (ဦးကိုကိုလေး)-ဒေါ်စိန်ဝင်းတို့၏ အစ်မ၊ ဗိုလ်မှူးကြီး ခိုင်စိုး(ငြိမ်း)-ဒေါ်ရီရီမြင့်၊ ဦးသန်းငွေ-ဒေါ်သင်းသင်းမော်၊ ဦးငွေဝင်း-ဒေါ်အေးအေးသွယ်၊ ဒေါ်ရီရီတင့်၊ (ဒေါ်မြင့်မြင့်ဦး)၊ ဦးသန်းလွင်အောင်-ဒေါ်စိုးစိုးမူ၊ ဦးသန့်စင်-Dr. ဇင်သူဇာမောင်၊ Dr.သီတာဝင်းကိုကို၊ ဦးစန်းယုအောင်-Dr. ဇင်ဇင်ဝင်းကိုကိုတို့၏အဒေါ်၊ ကိုသူရ-မမေမြတ်နိုးလွင်၊ ကိုအောင်မင်းထွန်း-မခင်သန္တာအေး၊ Dr. အောင်မိုးခိုင်-မမေဖြိုးဇော်၊ Dr. သဲနုဝေ၊ မောင်ရဲဝင့်နိုင်၊ မချိုသွယ်ယုကို၊ မဟေမီယုကိုတို့၏ အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၄-၂-၂၀၂၀ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ် ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ရီ (ခ) ဒေါ်အေးအေး (ညောင်ခါးရှည်မြို့) (၇၃) နှစ်

ဒုပစ္စည်းထိန်း (ငြိမ်း)
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တိုင်း (၁၁)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၁၀၀၊ ၆/ဘီ)နေ (ဦးဘိုကေး-ဒေါ်လှရင်)တို့၏သမီးကြီး၊ (ဦးစိန်လွမ်း-ဒေါ်တင်အေး)တို့၏သမီးချွေးမ၊ ဦးအောင်မင်း(မန်နေဂျာ၊ ရန်ကုန်တိုင်း သမအသင်းစု-ငြိမ်း)၏ဇနီး၊ ဦးကျော်မင်းဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့ပြဖလမ်းခရိုင်)-ဒေါ်တင်မာအေး၊ ဦးအေးမင်းလတ်(ခေတ္တ စင်ကာပူ)-ဒေါ်တိုးတိုးလွင်၊ ဒေါ်တင်မင်းထွေး(ခေတ္တ-စင်ကာပူ)-ဦးမျိုးမြတ်ထွဋ်တို့၏မိခင်၊ မမေသူခိုင်၊ မောင်ဘုန်းဟန်ကို၊ မဟေသီလတ်၊ မောင်ဇေယျာမင်း၊ မောင်အောင်ခန့်မင်း၊ မောင်ဇာနည်မြတ်ထွဋ်တို့၏အဘွားသည် ၁၄-၂-၂၀၂၀ (သောကြာနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းနု (မြောက်ဦးမြို့)

### အသက် (၇၁) နှစ်

မြောက်ဦးမြို့၊ တောင်ရပ်၊ မြင်းစိုင်းပြင်လမ်း၊ အမှတ် (၃၃)နေ (ဦးထွန်းသာဖြူ-ဒေါ်စိန်လှမေ)တို့၏ သမီး၊ (ဦးစံထွန်းလှ)-ဒေါ်မကျော့သာတို့၏ ညီမ၊ ဒေါ်မြသန္တာ၊ ဒေါ်လှမြသူ၊ ဦးတင်မြင့်-ဒေါ်မြစံသာ၊ ဦးမောင်ကြီး-ဒေါ်ခင်စောနွယ်၊ ဦးမောင်သောင်း၊ ဦးသာစောအောင်-ဒေါ်လှငွေးတို့၏အစ်မ၊ တူ/တူမ ၁၇ ယောက် တို့၏အဒေါ်၊ မြေး ငါးယောက်တို့၏ အဘောင်ရှင်သည် ၁၅-၂-၂၀၂၀ ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (အမှတ်-၇၉/ခ၊ သခင်ဖိုးလှကြီးလမ်း၊ စီမံကိန်း(၂)၊ ၁၄-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၂-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမောင်မောင်အေး

### အသက် (၅၅) နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့ နယ်၊ (၃၉)လမ်းနေ (ဦးချင်ကောက်ကြူ-ဒေါ်ရွှေရီ)တို့၏ သား၊ (၉)ရပ်ကွက်၊ လမ်း(၄၀)၊ အမှတ်(၁၈၁)၊ သုံးလွှာ(ယာ)နေ ဒေါ်စန္ဒာမြင့် (ဧည့်လမ်းညွှန်)၏ ခင်ပွန်း၊ မောင်ညီညီပိုင်ထက် (အထက-၁၊ လသာ)၏ဖခင် ဦးမောင်မောင်အေးသည် ၁၄-၂-၂၀၂၀ (သောကြာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (လမ်း-၄၀ နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၀-၂-၂၀၂၀ (ကြာသပတေး နေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကိုနန္ဒရဲရင့်

Managing Director, FWP Job Services Co., Ltd

### အသက် (၃၅) နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၀၄/၁)၊ သံသုမာလမ်း၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏနေ ဦးမိုးကျော်လွင်-ဒေါ်အေးအေးနိုင် (Level up စားသောက်ဆိုင်)တို့၏ ချစ်လှစွာသောသား၊ ဦးဇော်လင်း-ဒေါ်မော်မော်သိန်းတို့၏ ချစ်လှစွာသောသားသမက်၊ မအင်ကြင်းခိုင်၏ ချစ်လှစွာသောခင်ပွန်း ကိုနန္ဒရဲရင့်သည် ၁၄-၂-၂၀၂၀ (သောကြာနေ့) ည ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခိုင်ဦး အသက်(၉၅)နှစ်

## (ကြွေချိုင်-ဂွမြို့နယ်)

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ထန်းပင်ကုန်း၊ စံပယ်လမ်း၊ အမှတ် ၁၁၁ နေ (ဦးဆိုးအေး-ဒေါ်စိန်ကျော့)တို့၏သမီး၊ (ဦးထွန်းသီ)၏ဇနီး၊ ဦးအောင်မြင့်-ဒေါ်နုရွှေ၊ ဒေါ်နုရီ၊ (ဦးအောင်သာငွေး)-ဒေါ်အေးမိုတို့၏မိခင်၊ ဦးကျော်သိန်းခိုင်-(ဒေါ်ဖြူဖြူမြင့်)၊ ဦးအောင်ဇော်မြင့်-ဒေါ်ခင်သီတာစိုး၊ ဒေါက်တာ အောင်ဇော်လတ် - ဒေါက်တာမင်းမင်းဝင်း၊ ဦးကျော်လင်း-ဒေါ်နုဝါမြင့်၊ မောင်ရဲမြင့်မြတ်၊မထက်ယဉ်လင်းတို့၏ အဘွား၊ မြစ် ငါးယောက်တို့၏ဖီးဖီးကြီးသည် ၁၅-၂-၂၀၂၀ရက်(စနေနေ့) ညနေ ၅:၂၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ၁၆-၂-၂၀၂၀ရက် (တနင်္ဂနွေနေ့)နံနက် ၁၀:၃၀နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းနှင့် ကွယ်လွန်သူအားရည်စူး၍ ၂၁-၂-၂၀၂၀ရက် (သောကြာနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ထန်းပင်ကုန်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအေးကို

ဆည်မြောင်းဦးစီးဌာန (ငြိမ်း)
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အင်းစိန်၊ အောင်ဆန်းရပ်ကွက် (နာယက)

### အသက် (၇၈) နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဂုံမင်းမြောင်ကျေးရွာနေ (ဦးဖိုးမှန်-ဒေါ်သင်းကြိုင်)တို့၏ သား၊ (ဦးမောင်အေး-ဒေါ်တင်ရွှေ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အောင်မင်္ဂလာ (၂)လမ်း၊ အမှတ်(၄၆)နေ ဒေါ်ခင်အုံး၏ချစ်လှစွာသောခင်ပွန်း၊ ဦးမြတ်မိုး-ဒေါ်သန်းသန်းဆွေ၊ ဦးသောင်းအေး-ဒေါ်နုနုဝင်း၊ ဦးသန်းထွန်းအုံး-ဒေါ်နီနီဝင်း၊ မနီနီနိုင်(ခ) မဝါဝါ၊ ကိုအောင်အောင်ဦး-မဆွေဇင်ဦးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၁၄-၂-၂၀၂၀ (သောကြာနေ့) နံနက် ၁:၅၆နာရီတွင် အင်းစိန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါ အောင်ဆန်းရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက် ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး

## ဦးမြဝင်း (မြဝတီ စာပေတိုက်)

ကာလာခွဲဌာန (ငြိမ်း)

### အသက် (၇၁) နှစ်

(ဦးမောင်ဆင့်-ဒေါ်ခင်ပု)တို့၏ သားကြီး၊ (ဦးထွန်းကြွယ်-ဒေါ်သန်း)တို့၏ သားသမက်၊ ဒေါ်ခင်နွဲ့ရီ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်မျိုးထိုက်-မချောစုဝင်း၊ ဗိုလ်ကြီးဇင်မောင်မောင်-မချောနုဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မမြမှူးခင်၊ မလွင်ရည်သြ၊ မမြတ်ဘုန်းပြည့်ပြည့်တို့၏အဘိုး ဦးမြဝင်းသည် ၁၅-၂-၂၀၂၀ ရက် မွန်းလွဲ ၁:၂၅ နာရီတွင် အင်းစိန် ကွယ်ကဘောဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၂-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ သုခမလမ်း၊ အမှတ်(၃) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်ဝေ (တောင်ငူ)

### အသက် (၆၁) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ဘုရင့်နောင်လမ်း(ကျောင်းလမ်း)၊ အမှတ်(၁၂၆၃)နေ (ဦးဘမြင့်-ဒေါ်ခင်သောင်း)တို့၏သားကြီး၊ ဒေါ်ခင်လဲ့လဲ့၏ချစ်လှစွာသောမောင်၊ ဦးမြင့်နိုင် (Suntac E & C၊ သီလဝါ SEZ)-ဒေါ်ခင်မာမာ၊ ဒေါ်အေးအေးသွယ် (ဗဟိုရိုးရာဆေးရုံ)၊ ဒေါက်တာသိင်္ဂီနွယ်(ဌာနကြီးမှူး၊စီမံ/ဘဏ္ဍာ၊နည်းပညာတက္ကသိုလ်၊ သန်လျင်)တို့၏ချစ်လှစွာသောအစ်ကိုကြီး၊ မောင်ဇေယျာနိုင်၊ မဖူးပွင့်ခင်တို့၏ဘကြီး ဦးမြင့်ဝေ(တောင်ငူ)သည် ၁၅-၂-၂၀၂၀ (စနေနေ့) နံနက် ၈:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၂၀ (တနင်္လာနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၂-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မလှလှဝင်း (ဝင်းလဲ့မြိုင်-အပ်ချုပ်ဆိုင်)

### အသက် (၄၈) နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ မြောက်/အနောက်ရပ်ကွက်၊ မော်လမြိုင်လမ်း၊ အမှတ်(၆/ခ)နေ (ဦးစိုးမင်း)-ဒေါ်ကျင်နုတို့၏ မြေး၊ (ဦးသိန်းဟန်)-ဒေါ်ကျင်မြတို့၏သမီး၊ ဒေါ်မြင့်မြင့်စန်း(စန္ဒာ-ချုပ်ထည်ပင်ရင်းဆိုင်၊ မင်္ဂလာဈေး)၊ (ဦးသိန်းငွေး)-ဒေါ်မြင့်မြင့်သန်းတို့၏ တူမ၊ မခိုင်ခိုင်ဝင်း (ဝင်းလဲ့မြိုင်သဇ္ဇာအပ်ချုပ်ဆိုင်၊ မင်္ဂလာဈေး)၊ မသူဇာဝင်း (ခေတ္တ-ထိုင်း)၊ မဆုမွန်ဝေ(ခေတ္တ-ထိုင်း)၊ ကိုအောင်ထွန်းဦး (ခေတ္တ-မလေးရှား)-မရည်မွန်ဝေ၊ မလွင်မွန်ဝေ(အာယု International Hospital) တို့၏အစ်မ၊ မောင်အောင်မြတ်မျိုး၊ မဆုယွန်းနွယ်၊ မမေမြတ်မွန်တို့၏ အဒေါ်သည် ၁၄-၂-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၁၂:၁၉ နာရီတွင် ခုတင်(၅၀၀) ဆံ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၂၀(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၂၀-၂-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခ ဒေါက်တာမောင်မောင်လွင်

### အသက် (၇၂) နှစ်

**ကထိက(ငြိမ်း)၊ ဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်**
**ပါမောက္ခ (ငြိမ်း)၊ ခုမမိုတိုဂကုအင်းတက္ကသိုလ် (ဂျပန်)**
**ဒုတိယအမှုဆောင်ဒါရိုက်တာ၊ မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI)၊**
**(အသင်းဝင်) မေခဆောင်ဖောင်ဒေးရှင်း**

ပါမောက္ခ ဒေါက်တာမောင်မောင်လွင်သည် ၁၃-၂-၂၀၂၀ (ကြာသပတေးနေ့) နံနက်တွင် ဂျပန်နိုင်ငံ၊ ကျူးရှူး၊ ခုမမိုတိုမြို့ ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရရှိပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်ညီမ**
**ဒေါ်တင်ရီ(ငြိမ်း)၊ အထက-၁၊ မရမ်းကုန်း**
**နှင့် ချစ်သော တူ၊ တူမများ(မရမ်းကုန်း)**

# မန္တလေး-အင်ဖာ တိုက်ရိုက်ဘတ်စ်ကားလိုင်း ဧပြီလတွင် စမ်းသပ်ပြေးဆွဲမည်

**မန္တလေး ဖေဖော်ဝါရီ ၁၅**
မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ မန္တလေးမြို့မှ အိန္ဒိယနိုင်ငံ အင်ဖာမြို့သို့ နှစ်နိုင်ငံပူးတွဲ၍ တိုက်ရိုက်ဘတ်စ်ကားလိုင်းအား လာမည့်ဧပြီလအတွင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဘတ်စ်ကားလိုင်းပြေးဆွဲနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ရှိ အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးတွင် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်နှင့် မြန်မာနိုင်ငံဘက်မှ တာဝန်ရှိသူများ၊ Operator ကုမ္ပဏီများ တက်ရောက်၍ နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးခဲ့ကြပြီး အဆိုပါ MoU အချက်ပါဆွေးနွေးမှုအရ သုံးလအတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သော်လည်း လုပ်ငန်းဆောလျင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဧပြီလမှစတင်၍ စမ်းသပ်ပြေးဆွဲသွားမည်ဖြစ်ကြောင်း အိန္ဒိယကောင်စစ်ဝန်ချုပ် Mr.Nandan Singh Bhaisora က ပြောသည်။

"အခုလို ဘတ်စ်ကားလိုင်း တိုက်ရိုက်ပြေးဆွဲခြင်းအားဖြင့် အိန္ဒိယနိုင်ငံအရှေ့မြောက် ပြည်နယ်တွေမှာရှိတဲ့ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻


ကြေးမုံ ယနေ့ဖတ်စရာ

**ပုတာအို - နမ်ထွမ်ခူးလမ်း (၁၄)မိုင် ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီး** — စာမျက်နှာ ၅

**အကြမ်းဖက်မှုဆန့်ကျင်သည့် သန်းတစ်ထောင်လှုပ်ရှားမှု အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ**



စာမျက်နှာ ၈

**ပဝါတစ်ကမ်း လက်တစ်လှမ်း ငြိမ်းချမ်းရေး ပန်းနှင့်ကြို** — စာမျက်နှာ ၁၂

**တရုတ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ် ကြောင့် သေဆုံးသူ ၁၅၂၃ ဦးအထိ မြင့်တက်** — စာမျက်နှာ ၁၃

**မန်စီးတီးအသင်း ဥရောပ ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့် နှစ်ရာသီပိတ်ပင်ခံရ** — စာမျက်နှာ ၂၀


# ဖူဆယ်လိဂ် အမှတ်ပေးချန်ပီယံဆု MIU အသင်း လေးကြိမ်မြောက် ဆွတ်ခူး

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**
၂၀၁၉-၂၀၂၀ ရာသီ MFF ဖူဆယ်လိဂ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ် (၂၂)ကို ယနေ့နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၂ လှိုင်၌ ဆက်လက်ကျင်းပရာ MIU အသင်းက အဝေးဂိုးစည်းမျဉ်းဖြင့် ချန်ပီယံဆုကိုကာကွယ်နိုင်ခဲ့သည်။

ပွဲစဉ်(၂၂)တွင် Dream Team အသင်းက Winner အသင်းကို ငါးဂိုး-သုံးဂိုး၊ Do Do Ko Ko အသင်းက လက်ဝဲသုန္ဒရအသင်းကို ရှစ်ဂိုး-နှစ်ဂိုး၊ GV အသင်းက ဖူဆယ်ချစ်သူအသင်းကို လေးဂိုး-တစ်ဂိုး၊ On Doctor အသင်းက AMM Brothers အသင်းကို သုံးဂိုး-နှစ်ဂိုး၊ MFF ယူ-၁၉ အသင်းက မြို့မ JY အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး VUC အသင်းနှင့် MIU အသင်းတို့ လေးဂိုးစီသရေကျခဲ့သည်။

ယခုရာသီ၏ ချန်ပီယံဆုအဆုံးအဖြတ်ပွဲအဖြစ် MIU အသင်းနှင့် VUC အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး လေးဂိုးစီ သရေကျခဲ့သောကြောင့် MIU အသင်းက အဝေးဂိုးစည်းမျဉ်းဖြင့် ဖိုလ်စွဲခဲ့ခြင်း ဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✻




ဖူဆယ်လိဂ် အမှတ်ပေးချန်ပီယံဆုကို လေးကြိမ်မြောက်ရရှိခဲ့သည့် MIU အသင်း။




# ထိပ်ဆုံးမှ ဟံသာဝတီနှင့် ရှောဝတီအသင်း နိုင်ပွဲဆက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**
၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၆)ပထမနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ဟံသာဝတီအသင်းနှင့် ရှောဝတီအသင်း နိုင်ပွဲဆက်ခဲ့သည်။

**ဂိုးပြတ်အနိုင်ယူ**

ပဲခူး Grand Royal ကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက ရတနာပုံအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပုံစံကောင်းပြသနေသည့် ဟံသာဝတီအသင်းသည် ယခုပွဲတွင်လည်း နာမည်ကြီးရတနာပုံအသင်းကို ဂိုးပြတ်အနိုင်ယူကာ ရာနှုန်းပြည့်နိုင်ပွဲရယူနိုင်ခဲ့သည်။ ဟံသာဝတီအသင်းသည် နောက်မှလိုက်ကစားခဲ့ရသော်လည်း လေးဂိုးပြန်သွင်းပြီး ခြောက်ပွဲဆက် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းမှာမူ ရာသီအစအဖွင့်ပွဲတွင် နိုင်ပွဲရယူပြီးကတည်းက နောက်ဆုံးငါးပွဲဆက် နိုင်ပွဲပျောက်နေပြီး ဖိအားပိုများလာခဲ့သည်။

ဟံသာဝတီအသင်းသည် နိုင်ငံခြားသားကစားသမားသုံးဦးအပါအဝင် လူစုံပါဝင်ခဲ့ပြီး **စာမျက်နှာ ၉ ကော်လံ ၁ သို့** ○

ဟံသာဝတီအသင်းနှင့် ရတနာပုံအသင်း ယှဉ်ပြိုင်နေစဉ်။

## ထူးခြားသည့် ညအပူချိန်များ

၁၅ - ၂ - ၂၀၂၀

| | | |
|---|---|---|
| ရမ်ကလောင်း | ၂ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၃ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၃ | ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၃ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၄ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၄ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၆ | ဒီဂရီစင်တီဂရိတ် |
| ကျိုင်းတုံ | ၆ | ဒီဂရီစင်တီဂရိတ် |
| မိုင်းဆတ် | ၆ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၆ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၆ | ဒီဂရီစင်တီဂရိတ် |




# ခနဲ့တိုင်းရင်းသားတို့၏ အိုးလုပ်ငန်း





**မြန်မာနိုင်ငံသည် တိုင်းရင်းသားများ ပေါင်းစုပြီး တည်ထောင်ထားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ တိုင်းရင်းသားတိုင်းသည် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကြကာ စားဝတ်နေရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသကဲ့သို့ တိုင်းရင်းသားလူမျိုးအသီးသီးတွင် အခြားသောလုပ်ငန်းများဖြင့် အသက်မွေးကြသည်များလည်းရှိ၏။ ထိုသို့သော တိုင်းရင်းသားတို့၏ အသက်မွေးမှုပြုရာတွင် လုပ်ငန်းမျိုးစုံရှိကြသည်မှာ အားလုံးအသိပင်ဖြစ်သည်။ သို့သော် တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုးသည် လုပ်ငန်းများ တူချင်တူလိမ့်မည်။ သို့သော် လုပ်ငန်းလုပ်ဆောင်ရာတွင် ဓလေ့များမတူညီကြသည်များလည်း ရှိသည်။ ထိုသို့သော တိုင်းရင်းသားများထဲတွင် အမျိုးမျိုးသောလုပ်ငန်းများဖြင့် အသက်မွေးလုပ်ကိုင်နေကြသည့် ခနဲ့တိုင်းရင်းသားများလည်း အပါအဝင်ဖြစ်သည်။**


**ရှိန်းခန့်ဇော်
(ပင်းတယ)**


ခနဲ့တိုင်းရင်းသားတို့သည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသော်လည်း အခြားသောလုပ်ငန်းများစွာဖြင့် အသက်မွေးကြရာတွင် အိုးလုပ်ငန်းဖြင့် အသက်မွေးကြသူများလည်း အပါအဝင်ဖြစ်သည်။

### ယခင်က ခနဲ့ဒေသအိုးလုပ်ငန်း

ရှေးနှစ်ပေါင်းများစွာက ခနဲ့ဒေသတစ်ခွင်တွင် အိုးလုပ်ငန်းကို တွင်ကျယ်စွာ လုပ်ကိုင်ခဲ့ကြပေသည်။ အိုးလုပ်ငန်းများကို ခနဲ့ဒေသ ပင်းတယမြို့နယ်ရှိ ရေဖြူကျေးရွာနှင့် အော်ယောရပ်ကွက်တွင် ဆယ့်နှစ်လရာသီမပျက် တွင်ကျယ်စွာ လုပ်ကိုင်ခဲ့ကြသည်။ အိုးလုပ်ငန်းများကို ခနဲ့ဒေသ ပင်းတယမြို့နယ် ရေဖြူကျေးရွာတွင် ဦးစွာပထမလုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။ ထိုသို့သော အိုးလုပ်ငန်းများကို ရေဖြူကျေးရွာတွင် အိမ်တိုင်းလိုလိုပင် အသက်မွေးခြင်းအတွက် လုပ်ငန်းတစ်ရပ်အဖြစ် လုပ်ကိုင်ခဲ့ကြသည်။ ရေဖြူကျေးရွာမှ ထွက်ရှိလာသော အိုးများကို ခနဲ့ဒေသတစ်ခွင်နှင့် တောင်ကြီး၊ မန္တလေး စသောမြို့ကြီးများအထိ တွင်ကျယ်စွာ တင်ပို့နိုင်ခဲ့သော်လည်း မြန်မာနိုင်ငံတွင် အိုးလုပ်ငန်းများ တွင်ကျယ်လာသည်နှင့်အမျှ ရေဖြူကျေးရွာရှိ အိုးလုပ်ငန်းမှာ တဖြည်းဖြည်း ပျောက်ကွယ်လာခဲ့ရသည်။ သို့သော် ထိုသို့သောရေဖြူကျေးရွာရှိ အိုးများကို ဝယ်ယူအသုံးပြုခဲ့သော ခနဲ့ဒေသ ပင်းတယမြို့ အော်ယောရပ်ကွက်မှ လက်ဆင့်ကမ်းအမွေအဖြစ် ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့သည်ဟု ဆိုရပေမည်။

ပင်းတယမြို့ရှိ အော်ယောရပ်ကွက်သည် ယခင်ကပင် ရေဖြူကျေးရွာမှ ပြုလုပ်သော အိုးအမျိုးမျိုးကို ဝယ်ယူအသုံးပြုခဲ့ကြသည်။ သို့သော်လည်း အိုးလုပ်ငန်းများကို အော်ယောရပ်ကွက်အထိ သယ်ဆောင်လုပ်ကိုင်ခဲ့ကြပေသည်။ လွန်ခဲ့သော နှစ်လေးဆယ်မှစတင်ပြီး ရေဖြူကျေးရွာတွင် အိုးလုပ်ငန်းများ ပျောက်ကွယ်သွားခဲ့သည်။ သို့သော် ရေဖြူကျေးရွာမှ ပြုလုပ်သောအိုးများကို အော်ယောရပ်ကွက်တွင် လက်ရှိအချိန်အထိ အသုံးပြုနေကြသည်ကို တွေ့မြင်နိုင်ပေသည်။ အော်ယောရပ်ကွက်သည် ရေဖြူကျေးရွာနှင့်လက်တွဲကာ အိုးများကို အသက်မွေးမှုလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်ခဲ့ကြသော်လည်း ရေဖြူကျေးရွာတွင် အိုးလုပ်ငန်းများ ပျောက်ကွယ်သွားခဲ့ပေသည်။ သို့သော် ယနေ့အထိ ဆက်လက်ထိန်းသိမ်းထားနိုင်သည့် အော်ယောရပ်ကွက်မှ အိုးလုပ်ငန်းသည် ခနဲ့ဒေသရှိ အော်ယောအိုးဟု နာမည်ရလေသည်။

### လက်ရှိ အော်ယောအိုး

အော်ယောရပ်ကွက်သည် ပင်းတယမြို့အတွင်းရှိ ၁၂ ရပ်ကွက်တွင် တစ်ရပ်ကွက်အပါအဝင်ဖြစ်သည်။ အောင်ပန်းဘက်မှ ပင်းတယဘက်သို့ လာမည်ဆိုလျှင် မြို့အဝင် ပင့်ကူရုပ်ကြီးနှင့်အတူ ဦးစွာပထမတွေ့မြင်ရသည့် ခနဲ့မင်းသားကုမ္ဘာဘယသည် နတ်သမီးခုနစ်ဖော် ဂူအတွင်းမှ အော်သံကိုကြားသဖြင့် အော်ကြားဟုခေါ်တွင်ရာမှ အော်ယောဟု အမည်တွင်လေသည့် ရာဇဝင်များတည်ရှိသည့် ရပ်ကွက်တစ်ခုဟု ဆိုနိုင်ပေသည်။

အော်ယောရပ်ကွက်တွင် စိုက်ပျိုးရေးလုပ်ကိုင်သူများရှိသကဲ့သို့ အခြားသော စီးပွားရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုကာ လူအများစုပေါင်းနေထိုင်ကြသည်။ ထိုသို့သော အသက်မွေးဝမ်းကျောင်းပြုရာတွင် အော်ယောရပ်ကွက်တွင် ရှေးနှစ်ပေါင်းများစွာကတည်းက လုပ်ကိုင်ခဲ့ကြသော လုပ်ငန်းတစ်ခုဖြစ်သည့် အိုးလုပ်ငန်းသည်လည်း ရိုးရာအမွေတစ်ခုပင် ဖြစ်သည်။ အော်ယောရပ်ကွက်သည် ရှေးယခင်ကတည်းက အိုးလုပ်ငန်းများကို အိမ်တိုင်းလိုလိုပင် တွင်ကျယ်စွာလုပ်ကိုင်ခဲ့ကြသည်။ ခနဲ့ဒေသတစ်ခွင်နှင့် အခြားသောမြို့များသို့လည်း တင်ပို့ရောင်းချနိုင်ခဲ့ကြသည်။ လက်ရှိအချိန်တွင် အော်ယောရပ်ကွက်တွင် အိုးလုပ်ငန်းလုပ်ကိုင်သူ မိသားစု ငါးစုမျှသာ ရှိတော့သည်။

မြန်မာတို့၏ရိုးရာအစဉ်အလာအရ ကျင်းပကြသော ပွဲလမ်းသဘင်များကို လိုက်၍လည်း ရောင်းအားမူတည်ပေသည်။ မြန်မာ့နှစ်သစ်ကူးအချိန်အခါများတွင် တာအိုးများလှူဒါန်းကြသဖြင့် ရေအိုးနှင့် ရေချမ်းအိုးများမှာ တန်ခူးလတွင် အရောင်းကောင်းဆုံးဖြစ်ပြီး ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလများတွင် မီးထွန်းပွဲများ ကျင်းပကြသဖြင့် ဆီမီးခွက်များ၊ အမွှေးတိုင်ခွက်များ၊ ရေချမ်းအိုးများ၊ ဆွမ်းတော်အုပ်များ အရောင်းသွက်လှပေသည်။ တပေါင်းလတွင် ကျင်းပသော သဲပုံစေတီပွဲများတွင်လည်း ထိုသို့သော ဆီမီးခွက်များ၊ အမွှေးတိုင်ခွက်များ၊ ရေချမ်းအိုးများ၊ ဆွမ်းတော်အုပ်များ အရောင်းသွက်လှပေသည်။

ပွဲလမ်းသဘင်များတွင် ရောင်းချသည့် မြေဖြင့်ပြုလုပ်ထားသည့် ထမင်းအိုး၊ ဟင်းအိုး၊ လက်ဖက်ရည်အိုး၊ လက်ဖက်ရည်ပန်းကန်၊ ရေချမ်းအိုး၊ ရေအိုး၊ လင်ပန်း၊ ငရုတ်ဆုံ၊ ရေတကောင်းအိုး စသည့်အိုးပုတ်များကို ဝယ်ကြပြန်သည်။ အချို့သောဒေသများ၌ သီတင်းကျွတ်လတွင် နှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်အား ဆွမ်း၊ ခဲဖွယ်များကို သပိတ်များဖြင့်ထည့်ကာ ပူဇော်ကပ်လှူခြင်းမျိုး မဟုတ်ဘဲ မြေအိုးမြေခွက်များတွင်ထည့်ကာ ကပ်လှူကြသည်။ ထိုသို့ ကပ်လှူထားသည့် ဆွမ်း၊ ခဲဖွယ်နှင့် အောက်ခံအိုး၊ ခွက်များကို မိမိတို့၏ စိုက်ပျိုးရေးပြုလုပ်သော မြေယာတွင် မြှုပ်နှံလေ့ရှိကြသဖြင့် အချို့သော အရပ်ဒေသများက သီတင်းကျွတ်လများတွင် အိုးများကို ထောင်ပြည့်အိုး၊ ရာပြည့်အိုး စသည်ဖြင့် မှာယူကြသည်များလည်းရှိသည်။

### အော်ယောအိုးပြုလုပ်ပုံအဆင့်ဆင့်

အော်ယောအိုးများသည် မြေနှစ်မျိုးကို ရောစပ်လုပ်ကိုင်ရသည်။ မြေနှစ်မျိုးမှာ မြေဖြူ(အဝါရောင်အနည်းငယ်သန်းသည့်မြေ)နှင့် မြေနီကို ရောစပ်အသုံးပြုရသည်။ ထိုသို့သော မြေနီများကို အော်ယောရပ်ကွက်တောင်ဘက်တွင်ရှိသော အိုးလုပ်၍ ရသောမြေများရှိသဖြင့် အိုးတွင်းကုန်းဟု ခေါ်တွင်ကြသည့် တောင်ကုန်းမှ သွားရောက်တူးယူကြရသည်။ မြေနီတွင် သဲအနည်းငယ်ပါသည်။ သို့သော် အိုးလုပ်ရန်အတွက် ထိုမြေကို ထုချေရသည်။ ထုချေလိုက်သည့်အတွက် ပါလာသောသဲများကို ဖယ်ထုတ်ရသည်။ သဲများပါလျှင် အိုးရိုက်သည့်အခါ ကွဲထွက်လာတတ်သောကြောင့်ဖြစ်သည်။ မြေနီကို ထုချေပြီး လုံးဝအမှုန့်ဖြစ်သွားမှ ဆန်ခါဖြင့်ချရသည်။ ထိုသို့ ဆန်ခါဖြင့်ချရာတွင် ထွက်လာသော အမှုန့်များကိုသာ အသုံးပြုရပြီး အကြမ်းများကို အိုးဖုတ်ရာတွင် နောက်ဆုံးအဆင့်ဖြစ်သည့် မြေချဉ်သုတ်လိမ်းရာတွင် အသုံးပြုသည်။

မြေဖြူများကို ပင်းတယမြို့မြောက်ဘက်အထွက်ရှိ မြောက်ကျောင်းကြီးချောင်းထဲတွင် တူးယူရသည်။ မြေဖြူများသည် မထုချေရသေးသော်လည်း သဲများ ပါ၊ မပါ သိရှိနိုင်သည်။ မြေဖြူများသည် မြေကြီးအတွင်းဘက်တွင် တည်ရှိသဖြင့် သဲများပါရန်အလွန်ခဲယဉ်းပေသည်။ မြေဖြူများကို မြေနီကဲ့သို့ အမှုန့်ဖြစ်သည်အထိ ထုချေရန်မလိုပေ။ သဲများသန့်စင်ပြီး အတုံးငယ်ကလေးများ ဖြစ်လာလျှင် အမှုန့်ဖြစ်အောင်ပြုလုပ်ထားသော မြေနီမှုန့်ဖြင့် သမအောင် မွှေနှောက်ကာ ရေဖြင့်နှပ်ထားရသည်။


(ဆက်လက်ဖော်ပြပါမည်)




**ခနဲ့တိုင်းရင်းသားတို့သည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသော်လည်း အခြားသော လုပ်ငန်းများစွာဖြင့် အသက်မွေးကြရာတွင် အိုးလုပ်ငန်းဖြင့် အသက်မွေးကြသူများလည်း အပါအဝင်ဖြစ်သည်။**

**ရှေးနှစ်ပေါင်းများစွာက ခနဲ့ဒေသတစ်ခွင်တွင် အိုးလုပ်ငန်းကို တွင်ကျယ်စွာ လုပ်ကိုင်ခဲ့ကြ**

# မြန်မာ့ရိုးရာ ပန်းပုလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဈေးကွက်မြင့်မားစွာ ရရှိစေရေးအတွက် လိုအပ်ချက်များ ရှိနေ

မြန်မာနိုင်ငံအတွင်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာမည့် မြန်မာ့ရိုးရာပန်းပုလုပ်ငန်းတွင် အခြေခံဖြစ်သော ပန်းပုပြုလုပ်ရန် လိုအပ်သောသစ်မာများ အလွယ်တကူ ဝယ်ယူရရှိရေး၊ လုပ်ငန်းလိုင်စင်များရရှိရေး၊ ကျွမ်းကျင်သော ပန်းပုပညာရှင်များ ပေါ်ထွက်လာစေရေးနှင့် ကောင်းမွန်သော ဈေးကွက်တစ်ခု ဖြစ်ပေါ်လာစေရေးအတွက် အခက်အခဲ၊ လိုအပ်ချက်များ အနည်းငယ်ရှိနေသေးကြောင်း သိရသည်။

**လက်မှုအနုပညာကို ခံစားထုလုပ်**

''ပန်းပုရုပ်တစ်ခု ထုလုပ်ဖို့ဆိုတာ အချိန်၊ ကာလ သတ်မှတ်လို့ မရပါဘူး။ ကိုယ် အလုပ်လုပ်တဲ့အချိန် စိတ်ဝင်စားမှုရှိမှ အသက်ဝင်၊ လက်ရာမြောက်တဲ့အတွက် သစ်အရွယ်အစား အသေး၊ အကြီး၊ ပုံစံကို ကြည့်ပြီး ကိုယ့်ရဲ့ စိတ်ကူး၊ လေးဖက်လေးတန် ပုံစံကိုကြည့်ပြီး လက်မှုအနုပညာကို ခံစားထုဆစ်ရတာပါ။ သစ်အရည်အသွေး၊ လက်ရာပေါ်မှာ အရွယ်အစားအလိုက် ဈေးနှုန်း အနိမ့်၊ အမြင့် ရှိပါတယ်။ ထုလုပ်ပြီးတဲ့ ပန်းပုရုပ်တစ်ခုအတိုင်း သင့်တော်တဲ့ လက်ခရပါတယ်။ ပန်းပုရုပ်လိုင်းမှာ ရုပ်လုံး၊ ရုပ်ကြွ၊ တစ်ခြမ်းမောက်လိုင်းဆိုတာရှိပြီး ရရှိတဲ့ သစ်အမျိုးအစားပုံသဏ္ဍာန်ပေါ်မူတည်ပြီး လိုချင်တဲ့ပုံကို စိတ်ကူးယဉ် ထုလုပ်ရတာပါ။ သစ်တိုသစ်စ၊ သစ်မြစ်ဆုံ၊ သစ်ငုတ်တို၊ သစ်ဆွေးကအစ အားလုံးအသုံးပြုလို့ ရပါတယ်။ ပန်းပုထုရာမှာ အကောင်းဆုံးသစ်အမျိုးအစားတွေက တောကြီးပိတောက်၊ တမလန်း၊ ကျွန်း၊ ကုက္ကို၊ ပိတောက်၊ ယင်းတိုက်သားများ ဖြစ်ပါတယ်။ လိုအပ်တဲ့ သစ်ကုန်ကြမ်းရရှိဖို့၊ လုပ်ငန်းလိုင်စင်ရရှိဖို့ ဆောင်ရွက်ရတာ ခက်ခဲပေမယ့် ထုလုပ်ပြီးတဲ့ ကုန်ချောပန်းပုရုပ်တွေကို နိုင်ငံတော်က လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပေးထားပါတယ်။ အခု ဒီမြို့မှာ အဖွဲ့လိုက်လာပြီး နေထိုင်၊ စားစရိတ်ငြိမ်းနဲ့ ပန်းပုရုပ်တွေ ထုလုပ်ပေးနေတာပါ။ နေ့စား၊ လခစား၊ ပုတ်ပြတ် အမျိုးမျိုး ရှိပါတယ်။ သူ့အရည်အချင်းအလိုက် လုပ်အားခ မတူညီပါဘူး။ ကိုယ်ထုလုပ်ပြီးတဲ့ ပန်းပုရုပ်ပေါ်မူတည်ပြီး လက်ခရပါတယ်။ အသက် ၁၄ နှစ်အရွယ်ကတည်းက ပညာသင်ထုလုပ်ခဲ့တာ နှစ်ပေါင်း ၂၀ ကျော် ဒီပညာနဲ့ အသက်မွေးခဲ့တာပါ။ အဆင်ပြေပါတယ်''ဟု ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန်မြို့မှ လာရောက်လုပ်ကိုင်သူ ကိုရဲနိုင် (မြန်မာ့ရိုးရာပန်းပညာရှင်များ အစည်းအရုံး အသင်းဝင်)က ပြောသည်။

''သစ်သားပန်းပု အရောင်းဆိုင်ဖွင့်မယ်ဆိုပြီး ရည်ရွယ်ထားတာ တစ်နှစ်ကျော်ပါပြီ။ အခုဆို အရုပ်တော်တော်လေးတော့ စုဆောင်းရရှိပါပြီ။ နိုင်ငံအတွင်းက မြန်မာ့ပန်းပုပညာရှင်တွေကို ခေါ်ယူပြီး ဈေးနှုန်းသတ်မှတ်ခြင်း မရှိဘဲ အနုပညာလက်ရာပေါ်ကြည့်ပြီး ထိုက်သင့်တဲ့ အခကြေးငွေ ချီးမြှင့်ပေးပါတယ်။ လိုအပ်တဲ့ သစ်ကုန်ကြမ်းကို ဒေသတွင်းမှာ လိုက်လံရှာဖွေဝယ်ယူရရှိတဲ့အတွက် သစ်သားပန်းပုရုပ်တွေ ထုလုပ်နေတာပါ။ ဈေးကွက်အခြေအနေက ကောင်း၊ မကောင်း မသိရသေးပါဘူး။ စားသောက်ဆိုင်တွေက အော်ဒါမှာယူတဲ့ အလှဆင်ပန်းပုရုပ်တွေကို ဈေးနှုန်း သင့်တင့်စွာ ရောင်းချပေးပါတယ်။ ပရိဘောဂလုပ်ငန်း လိုင်စင်ရှိပါတယ်''ဟု သုဝဏ္ဏဝတီမြို့တွင် သစ်သားပန်းပု အရောင်းဆိုင်ဖွင့်လှစ်ရန် စီမံထားရှိသူ ဦးကျော်ဝေက ပြောသည်။



> “ပြည်တွင်းဈေးကွက်၌ တန်ဖိုးမြင့်မားစွာ နေရာမယူနိုင်သေးသော်လည်း ပြည်ပဈေးကွက်သို့ စွန့်ပစ်ပစ္စည်းမှ တန်ဖိုးမြင့် အချောထည်ပစ္စည်းအဖြစ်သို့ ပြောင်းလဲ၍ အဆင့်အတန်းမီစွာ ထိုးဖောက်ဝင်ရောက်နိုင်ရန် လိုအပ်ချက်များရှိနေသေးကြောင်းနှင့် မျိုးဆက်သစ်ပန်းပုပညာရှင်အရေးအတွက် နည်းပါးလာကြောင်း . . .

မြန်မာ့ရိုးရာ ပန်း ၁၀ မျိုးတွင်ပါဝင်သော ပန်းပုပညာရပ်ကို နိုင်ငံတော်က အသိအမှတ်ပြုအားပေး၍ သစ်သားပန်းပုပြိုင်ပွဲများ ကျင်းပဆောင်ရွက်ပေးနေသည့်အပြင် အရည်အသွေးမြင့် ရရှိလာသည့် သစ်သားပန်းပုအချောထည်များကို လက်မှုနှင့် စက်မှုပညာပေါင်းစပ်၍လည်းကောင်း၊ လက်မှုနှင့် ထုလုပ်ထားသော လက်ရာကောင်း ရုပ်တုများကို စက်ဖြင့် ပုံစံထုတ် မှိုလောင်းပြီး ပုံစံတူသစ်အရွယ်အစားအလိုက် အရေအတွက်များစွာ ထုတ်လုပ်နိုင်ကြောင်း၊ ယခုအခါ ပြည်တွင်းဈေးကွက်၌ တန်ဖိုးမြင့်မားစွာ နေရာမယူနိုင်သေးသော်လည်း ပြည်ပဈေးကွက်သို့ စွန့်ပစ်ပစ္စည်းမှ တန်ဖိုးမြင့် အချောထည်ပစ္စည်းအဖြစ်သို့ ပြောင်းလဲ၍ အဆင့်အတန်းမီစွာ ထိုးဖောက်ဝင်ရောက်နိုင်ရန် လိုအပ်ချက်များရှိနေသေးကြောင်းနှင့် မျိုးဆက်သစ်ပန်းပုပညာရှင်အရေးအတွက် နည်းပါးလာကြောင်း ပန်းပုပညာရှင်တစ်ဦးဖြစ်သူ ကိုရှိန်းလူက ပြောသည်။

ခွန်(ဝင်းပ)

## ပြည်ထောင်စုအိမ်ကလေး

❖ ကချင်ဒေသမနောမြေ
အေးချမ်းသာယာနေ
ကမ္ဘောဇမြေရှမ်းဒေသ
ဖိတ်ခေါ် အင်းလေးက... ။

❖ ဇွဲကပင်မြေမှ ဖားစည်သံ
စည်းချက်ညီစွာညံ
ဟံသာဝတီပဲခူးက
ခမ်းနားထည်ဝါလှ... ။

❖ တောင်တန်းဒေသ ချင်းပြည်နယ်
အေးချမ်းလှပေတယ်
စစ်ကိုင်းမြေဝယ် ဘုရားများ
များလှ ဖူးစေသား... ။

❖ တန်ခိုးကြီးထွားတို့မွန်ပြည်
ကျိုက်ထီးရိုးစေတီ
တနင်္သာရီမြိတ်ကျွန်းများ
မြန်မာပြည် အောက်ဖျား... ။

❖ စပါးရွှေဝါ ပေါများတာ
တိုင်းရောဆီမှာ
ကုန်ထုတ်လုပ်တာရန်ကုန်က
စက်မှုကျော်ကြားလှ... ။

❖ ရခိုင်ရိုးမတောင်တန်းနော်
တို့များသွေးချင်းပျော်
မန်းမြေဆီနော် ရောက်အောင်သွား
ပုဂံဘုရားများ ... ။

❖ မကွေးသွားလို့ လှေလာမည်
ပုံတောင်ပုံညာဆီ
ငွေတောင်ပြည်ခေါ် ကိုကယား
လောပိတထင်ရှား... ။

❖ ထင်ပေါ်ကျော်ကြားတို့နိုင်ငံ
အလည်လာကြပြန်
ပြည်ထောင်စုဟန် သူ့အလှ
ကြီးကျယ်လှပေစွ ... ... ... ။

ဇင်မင်းစိုး (ဗိုလ်ကလေး)

# ဒရယ်မြို့ဟောင်းနေရာမှ တူးဖော်ရရှိသည့် ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများကို အခမဲ့ကိုယ်ပိုင်ရှေးဟောင်းပစ္စည်းပြခန်း ဖွင့်လှစ်

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဒရယ်ကျေးရွာတွင် ဟံသာဝတီခေတ်၊ မုတ္တမခေတ် မုတ္တမ(၃၂)မြို့ စာရင်းဝင် ဒရယ်မြို့ဟောင်းနေရာမှ တူးဖော်ရရှိခဲ့သည့် ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများကို ကိုယ်ပိုင်ရှေးဟောင်းပစ္စည်းပြခန်းအဖြစ် ဒရယ်ကျေးရွာ ရပ်ကွက်(၆) အိမ်အမှတ်(၆၁) နေ ဦးသန်းထိုက်နေအိမ်တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(နေပြည်တော်)မှ ခွင့်ပြုမိန့်ဖြင့် ပြည်သူအများ ကြည့်ရှုနိုင်ရန်အတွက် ဇန်နဝါရီ ၁ ရက်မှ စတင်ပြီး ပြခန်းဖွင့်လှစ်ထိန်းသိမ်းခွင့်ရခဲ့ကြောင်း သိရသည်။

“အရင်ကတော့ ပြခန်းပြမယ်ဆိုပြီး ရည်ရွယ်ချက်တော့ မရှိခဲ့ပါဘူး။ ဝါသနာအရ ၂၀၁၃ ခုနှစ်ကတည်းက စတင်ပြီး ရွာကတူးဖော်ရရှိတဲ့ ရှေးဟောင်းမြေအိုး၊ စဉ့်အိုးတွေကို လိုက်ရှာစုဆောင်းပြီး တဖြည်းဖြည်းနဲ့များလာတော့ သမိုင်းသုတေသနပညာရှင် ဦးစံဝင်းရဲ့ အကူအညီနဲ့ ယခုလို ထိန်းသိမ်းထားတဲ့ ပစ္စည်းတွေကို ပြခန်းအဖြစ် တင်ပြခွင့်ပြုချက်ယူပြီး ဖွင့်လှစ်နိုင်ခဲ့တာပါ” ဟု ရှေးဟောင်းပစ္စည်းများ စုဆောင်းသူ ဝါသနာရှင် ဦးသန်းထိုက်က ပြောသည်။

ကိုယ်ပိုင်ပြခန်းအတွက် ခွင့်ပြုမိန့်ရဖို့ တစ်လကျော်သာ ကြာခဲ့ပြီး ယခုအချိန်တွင် ပြခန်းကိုဘယ်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းတွေကို မြတ်နိုးသူများနှင့် နိုင်ငံခြားသားများ၊ ပြည်တွင်းပညာရှင်များ၊ ကျောင်းသား ကျောင်းသူများနှင့်၊ အခြားစိတ်ပါဝင်စားသူများလည်း ပြခန်းကို လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း ဆက်လက်ပြောပြသည်။

“အရင်တုန်းကဆိုရင် ဒရယ်မှာက တောင်ဘက်ကုန်း၊ မြောက်ဘက်ကုန်း၊ အရှေ့ဘက်ကုန်းတွေ ဆိုပြီးတော့ ကုန်းခုနစ်ကုန်းလောက်ရှိတယ်။ ကျုံးတွေ၊ စစ်ရေးပြကွင်းလို့ယူဆရတာတွေလည်း အထင်အရှားတွေ့ရတယ်။ နောင်နှစ် ၅၀ လောက်ဆိုရင်တော့ အဲဒီနေရာက ဆက်လက်ထိန်းသိမ်းနိုင်ဖို့က မလွယ်ကူတော့ဘူး”ဟု ဒရယ်ဒေသခံတစ်ဦးက ပြောသည်။



အဆိုပါပြခန်းတွင် မွန်ယဉ်ကျေးမှုထွန်းကားခဲ့သည့် မုတ္တမခေတ်အတွင်း မုတ္တမ(၃၂)မြို့ စာရင်းဝင် ဒရယ်မြို့ဟောင်းနေရာမှ တူးဖော်တွေ့ရှိခဲ့သော ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများဖြစ်သည့် ကျောက်လက်နက်၊ သံလက်နက်၊ စဉ့်အိုး၊ မြေအိုး၊ အုတ်ခွက်ဘုရား၊ ဟင်္သာအလေး၊ မြေထည်ပစ္စည်းများ၊ အုတ်ခဲ၊ အိုးခြမ်းကွဲ၊ ကြေးထည်၊ ငွေထည်၊ ဖန်ထည်၊ ယွန်းထည်ပစ္စည်းများ၊ မြန်မာ့မူရင်းမဟုတ်သော ကြွေထည်ပစ္စည်းများ စသည့် အမျိုးပေါင်း ၈၉ မျိုးနှင့် အရေအတွက် ၂၃၃ ခုကို ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းအဖြစ် စာရင်းသွင်းပြသထားနိုင်ခဲ့ပြီး မွန်ပြည်နယ်တွင် ဒုတိယမြောက် အခမဲ့ကိုယ်ပိုင်ပြခန်းဖြစ်ကြောင်း သိရသည်။

ထူးအိမ်(ပြန်/ဆက်)

အထူးကဏ္ဍစာမျက်နှာ ဃ မှ »»»

ကျိုက်သုတ်စေတီသည်လည်း မုဟ်လို(သင်လို)စေတီနှင့် မုဟ်ပန်စေတီ အလယ်တွင် တည်ထားကိုးကွယ်ထားသဖြင့် **“ကျာ်အသုတ်”** အလယ်ဗဟိုချက် ဘုရားဟုလည်း ယူနိုင်သည်။ ပထဝီ အနေအထားအရ **“မုဟ်လို”**နှင့် **“မုဟ်ပန်” “မုဟ်”**နှစ်ခု၏ အလယ်ချက်၊ အငူအစွန်းနှစ်ဖက်၏ အလယ်ချက်ကြားနေရာတွင် တည်ရှိသည်ကိုလည်း တွေ့နိုင်သည်။

**စနေဂြိုဟ်အနီးတွင် တွေ့နိုင်**

ကျိုက်သုတ်စေတီခေါင်းလောင်းကို စေတီအနောက်မုခ်တန်ဆောင်း၏ အနောက်တောင်ထောင့် စနေဂြိုဟ်အနီးတွင် တွေ့နိုင်သည်။ ကျိုက်သုတ်စေတီခေါင်းလောင်းတွင် မွန်၊ မြန်မာ နှစ်ဘာသာ ရေးထိုးထားသည်။ မွန်ဘာသာသည် စေတီအရှေ့ဘက်သို့ မျက်နှာမူပြီး မြန်မာဘာသာသည် အနောက်ဘက်သို့ မျက်နှာမူ ပူဇော်ထားသည်။ ခေါင်းလောင်းကြီး အမြင့် – ၂၉ လက်မ၊ ခါလုံးပတ်– ၆၈ လက်မ၊ အောက်ခြေလုံးပတ် – လက်မ ၉၀၊ အထူ – ၂ ဒသမ ၂လက်မ၊ အချင်း– ၃၀ လက်မ၊ ပေါင်းတိုင်အမြင့် – ၉ လက်မ၊ ပေါင်းကိုင်းလုံးပတ် – ၉ လက်မ၊ လည်ပင်း – ၂၇ လက်မ၊ တစ်ဖက်တစ်ချက်တွင် သင်္ခ်ဝိဇရုပ်ပုံသွန်းလုပ်ပူဇော်ထား၏။ ကျိုက်သုတ်စေတီ ခေါင်းလောင်းစာသည် မွန်ဘာသာဖြင့် မူလက ရေးထိုးခဲ့ပြီးနောက် နှစ် ၁၀၀ တွင် မြန်မာဘာသာဖြင့် ပြန်လည်ရေးထိုးခဲ့သည်။ မွန်ဘာသာရေးထိုးစဉ် ၁၁၁၁ ခု ကာလဝန်းကျင်တွင် မွန်ဘာသာစာပေဖွံ့ဖြိုးထွန်းကားခဲ့ပြီး မြန်မာဘာသာရေးထိုးစဉ် ၁၂၁၁ ခုတွင် မြန်မာဘာသာ စာပေဖွံ့ဖြိုးထွန်းကားလာခဲ့ကြောင်းကိုလည်း ခန့်မှန်းနိုင်သည်။ သို့သော် ယခုတွင် ပေါင်းကိုင်းတစ်ဖက်တစ်ချက်၌ လူပျံတော်ကလေးပုံဖြင့် တွေ့ရ၏။ ပေါင်းကိုင်းကို ခြသေ့ရုပ်နှစ်ကောင်ပါသော တန်းချိတ်ဆွဲဖြင့် ချိတ်ထား၏။

**ကျိုက်သုတ်စေတီခေါင်းလောင်းစာ မွန် - မြန်မာ နှစ်ဘာသာကို လေ့လာခြင်းအားဖြင့် ကြီးမားလှသော စာပေအထောက်အထားများ၊ ရှေးမော်လမြိုင်မြို့၏ သာယာလွှမ်းမောဖွယ် တောတောင်၊ စိမ့်၊ စိမ်း ပတ်ဝန်းကျင်အနေအထားများ၊ ခေါင်းလောင်းသွန်းလုပ်မှုရှေးခေတ် အနုပညာလက်ရာများကို ထိတွေ့ခံစားရ**

မွန်ဘာသာခေါင်းလောင်းဘက်ခြမ်းတွင် ကျေးဇူးကြီးမားလှစွာသော ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ၊ အရိယာ၊ သာဝက အပေါင်းတို့နှင့် တရားသောမင်းတို့အား ရှိခိုးကော်ရော်သည်ကို ဦးစွာရေးထိုးထားသည်။ ဆက်လက်၍ ခေါင်းလောင်းသွန်းလုပ်သော ခုနှစ်၊ လ၊ ရက်၊ ခေါင်းလောင်း အလေးချိန်တို့ကို အတိအကျ ရေးထိုးထားသည်။ အကျဉ်းချုပ်ရေးထားသည့် သဘောဆောင်သည်။

မြန်မာဘာသာခေါင်းလောင်းစာဘက်ခြမ်းတွင် တရားကိုးကွယ်ခြင်းအကျိုးအောင်မြင်မှု နိမိတ်ဆောင်သည်ဟူသော ပါဠိဘာသာဖြင့် ဦးစွာရေးထိုးပြီး သာယာလွှမ်းမောဖွယ်အပေါင်းနှင့် ပြည့်စုံသော မော်လမြိုင်မြို့ဘွဲ့၊ ခေါင်းလောင်းလှူဒါန်းပူဇော်သူပုဂ္ဂိုလ်၏ ဘွဲ့၊ ခေါင်းလောင်းပူဇော်သော ကျိုက်သုတ်စေတီဘွဲ့တို့ကို ပါဠိဘာသာဖြင့် အကျဉ်းချုပ်ရေးထိုးထားသည်။ ဆက်လက်၍ မော်လမြိုင်မြို့ဘွဲ့၊ ခေါင်းလောင်းလှူဒါန်းပူဇော်သူပုဂ္ဂိုလ်၏ ဘွဲ့၊ ခေါင်းလောင်းကို ပြန်လည်သွန်းလောင်းလုပ်ဆောင်ပူဇော်သော အစိတ်အပိုင်း၊ ခုနှစ်၊ လ၊ ရက်နှင့် ခေါင်းလောင်းပူဇော်သော စေတီတော် ကျိုက်သုတ်ဘွဲ့တို့ကို ပါဠိ မြန်မာနိဿယပြန်ရေးနည်းဖြင့် သိုင်းသိုင်းဝန်းဝန်းရေးထိုးထားကြောင်း တွေ့ရသည်။

**အနုပညာလက်ရာများကို ထိတွေ့ခံစားရ**

ကျိုက်သုတ်စေတီခေါင်းလောင်းစာ မွန်၊ မြန်မာ နှစ်ဘာသာကို လေ့လာခြင်းအားဖြင့် ကြီးမားလှသော စာပေအထောက်အထားများ၊ ရှေးမော်လမြိုင်မြို့၏ သာယာလွှမ်းမောဖွယ်တောတောင်၊ စိမ့်၊ စိမ်း ပတ်ဝန်းကျင်အနေအထားများ၊ ခေါင်းလောင်းသွန်းလုပ်မှုရှေးခေတ် အနုပညာလက်ရာများကို ထိတွေ့ခံစားရသည့်အပြင် နောက်နောင်သုတေသန ဆောင်ရွက်မှုတို့တွင် တစ်ထောင့်တစ်နေရာ အုတ်တစ်ချပ်သဲတစ်ပွင့်အလား ပံ့ပိုးနိုင်မည်ဖြစ်ပါကြောင်း ရည်သန်လျက် ရေးသားရပါသည်။

ကိုးကား –

- မွန်ရာဇဝင်စေတီတော်သမိုင်းပေါင်းချုပ် (စစ်ကဲကြီးဦးရွှေနော်)
- မော်လမြိုင်ရာဇဝင် (သခင်ကိုယ်တော်မှိုင်း)
- ရာမညတိုင်းသုံးရပ်ဓာတ်တော်သမိုင်း (မွန်ပေစာများမှ မြန်မာဘာသာပြန်ခြင်း)
- မွန်ဘာသာစကားနှင့်ယဉ်ကျေးမှုတို့၏ ဝိသေသကဏ္ဍ (ဒေါက်တာနိုင်ပန်းလှ)
- မွန်တို့ဌာနေရာမည မာမက သုတေသီ
- လိခ်ကပ်သ္ဍင်ဩန်ရတ် (ဘာမဟာဝိဟာရ ပရိယတ္တိကွာန်ကံဗိန်)



# တိုင်းရင်းသားလူမျိုးစုများ၏ ဈေးရောင်းပွဲတော်နှင့် ယဉ်ကျေးမှုပဒေသာကပွဲသို့ ပြည်သူများ လာရောက်လည်ပတ်လေ့လာ

မန္တလေးမြို့တွင် အခြေချနေထိုင်ကြသော ကချင်၊ ကရင်၊ ကယန်း၊ ကိုးကန့်၊ ချင်း၊ တောင်ရိုး၊ တအာင်း၊ နာဂ၊ ပအိုဝ်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ရှမ်းနီ၊ အင်းသား၊ ဓနု၊ ယော၊ လီဆူ စသည့် တိုင်းရင်းသားလူမျိုးစုများ၏ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နဝမအကြိမ် ဈေးရောင်းပွဲတော်နှင့် ယဉ်ကျေးမှုပဒေသာကပွဲများကို မန္တလေးမြို့ မန္တလာသီရိ အဆင့်မြင့်အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ လာရောက်လည်ပတ်သူများ စည်ကားခဲ့ပြီး ဖေဖော်ဝါရီ ၁၂ ရက်တွင် လာရောက်လေ့လာကြကြောင်း သိရသည်။

ယခုပွဲတော်ကို တိုင်းရင်းသားလူမျိုးများ၏ ချစ်ခင်မြတ်နိုးသည့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ပြသပြီး မပျောက်ပျက်ရလေအောင် အမြဲထိန်းသိမ်းစောင့်ရှောက်နိုင်ရန်၊ တိုင်းရင်းသားလူမျိုးစုများ အချင်းချင်း ပိုမိုနားလည်မှုရရှိခြင်း၊ အပြန်အလှန်လေးစားခြင်း၊ ကူညီရိုင်းပင်းခြင်း အခြေခံသည့်ပြည်ထောင်စုစိတ်ဓာတ်ကိန်းအောင်းနေစေရန်နှင့် တိုင်းရင်းသားလူမျိုးများ ဥမကွဲသိုက်မပျက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်သည့် ပြည်ထောင်စုကြီး အမြဲရှင်သန်နေရန် အစရှိသော ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်မောင်မြင့်က ပြောသည်။



“ဒီနှစ်က တိုင်းရင်းသား ၁၈ မျိုးပါဝင်ပါတယ်။ ပွဲဈေးတန်းနဲ့ ပဒေသာကပွဲကတော့ တိုးမပေါက်အောင် စည်ကားပါတယ်။ နောက်နှစ်တွေမှာလည်း အခုလို မန္တလေးအခြေစိုက် တိုင်းရင်းသားတွေ စုစုစည်းစည်း ညီညီညွတ်ညွတ် ကျင်းပနိုင်အောင် ဆောင်ရွက်သွားပါမယ်” ဟု ၎င်းက ဆက်လက်ပြောပြသည်။

“တိုင်းရင်းသားတွေရဲ့ အသုံးအဆောင်ပစ္စည်းတွေ၊ ဒေသထွက်ကုန်ပစ္စည်းတွေ တစ်နေရာတည်းမှာ စုံစုံလင်လင် ရောင်းချနေတာတွေ့ရတာ အလွန်ကောင်းပါတယ်။ လေ့လာလို့လည်းရတယ်။ ဝယ်ယူအားပေးရတာလည်း အဆင်ပြေတယ်။ ကချင်ပြည်နယ်ဒေသထွက် သစ်ဥ၊ သစ်ဖုတွေ၊ ဆေးမြစ်စုံပစ္စည်းတွေ၊ နာဂတိုင်းရင်းသားတွေရဲ့ အသုံးအဆောင်ပစ္စည်းတွေ၊ တိုင်းရင်းသားရိုးရာအဝတ်အထည်တွေ စုံစုံလင်လင်တွေ့ရပါတယ်။ တိုင်းရင်းသားလူမျိုးတွေရဲ့ အသုံးအဆောင်ပစ္စည်းတွေ၊ ဒေသထွက်ကုန်တွေ၊ ရိုးရာအစားအစာတွေ တော်တော်များများ စုံလင်စွာတွေ့ရတယ်။ ကျွန်မကတော့ ချင်းရိုးရာ လည်ဆွဲ၊ လက်ကောက်၊ ဆံထိုးအပြင် ရှမ်းရိုးရာအစားအစာတွေ မုန့်ညင်းပေါင်းကိုလည်း ဝယ်ယူအားပေးခဲ့ပါတယ်” ဟု မန္တလေးမြို့ အောင်မြေသာစံမြို့နယ် နန်းရှေ့ရပ်ကွက်မှ လာရောက်ဝယ်ယူသူတစ်ဦးက ပြောသည်။

“ဒီပွဲကို မန္တလာသီရိကွင်းထဲမှာလုပ်တဲ့ ပြည်ထောင်စုနေ့ အခမ်းအနားတက်ရင်း လာရောက်ဖြစ်တာပါ။ တိုင်းရင်းသားလူမျိုးစုတွေ၏ ရိုးရာအစားအစာတွေ၊ အသုံးအဆောင်ပစ္စည်းတွေ၊ ဒေသထွက်ကုန်ပစ္စည်းတွေ၊ အဝတ်အထည်တွေ၊ အသိပညာပြခန်းတွေနဲ့ စာအုပ်အရောင်းဆိုင်တွေ ခင်းကျင်းပြသထားတာ တွေ့ရတယ်။ ညပိုင်းမှာလည်း ဖျော်ဖြေရေးအစီအစဉ်တွေရှိတော့ ပျော်ဖို့ကောင်းပါတယ်။ အခုလိုတိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုတွေကို တစ်နေရာတည်းမှာ လေ့လာခွင့်ရတာ အလွန်ကောင်းပါတယ်” ဟု အဆိုပါပွဲတော်သို့ လာရောက်သူတစ်ဦးက ပြောသည်။

သန်းဇော်မင်း(ပြန်/ဆက်)

**ဖိတ်ခေါ်ပါသည်**

**ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။**

**[စာတည်း]**

တိုင်းရင်းသားရေးရာ

ကြေးမုံ
အထူးကဏ္ဍ

# ရှေးမော်လမြိုင်နှင့် ကျိုက်သုတ်စေတီတော် ခေါင်းလောင်းစာ

ဗညားဂုဏ်လဟော

ကျိုက်သုတ်စေတီတော်သည် မွန်ပြည်နယ် မြို့တော်မော်လမြိုင်မြို့ အဝန်းအဝိုင်း၏ မြို့အလယ်တွင် တည်ရှိသည်။ ပြိုင်လျက်နေသော သံလွင်မြစ်အဆုံးပိုင်းနှင့် နာဂဝိသတောင်ရိုးတန်းအကြား ကျိုက်သလ္လံစေတီနှင့် ကျိုက်မုပွန်စေတီအကြားတွင် တည်ထားကိုးကွယ်သည့် ဆံတော်ရှင်စေတီတစ်ဆူဖြစ်သည်။ ကျိုက်သုတ်စေတီရင်ပြင်တော် အနောက်ဘက်အပိုင်း စနေထောင့်တွင် ကျိုက်သုတ်စေတီခေါင်းလောင်းကို လှူဒါန်းချိတ်ဆွဲထားသည်။ ကျိုက်သုတ်စေတီ၏အမည်မှာ မွန်လူမျိုးတို့၏ ဝေါဟာရဖြစ်သည်။ ကျိုက်သုတ်စေတီတော်သမိုင်းကို စေတီတော်တောင်ဘက်မုခ် ဝတ်ကျောင်းဆောင်ကျောဘက်တွင် နံရံပန်းချီကားဖြင့် တွေ့ရသည်။ ပန်းချီကားသမိုင်းအလိုအရ မဟာသက္ကရာဇ် ၁၁၁ ခု မြတ်စွာဘုရားသုဝဏ္ဏဘုမ္မိ သထုံပြည်သို့ ကြွရောက်စဉ် အဇိတနှင့် ဇိန ရသေ့နှစ်ပါးကို ဆံတော်ပေးသနားတော်မူခဲ့သည်။ ထိုဆံတော်ကို သူဌေးကြီး ဦးသုဝဏ္ဏ ( ခေါ် )ဦးသုတ်အား ပေးအပ်ပြီး မွတ်ပိရာဇာမင်းကြီး အမှူးပြု၍ ဌာပနာကာ စေတီတည်ခဲ့သည်။ သူဌေးဦးသုတ်တည်ခဲ့သည့်စေတီကို အစွဲပြု၍ ကျိုက်သုတ်စေတီဟု ခေါ်ဝေါ်သမုတ်ခဲ့ကြသည်ဟုဆိုသည်။

**စေတီတော်စတင်တည်**

ကျိုက်သုတ်စေတီတည်ထားရာ မော်လမြိုင်မြို့နှင့်ပတ်သက်သော ရာဇဝင်စာမျက်နှာကိုလည်းကောင်း၊ ဓာတုဝင် သမိုင်းစာမျက်နှာဟောင်းကိုလည်းကောင်း စုဆောင်းလေ့လာမိသလောက် အနည်းအကျဉ်းဖွင့်လှစ်လိုပါသည်။

သက္ကရာဇ် ၁၁၁ ခု မြတ်စွာဘုရားသခင် ရှစ်ဝါမြောက်တွင် ယောနကတိုင်းကြင်းမိုင်းမြို့သို့ ဒေသစာရီကြွရောက်တော်မူစဉ် ရှမ်းမင်းသား ၁၀ ပါးတို့အား ရွှေဆံတော်တစ်ဆူစီ ပေးခဲ့သည်။ ဆံတော်တို့ကို ကိုးကွယ်ရန် မြစ်ဆိပ်ကမ်းနားတောင်ထိပ်အစွန်း၌ သက္ကရာဇ် ၁၁၅ ခုတွင် စေတီတော်စတင်တည်၏။ သက္ကရာဇ် ၁၁၇ ခုတွင် ပြီး၏။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ မော်လမြိုင်ရာဇဝင်တွင် "ဆံတော် ၁၀ ဆူကို ဌာပနာသဖြင့် ၁၀ ခုဟူသော အရေအတွက်သချ်ာကိုဟောသော မာဂဓပါဠိဘာသာ(ဒသ)နှင့် ရှမ်းမွန်တို့ဘာသာ ဘုရားကိုဟောသော(ကျိုက်) ဟူသော အမည်ဘာသာနှစ်ရပ်ပေါင်းစပ်၍(ကျိုက်ဒသ)ဘုရား" ဟူ၍ ခေါ်ဝေါ်သမုတ်ခဲ့ရာမှ "**ကျိုက်ဓမ္မသ**"တွင်လာ၏။ ရှမ်းမွန်ဟူသည် မွန်ခမာအနွယ်ဝင် လဝလူမျိုးများ ဖြစ်နိုင်သည်။ ဒွါရဝတီနိုင်ငံ လော့ဗူရီမှ ဆင်းသက်လာသော မွန်လူမျိုးတို့လည်း ဖြစ်နိုင်သည်။ "**လဝဆိုသည်မှာ မွန်ခမာအနွယ်ဝင် တောင်ပေါ်တိုင်းရင်းသားများပင် ဖြစ်ကြသည်**"ဟု ဒေါက်တာနိုင်ပန်းလှ၏ မွန်ဘာသာစကားနှင့် ယဉ်ကျေးမှုတို့၏ ဝိသေသကဏ္ဍ စာအုပ်တွင် ဆိုခဲ့သည်။ ထို့ကြောင့် ရှမ်းမွန်မင်းသား ၁၀ ပါးတို့သည် လော့ဗူရီမှ မွန်ခမာလူမျိုးနွယ်တိုင်းရင်းသားဖြစ်သည်။ မွန်ခမာအနွယ်ဝင် မင်းသား ၁၀ ပါးတို့သည် စေတီဆည်းကပ်ပူဇော်မှုနီးရန် စေတီတည်ရာတောင်၏ မြောက်ဘက်ခရီးတာပေါင်း ၇၅၀ အကွာ ကော့ဗိန်းအရပ်တွင် ကောဇာသက္ကရာဇ် ၁၁၇ ခု၌ မြို့တည်ထောင်၍ နောင်တော်အကြီးဆုံးမင်းလုပ်အုပ်ချုပ်၏။ နောင်တော်ကြီးအမည် သုရမ္မအမည်ကို အစွဲပြု၍ မြို့၏အမည်ကို ရမ္မပူရဟူ၍လည်းကောင်း၊ ရမ္မာဝတီဟူ၍လည်းကောင်း တွင်စေ၏။ ရတနာသာဂလဟူ၍လည်းခေါ်၏။ ထိုမြို့တွင် မင်းဆက် ၁၀ ဆက် နှစ်ပေါင်း ၁၉၀ တိုင် အုပ်ချုပ်ခဲ့၏။

**၁၁ ဆက်မြောက်မင်းဖြစ်လာ**

စစ်ကဲကြီး ဦးရွှေနော်၏ မွန်ရာဇဝင်စေတီတော်သမိုင်းပေါင်းချုပ်စာအုပ်တွင် ဘုရားပရိနိဗ္ဗာန်စံယူပြီး သာသနာသက္ကရာဇ် ၁၅၇ ခု၊ ၁၁ ဆက်မြောက်မွန်မင်း မိန်းပွန်းဒုရပ်က ထိုမြို့ချောင်ကျသည်။ ရောဂါဝေဒနာထူပြောသည်ဟူ၍လည်းကောင်း၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မော်လမြိုင်ရာဇဝင်စာအုပ်တွင် "**ညီတော်အငယ်ဆုံးဖြစ်သော ရှမ်းမင်းသား ဝဏ္ဏကုမ္မာ၏ လက်ထက်၌ တိုင်းပြည်ကို ပုန်ကန်သောင်းကျန်းကြသော လူဆိုး၊ သူခိုးတို့ပေါများသည်**"ဟူ၍လည်းကောင်း၊ တချို့သောစာအုပ်တို့တွင် ထိုင်းမင်းရန်ကြောင့်လည်းကောင်း မြစ်လေးမွှာဆုံရာကမ်းအစွန်းအငူပျက် "**သင်လိုီ၊ မုဟ်လိုီလိုီ**" ခေါ် သင်လန်တွင် မြို့တည်၏။ ပထမမြို့တည် ဘုရင်သည် ရှမ်းမွန်မင်းသား ဝဏ္ဏကုမ္မာဖြစ်၏။ မြို့တည်ပြီးသောအခါ မော်လမြိုင်ရာဇဝင် စာအုပ်တွင် ပြည်တော်ဘောင်ကို တည်ထောင်သည့် သမ္မတဘုရင်ဟု ဘဝရှင် မိန်းပွန်းဒုရပ်သည် ပြဒုနဝရတ်ကြငှာန်းထီးအရိုန် ဟုဆိုသည့်အတိုင်း ဝဏ္ဏကုမ္မာမင်းသည် သက္ကရာဇ် ၁၉၁ ခုမှ ၁၉၂ ခုသို့ ကူးပြောင်းသည့် နှောင်းတန်ခူးအတွင်း သံလင်တောင်ခြေရှိ ယာယီနန်းတော်သို့ကြွရောက်ကာ ရာဇဘိသေက စံတော်မူ၏။ "**မိန်းပွန်းဒုရပ်**" ဟူသော တံဆိပ်နာမခံယူသည်။ ဘုရင်မင်းမြတ်၏ သားတော်တစ်ပါး ပဏ္ဍုရာဇာကို မွတ်ပိရာဇာဟူသော ဥပရာဇာ အိမ်ရှေ့မင်း အမည်တံဆိပ်ခတ်နှိပ်ကာ အဆောင်အယောင်နှင်းအပ်၏။ မွန်ဘာသာဖြင့်ရေးသော ကော့ဗိန်းမြို့သမိုင်းစာအုပ်တွင်မူ ပဏ္ဍုရာဇာသည် ၁၁ ဆက်မြောက်မင်းဟု ဖော်ပြသည်။ ထို့ကြောင့် မိန်းပွန်းဒုရပ်သည် ပြဒုနဝရတ် မြတ်သော ရတနာကိုးပါးအရှင် သိင်ပိုန်ဒုစိတ်ရတာ အဓိပ္ပာယ်ရ၏။ ၁၀ ဆက်မြောက်မင်း ဖြစ်၏။ သင်လန်တွင် ရမ္မာဝတီမြို့သစ်တည် မွိန်းပွန်းဒုရပ်ဘွဲ့ကို ခံယူပြန်သဖြင့် ဦးရွှေနော်၏ စာအုပ်တွင် ၁၁ ဆက်မြောက်မင်းဖြစ်လာ၏။ အစဉ်ဖြင့် ပဏ္ဍုရာဇာသည်သာလျှင် ၁၁ ဆက်မြောက်သော ဘုရင်မွတ်ပိရာဇာမင်း ဖြစ်သည်။

မွန်ရာဇဝင်စေတီတော်သမိုင်းပေါင်းချုပ်တွင် "**သက္ကရာဇ် ၂၃၆ ခုတွင် မိန်းပွန်းဒုရပ်မင်းကြီးနှင့် ရပ်ရွာအကြီးအကဲတို့ ညှိနှိုင်း၍ သွားတော်ဓာတ်တစ်ဆူကို ဌာပနာ၍ ကျိုက်သလ္လံစေတီတည်ခဲ့သည်**"ဟုဆို၏။ ထို့ကြောင့် မိန်းပွန်းဒုရပ်မင်းကြီးသည် သွားတော်ဓာတ်**ကျိုက်သလ္လံ**စေတီ ဦးစွာပထမဒါယကာဖြစ်သည်။ ကောဇာသက္ကရာဇ် ၁၉၅ ခု တန်ခူးလပြည့်ကျော် ၉ ရက်တွင် နတ်ရွာစံ၏။ သားတော်မွတ်ပိရာဇာသည် ရမ္မာဝတီမြို့၏ ဒုတိယမြောက်ဘုရင်ဖြစ်လာသည်။

**အကျိုးစီးပွားကို မျှော်လင့်**

"**မွတ်=မျက်စိ၊ ပိ=သုံး၊ ရာဇာ=မင်း**"ဟု အဓိပ္ပာယ်ရ၏။ မျက်လုံးနှစ်ဖက်အကြားတွင် အစွမ်းထက်သော မဲ့ရှင်ရှိသည်ဟု ခန့်မှန်းနိုင်သည်။ မာမက (သုတေသီ)၏ မွန်တို့ဌာနေရာမညစာအုပ်တွင် "သထုံမင်းဆက်ပျက်ပြီးနောက် ကရဏ္ဏတိုင်း သုဘိန္ဒနာဂရမြို့ကို ကရဏ္ဏကာရမင်းအုပ်စိုးခဲ့၏။ ကရဏ္ဏမင်းလွန်ပြီးနောက် သားတော်မွတ်ပိရာဇာ(မွတ်ပွဲ့ရာဇာ)မင်းအုပ်စိုးခဲ့သည် " ဟုဆို၏။ ထို့နောက် ဒုတိယမြောက်မွတ်ပွဲ့(မျက်စိသုံးလုံး) ဘုရင်မျက်စိကြွေသည်ကို အစွဲပြု၍ ဒုံမွတ်မလိန်း(မျက်စိပျက်မြို့)ခေါ်သော မြို့မှာ ယခု မော်လမြိုင်မြို့ ဖြစ်နေသည်ဟု ဆိုခဲ့၏။ ထို့ကြောင့် ကရဏ္ဏတိုင်း သုဘိန္ဒနာဂရမြို့ကို အုပ်စိုးသော မွတ်ပိရာဇာသည် ပထမမွတ်ပိရာဇာဖြစ်သည်။ မော်လမြိုင်မြို့ကို အုပ်စိုးသော မွတ်ပိရာဇာသည်သာ ရှမ်းမွန်မင်းဆက် ဒုတိယမွတ်ပိရာဇာဖြစ်သည်။ ဘုရင်ဖြစ်လာသောအခါ ရှေးသာသနာပြု တိုင်းပြုပြည်ပြု မင်းမြတ်တို့ကဲ့သို့ သာသနာတော်၏ အကျိုးစီးပွား၊ တိုင်းသူပြည်သားအပေါင်းတို့၏ အကျိုးစီးပွားကို မျှော်လင့်လျက် ခမည်းတော်လက်ထက် မပြီးပြတ်ခဲ့သည့် မြို့တော်၊ နန်းတော်၊ ကျုံးတော်၊ ပုထိုးစေတီတော်၊ ကန်တော်၊ ပိဋကတ်တိုက်တော်၊ ကျောင်းတော်တည်းဟူသော ခုနစ်ဌာနကို တစ်ပြိုင်တည်းပြီးစီးအောင် ဆောင်ရွက်လေသည်။ မော်လမြိုင်ရာဇဝင်စာအုပ်တွင် ကျိုက်သလ္လံ စေတီတော်ဘုရား တည်ထားပြီးသည်ကို မွတ်ပိရာဇာမင်းသည် တောင်ဝိုင်းတောရ သာသနာပိုင် ခင်ကြီးဉာဏမှ ဆံတော်ဓာတ်ကိုဌာပနာပြီး သက္ကရာဇ် ၁၉၉ ခုနှစ်အတွင်း ရွှေထီးအထွတ် တင်လှူတော်မူသည်ဟု အဆိုရှိခဲ့သည်။ ထို့ကြောင့် မွတ်ပိရာဇာမင်းသည် ကျိုက်သလ္လံစေတီတွင် ဆံတော်ဓာတ်ထပ်မံဌာပနာပြီး ထီးတော်တင်လှူခဲ့သော ဒါယကာဖြစ်သည်။ တိုင်းပြည်ပြုပြင်ရေးတွင် ခုနစ်ဌာနကို တစ်ပြိုင်နက်တည်းပြီးအောင် ဆောင်ရွက်ရာ၌ ကျိုက်သုတ်စေတီမှာ အသစ်တည်ခဲ့သည့်စေတီဟု ခန့်မှန်းနိုင်သည်။



**အကျွရာတင်ခဲ့**

သက္ကရာဇ် ၁၂၃၂ ခု ကဆုန်လဆန်း ၅ ရက် ကျိုက်သလ္လံစေတီရင်ပြင်တော်၌ ရေးထိုးစိုက်ထူထားသော စစ်ကဲကြီးဦးထော်လေးကျောက်စာတိုင်တွင် "**ဘုရားဂူကျောင်း၊ တန်ဆောင်းပြာသာဒ်၊ ဇရပ်အုတ်တိုက်၊ သိုက်မြိုက်ထင်ပေါ်၊ မြသိန်းတန်စေတီတော်၊ ရွှေမြိုင်မြို့အပေါ်တွင် ဈေးသော်မသိမ်းမယုတ်၊ အပုတ်တသွန်ကျေးကျွန်လည်းမထားရဘဲ၊ ရှေးထက်ကဲသည်တတန်၊ ဆံတော်ရှင်ကျိုက်အသုတ်၊ ကျိုက်သလ္လံခေါ် သမုတ်သည်၊ အနုတ္တရံဆံတော်ရှင်မှာ၊ စောင်းတန်းပင်လေးဆူ၊ တန်ဆောင်းမူ လေးမျက်နှာ**" ဟူ၍လည်းကောင်း၊ သက္ကရာဇ် ၁၁၅၄ ခု တန်ခူးလဆန်း ၇ ရက် ရာမညတိုင်းသုံးရပ် ဓာတ်တော်သမိုင်းစာအုပ်တွင် ဘောဂမည်သော နတ်ကျိုက်သလ္လံဘုရား၌ ရှိ၏။ ဝေဘေမည်သောနတ်သည် ကျိုက်အသုတ်ဘုရား၌ ရှိ၏ဟူ၍ လည်းကောင်း၊သက္ကရာဇ် ၁၂၁၁ ခု တန်ခူးလတွင် ရေးထိုးခဲ့သော ကျိုက်သုတ်ခေါင်းလောင်းစာတွင် "**စေတီယံ၊ မော်ရွှေမြိုင်မြို့၊ ရီသို့ထင်ပေါ်၊ ကျိုက်အသုတ်စေတီတော်မြတ်ကို ပူဇာပေတိ**"ဟူ၍လည်းကောင်း၊ သက္ကရာဇ် ၁၂၁၁ ခုတွင် ရေးသားခဲ့သော စစ်ကဲတော်မင်းမောင်နော် စေတီတော်သမိုင်းပေါင်းချုပ်စာအုပ်တွင် "သွားတော်ဓာတ်တစ်ဆူကို မိန်းပွန်းဒုရပ်မင်း၊ မှူးမတ်၊ သူဌေး သူကြွယ်၊ ကုန်သည်၊ ဆင်းရဲသားတို့အစုံအညီ ရွှေကြုတ်နှင့်ထည့်သွင်း၍ ဌာပနာတိုက်၌ ဌာပနာ၏" ဟူ၍လည်းကောင်း ရေးသားထားသော အချက်များအရ ကျိုက်သလ္လံစေတီသည် မူလက သွားတော်ဓာတ်သာဖြစ်ပြီး နောက်ပိုင်းတွင် ဆံတော်ဓာတ်ထပ်မံဌာပနာပြန်သဖြင့် သွားတော်ဓာတ်အပြင် ဆံတော်ဓာတ်လည်း ကိန်းဝပ်ရာ စေတီဖြစ်ကြောင်း၊ ဦးထော်လေး၏ ကျောက်စာတိုင်တွင် ကျောက်ထက်အကျွရာတင်ရာ၌ ကာရံငဲ့ကာ သွားတော်ဓာတ်ကို ချန်ခဲ့၍ ဆံတော်ဓာတ်ကို "**အနုတ္တရံဆံတော်**" ဟူ၍သာ ရေးထိုးခဲ့ကြောင်း၊ ကျိုက်သုတ်စေတီတော်ကိုမူ ဆံတော်ရှင်ကျိုက်အသုတ်ဟူ၍သာ ရှေးက ကျောက်ထက်အကျွရာ၊ ပေထက်အကျွရာတင်ခဲ့ကြောင်းကို တွေ့နိုင်သည်။

မွန်လူမျိုးတို့သည် ကမ်းရိုးတန်းဒေသ၊ ကမ်းမြောင်လွင်ပြင်ဒေသ၊ မြစ်ဝှမ်းလွင်ပြင်ဒေသကို အခြေပြု၍ အိုးအိမ်တည်ဖွဲ့လေ့ရှိသည်။ ထို့ကြောင့် ပထဝီအနေအထားကိုလိုက်၍ မြို့၊ ရွာ အမည်မှည့်ခဲ့သည်ကိုလည်း တွေ့နိုင်သည်။ ဥပမာ- သံလွင်မြစ်ဝှမ်းလွင်ပြင်တစ်ဝိုက်တွင် မုပွန်၊ မူးနိုင်၊ မုတ္တမ၊ "**မုလန်** " (သင်လန်)၊ ခလောက်တို့ (ကုလားတို့) စသည့်အမည်တို့ကို လေ့လာပါက ပို၍ထင်မြင်လာနိုင်သည်။ မုပွန်သည် (မုဟ်ပန်=လေးခုမြောက်အငူအစွန်း)၊ မူးနိုင်သည်(မုဟ်နာ်=နဂါးကဲ့သို့အငူအစွန်း)၊ မုတ္တမသည် (မုဟ်တ္ဍအ်=ကျောက်အငူအစွန်း)၊ မုလန်သည် (မုဟ်လိုီ= အငူပျက်အစွန်းပျက်)၊ ခလောက်တို့သည် (ခလံက်အဒေါက်=လှေဆိပ်လွင်ပြင်)ဟု အဓိပ္ပာယ်ရသည်။ "**မုလန်**" သည် ကျိုက်သလ္လံစေတီ နရသူအမတ်ခေါင်းလောင်းစာတွင် မုဟ်လိုီလိုီဟူ၍ရေးထိုးသည်။ မုဟ်လိုီလိုီသည် အငူအစွန်းပျက်ဟူ၍ လည်းကောင်း၊ သင်လိုီသည် ကမ်းပျက်ဟူ၍လည်းကောင်း အဓိပ္ပာယ်ရ၏။ ထို့ကြောင့် "**မုဟ်လိုီ**" နှင့် "**သင်လိုီ**"တို့သည် အဓိပ္ပာယ်ဆင်တူ၏။

*အထူးကဏ္ဍစာမျက်နှာ ၈ သို့ »»»*

**ကျိုက်သုတ်စေတီတော်သည် မွန်ပြည်နယ် မြို့တော်မော်လမြိုင်မြို့ အဝန်းအဝိုင်း၏ မြို့အလယ်တွင် တည်ရှိသည်။ ပြိုင်လျက်နေသော သံလွင်မြစ်အဆုံးပိုင်းနှင့် နာဂဝိသတောင်ရိုးတန်းအကြား ကျိုက်သလ္လံစေတီနှင့် ကျိုက်မုပွန်စေတီအကြားတွင် တည်ထားကိုးကွယ်သည့် ဆံတော်ရှင်စေတီတစ်ဆူဖြစ်သည်။ ကျိုက်သုတ်စေတီရင်ပြင်တော် အနောက်ဘက်အပိုင်း စနေထောင့်တွင် ကျိုက်သုတ်စေတီခေါင်းလောင်းကို လှူဒါန်းချိတ်ဆွဲထား**

# မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ

အထူးဂဏ္ဍ

ဖေဖော်ဝါရီ ၁၆၊ ၂၀၂၀
(တနင်္ဂနွေနေ့)


ဝတ္ထုတို

## ■ သန့်ဇင်ထွန်း



(၁)

စနေညလေးတစ်ညတွင်ဖြစ်၏။ မိုးသည် သည်းထန်စွာ ရွာသွန်း၍နေသည်။ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့အနီးရှိ ရွာလေးတစ်ရွာမှ အိမ်တစ်အိမ်တွင် အရပ်လက်သည် ဒေါ်ပုမတစ်ယောက် အလုပ်များ၍နေသည်။ “ညှစ်ထား .. သမီးရေ .. ညှစ်ထား .. မွေးတော့မယ်”မွေးဖွားရခက်နေခဲ့၍ ဒေါ်ပုမတစ်ယောက် ချွေးပြန်၍ပင် နေသည်။ ဒေါ်ပုမသည် ထိုအရပ်၊ ထိုဒေသတွင် နာမည်ကြီးအရပ်လက်သည်တစ်ဦးပင် ဖြစ်သည်။ ထိုအနီးအနားပတ်ဝန်းကျင် ရွာနီးချုပ်စပ်မှ ကလေးများအားလုံးလိုလိုပင် ဒေါ်ပုမမွေးဖွား၍ ပေးခဲ့ရသည်ချည်း မဟုတ်ပါလော။

ဖိုးမောင်တစ်ယောက် အိမ်ရှေ့၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်၍နေသည်။ အိမ်ခန်းထဲမှ အသံတို့ကိုလည်းနားစွင့်၍ နေခဲ့သည်။ သူ့ဇနီးထွေးတင်သည် သားဦးလေးကို မကြာမီအချိန်အတွင်း၌ မွေးဖွားတော့မည်ဖြစ်၍ သူအလွန် စိတ်လှုပ်ရှားနေသည်။ ဇနီးဖြစ်သူ ထွေးတင်နှင့် မမြင်ရသေးသည့် သားဦးလေးတို့အတွက် သူအလွန်စိတ်ပူ၍ပင် နေခဲ့မိသည်။ ရသမျှ ဘုရားစာမှန်သမျှတို့ကိုလည်း နှုတ်မှတတွတ်တွတ် ရွတ်ဖတ်၍နေမိသည်။ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဣတိပိသော ဘဂဝါ၊ သမ္ဗုဒ္ဓေ အစရှိသဖြင့် စုံ၍ပင်နေပါတော့သည်။ ဖိုးမောင်စိတ်ပူမည်ဆိုလျှင်လည်း ပူစရာပင်ဖြစ်သည်။ ဇနီးဖြစ်သူထွေးတင်သည် သိပ်ပြီး ကျန်းမာရေးကောင်းလှရှာသူ မဟုတ်ပေ။ ဒေါ်ပုမတစ်ယောက် ချွေးပြန်အောင် ကြိုးစား၍ မွေးဖွားပေးနေခဲ့ရသည်မှာလည်း အချိန်ပင် အတော်ကြာသွားခဲ့ပြီ ဖြစ်သည်။ “အောင်မလေးလေး ...အမေရေ...တအားနာတယ် ... လုပ်ကြပါဦး” ဇနီးဖြစ်သူထွေးတင်၏ အသံသဲ့သဲ့လေးကို ဖိုးမောင်ကြား၍နေရသည်။ အားအင်အလွန်ချည့်နဲ့နေပြီဖြစ်သည့် အသံပင်ဖြစ်သည်။ ရှိသမျှ အားအင်တို့ကိုစုစည်းကာ အသည်းအသန်ကြိုးစား၍ မွေးဖွားနေရရှာပုံပေါ်သည်။

> **စိတ်ဒဏ်ရာ ဗရပွတို့ဖြင့် ဖြစ်လာသမျှ ဘဝပေးဒုက္ခ အထွေထွေတို့ကို အထိတ်ထိတ် အပျာပျာဖြစ်ကာ ခါးသီးစွာရင်ဆိုင်၍သာ နေခဲ့ရရှာလေသည်။ ခိုကိုးရာမဲ့၍ပင် နေခဲ့ပါသည်။ ထို့နောက် ငတေသည် တဖြည်းဖြည်း အားအင်ချည့်နဲ့၍လာခဲ့ကာ ရောဂါဘယတို့ဝင်ရောက်နှိပ်စက်ခြင်းဒဏ်ကို အလူးအလဲခံခဲ့ရပါတော့သည်။ နောက်ဆုံးတွင် ငတေတစ်ယောက် စောစီးစွာ အနိစ္စရောက်ခဲ့ရရှာသည်**

ဖိုးမောင်တစ်ယောက် ပိုပြီးစိတ်ပူလာတော့၏။ အပြင်မှနေပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကာ ပျာယာခတ်၍ပင် နေသည်။ ရသမျှ ဂါထာ၊ မန္တန်တို့သည်လည်းစုံ၍ ကုန်၍ပင် နေပြီဖြစ်သည်။ ထွေးတင်သည်ကား မမွေးဖွားနိုင်ရှာသေးပေ။ ဖိုးမောင်သည် ထွေးတင်ကို အလွန်ချစ်ရှာသည်။ တစ်ဦးနှင့် တစ်ဦး သုံးနှစ်သုံးမိုး မေတ္တာမျှကာ လက်ထပ်ပေါင်းသင်းခဲ့ကြသူများပင်ဖြစ်ကြသည်။ အကယ်၍ ဖြစ်နိုင်မည်ဆိုပါလျှင် သဘာဝကို လွန်ဆန် ကာ ထွေးတင်ကိုယ်စား မိမိပင်ဝင်၍သားဦးလေးကို မွေးဖွားကာ ပေးလိုက်ချင်ပါဘိတော့သည်။

(၂)

ခဏအကြာတွင် “အူဝဲ .. အူဝဲ .. အူဝဲ ... မွေးပြီဟေ့ .. မွေးပြီ .. ယောကျာ်းလေးတော့” ကလေးငိုသံနှင့်အတူ လက်သည် ဒေါ်ပုမကြီး၏ အော်ကာဟစ်ကာပြောလိုက်သော အသံပါ ထွက်ပေါ်၍လာခဲ့သည်။ ဖိုးမောင် အလွန်ပင် ပျော်၍သွားခဲ့သည်။ “ ဟေး .. ဟေး .. ဖိုးမောင် .. ကလေးအဖေ ဖြစ်ပြီကွ”ဟုဆိုကာ ထ၍ပင် ခုန်လိုက်မိပါသေးသည်။ သိပ်မကြာခဲ့ပါ။ “ဟောတော့ .. လုပ်ကြပါဦး .. ထွေးတင်ကို ခေါ်လို့မရတော့ဘူး .. ထွေးတင် .. ထွေးတင် .. ထွေးတင် .. အသက်မရှိတော့ဘူး ... လုပ်ကြပါဦး”ဟု ကတုန်ကယင်ဖြင့် အော်ကာ ပြောလိုက်သော ဒေါ်ပုမကြီး၏ အသံကြောင့် ဖိုးမောင်တစ်ယောက် မှင်သက်မိကာ ကြက်သေသေ၍ သွားခဲ့ရသည်။ သူ့နားကိုပင် သူမယုံကြည်နိုင်ခဲ့။ သားဦးလေးရ၍ ဖြစ်ပေါ်လာခဲ့ရသော ပျော်ရွှင်ဝမ်းမြောက်မှုတို့နေရာ၌ ကြေကွဲဝမ်းနည်းမှုတို့သည် ရုတ်ခြည်း အစားထိုးဝင်ရောက်ကာ လာခဲ့ကြကုန်၏။ ဖိုးမောင်တစ်ယောက် ဆောက်တည်ရာမရနိုင်အောင်ပင်ဖြစ်ခဲ့ရရှာလေသည်။ အသက်မရှိတော့သော ဇနီးဖြစ်သူ၏ ရုပ်အလောင်းကိုပွေ့ပိုက်ကာ လွန်စွာဝမ်းနည်းပူဆွေး၍ပင် နေရှာသည်။ မကြာသေးမီအချိန်ကမှ လူ့လောကသို့ ရောက်ရှိ၍လာခဲ့သော သားလေးသည်လည်း ငို၍နေဆဲပင်ဖြစ်သည်။ ဖိုးမောင်တစ်ယောက် သတိပြန်၍ဝင်လာကာ ငိုနေသော မွေးကင်းစ သားလေးကို သေချာစိုက်၍ကြည့်နေခဲ့သည်။ ဖိုးမောင်၏ မျက်ဝန်းအစုံတို့၌လည်း ဒေါသအခိုးအငွေ့တို့ ဖုံးလွှမ်း၍လာနေသည်။ “သင်း .. ကြောင့် .. ငါ့မိန်းမ .. ထွေးတင်လေး .. သေခဲ့ရတာ .. သားဦးစနေ .. မီးလိုမွှေတဲ့ .. ငါ့မိန်းမ .. ထွေးတင်ကို .. သင်း .. သတ်ခဲ့တာ .. သင်းကို .. ငါ .. လုံးဝ .. မကျေဘူး ” ဟု နှုတ်မှ တတွတ်တွတ်ရေရွတ်ကာ ဥပါဒါန်အစွဲတစ်ခုကိုအကြောင်းပြု၍ ဖိုးမောင်တစ်ယောက် ကြီးစွာပူဆွေးသောကရောက်နေရှာသည်။ မွေးကင်းစ သားလေးအပေါ်၌လည်း နာကြည်းစိတ်တို့ဖြင့် ငြိုးမာန်ဖွဲ့ကာ အမုန်းကြီး မုန်း၍ပင် နေခဲ့သည်။

(၃)

ထွေးတင် မရှိတော့သည့် နောက်၌ ဖိုးမောင်တစ်ယောက် အိမ်၌ကပ်သည်ဟူ၍ပင် မရှိတော့ပေ။ အရင်က သူဦးစီးလုပ်ကိုင်၍ နေခဲ့သော ဥယျာဉ်ခြံလုပ်ငန်းတို့ကိုလည်း ကောင်းကောင်းမလုပ်တော့ပေ။ အရက်ကို မိုးမွှန်အောင်သောက်ကာ ရွာရိုးကိုးပေါက် လျှောက်လို့သာနေတော့သည်။ ထူးခြားသည်မှာ ဖိုးမောင်၏ဥယျာဉ်ခြံ၌ စိုက်ပျိုးထားသော အသီးအနှံတို့သည် သားလေး မွေးဖွားခဲ့သည့်နေ့မှစ၍ ယခင်ကထက်ပင် ပို၍ အထွက်တိုးလာသည်။ ဇနီးဖြစ်သူအတွက် ဒေါသပရိဒေဝမီးတို့ တောက်လောင်ကာ ပူပင်သောကဗျာပါဒများ၍ နေခဲ့ရရှာသော ဖိုးမောင်တစ်ယောက်ကမူ ထိုဖြစ်စဉ်ကို သတိမမူမိခဲ့ရှာပေ။ သားလေးကိုလည်း အမုန်းကြီးမုန်း၍ပင်နေခဲ့ပြီး အစ်မကြီး ဖြစ်သူ မိသားစုနှင့်သာ ပစ်၍ထားသည်။ ရှိသည်ဟူ၍ပင် မထင်တော့ပါ။ လှည့်၍ပင် မကြည့်တော့ပေ။ ဖိုးမောင်၏ အစ်မကြီးဖြစ်သူ မိသားစု၌လည်း ကလေးငါးယောက်ရှိသည်။ ယောက်ဖဖြစ်သူမှာ အရက်သမားတစ်ယောက် ဖြစ်သည်။ အလုပ်အကိုင်လည်း မည်မည်ရရမရှိပေ။ အစ်မကြီးဖြစ်သူသည် မိသားစု စားဝတ်နေရေးအတွက် ဈေးတောင်းခေါင်းပေါ်တင်ကာ ဆင်းရဲပင်ပန်းကြီးစွာဖြင့် ဦးဆောင်ရုန်းကန်၍ နေရရှာ၏။ မိမိ၏ ကလေးငါးယောက်တို့အတွက်ကိုပင် အနိုင်နိုင်ကြိုးစား ရုန်းကန်၍ နေခဲ့ရရှာသည်။ ဖိုးမောင်၏ သားလေးအပေါ်၌လည်း တူအရင်းပင် ဖြစ်လင့်ကစား ကြည်ကြည်ဖြူဖြူမရှိခဲ့ပေ။ မလွှဲသာ မရှောင်သာဖြစ်နေ၍သာ ကြည့်ရှုစောင့်ရှောက်ထားခဲ့ရခြင်းဖြစ်သည်။

(၄)

အချိန်တွေသည် တရွေ့ရွေ့ ကုန်လွန်ကာ သွားခဲ့သည်။ ဖိုးမောင်၏ သားလေးသည်ပင် ကျောင်းနေအရွယ်သို့ ရောက်ခဲ့ပြီ။ သူ၏ကြီးဒေါ်သည် သူ့ကို ငတေဟု နာမည်ပေး၍ထား၏။ ကျောင်းနေအရွယ်ရောက်နေပြီဖြစ်သော မိတဆိုးလေး ငတေတစ်ယောက် ကျောင်းတက်ခွင့်ပင် မရခဲ့ရှာပေ။ ထမင်းတစ်လုတ်စားရဖို့အရေးအတွက် ကြီးဒေါ်မိသားစု၏ ဝေယျာဝစ္စအဝဝတို့ကို အရွယ်နှင့်မလိုက်အောင်ပင် သိမ်းကျုံးကာ လုပ်ကိုင်၍ ပေးရရှာသည်။ မိမိနှင့်အရွယ်တူ ကလေးငယ်များ ကျောင်းသွားသည်ကိုမြင်လျှင် ငတေလေးမော၍သာ ကြည့်နေခဲ့ရရှာသည်။ ကျောင်းနေချင်ပါသည်ဟူ၍လည်း ငတေထပ်၍ မပူဆာရဲရှာတော့ပေ။ ပူဆာခဲ့တိုင်းလည်း ကြီးဒေါ်၏ ယောကျာ်းဖြစ်သူအရက်သမားက “မင်းကများ .. ရာရာစစ .. ဖိနပ်ကြားက .. နတ်စကား .. ထွက်ရတယ်လို့ကွာ .. ကျောင်းတက်ချင်တယ် .. ဟုတ်လား”ဟုဆိုကာ ကြိမ်းမောင်းရိုက်နှက်မှုဒဏ်ကိုသာ ငတေခံရရှာသည်။ ထိုလူသည် ငတေလေးကို အချိန်ရှိသရွေ့ ဆူပူကြိမ်းမောင်း၍ သာနေသည်။ “ထမင်းတစ်လုတ် တုတ်တစ်ချက်”ဆိုသလိုပင် ဖြစ်၍နေသည်။ စားတော့လည်း မဝရေစာသာ စားရရှာသည်။ သူတို့အားလုံး၏ စားကြွင်းစားကျန်ကိုသာ ငတေ အမြဲစားရလေ့ရှိသည်။ ထိုလူသည် ငတေအား အရက်လည်း အဝယ်ခိုင်းသည်။ မသွားချင်၍ ငြင်းဆိုခဲ့သည်ရှိသော် အနှိပ်အစက်ခံရသည်။ သို့ဖြစ်၍ ငတေ မငြင်းဝံ့ရှာတော့ပေ။ ရွာထဲရှိ အရက်ဆိုင်သို့ မကြာမကြာသွားကာ အရက်ဝယ်၍ ပေးရသည်။ ညအချိန်မတော်လည်းသွား၍ အဝယ်ခိုင်းသည်။

(၅)

အမိအဖအရင်းတို့၏ မေတ္တာရိပ်တွင် ခိုလှုံခွင့်မရခဲ့ရှာသော ငတေလေး တပိန်ပိန်တလိန်လိန်ဖြစ်၍သာ နေရှာသည်။ အများ၏ အနှိမ်ခံဘဝ၌ အလွန်ညှိုးငယ်စွာဖြင့် ညစ်ညစ်နွမ်းနွမ်း ရှင်သန်၍သာ နေရှာသည်။ လူတောထဲသို့ပင် ကောင်းကောင်းမတိုးရဲရှာပေ။ လူမှန်းသိတတ်စအရွယ်မှ စတင်ကာ ကောင်းကောင်းလည်း မအိပ်ခဲ့ရပါ။ ဝဝလင်လင်လည်း မစားခဲ့ရရှာပေ။ စိတ်ဒဏ်ရာဗရပွတို့ဖြင့် ဖြစ်လာသမျှ ဘဝပေးဒုက္ခ အထွေထွေတို့ကို အထိတ်ထိတ်အပျာပျာဖြစ်ကာ ခါးသီးစွာ ရင်ဆိုင်၍သာ နေခဲ့ရရှာသည်။ ခိုကိုးရာမဲ့၍ပင် နေခဲ့ပါသည်။ ထို့နောက် ငတေသည် တဖြည်းဖြည်း အားအင်ချည့်နဲ့၍လာခဲ့ကာ ရောဂါဘယတို့ ဝင်ရောက်နှိပ်စက်ခြင်း ဒဏ်ကို အလူးအလဲခံခဲ့ရရှာသည်။ နောက်ဆုံးတွင် ငတေတစ်ယောက် စောစီးစွာ အနိစ္စရောက်ခဲ့ရရှာသည်။ ကွယ်လွန်ချိန်၌ ငတေလေး၏ အသက်မှာ ၁၂ နှစ်ခန့်သာ ရှိသေးသည်။

(၆)

အသစ်စက်စက် မြေပုံလေးတစ်ခုသည် ရွာနှင့် မလှမ်းမကမ်းရှိ သုသာန်တွင် ဆိတ်ငြိမ်စွာတည်ရှိ၍နေပါ၏။ “သားဦးစနေမီးလိုမွှေ” ဟူသည့် ဥပါဒါန်အစွဲတစ်ခု၏ သားကောင်ဖြစ်ခဲ့ရရှာလေသော ငတေလေးသည် ငြိမ်းချမ်းစွာလဲလျောင်းအိပ်စက်၍ နေရှာလေပြီ မဟုတ်ပါလော။ ။

## မျိုးဆက်သစ်ရင်ပြင် လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

***မျိုးဆက်သစ်ရင်ပြင်*** သို့ ပေးပို့ပြီးစာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## ဆန်းစခါမီ နွေပန်းချီ

ဥပြသံတွန်ချိုကျူး
ချိုးငှက်တွေက တကူကူး။
ဆက်ရက်နှင့်ဗွတ်ချဲမကျန်ပါ
ပွင့်လက်ပံထက်ညံစာစာ။
ရာသီဟာမြူမှုန်ကြဲ
နွေဦးစမြဲပုံရိပ်တွေပဲ။
ရွက်ခြောက်တို့ကြွေလေပြီ
ပူအိုက်ခြင်းစနွေအမီ။
မြောက်လေသည်ဝှေ့ကာမြူး
ဖူးပါသနော်ကရက်ဦးတို့
သီးဖို့ပြင်ပင်ယံထက်မှာ
ဖွေးလို့သာပွင့်ဖူး။
ညဉ့်ဦးမှာပူအိုက်လှ
ညဉ့်နက်မှအေးချမ်းသည်။
ခါတော်မီဘုရားပွဲနွှဲပျော်ကြတဲ့ရာသီ။
လှူဒါန်းကြသည်ပြောစည်မစဲ
နှစ်စဉ်ကျင်းပခြိမ့်ခြိမ့်သဲ။

လှိုင်းထက်(ရွှေခြံမြေ)

## မျိုးဆက်သစ်နှင့်ကြေးမုံ

ကြေးမုံတဲ့ ကြေးမုံ။
မျိုးဆက်သစ် ကလောင်သွားတို့
ပေါက်ဖွားရာမြို့။
တနင်္ဂနွေနေ့ ရွှေရင်ခုန်
ကလောင်စုံ လိုက်ရှာကြည့်။
ရွက်ပုန်းသီးတွေ စာမျက်နှာထက်
ပေါ်ထွက်ပေ၏။
ကြေးမုံတဲ့ ကြေးမုံ။
စာပေကို မျက်ခြည်မပြတ်ဖို့
ဖတ်မှတ်ခွင့်ကြုံ။
သုတနှင့် ရသတစ်ဖုံ
ကဏ္ဍစုံ ဖော်ပြ။
နိုင်ငံတကာ ပြည်တွင်းတို့
သတင်းစုံလှ။
ကြေးမုံတဲ့ ကြေးမုံ။
ကလောင်စုံ လက်ရည်သွေးတော့
မွှေးပျံ့သင်းထုံ။
တက်သစ်စ အဖူးအငုံ
စုပြုံကာ ဖော်ထုတ်ပေး။
ခေတ်လူငယ် စာပေသမားတို့
အားထားရာလေး။

ဖိုးပုလဲ(အညာမြေ)

ဆောင်းပါး

■ မောင်လင်းကို(ပညာရေး)

# စကားပြောဆိုရာဝယ်

ကျွန်ုပ်တို့သည် နေ့စဉ်နေ့တိုင်း စကားလုံးပေါင်းများစွာ ပြောဆိုနေကြရသည်။ ထိုသို့ ပြောဆိုရာတွင် ကောင်းမွန်ပြီး အရာရောက်သောစကားနှင့် အကျိုးမရှိသောစကားများ မည်ရွေ့မည်မျှပါသည်ကို ကိုယ်တိုင်သာအသိဆုံးဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့သည် အကျိုးရှိသောစကားများကို များစွာပြောဆိုဖို့ အရေးကြီးသည်။ လူမှုပတ်ဝန်းကျင်နှင့် ဆက်ဆံရာတွင် အကျိုးရှိသော စကားများသာလျှင် အကျိုးဖြစ်ထွန်းပါသည်။

နေ့စဉ်ပြောဆိုသော စကားများတွင် မိမိအတွက် အကျိုးရှိပြီး သူတစ်ပါးအတွက် အကျိုးမရှိသောစကား၊ မိမိအကျိုးမရှိဘဲ သူတစ်ပါးအကျိုးရှိသောစကား၊ မိမိအကျိုးလည်းမရှိ သူတစ်ပါးအကျိုးလည်းမရှိသောစကား၊ မိမိအကျိုးရှိသလို သူတစ်ပါးအကျိုးရှိသော စကားဟူ၍ စကားလေးမျိုးရှိပါသည်။စကားသည် ပြောတတ်လျှင် အရာရောက်ချစ်ခင်ပြီး မပြောတတ်ပါက ဆဲသလိုဖြစ်တတ်ပြီး လူမုန်းများတတ်ပါသည်။ နှုတ်ကြောင့် သေ၊ လက်ကြောင့် ကြေဟူသော ရှေးစကားဆိုရိုးအရ စကားပြောဆိုရာတွင် အလွန်အရေးကြီးလှပေသည်။ ချစ်စကိုတိုစေ ရှည်စေတာလည်း သည်စကား၊ မုန်းစကိုတိုစေ ရှည်စေတာလည်း သည်စကားပါပဲ။ ယခုခေတ် လူတော်တော်များများသည် မဟုတ်မခံစိတ်ဖြင့် တုတ်ထိုးအိုးပေါက် ပြောတတ်ကြသည်။ ပြီးပြီးရောဆိုပြီး လက်လွတ်စပယ် ပြောတတ်ကြသည်။ စကားပြောရာတွင် မည်ကဲ့သို့ ပြောသင့်ကြောင်းကို ဆရာတော်စာဆိုရှင်မဟာရဋ္ဌသာရက "တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ"ဆိုပြီး ဆုံးမသွန်သင် လမ်းပြထားပါသည်။ မည်သို့ပင် မလုပ်ချင်သော အလုပ်တစ်ခုဖြစ်နေပါစေ ချိုချိုသာသာလေးဖြင့် အကူအညီတောင်းပါက အနည်းနှင့်အများတော့ ကူညီကြမှာ မလွဲပင်ဖြစ်ပါသည်။ အဓိကကတော့ ပြောဆိုသည့် လူပေါ်တွင်လည်း တည်မှီနေပါသည်။

စကားသည် ပြောတတ်ရန်သာမက နားထောင်တတ်ရန်လည်း အရေးကြီးလှပါသည်။ နားထောင်သူကောင်းတစ်ယောက်ဖြစ်ပါက စကားပြောကောင်းသူဖြစ်မှာ မလွဲပင်ဖြစ်သည်။ စကားပြောကောင်းရန် အသိပညာဗဟုသုတလည်း ကြွယ်ဝရန် အလွန်အရေးကြီးသည်။ အသိပညာပြည့်စုံပါမှ လူရာဝင်၍ စကားပြောဆိုနိုင်မှာ ဖြစ်ပါသည်။ အသိပညာပြည့်စုံရန်အတွက်လည်း စာကောင်းပေမွန်များကို လေ့လာလိုက်စားသူဖြစ်ရပါမည်။ သို့မှသာ ဝမ်းစာပြည့်ပြီး ပညာရှိသော လူတော်တစ်ယောက် ဖြစ်ပါလိမ့်မည်။ ပညာရှိဖြစ်ပါက လူအများ၏ ချစ်ခင်နှစ်သက်ခြင်းကို ရရှိမှာဖြစ်ပါသည်။ ထိုကဲ့သို့ ဖြစ်ပေါ်စေရန်အတွက် စကားပြောဆိုခြင်းက အခြေခံကျပါသည်။ စကား စကားပြောပါများ စကားထဲကဇာတိပြ ဆိုသည့်အတိုင်း လူတစ်ယောက်၏ စကားအပြောအဆိုကို လေ့လာကြည့်ခြင်းဖြင့် ထိုသူ၏ စရိုက်လက္ခဏာများကို အကြမ်းဖျင်းလေ့လာနိုင်ပါသည်။ စကားနှင့်ပတ်သက်၍ မေးပါများစကားရ၊ စကားဆို တောင်လိုမမောက်နှင့်၊ စကားဆိုလျှင် သတိယှဉ် စသော စကားပုံများစွာကိုလည်း သိရှိခဲ့ဖူးပါသည်။ စကားကြောင့် နေရာရသလို စကားကြောင့်လည်း နေရာတွေ ဖယ်ပေးခဲ့ရပြန်သည်။ ပညာရှိတို့သည် မိမိတို့နှုတ်ထွက်စကားတိုင်းကို တန်ဖိုးထားသလို တန်ဖိုးရှိသော စကားများကိုသာ ပြောဆိုလေ့ရှိကြသည်။ တန်ဖိုးရှိသော စကားများသည် ပညာရှိတို့ထံ မှီတင်းနေထိုင်ကြကုန်သည်။

စကားပြောကောင်းသူတစ်ဦးဖြစ်ရန် ပထမဦးစွာ လေယူလေသိမ်း စကားလုံးအနက်အဓိပ္ပာယ် တိကျမှန်ကန်မှု၊ နားထောင်သူကို အကဲခတ်မှုတို့သည် အရေးကြီးလှပါသည်။ စကားပြောကောင်းသူတစ်ဦးဖြစ်ရန်အတွက် သုတေသနသရုပ်ပြအဘိဓာန်မှ ဖော်ပြထားသော အင်္ဂါ(၁၀)ပါးမှာ အောက်ပါအတိုင်းဖြစ်သည်–

(၁) ကာလဝါဒီ = ပြောချိန်၊ ပြောခွင့်သင့်မှပြောရခြင်း။
(၂) ဘူတဝါဒီ = ဟုတ်မှန်သောစကားကိုသာ ပြောရခြင်း။
(၃) ဓမ္မဝါဒီ = တရားနှင့်စပ်သည်ကိုသာပြောရခြင်း။
(၄) အတ္တဝါဒီ = အကျိုးစီးပွားနှင့်စပ်သည်ကိုသာ ပြောရခြင်း။
(၅) ပိယဝါဒီ = ချစ်ဖွယ်သောစကားကိုသာ ပြောရခြင်း။
(၆) မိဟိတ ပုဗ္ဗဘာဏီ = ပြုံးရွှင်မှုရှေ့ထား၍ ပြောကြားခြင်း။
(၇) မိတဘာဏီ = မတိုမရှည်၊ မလွန်ချင့်ချိန်ပြောရခြင်း။
(၈) အတုရိကဝါဒီ = စကားပြောမလောခြင်း၊ မြန်မြန်မပြောခြင်း။
(၉) ပေါရီ = ခန့်ညားသော အသုံး၊ မြို့သုံး မြို့ဓလေ့ကို ယူဆ၍ ပြောရခြင်း။
(၁၀) ဝိသဒဝါဒီ = သန့်ရှင်းသေချာ တိကျပြတ်သားစွာ ပြောဆိုရခြင်းတို့ ဖြစ်ပါသည်။

အထက်ပါအချက်(၁၀)ချက် လေ့လာ၍ မိမိတို့နေ့စဉ်ကိစ္စများတွင် အသုံးပြုပြောဆိုပါက စကားအရာတွင် အောင်မြင်သော လူတစ်ယောက် ဖြစ်လာပါလိမ့်မည်။

စကားပြောဆိုရာနှင့်ပတ်သက်၍ ရှေးအဆိုအမိန့်များမှ စကားကြီးဆယ်ခွန်းရှိသည်ဟု လေ့လာတွေ့ရှိရသည်။ ၎င်းတို့မှာ–

**(၁) ရေကူးညာတင်ပြောနည်း**

မြစ်ကူးရာတွင် မြစ်ညာကတင်ပြီး ကူးမှ ရေစီးအတိုင်း လိုက်၍ အလိုက်သင့် လိုရာဆိပ်ကမ်းရောက်မည်ဖြစ်၏၊ စကားပြောဆိုရာတွင်လည်း လိုရင်းရောက်အောင် ကြိုတင်ပြင်ဆင်ပြီး ပြောထားခြင်းကို ဆိုလိုသည်။

**(၂) ကောက်ပင်ရိတ်လှီးပြောနည်း**

စပါးရိတ်သောအခါ ကောက်ပင်များကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ပြီးမှ တံစဉ်နှင့် ပြန်ရိတ်ရ၏၊ စကားပြောဆိုရာတွင်လည်း တစ်ဖက်လူ၏ စကားကို မိမိရရဆုပ်ကိုင်မိမှ ချက်ကောင်းယူပြီး ပိုင်အောင်ပြောဆိုနည်းကို ဆိုလိုပါသည်။

**(၃) ရေစီးဖောင်ဆန်ပြောနည်း**

ရေစီးသည့်နေရာမှာ ဖောင်ဆန်သည့်အခါ ဖြည်းညှင်းစွာ ထိုးဝါးနှင့် ထောက်ထောက်ပြီး စိတ်ရှည်လက်ရှည် ဆန်တက်ရ၏၊ စကားပြောဆိုရာတွင်လည်း လိုရာရောက်အောင် စိတ်ရှည်လက်ရှည် သာယာပျော့ပျောင်းစွာ ပြောဆိုနည်းကို ဆိုလိုပါသည်။

**(၄) အိုးတန်ဆန်ခတ်ပြောနည်း**

အိုးနှင့်ဆန်ကို တန်အောင်ချက်လျှင် နူးနပ်စွာ စားသုံးရ၏၊ စကားပြောဆိုရာတွင်လည်း မိမိပြောမည့်စကားသည် မိမိပြောမည့် လူနှင့်တန်သော စကားမျိုးပြောမှ မိမိဆိုလိုရင်းကို ထိုသူသဘောပေါက်အောင် ပြောနိုင်မည်ဖြစ်၏။

**(၅) ဆန်ပွတ်ကျည်ပွေ့ပြောနည်း**

ဆီကိုရအောင် ပွတ်သည့်အခါ အထပ်ထပ်အခါခါ ပွတ်ရ၏။ စကားပြောဆိုရာတွင်လည်း မိမိပြောလိုသောစကား အောင်မြင်အောင် အထပ်ထပ်အခါခါပြောရန် လိုအပ်သည်ကို ဆိုလိုပါသည်။

**(၆) ဆင်ဝှေ့ရန်ရှောင်ပြောနည်း**

ဆင်ဝှေ့သည့်ရန်ကို ရှောင်သည့်အခါ ကွေ့ပတ်ဝေ့ဝိုက်၍ ရှောင်ရ၏၊ တည့်တည့်ပြေး၍မရ၊ စကားပြောဆိုရာတွင်လည်း မိမိဘေးအန္တရာယ်ဖြစ်စေမည့် အနေအထားရှိလျှင် ကွေ့ပတ်ပြောရန် လိုအပ်သည်ကို ဆိုလိုပါသည်။

**(၇) တောင်သူယာခုတ်ပြောနည်း**

တောင်သူများ ယာခုတ်သည့်အခါ ချုံနွယ်ပိတ်ပေါင်း သစ်ပင်ငယ်များကို အရင်ခုတ်ပြီးမှ သစ်ပင်ကြီးများကို ခုတ်လှဲသည်။ စကားပြောဆိုရာတွင်လည်း ကိစ္စငယ်များကို အရင်ကိုင်တွယ်ဖြေရှင်းပြီးမှ ကိစ္စကြီးကို ဖြေရှင်းပြောဆိုရန်ကို ဆိုလိုပါသည်။

**(၈) ကြက်ဆုတ်ခွပ်ပစ်ပြောနည်း**

ကြက်တို့သည် ဆုတ်၍ အရှိန်ယူပြီးမှ ပြန်ခွပ်ပစ်တတ်သည်။ စကားပြောဆိုရာတွင်လည်း တစ်ဖက်သား၏စကားကို အလိုက်သင့် လျှော့ပေးပြီးမှ ပိုင်ကွက်တွေ့သည့်အခါ ပြန်ဖိပြီး ပြောပစ်လိုက်သောနည်းကို ဆိုလိုပါသည်။

**(၉) ရေစစ်ကရားရေသွားသောသွင်ပြောနည်း**

ရေစစ်ကရားသည် ရေသွားသောအခါတွင် တသွင်သွင်သွားသကဲ့သို့ ပိတ်၍လည်းရ၏ ။ မိမိပြောသောစကားသည် ရပ်၍လည်းရ၏။ အဆက်မပြတ် ပြော၍လည်းရသော စကားမျိုးဖြစ်ရမည်ဖြစ်၏။

**(၁၀) ခက်တင်မောင်းနင်းပြောနည်း**

မောင်းနင်းသည့်အခါ စည်းဝါးကိုက်ထောင်းနေသကဲ့သို့ စကားပြောဆိုရာတွင်လည်း တစ်ဖက်လူပြောသည့်စကားကို ချက်ကျကျ အခွင့်ကောင်းယူပြီး ပြန်ပြောတတ်ရန် ဖြစ်ပေသည်။

အထက်ပါစကားကြီးဆယ်ခွန်းဖြင့် မိမိအလိုရှိရာ အရာများကို ပြောဆိုလုပ်ကိုင်ရာတွင် သင့်လျော်သလို အသုံးပြုနိုင်ကြသည်။ ထိုကဲ့သို့ အသုံးပြုနိုင်ပါမှ အောင်မြင်သောအရာများကို ပိုင်ဆိုင်ရပေမည်။ မည်သည့်အခြေအနေတွင် မည်ကဲ့သို့ ပြောဆိုရမည်ကို မိမိကိုယ်တိုင်လေ့လာဆန်းစစ်ပြီး ပြောဆိုပါက အောင်မြင်မည်မှာ မုချမလွဲကေန်ပင် ဖြစ်ပေသည်။ အောင်မြင်စေတတ်သော၊ ရှုံးနိမ့်စေတတ်သော စကားဆိုသော ထိုအရာကို လိုအပ်သလို စီမံခန့်ခွဲပြောဆိုခြင်းဖြင့် တန်ဖိုးရှိသော လူတစ်ယောက်အဖြစ် မိမိတို့ကိုယ်တိုင် ရပ်တည်နိုင်မည်မှာ ဧကန်ပင်ဖြစ်ပါတော့သည်။ ။

## ပူးပေါင်းတူယှဉ် အောင်ပွဲဆင်

ကျွန်းမြေပေါ် ကိုင်းပင်စု
အမှီပြု ပေါက်ကာနေ။
သူ့အခြေ ရေမစားအောင်ပ
ဆီးတားကူပေ။
ကိုင်းပင်တို့ ပေါက်ရာမြေ
မပျောက်စေ တည်တံ့ရေး။
နှစ်ဖက်အဆွေ
မပျက်ပေ တူယှဉ်တွဲရင်ဖြင့်
တည်မြဲလိမ့်လေး။
လောကီရွာ သာယာအေးစေဖို့
ပမာပေး သည်ဖြစ်အင်။
လိုအပ်ရာ ကိုယ်စီဖြည့်
လှုံပြည့်မည်ပင်။
ကူညီကြ အမြဲအစဉ်
ပူးပေါင်းလျှင် ဘယ်မလွဲ။
လူ့ဘုံကမ္ဘာ
အမှုကြုံလာ ဖေးကူကြရင်ဖြင့်
မုချ အောင်ပွဲ။

နောင်နောင်(နံ့သာမြေ)

## အားသစ်လောင်းချိန်

နွေသက်ဝင် လေပွေရူးတွေနဲ့
ကြွေပေဦး ရော်ရွက်ဝါ။
ရွက်နုတွေ ညာတံဆင့်လို့ရယ်
ဖူးခွင့်ကိုရှာ။
ရွက်ဟောင်းကြွေလို့ ရွက်သစ်ဖြာ
နုပျိုကာ ရှင်သန်မှု။
လရာသီ အခါခါပြောင်းတယ်
(အနာဂတ်အတွက်)
အားသစ်လောင်း လှု။
လောကနယ် လူ့ဘဝမို့
ကြုံလာကြ အကြောင်းဖန်။
အကျိုးမျှော် အကြောင်းပျိုးပါလို့
ကောင်းဆိုးနှစ်တန်။
ရိုက်ပုတ်ခတ် လောကဓံ
ကြံ့ကြံ့ခံ မြဲကြိုးစား။
နိမ့်တစ်ခါ မြင့်တစ်လှည့်မို့
(အိုကွယ်..)
ဇွဲနဲ့လှုပ်ရှား။

မင်းနန္ဒာ(ဠ)

ဝတ္ထုတို

# အေးချမ်းအောင်(ခမိုင်း)



အသံချဲ့စက်မှ ပျံ့လွင့်လာသော မင်္ဂလာတေးသံနှင့်အတူ မင်္ဂလာမဏ္ဍပ်အတွင်း၌ သတို့သားနှင့် သတို့သမီးတို့က ပြုံးရွှင်စွာ ဧည့်ခံလျက်ရှိ၏။

"သတို့သားနဲ့သတို့သမီးက နေနဲ့လ ရွှေနဲ့မြပဲနော်။ တကယ်လိုက်ဖက်တယ်"

"ဟုတ်တယ်ဟ။ နှစ်ယောက်စလုံး ချောချောလေးတွေ။ သူတို့အတွဲကိုကြည့်ပြီး အားကျတယ်ဟယ်"

မင်္ဂလာပွဲလာသည့် အပျိုတစ်သိုက်ကလည်း အားကျသောမျက်လုံးများဖြင့် စကားတွတ်ထိုး ချီးမွမ်းနေကြသည်။

"သွားဖူးသမျှ မင်္ဂလာပွဲတွေထဲမှာ ဒီအတွဲလောက် လိုက်ဖက်ညီအောင်လှတာ မတွေ့ဖူးဘူး။ မွေးလာတဲ့ သားသမီးတွေတော့ နတ်သမီး၊ နတ်သားတွေလို အချောကြီးထဲ နေဦးမှာ"ဟု ကလေးမိခင်များကလည်း ချီးမွမ်းခန်းဖွင့်နေကြ၏။

အများတကာ ချီးမွမ်းကြသည့်အတိုင်း သတို့သားဖြစ်သူ မောင်ကောင်းမြတ်လင်းမှာ အရပ်စွင့်စွင့်၊ ကိုယ်ဟန်ကောင်းကောင်း၊ လတ်သည့်အသားအရေကြောင့် နက်မှောင်သည့် မျက်ခုံးမွေးတို့က ပို၍ထင်ပေါ်လျက်ရှိသည်။ ပြုံးလိုက်သည့်အခါတိုင်း ညီညာဖြူဖွေးသည့် သွားများကြောင့် အပြုံးက ပို၍လှနေ၏။ ချွန်ချွန်သွယ်သွယ် ဖြောင့်စင်းသည့် နှာတံနှင့် ကားထွက်မနေသည့် မေးရိုးများကြောင့် မိန်းမချောဟုဆိုလျှင် ပိုမှန်မည်။

သတို့သမီး မနန်းခမ်းဝါမှာလည်း သတို့သားနှင့် လိုက်ဖက်ညီစွာပင် အရပ်မနိမ့်မမြင့်ဖြင့် ကောက်ကြောင်းစုံစွာလှသည့် ကိုယ်ခန္ဓာပေါ်မှ ဖြူဝင်းသောအသားအရေက ဝတ်ထားသည့် ရွှေရောင်ဝတ်စုံနှင့် လိုက်ဖက်လျက်ရှိသည်။

သေးသွယ် ကွေးကိုင်း နက်မှောင်နေသည့် မျက်ခုံး၊ ရှည်ထွက်ကော့တက်နေသည့် မျက်တောင်၊ တောက်ပရွှန်းလက်နေသည့် မျက်လုံးဝိုင်း၊ ဖြောင့်စင်းသော နှာတံ၊ ပန်းနုရောင် နှုတ်ခမ်းတစ်စုံက နှင်းဆီဖူးငုံလို မပွင့်လွန်း မအာလွန်း၊ မေးချွန်ချွန် ပါးမို့မို့ဖြင့် လှနေသည့် မျက်နှာလေးမှာ ပြုံးရယ်လိုက်တိုင်း သွားတက်လေးများကပါ ပင့်ကူနေသောကြောင့် မြင်သူတိုင်း ထိုအပြုံးကို မမေ့နိုင်ရှိ၏။ ထို့ကြောင့်လည်း ပျိုပျိုအိုအို မြင်သူတိုင်းက သူတို့အတွဲအား အားကျချီးမွမ်းကြခြင်း ဖြစ်သည်။

------

တစ်ချိန်က ကောင်းမြတ်လင်းသည် လူကုံထံ သူဌေးသားမဟုတ်သော်လည်း လယ်ယာ ကျွဲ၊ နွားများ ပြည့်စုံ၏။ မိသားစုလေးယောက်တွင် မိခင်နှင့် ညီမလေးတို့၏ ပြင်ဆင်ပေးမှုကြောင့် အဝတ်အစား၊ ထမင်း၊ ဟင်း အားလုံးအဆင်သင့်ရှိ၏။ သူကိုယ်တိုင် အထူးတလည် လုပ်စရာမလို။ မိဘပိုင် လယ်ကို အလုပ်သမားများဖြင့် ဦးဆောင်လုပ်ပေးရုံသာ ရှိသည်။ လယ်သမားချင်းအတူတူ ကောင်းမြတ်လင်းက ကြော့ကြော့လေး နေခဲ့ရသည်ဟု ဆိုရမည်။

ချောမောသော ရုပ်ရည်နှင့် သင့်တင့်သော ငွေကြေးအခြေအနေကြောင့် ရွာထဲတွင် သားမက်တော်ချင်သူများသလို စောင်းကာ တစ်မျိုး တိုးတိုးတစ်ဖုံ မိန်းမပျိုလေးများကလည်း ဝိုင်းဝိုင်းလည်လျက်ရှိသည်။ သို့သော် ဖူးစာရေးနတ်က ရွာလည်သဖြင့် ခန္တီးရွှေတွင်းဘက်သို့ တက်လာရင်း မိဘအိမ်နှင့် မိုင်များစွာဝေးရာ ရှမ်းရွာလေးတစ်ရွာတွင် သူ အိမ်ထောင်ကျခဲ့သည်။

ဇနီးမှာ တစ်ဦးတည်းသော သမီးဖြစ်သောကြောင့် ယောက္ခမအိမ်တွင် လိုက်နေရ၏။ ညားခါစအချိန်တွင် မိဘအိမ်ကဲ့သို့ပင် ဇနီးဖြစ်သူက အစားအသောက်၊ အဝတ်အစားများကို အဆင်သင့် ပြင်ဆင်ပေး၏။ ယောက္ခမများက ကုန်စုံဆိုင်ဖွင့်သဖြင့် တစ်ခါတစ်ရံ မြို့ပေါ်တက်ပြီး ဈေးဝယ်ပေးရသည်တော့ ရှိသည်။ အရာရာတိုင်းက သူ့အတွက် ပေါ့ပေါ့ပါးပါးပင် ဖြစ်သည်။

မကြာမီ သူ့အတွက် ခက်ခဲစွာ ဖြတ်သန်းရမည့်နေ့ ရောက်လာတော့သည်။ သူ၏ဇနီး မီးဖွားသည့်နေ့ပင် ဖြစ်၏။ မီးမဖွားမီ ၁၅ ရက်ခန့်အလိုတွင် ဇနီးမီးထိုင်ရန် မီးကျီးခဲ ကောင်းသော စကတ်ပင်ကို တောထဲတွင် ရှာဖွေ၍ ဖြတ်တောက်ခွဲစိတ်ကာ ထင်းခွေနေလှန်းရသည်။ မီးဖွားရာတွင် လွယ်ကူစေရန် အင်္ဂလိမာလသုတ်ကို အပြေးအလွှားကျက်မှတ်ထားပြန်၏။ မီးတွင်းဆေးများဖြစ်သည့် နနွင်း၊ မိဿလင်၊ ရှိန်းခို၊ စမုန်နက်၊ ဇာတိပ္ဖိုလ်သီး၊ ဆားပုပ်၊ ဆားလှော်၊ ကလေးအနှီးသုံးရန် ပုဆိုးစ၊ ပိတ်စများကို ကြိုတင်၍ စုဆောင်းရသေး၏။

နောက်ဆုံး၌ ဇနီးက သားဖွားဆရာမနှစ်ဦးဖြင့် ရွာရှိ ကျေးလက်ဆေးပေးခန်းလေးတွင် မိရိုးဖလာအတိုင်း အဆင်ပြေချောမွေ့စွာ သားငယ်လေးကို မွေးဖွားနိုင်ခဲ့သည်။

ကောင်းမြတ်လင်းသည် မနေ့ကမှ မွေးထားသည့် သားငယ်လေး၏ အနီးဝတ်များကို ကြိုးစား၍ လျှော်ဖွတ်နေရသည်။

------

သားရော ဇနီးပါ ကျန်းမာသဖြင့် ကျေးလက်ဆေးခန်းတွင် သုံးရက်တာမျှ ဆေးပတ်လည်အောင် ဆေးသွင်းပြီး အိမ်သို့ ပြန်ခဲ့ကြ၏။ အိမ်ရောက်သည်နှင့် မိရိုးဖလာနည်းအတိုင်း ဇနီးနှင့်ကလေးကို မီးနေခန်းသွင်းရပြန်၏။ သားဖွားဆရာမများက မိရိုးဖလာ မီးထိုင်ခြင်း(မီးဖွားပြီးစ မိခင်၏သားငယ်အိမ်ရှိရာ ခါးကို ခုနစ်ရက်တိုင် မီးကင်ခြင်း) ကို အားမပေးပေ။ သားဖွားဆရာမများ၏အဆိုကို မိခင်ကြီးက ကန့်ကွက်သည်။

"မီးထိုင်တယ်ဆိုတာ မိခင်အတွက် ထိုင်ရတာ။ မီးထိုင်ရမှ ခေါင်းမူး၊ ခေါင်းကိုက်၊ ကိုယ်ရောင်ကိုယ်ဖော၊ မီးယပ်ချမ်းဖျား အဲဒါတွေ နောင်မဖြစ်မှာ။ နင်တို့ သိပ္ပံခေတ်မို့ပါအေ။

ငါတို့တုန်းကဆိုရင် မိဿလင် အဝစားပြီး အင်္ကျီ မီးသင်းနံ့ထွက်အောင် ထိုင်ရတာ။ မီးရအောင်ထိုင်နော် သမီး။ စမုံနက်ထုပ်ကို မကြာမကြာ ရှူပေး။ ဒါမှ ခေါင်းမူး မကျန်မှာ"

ဒေါ်နန်းအေးသည် သမီးအား တရစပ် ရှင်းပြရင်း မီးကို ဂရုတစိုက်စောင့်ရှောက်ရန် ကောင်းမြတ်လင်းကိုပါ မှာကြားပြန်သည်။

"ယောကျ်ားဖောင်စီး၊ မိန်းမ မီးနေ" ဟု ဆိုသည့်အတိုင်း မီးနေသည် ဇနီးကို အထူးဂရုစိုက်ပေးရသည်။ ဇနီးမှာ မီးဖွားပြီးစဖြစ်သဖြင့် အရာရာကို ကောင်းမြတ်လင်းကသာ လုပ်ပေးရသည်။

နို့တိုက်ရန် သားငယ်ကို ချီပေးရ၏။ ထမင်း၊ ဟင်း ခူးခပ်ပေးရ၏။ စောင်ခြုံပေးရ၏။ အဝတ်အစားလျှော်ဖွတ်ပေးရ၏။ ဆေးဝါးများတိုက်ကျွေးပေးရ၏။ သားငယ်ကို သေးချေး အနှီးဝတ်များ မကြာမကြာ လဲပေးရ၏။ ဆောင်းရာသီဖြစ်သဖြင့် မီးဖိုကို မီးငြိမ်းမသွားစေရန် အထူးဂရုစိုက်ရ၏။

အိပ်ရေးပျက် များသောကြောင့် ကောင်းမြတ်လင်းမှာ သွေးအားများကျ၍ ပိန်လာသည်။ ညအချိန်တွင် မီးဖိုဘေးတွင် အိပ်ငိုက်လာသည်။ သားငယ်အိပ်နေချိန်တွင် ခဏမေးအိပ်ရသည်။ သားငယ်ငိုလာပါက ပွေ့ချီ၍ ချော့ရပြန်သည်။ ဇနီးသည် မီးဝင်သည်မှာ ယနေ့နှင့်ဆို ခြောက်ရက်တိုင်ပြီ။ မီးဖိုသိမ်းရန် ဒီတစ်ညသာ လိုတော့သည်။

အိပ်ရေးပျက် သက်သာတော့မည်။ တစ်ညလုံး မီးစောင့်ရသည်မှာ လွယ်ကူသည်တော့ မဟုတ်။ မီးဖိုပေါ်မှ ထင်းချောင်းများကျလာပြီး ဖျာနှင့်စောင်များ မီးမလောင်စေရန်၊ မီးငြိမ်းမသွားစေရန် အထူးဂရုစိုက်ရ၏။

ည ၉ နာရီသာ ရှိသေးသည်။ သူ အိပ်ငိုက်ချင်လာ၏။ နှာစေးနေသဖြင့် မိုးချုပ်ခါစက ဒီကိုဂျင်ဆေးပြား သောက်ထားသောကြောင့် ဖြစ်မည်။ ဇနီးနှင့်ကလေးကို သူကြည့်လိုက်သည်။ အိပ်ရေးဝတ်သဖြင့် တရှူးရှူးဖြင့် အိပ်ပျော်နေကြပြီ။ မီးဖိုပေါ်မှ စကတ်သားထင်းချောင်းမှ မီးကျီးခဲများကြောင့် ဝါးထရံအခန်းပင်ဖြစ်လင့်ကစား တစ်ခန်းလုံး နွေးနေသည်။

မီးထိုင်ရန် လုပ်ထားသည့် ယာယီမီးဖိုဖြစ်သဖြင့် မီးဖိုမှာငယ်ပြီး ထင်းချောင်းများက မီးဖိုနှုတ်ခမ်းကို ကျော်လွန်လျက်ရှိသည်။ မီးအရှိန်ပိုတက်လာသည်။

------

"မီးတွေ…မီးတွေ" ဘယ်အချိန် အိပ်ပျော်သွားသည် မသိ။ ဇနီး၏ အော်သံကြောင့် ကောင်းမြတ်လင်း လန့်နိုးသွားသည်။ မီးလောင်ရာဘက်သို့ ကမန်းကတန်းကြည့်လိုက်သည့်အခါ မီးစတစ်ချောင်းက မီးဖိုပေါ်မှ လျှောကျပြီး မီးဖိုဘေးတွင် လှန်းထားသည့် အနှီးဝတ်များကို မီးလောင်နေပြီဖြစ်သည်။

"မိန်းမ။ သားသားကို ပွေ့ပြီး အခန်းအပြင်ကို မြန်မြန်ထွက်တော့" မီးတောက်ကြီးလာပါက လန့်သွားမှာ စိုးရိမ်သဖြင့် မိန်းမကို ကပျာကယာ သူသတိပေးလိုက်သည်။

ကလေးငယ်ကို ပွေ့ချီ၍ ဇနီးက အခန်းအပြင် ထွက်သွားစဉ် မီးတောက်ကို ငြိမ်းသတ်ရန် သူခြုံထားသည့် စောင်ဖြင့် လှမ်းရိုက်လိုက်သည်။ မီးမှာ ငြိမ်းမသွားသည့်အပြင် ရိုက်လိုက်သည့် လေအရှိန်ကြောင့် မီးလောင်နေသည့် အနှီးဝတ်များမှာအပေါ်သို့ တက်ပြီးသူ၏ ခေါင်းပေါ်သို့ ကျလာသည်။ ချည်အနွေးထည်၊ ဦးထုပ်နှင့်လည်ပင်းတွင် ပတ်ထားသည့် မာဖလာတဘက်ကို မီးစွဲပြန်၏။ မီးတောက်များကိုဖယ်ရှားရင်း အခန်းအပြင်သို့ကမူးရှူးထိုး သူပြေးထွက်လိုက်သည်။ ကြမ်းပြင်ပေါ်တွင် လူးလိမ့်ရင်း သူဘာကိုမျှ မသိတော့ပေ။

------

ဆေးရုံတက်၍ ၁၀ ရက်ခန့်ကြာသောအခါ နန်းခမ်းဝါ သက်သာလာ၏။ ထိုအခါ ဆရာဝန်က ဦးစိုင်းအောင်အား တိတ်တဆိတ် သတိပေးစကားဆိုသည်။

"နန်းခမ်းဝါကို သေသေချာချာလေး ဂရုစိုက်ပေးနော် ဦးလေး။ လုံးဝစိတ်ချရတဲ့ အဆင့်တော့မဟုတ်သေးဘူး။အားလုံးကိုတော့ သူမှတ်မိဦးမှာ မဟုတ်ဘူး။ မေ့သွားတဲ့ အရာတွေကို ဇွတ်အတင်းကြီးလည်း မမေးပါနဲ့။ အထိတ်တလန့်တွေ မဖြစ်စေနဲ့ဦး။ ဒါပေမယ့် စိတ်မပူပါနဲ့။ ပေးထားတဲ့ ဆေးလေးတွေကို အချိန်မှန်တိုက်ပေးပါ။ တဖြည်းဖြည်းနဲ့ အားလုံးကို ပြန်သတိရလာမှာပါ "

"ဟုတ်ကဲ့ ဆရာ။ ကျွန်တော်တို့ ဂရုစိုက်မှာပါ။

"နောက်ပြီး သတိပေးစရာရှိလို့"

ဆရာဝန်ကြီးက စိတ်မကောင်းဟန်ဖြင့် ဦးစိုင်းအောင်ကို ကြည့်နေ၏။

"ဟုတ်ကဲ့ ဆရာ။ ပြောသာပြောပါ"

ဦးစိုင်းအောင် တိုက်တွန်းလိုက်သည်။

"လင်မယားရယ်လို့ဖြစ်လာရင်အေးအတူပူအမျှဆိုတာတော့ ကျွန်တော်နားလည်တယ်။ ခုက သူတို့လင်မယားကို ပေးတွေ့လို့ မရသေးဘူးဗျ။ မိန်းမဖြစ်သူက မီးယပ်သွေးလန့်ထားတယ်။

အထိတ်တလန့်ဖြစ်လို့ မရသေးဘူး။ ယောကျ်ားဖြစ်သူက မီးလောင်ဒဏ်ရာကြောင့် မျက်နှာပျက်စီးသွားတယ်။ မျက်စိတစ်ဖက် ပျက်တယ်။ လက်တစ်ဖက်အကြောထိသွားတယ်။ ကောင်းမြတ်လင်းရဲ့ရုပ်က သာမန်လူတောင် မြင်တာနဲ့ လန့်မှာပဲ။ ပွင့်ပွင့်လင်းလင်း ပြောရရင် ယောကျ်ားကိုမြင်တာနဲ့ ဇနီးက ထိတ်လန့်ပြီး ပြန်ရူးသွားနိုင်တယ်။ အဲဒီတော့ နန်းခမ်းဝါ အကောင်းပကတိ မဖြစ်မချင်း သူ့ယောကျ်ားနဲ့ ပေးမတွေ့စေချင်ဘူး"

သားမက်နှင့်သမီးတို့၏ အဖြစ်ကို ကြားရသည့်အခါ ဦးစိုင်းအောင် စိတ်မကောင်းဖြစ်ရပြန်သည်။

"အဖြစ်ဆိုးလိုက်တာ သားတို့ရယ်"

စိတ်ထဲမှ ရေရွတ်မိသည်။

----

နန်းခမ်းဝါ သက်သာလာသောအခါ ကောင်းမြတ်လင်းအကြောင်း မေးတော့သည်။

"အမေ အစ်ကိုရော ဘယ်လိုနေသေးလဲဟင်"

ထိုအမေးကို ဒေါ်နန်းအေး မဖြေချင်ဆုံးပင်။

ဆရာဝန်ကြီးက ပေးမတွေ့ဖို့ မှာထားသည်။

"ဟိုဘက်မှာရှိတယ်"ဟု ပြော၍မဖြစ်။

တစ်မေးတည်း မေးနေသည့် သမီးကို သနားသော်လည်း လိမ်ရဦးမည်။ "အမေ့ကို ခွင့်လွှတ်ပါ သမီးရယ်" ဒေါ်နန်းအေး စိတ်ထဲက တောင်းပန်လိုက်သည်။ ပြီးနောက် "စိတ်မကောင်းပါဘူး သမီးရယ်။ ကောင်းမြတ်လင်းလေ … "

"ဟင်း… အဖြစ်ဆိုးလိုက်တာ အစ်ကိုရယ်"

ဒေါ်နန်းအေး စကားပင်မဆုံးသေး။ နန်းခမ်းဝါမှာ ချုံးပွဲချကာ ငိုလေတော့သည်။

-----

ရွာဦးဘုန်းကြီးကျောင်းတွင် ကောင်းမြတ်လင်း နေသည်မှာ နှစ်နှစ်ပြည့်ပြီဖြစ်သည်။ ဆိုးရွားလှသည့် သူ၏မီးလောင်ရာမျက်နှာကို အခြားသူများ မြင်တွေ့သွားပါက ထိတ်လန့်မှာ စိုးရိမ်သဖြင့် ဘုန်းကြီးကျောင်းတွင် တိတ်တဆိတ် နေထိုင်ခြင်း ဖြစ်သည်။ ကပ္ပိယကြီးပင် သူ့ကို မြင်တွေ့စအချိန်က လန့်ပြီး မေ့လဲသွား၏။ ဆရာတော်ကိုယ်တိုင် နှာထိုးယူခဲ့ရသည်။ လွန်ခဲ့သည့် ငါးလကျော်က နန်းခမ်းဝါလည်း သူ့ကို မြင်သည်နှင့် လန့်ပြီး မေ့မြောသွားသဖြင့် ဆေးရုံပေါ်တွင် တစ်လခန့် ဆေးကုသခဲ့ရသေးသည်။ ကြောက်မက်ဖွယ်ကောင်းသည့် သူ၏ရုပ်ကို ရင်းနှီးသူမှာ ရွာထဲ၌ ယောက္ခမ မိဘနှစ်ပါး အပါအဝင် ဆရာတော်နှင့် ကပ္ပိယကြီး လေးဦးသာ ရှိသည်။ ကောင်းမြတ်လင်းသည် နေ့ခင်းတွင် ဘယ်မှ မထွက်။ ကပ္ပိယကြီး ပို့ပေးသည့် ထမင်းကို စား၍ ကျောင်းအနောက်ဘက် ကွမ်းသီးပင်များကြားတွင်ရှိသော တစ်ချိန်က ဆရာတော် ဖိုထိုးသည့် ဖိုတဲဟောင်းတွင် တစ်ယောက်တည်းသာ နေ၏။

ကောင်းမြတ်လင်းသည် တစ်လလျှင် နှစ်ကြိမ်ခန့် လူခြေတိတ်ချိန်တွင် သူ၏ သားနှင့် ဇနီးကို လာကြည့်တတ်သည်။ လမှ နှစ်ကူးခဲ့သော်လည်း သူတို့မိသားစုမှာ ပေါင်းစပ်၍ မရသေး။ မြင်နေပါရက် အတူနေခွင့်မရသည့် သူ၏ဘဝကိုတွေးကာ နေ့စဉ်ငိုခဲ့ရသည်။ ဒီလိုဘဝမျိုး သူမလိုချင်တော့။ ဆရာတော်နှင့် ကပ္ပိယကြီးကို နှုတ်ဆက်ကန်တော့ပြီး ဇနီးနှင့် သားကို နောက်ဆုံးအကြိမ် နှုတ်ဆက်ကြည့်ရှုရန် သူထွက်လာခဲ့သည်။

-----

"ဝုတ် ဝုတ် ဝုတ် ဝူး…"

ည ၁၁ နာရီခန့် ရှိပြီဖြစ်သည်။ ရွာလေးတွင် ခွေးဟောင်သံ၊ ခွေးအူသံများ ဆူညံလျက်ရှိ၏။

"ရွာထဲကို သရဲတွေ ဝင်လာရင် ခွေးတွေက ဝိုင်းဟောင်ကြတာတဲ့။ ခု ခွေးဟောင်သံတွေ ကြားရတယ်။ အိပ်တော့နော် သားသား "

"မေမေ တားတား ကြောက်တယ်"

တစ်ရေးနိုးကာ ငိုနေသည့် နှစ်နှစ်အရွယ် သားငယ်သည် ခွေးဟောင်သံများ ကြားသဖြင့် နန်းခမ်းဝါအား တင်းတင်းဖက်ကာ အိပ်ပျော်သွားပြန်၏။ နန်းခမ်းဝါလည်း အိပ်ပျော်သွားပြန်သည်။

အိမ်နောက်ဖေးခန်းမှ သမီးနှင့် မြေးလေးတို့၏ ပြောဆိုသံကို ကြားရသည့်အခါ တစ်ဖက်အခန်းမှ ဦးစိုင်းအောင်တို့ လင်မယားမှာ သားမက်အတွက် မျက်ရည်စို့ရပြန်၏။ မကြာမီ နန်းခမ်းဝါတို့ သားအမိကို ကြည့်ရန် ကောင်းမြတ်လင်း ရောက်လာတော့မည်။

ခွေးဟောင်သံများကား တခြားမဟုတ်။ လွယ်အိတ်ကြီးတစ်လုံးကို စလွယ်သိုင်းလျက် ခြေထောက်ထော့နဲ့ထော့နဲ့ဖြင့် လျှောက်လာသည့် ကောင်းမြတ်လင်းကို ဝိုင်းဟောင်ကြခြင်း ဖြစ်သည်။

ခွေးဟောင်သံများ တဖြည်းဖြည်း နီးလာသဖြင့် ဦးစိုင်းအောင်တို့ လင်မယားသည် အိမ်တံခါးဖွင့်၍ သားမက်ကို စောင့်နေကြသည်။ ကောင်းမြတ်လင်း ရောက်လာသောအခါ ဒေါ်နန်းအေးသည် လက်နှိပ်ဓာတ်မီးကို ထွန်းလျက် အိမ်နောက်ဖေးခန်းတွင် အိပ်နေသည့် သမီးနှင့် မြေးကိုစောင်ခြုံပေးဟန်ပြု၍ သားမက်အား ပြရှာသည်။ သုံးဦးသားမျက်လုံးများ၌ မျက်ရည်ကိုယ်စီပြည့်လျက်ရှိသည်။

ကောင်းမြတ်လင်းသည် ဇနီးနှင့် သားကို အားရအောင် ကြည့်ပြီးသောအခါ မိဘနှစ်ပါးအား ခွင့်ပန်စကားဆိုလေသည်။

"အဖေနဲ့ အမေ။ ကျွန်တော်တို့မိသားစု ပြန်လည်ပေါင်းစည်းဖို့ကံက ဒီထက်ပိုမပါတော့ဘူး ထင်ပါတယ်။ ကျွန်တော် အဝေးကို သွားတော့မယ်။ အဖေနဲ့ အမေကို ကန်တော့ခဲ့ပါရစေ"

ကောင်းမြတ်လင်းက လက်အုပ်ချီကာ ကန်တော့နေ၏။ ဦးစိုင်းအောင်တို့ လင်မယားမှာ သားအတွက် ဘယ်လိုစကားနှင့် အားပေးရမည်မသိ ဖြစ်နေ၏။ မျက်ရည်စို့ကာ ဖြေမဆည်နိုင်ဖြစ်ရပြန်သည်။

"အဖေတို့ရဲ့သားလေး မိသားစုနဲ့အမြန်ဆုံး ပြန်နေနိုင်ပါစေကွယ်"

ဦးစိုင်းအောင်က ငိုရင်း ဆုပေးရှာသည်။

ဒေါ်နန်းအေးမှာ စကားပင် မပြောနိုင်ရှာ။ ခေါင်းကြီးငုံ့လျက် ဝတ်ထားသည့် အပေါ်အင်္ကျီကိုပင့်၍ မျက်ရည်ကိုသာ တွင်တွင်သုတ်နေသည်။

သန်းခေါင်ကြက်တွန်သံကို ကြားရ၏။ သက်ကြီးခေါင်းချချိန်ရောက်ပြီ ဖြစ်သည်။ ရွာထဲမှ ခွေးဟောင်သံများ ဆူညံလာပြန်သည်။ ထို့နောက် ခွေးဟောင်သံများသည် ရွာအပြင်ဘက်သို့ တဖြည်းဖြည်း ဝေး၍ဝေး၍ ကွယ်ပျောက်သွားတော့သည်။ ။

ဆောင်းပါး

# စာရေးတတ်သူဖြစ်ရန် လိုသည်

■ မော်ဝန်းသီဟ

အရေးအသားဆိုသည်မှာ နှုတ်မှဖွင့်ဟပြောဆိုခြင်းကို လည်းကောင်း၊ စိတ်မှ ထင်မြင်ခံစား ဖြစ်ပေါ်လာသည်များကို လည်းကောင်း အမှတ်အသားအဖြစ် လက်နှင့်ရေးသားခြင်း ဖြစ်သည်။ ထို့ကြောင့် ရေးသားခြင်းဆိုသည်မှာ ထုတ်ဖော်မှု စွမ်းရည်ပင် ဖြစ်သည်။

"စကား၊ စကား ပြောဖန်များသော် စကားထဲက ဇာတိ ပြ၏၊ တရား၊ တရား ဟောဖန်များသော် တရားထဲက ပါဠိ ရ၏" ဟု ဆိုကြသဖြင့် စကားကို ပြောဆိုကြရာတွင် သူတစ်ပါး နားဝင်အောင် ပီသရှင်းလင်းစွာ ပြောဆိုကြရမည်။ ကြားရသူအပေါင်း ချစ်ခင်နှစ်သက်အောင် စကားတွင် မေတ္တာပါရမည်။ မှန်သောစကားကို ပြေပြေပြစ်ပြစ်၊ ကျစ်ကျစ်လျစ်လျစ်နှင့် အကျိုးအကြောင်း ဆီလျော်အောင် ပြောကြရမည်။

ထို့အတူ စာရေးခြင်းသည်လည်း အတွင်းစိတ်၌ ရှိသည့်အရာကို နှုတ်မှဖွင့်ဟခြင်းမပြုဘဲ လက်ဖြင့် ထုတ်ဖော်ခြင်း ဖြစ်သည်။ ထို့ကြောင့် စာရေးရာတွင်လည်း စကားပြောဆိုခြင်းကဲ့သို့ "သုဘာသိတ-ကောင်းသော စကားကိုသာပြောဆိုခြင်း"၊ "ပိယဝါစာ-ချစ်ဖွယ်သော စကားကိုသာပြောဆိုခြင်း"၊ "သစ္စာ-မှန်သော စကားကိုသာ ပြောဆိုခြင်း"၊ "ဓမ္မ-တရားသော စကားကိုသာ ပြောဆိုခြင်း" တည်းဟူသော စကားအရာ အင်္ဂါလေးတန်ကို လိုက်နာ ကျင့်သုံးရေးသားသင့်သည်။

မျက်မှောက်ကာလတွင် စကားကို စာအဖြစ်ရေးသား နိုင်ကြစေရန် အခွင့်အရေး နည်းလမ်းပေါင်း များစွာတိုးတက် လျက်ရှိနေပြီ ဖြစ်သည်။ ထိုသို့ နေရာပေါင်းစုံတွင် ရေးသား ကြရာ၌ မေတ္တာတရားကို လက်ကိုင်ထားကာ ရေးသားသင့် သည်။ ဉာဏ်ပညာ ဦးဆောင်ကာ ရေးသားသင့်သည်။ "လေညာတူရှု လွှင့်သည့် မြူသို့" ပညာဉာဏ်၊ မေတ္တာစိတ် ဖြင့် သင့်၊ မသင့်ကို ချင့်ချိန်စဉ်းစားကာ ရေးသားသင့်သည်။

စာရေးသားရာတွင် မိမိရေးသားမည့် စာများကို မရေးသားမီကပင် "ကောဓ - အမျက်ထွက်ခြင်း"၊ "ဥပနာဟ - ရန်ငြိုးဖွဲ့ခြင်း"၊ "မက္ခ-ကျေးဇူးမဲ့ခြင်း"၊ "ပလာသ - တုပြိုင်ခြင်း"၊ "ဣဿာ - ငြူစူခြင်း"၊ "မစ္ဆရိယ - ဝန်တိုခြင်း"၊ "မာယာ - လှည့်ဖြားခြင်း"၊ "သာဌေယျ - စဉ်းလဲခြင်း"၊ "ထမ္ဘ - မိုက်မဲခြင်း"၊ "သာရမ္ဘ - သီလကို ဖျက်ဆီးခြင်း"၊ "မာန - စိတ်ကြီးဝင်ခြင်း"၊ "အတိမာန - အလွန်အမင်း စိတ်ကြီးဝင်ခြင်း"၊ "မဒ-မာန်ဖြင့် ယစ်မူးခြင်း"၊ "ပမာဒ- မေ့လျော့ခြင်း"၊ "ထိန-စိတ်အားငယ်ခြင်း"၊ "မိဒ္ဓ - ငိုက်မျဉ်းခြင်း"၊ "အာလေဿ-ပျင်းရိခြင်း"၊ "ပါပမိတ္တတာ- မိတ်ဆွေယုတ်နှင့် ပေါင်းမိခြင်း"၊ "ရူပ-အဆင်း၌ တပ်မက်ခြင်း"၊ "သဒ္ဒ - အသံ၌ တပ်မက်ခြင်း"၊ "ဂန္ဓ - အနံ့၌ တပ်မက်ခြင်း"၊ "ရသ-အရသာ၌ တပ်မက်ခြင်း"၊ ဖောဋ္ဌဗ္ဗ- အထိအတွေ့၌ တပ်မက်ခြင်း"၊ "ခုဒ္ဒဝိပါသ - မွတ်သိပ်ခြင်း"၊ "အရတိ - တရား၌ မေ့လျော့ခြင်း" ဟူသည့် အကြောင်း တရား (၂၅) ပါးမှ ကင်းလွတ်စေရန် သတိထား ရေးသားကြရ မည် ဖြစ်သည်။

ထို့ပြင် စာရေးသားရာ၌ အခြေခံလိုအပ်ချက်မှာ "မှန်ကန်မှု" ပင် ဖြစ်သည်။ စာလုံးပေါင်းသတ်ပုံ မှန်ကန်ခြင်း၊ သဒ္ဒါအသုံးအနှုန်း မှန်ကန်ခြင်း၊ ဝါကျဖွဲ့ထုံး မှန်ကန်ခြင်း တို့သည် စာရေးသားခြင်း၏ အသက်ပင် ဖြစ်သည်။

အရေးအသားပြေပြစ်ခြင်း၊ အကြောင်းအရာနှင့် ကိုက်ညီစွာရေးတတ်ခြင်း၊ ဆိုလိုသည့်အဓိပ္ပာယ်ရောက်အောင် ကျစ်ကျစ်လျစ်လျစ် ရေးသားတတ်ခြင်းတို့သည် စာအရေး ကောင်းသူ၏ လက္ခဏာရပ်များပင် ဖြစ်သည်။

စကားပြောကောင်းခြင်းသည်လည်း စာအရေး ကောင်းသူ၌ ရှိသင့်သော အရည်အချင်းတစ်ခု ဖြစ်ပါသည်။ စကားပြောကောင်းမှသာ စာအရေးကောင်းသူတစ်ဦး ဖြစ်လာမည် ဖြစ်သည်။ စကားပြောကောင်းသူမှ စာအရေး ကောင်းသူဖြစ်လာစေရန် စာအုပ်စာပေ များများဖတ်၍ ဗဟုသုတရှာဖွေရန်သည်လည်း အရေးကြီးလှပေသည်။ ဗဟုသုတနည်းသူ၏ လျှာမှစကားသည် အရသာပေါ်လွင်မှု ရှိမည် မဟုတ်ချေ။ ထို့ကြောင့်လည်း "နေ့တိုင်းပြောလျက်နှင့် မတတ်သည့်စကား၊ နေ့တိုင်းခုတ်လျက် မထက်သည့်ဓား" ဟူ၍ ရှေးပညာရှိများက ဆိုရိုးစကား ထားခဲ့ကြခြင်း ဖြစ်သည်။

စာဖတ်ခြင်းနှင့် စာရေးခြင်းသည် အစဉ်အမြဲ ယှဉ်တွဲ လျက်ရှိသည်။ စာဖတ်ခြင်းမှ အတွေးသစ်များကို ရရှိစေ၍ ထိုအတွေးမှ အရေးကို ဖြစ်ပေါ်စေသည်။ အတွေးနှင့် အရေး သည် စမ်းရေပမာ တသွင်သွင် စီးဆင်းလျက် ရှိပါသည်။ ထို့ကြောင့် စာအရေးကောင်းသူ ဖြစ်လာစေရန် သုတ၊ ရသ စာမျိုးစုံ ဖတ်ရန်လည်း အထူးလိုအပ်လှသည်။

စာရေးခြင်းသည် စိတ်ခံစားချက်ကို ဗဟိုပြုလျက် နှလုံးသားတစ်စုံကို ရင်းနှီးမြှုပ်နှံခြင်းနှင့် တူလှပါသည်။ မိမိ၏ စိတ်ခံစားချက်ကို သူတစ်ပါးနားလည်အောင် နှုတ်မှ အသံထွက်၍ မဖွင့်ဟဘဲ လက်ဖြင့် ဖော်ထုတ်ခြင်းတွင် ကလောင်လက်နက်သည် ဓားထက်ပို၍ ထက်သည်ကို အစဉ်သတိရှိရမည်။

"မိမိရေးသားသော စာသည် တစ်ဖက်သားကို အနှောင့် အယှက် တစ်စုံတစ်ရာ ဖြစ်နိုင်မည်လော၊ ထိုစာကြောင့် တစ်ဖက်သား၌ လည်းကောင်း၊ မိမိ၌ လည်းကောင်း အကျိုး ကျေးဇူးရှိနိုင်မည်လော၊ မိမိရေးသား ဖန်တီးထားသော စာကိုတစ်ဖက်သားက လေးလေးစားစား ဖတ်ရှုပါမည်လော" ဆိုသည့် အချက်သုံးချက်ကိုလည်း ထည့်သွင်းစဉ်းစားကာ မိမိ၏စာကို မေတ္တာတရားဖြင့် ရေးသားဖန်တီးကြပါဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

# မေတ္တာစိတ်

■ မောင်လွှား(ပညာရေး)

ပုထုဇဉ်လူသားမှန်သမျှ ဣဿာမစ္ဆရိယ ဟူသော မနာလို ဝန်တိုစိတ်များ မကင်းကြပေ။ ကျွန်တော်ကိုယ်တိုင်လည်း မနာလိုစိတ် ထားခဲ့ဖူးသည်။ စီးပွားရေးပြိုင်ဆိုင်ကြသူများ အချင်းချင်း၊ ပညာရေးပြိုင်ဆိုင်ကြသူများ အချင်းချင်း ကိုယ့်ထက်သာ မနာလိုဝန်တိုစိတ်များထားကြသည်။ တချို့ သောသူများက "မရှိပါဘူး" ဟု ပြောကြသော်လည်း ၎င်းတို့၏ မသိစိတ်တွင် မနာလိုဝန်တိုစိတ်သည် ကိန်းအောင်းနေလေ သည်။ တချို့သောသူများကမူ မနာလိုစိတ်သည် မျက်နှာ တွင် အထင်းသားပေါ်နေလေသည်။ မိမိတို့၏စိတ်တွင် မနာလိုဝန်တိုစိတ်များ ကိန်းအောင်းလာသည်နှင့်အမျှ လောဘ ဒေါသ မောဟများ ဒွန်တွဲ၍ပါလာကြသည်။ထို့အပြင် ပြိုင်ဆိုင်မှု၊ ငြင်းခုံမှုများပင် ဖြစ်လာကြသည်။ ထို့သို့ဖြစ်လာ သည်နှင့် ကိုယ်ချင်းစာနာမှု၊ သည်းခံမှုမေတ္တာများပင် ဆိတ်သုဉ်းလာခဲ့ရသည်။

မေတ္တာဟု ပြောဆိုလိုက်လျှင် လူအများစုသည် ချစ်ခင်ခြင်း၊ စွဲလမ်းခြင်း၊ နှစ်သက်စုံမက်ခြင်း အစရှိသော ချစ်ခြင်းများကို ပြေး၍မြင်ကြလေသည်။ အကြမ်းသဘော အားဖြင့် တဏှာပေမ၊ ဂေဟဿိတပေမ၊ မေတ္တာပေမ ဟူ၍ ချစ်ခြင်းသုံးမျိုးရှိသည်။ တဏှာပေမသည် အဖို အမချစ်ခြင်း၊ ယောကျ်ား မိန်းမချစ်ခြင်း၊ လင်မယားချစ်ခြင်းပင် ဖြစ်သည်။ ဂေဟဿိတပေမသည် သား သမီးချစ်ခြင်း၊ ညီအစ်ကိုမောင်နှမ ချစ်ခြင်းပင် ဖြစ်သည်။ မေတ္တာပေမသည် သူတစ်ပါးအား အောင်မြင်စေချင်သော၊ ကြီးပွားစေချင်သော၊ တိုးတက်စေ ချင်သော စသည့် သူတစ်ပါးအကျိုးကိုလိုလားခြင်းပင် ဖြစ်ပါသည်။

မေတ္တာတရားသည် လောကတွင် တန်ခိုးအကြီးဆုံး လက်နက်တစ်ခုပင် ဖြစ်သည်။ ကောင်းသောစိတ်မှန်သမျှ သည် မေတ္တာစိတ်မှ ပေါက်ဖွားလာခြင်းပင်ဖြစ်သည်။ "သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ" ဟူသော စကားရှိသည်။ ထိုစကားသည် "သင်မကောင်းလျှင် ကျွန်ုပ်ဆိုးမည်" ဟု အဓိပ္ပာယ်သက်ရောက်နေသည်။ သူကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ကိုယ်ကောင်းအောင်နေ၍ သူ့အပေါ် မေတ္တာထားသင့်သည်။ လူတစ်ယောက်သည် မေတ္တာစိတ် များလာသည်နှင့်အမျှ မေတ္တာရောင်ပြန်ဟပ်ပြီး မေတ္တာ၏ အကျိုးကို ခံစားရတတ်သည်။ ထိုသို့ မေတ္တာ၏အကျိုးကို ခံစားရသည်နှင့်အမျှ ထိုလူတစ်ယောက်၏ ဘဝတွင် အခက် အခဲဒုက္ခမှန်သမျှ ကျော်လွှားလွတ်မြောက်နိုင်သည်။ သံယုတ် ပါဠိတော်မှာ ပါရှိသည့် မေတ္တာနှင့်ပတ်သက်ပြီး မြတ်စွာဘု ရားဟောကြားတော်မူခဲ့သည်။ "သုံးဆယ့်နှစ်လက်သစ်ရှည် သော၊ ထူသော သန်လျက်ကြီးကို တစ်စုံတစ်ယောက်သော သူက လိပ်မယ်ခွေမယ်ဆိုလျှင် ထိုသူရဲ့လက်တွေသာ အပိုင်းပိုင်းပြတ်သွားမယ်၊ သန်လျက်ကြီးကတော့ လိပ်သွား မှာ မဟုတ်၊ ခွေသွားမှာမဟုတ်ပေ။ ထို့အတူ မေတ္တာတရား နှင့်ပြည့်စုံနေသောလူတစ်ယောက်ကို တန်ခိုးရှိတဲ့အမနုဿ ရန်သူတစ်ယောက်က ဒီလူကိုစိတ်ဖောက်ပြန်သွားအောင်၊ ဒုက္ခရောက်သွားအောင် ငါလုပ်လိုက်မယ်လို့ ကြံစည်သော် လည်း ထိုသူသာလျှင် ပင်ပန်းသွားလိမ့်မယ် မေတ္တာနဲ့ပြည့်စုံ တဲ့သူက ထိခိုက်ပျက်စီးမှာ မဟုတ်ပေ"။ ထို့အပြင် " ယောကျ်ားသားနည်းပြီး မိန်းမသားများတဲ့အိမ်ကို ရန်သူ တွေ ဝင်ရောက်ဖျက်စီးဖို့ လွယ်ကူသလို မေတ္တာအားနည်းပြီး လောဘ ဒေါသတွေ ဖုံးလွှမ်းနေတဲ့အိမ်ကို အမနုဿအစရှိတဲ့ ရန်သူတွေ ဝင်ရောက်ဖျက်ဆီးဖို့ အလွန်အင်မတန်လွယ်ကူ တယ်။ ထို့အတူ ယောကျ်ားသားများပြီး မိန်းမသားနည်းတဲ့ အိမ်ကို ရန်သူတွေ ဝင်ရောက်ဖျက်ဆီးဖို့ မလွယ်ကူသလို မေတ္တာ အားကောင်းပြီး လောဘ ဒေါသတွေ မရှိတဲ့အိမ်ကို အမနုဿအစရှိတဲ့ရန်သူတွေ ဝင်ရောက်ဖျက်ဆီးဖို့ မလွယ်ကူ ပေ" ဟု မေတ္တာ၏အစွမ်းသတ္တိကြီးမားပုံကို ဟောကြား တော်မူခဲ့သည်။

**မေတ္တာတရားသည် လောကတွင် တန်ခိုးအကြီးဆုံး လက်နက်တစ်ခုပင်ဖြစ်သည်။ ကောင်းသောစိတ်မှန်သမျှသည် မေတ္တာစိတ်မှ ပေါက်ဖွားလာခြင်းပင်ဖြစ်သည်။ "သင်ကောင်းလျှင် ကျွန်ုပ်မဆိုးပါ" ဟူသော စကားရှိသည်။ ထိုစကားသည် "သင်မကောင်းလျှင် ကျွန်ုပ်ဆိုးမည်" ဟု အဓိပ္ပါယ်သက်ရောက်နေသည်။ သူကောင်းသည်ဖြစ်စေ မကောင်းသည်ဖြစ်စေ ကိုယ်ကောင်းအောင်နေ၍ သူ့အပေါ် မေတ္တာထားသင့်သည်။**

တစ်ခါတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး အုပ်ချုပ်နေလေသည်။ အဲဒီဗြဟ္မဒတ်မင်းသည် မင်းမဖြစ်ခင် ကတည်းက ငါးပါးသီလ၊ ရှစ်ပါးသီလကို စောင့်ထိန်းသလို မေတ္တာကိုလည်း ဝတ်တစ်ခုလို သဘောထားပြီး နေ့စဉ် ပွားများလေသည်။ မင်းဖြစ်လာတော့လည်း ပျက်မသွားပေ။

တစ်နေ့မှာ အပြစ်ကျူးလွန်သော သူ့ရဲ့အမတ် တစ်ယောက်ကို နန်းတော်ကနေ နှင်ထုတ်လိုက်သည်။ ထိုအမတ်သည် အခြားတိုင်းပြည်ရှိ ကောသလမင်းထံတွင် သွားပြီးခစားလေသည်။ ခစားရုံတင်မက "အရှင်မင်းကြီး ဗာရာဏသီပြည်ဟာ ပျားကောင်မရှိတဲ့ ပျားလပို့လိုပါပဲ ဘုရား ပစ္စည်းဥစ္စာကလည်း ပေါပါတယ်။ မင်းကလည်းနူးညံ့ ပါတယ်။ စစ်သားအနည်းငယ်နဲ့ပဲ သိမ်းယူလို့ရပါတယ် ဘုရား"ဟု လျှောက်ထားလေသည်။ ထိုအခါ ရန်သူ ကောသလ မင်းက မယုံဘဲ "သင် သူလျှိုမဟုတ်လား" ဟု မေးလိုက်သည်။ အမတ်ကလည်း "မင်းကြီးမယုံလျှင် ဗာရာဏသီပြည်ထဲက ရွာငယ်တစ်ခုကို အရှင်မင်းကြီး လူတွေကို သွားရောက်လုယက်ခိုင်းလိုက်ပါ။ ဒါဆို အဖြေ သိရပါလိမ့်မယ်" ဟု လျှောက်လေသည်။ ကောသလမင်း လည်း သူ့လူတချို့ကို ဗာရာဏသီပြည်ထဲက ရွာငယ် တစ်ခုကို လုယက်ခိုင်းလေသည်။ ထိုအခါ ဗာရာဏသီ မင်းကြီး၏ စစ်သားများသည် လုယက်သူများကို မင်းကြီး ထံသို့ ဖမ်းခေါ်လာပြီး မင်းကြီးက "သင်တို့ ဘာဖြစ်လို့ လုယက်တာလဲ" ဟု မေးလေသည်။ လုယက်သူများ ကလည်း "စားစရာ မရှိလို့ပါ" ဟု ပြန်ဖြေကြလေသည်။ အဖြေစကားကြားရသောအခါ ဗာရာဏသီမင်းက "စားစရာ မရှိရင် လာပြောမှပေါ့ နောက်ကို ဒီလိုမလုပ်ပါနဲ့"ဟု ပြောပြီး ဥစ္စာတွေပေးကာ ပြန်လွှတ်လိုက်သည်။ ကောသလမင်း လည်း ဒီလောက်နဲ့မယုံသေးသောကြောင့် ဒီထက်ကြီးသည့် ရွာကို လုယက်ဖို့ တခြားရဲမက်တွေကို စေလွှတ်ပြန်သည်။ ဖမ်းမိလို့ ဗာရာဏသီမင်းဆီရောက်လာတော့ ရှေ့နည်း အတိုင်းပဲ "ဥစ္စာမရှိလို့ လုယက်ကြတာပဲ" ဟု နှလုံးသွင်းကာ ဥစ္စာတွေပေးပြီး ပြန်လွှတ်လိုက်လေသည်။ တတိယ အကြိမ် မြို့တစ်မြို့ကို လုယက်ဖို့ လွှတ်လိုက်ပြန်တော့လည်း ရှေ့နည်းအတိုင်း ဗာရာဏသီမင်းက ဥစ္စာတွေပေးပြီး ပြန်လွှတ်လိုက်သည်။ ဒီတော့မှ ကောသလမင်းလည်း ယုံကြည်ကာ ဗာရာဏသီပြည်ကို စစ်ချီလာလေသည်။ ဒီ သတင်းကို ဗာရာဏသီမင်း၏ အမတ်တွေကြားသော် အမတ် တွေက "ကိုယ်က ဦးအောင် ကောသလမင်းကို သွားဖမ်း လိုက်မယ်" ဟု လျှောက်ကြသည်။ ထိုအခါ ဗာရာဏသီမင်းက "သူတစ်ပါးအပေါ် ညှဉ်းဆဲတတ်သော မင်းတစ်ပါးအဖြစ် သမိုင်းမှာတွင် မကျန်ခဲ့ချင်ဘူး" ဆိုပြီး ပယ်ချလိုက်လေ သည်။

နောက်ဆုံးတော့ ကောသလမင်းက ဗာရာဏသီ ပြည်ကိုသိမ်းပိုက်ကာ ဗာရာဏသီမင်းနှင့်တကွ အမတ် အားလုံးကိုဖမ်းပြီး သံခြေကျင်းခတ်ကာ ထောင်ထဲထည့်ထား လေသည်။ ဗာရာဏသီမင်းသည် ထောင်ထဲရောက်နေ ပေမယ့် ကောသလမင်းနှင့်တကွ တခြားဘယ်သူ့အပေါ်မှ နာကျည်းစိတ် မုန်းစိတ်မရှိပေ။ ထို့အပြင် သူ၏ နေ့စဉ် မေတ္တာဘာဝနာပွားများခြင်းကိုလည်း အပျက်မခံဘဲ ရန်သူကောသလမင်းကို စိတ်ထဲကနေ မြင်အောင်ကြည့်ပြီး တစ်နေ့လုံး မေတ္တာပို့နေတော့သည်။ မေတ္တာသမာဓိခိုင် လာပြီး ရန်သူကောသလမင်းကို ဆက်ကာဆက်ကာပို့ သသောအခါ မေတ္တာဓာတ်တွေဟာ ရန်သူကောသလမင်းထံ အပြည့်အဝရောက်ကာ ကြာလာသည်နှင့်အမျှ ရန်သူ ကောသလမင်းလည်း မနေနိုင်ဘဲ တစ်ကိုယ်လုံးပူလောင်လာ လေသည်။ ထိုအခါသူ့ရဲ့အမတ်တွေကို "ဘာဖြစ်လို့ပူလောင် တာလဲ" ဟုမေးသောအခါ "သီလရှိတဲ့မင်းကို ဖမ်းထားလို့ ဖြစ်တာပါ"ဟု လျှောက်တင်လေသည်။ ရန်သူမင်းလည်း ဗာရာဏသီမင်းကို ချက်ချင်းလွှတ်စေပြီး သူ့ရဲ့အပြစ်ကို လည်း တစ်ခါတည်းတောင်းပန်လိုက်လေသည်။ ထို့အပြင် "အရှင်မင်းကြီး အရှင်မင်းကြီး၏တိုင်းပြည်ကို အေးချမ်းစွာ အုပ်ချုပ်ပါတော့၊ အရှင်မင်းကြီးကို တစ်စုံတစ်ယောက်က တိုက်ခိုက်လာလျှင်လည်း ကျွန်ုပ်တာဝန်ထားပါ" ဟု တစ်ဆက်တည်း လျှောက်တင်လိုက်လေသည်။

ဗာရာဏသီမင်းကြီးလည်း သူ့ရဲ့အမတ်တွေကို "ချစ်မိတ်ဆွေအမတ်တို့ မေတ္တာတရားကို လက်ကိုင်ထားလို့ အရာအားလုံးလွတ်မြောက်ခဲ့ရပြီ မေတ္တာတရားကို အစဉ် သဖြင့် လက်ကိုင်ထားရင်းလောကကြီးကို တစ်ပေါင်းတည်း ပြုနိုင်တယ်။ လောကသားအချင်းချင်း အစေ့အစပ်ပြုရ တာလည်း သိပ်လွယ်ကူတယ်။ သေလွန်သောအခါတွင်လည်း နတ်ပြည် ဗြဟ္မာပြည်ကို ရောက်ရတယ်" ဟု မေတ္တာ အကျိုးကိုဟောပြပြီး ဗာရာဏသီမင်းလည်း မင်းစည်းစိမ်ကို စွန့်ကာ တောထွက်သွားလေတော့သည်။

"မေတ္တာသည် အလျားအနံမရှိပေမယ့် အသွားအပြန် တော့ ရှိတယ်" ဟူသောစကားအတိုင်း မိမိကိုယ်တိုင် မေတ္တာ ဓာတ်ကို ခံစားရရှိရန်အလို့ငှာ မိမိကိုယ်တိုင်ကလည်း သူတစ်ပါး အပေါ် မေတ္တာပွားများရန် လိုအပ်ပါသည်။ ကမ္ဘာ လောကကြီး အေးချမ်းသာယာစေရန်အလို့ငှာ လူသား အချင်းချင်း မနာလိုဝန်တိုစိတ်များကို ဖယ်ရှားကာ သည်းခံမှု၊ စာနာနားလည်မှု ထားရှိရုံသာမက မေတ္တာပါပွားများသင့် ပေသည်။ လူသားတိုင်း မိမိ၏စိတ်တွင် ဖြစ်ပေါ်နေသော စိတ်မိုက် စိတ်ရိုင်းများကို ဖယ်ရှားကာ ထက်မြက်စူးရှသော၊ မွန်မြတ်သန့်စင်သော မေတ္တာစိတ်ကို မွေးမြူပွားများကာ မိမိစိတ်တွင် ထာဝရတည်တံ့အောင် ထိန်းသိမ်းနိုင်ကြပါစေ ဟု ဆန္ဒပြုမိပါသည်။